

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com


TRI LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၄၇)၊ ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇန်နဝါရီ ၂၈ ၊ ၂၀၁၆)



# စက်ရုပ်မြို့တော်

ဉက္ကာကိုကို

ရန်ကုန်မြို့တော်မှ အစိုးရဌာနဆိုင်ရာဝန်ထမ်းများစွာကို နေပြည်တော်ဟုအမည်တွင်သည့် မြို့တော်သစ်ကြီးဆီသို့တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့ပေးခဲ့စဉ်က မင်္ဂလာဒုံ တစ်နေရာရှိ စုရပ်တွင် "အောင်ပြီ"ဟု အော်ဟစ်၍ ကားပေါ် တက်ထွက်ခွာခဲ့. . .

စာမျက်နှာ ၂ »

ကာကွယ်ရေးရှုထောင့်မှ တွက်ချက်ပြီး ဘဏ္ဍာငွေများစွာအကုန်အကျခံတည်ဆောက်ခဲ့သော အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကို ညပိုင်း၌တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရေခဲဖုံးသော မြန်မာပြည်တစ်နေရာ

**အန်ဒါဆက်မတ်ဇင်စကီး**

မြန်မာနိုင်ငံ မြောက်ဖျားဒေသအကြောင်းကို မြန်မာပြည်သူတို့ ဘယ်လောက်အထိသိရှိပါသလဲ။ အနည်းအကျဉ်းမျှသာ သိလျှင်သိ(သို့တည်းမဟုတ်)လုံးဝမသိရှိကြပါ။ ဒါကလည်း ထူးဆန်းလှသည်တော့မဟုတ်။ မြန်မာအများစုအတွက် ပူတာအိုသို့သွားရသည့် ခရီးသည် သူတို့၏စီးပွားရေး အခြေအနေအရ မတတ်နိုင်ကြ၍ပင် ဖြစ်သည်။ အချပ်ပို II »



## သစ်ခေါက်ခွာသူတို့၏ မရေရာသော အနာဂတ်

စာမျက်နှာ ၅ »

# အခြေခံဥပဒေအနာဂတ် ဆုံးဖြတ်ချိန်နီးကပ်လာ

**အိဖြူလွင်**

မကြာမီရက်ပိုင်းအတွင်းမှာပင် တစ်နိုင်ငံလုံးက စိတ်ဝင်တစားစောင့်ကြည့်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းတော့မည်ဖြစ်သည်။ စာမျက်နှာ ၁၄ »

## နေစရာမရှိ၊ အနာဂတ်မရှိ

စာမျက်နှာ ၇ »

# ငြိမ်းချမ်းရေးအတွက် မျှော်လင့်ခြင်းများစွာ

လော်ခီးလာညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ သဘောတူလက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး မူကြမ်းသည် အစိုးရ၏ မူကြမ်းနှင့် ကွဲလွဲချက်များစွာမရှိနိုင်ဟု မျှော်လင့်ရသည်. . . အချပ်ပို VI »

# ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန်ပဋိပက္ခအား အသွင်ပြောင်း ဖြေရှင်းခြင်းမှသည် ဒေသတွင်း ငြိမ်းချမ်းရေးဆီသို့

**ဒေါက်တာအရိုင်**

လွတ်လပ်သော လူမှုရေးသိပ္ပံပညာရှင်တစ်ယောက်ဖြစ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို လက်တွေ့နယ်ပယ်သို့ ကွင်းဆင်းလေ့လာအဖြေရှာလျက်ရှိသော ဂျပန်လူမျိုး ဒေါက်တာအရိုင်(Dr. Arai)၏ ရခိုင်ပဋိပက္ခဖြေရှင်းရန် အကြံပြုချက်. . .

အချပ်ပို IV »




7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# စက်ရုပ်မြို့တော်



နေပြည်တော်ရှိ ဝန်းထမ်းအိမ်ရာတစ်ခု

ဥက္ကာကိုကို

"အောင်ပြီ. . အောင်ပြီ. . အောင်ပြီ"ဟု အော်ဟစ်ကြွေးကြော်၍ ရန်ကုန်မှ တစ်သုတ်ပြီး တစ်သုတ်ထွက်ခွာလာကြသည့် ဝန်ထမ်းပေါင်းစုံတို့ကြောင့် ပြည်သူများမမျှော်လင့်ထားသည့် မြို့တော်ကြီးတစ်ခုသည်မြန်မာပြည်၏ ဗဟိုအချက်အချာကျသည့်နေရာတွင် လွန်ခဲ့သည့်ရှစ်နှစ်က ဘွားခနဲပေါ်ပေါက်လာခဲ့သည်။

ရန်ကုန်မြို့တော်မှ အစိုးရဌာနဆိုင်ရာဝန်ထမ်းများစွာကို နေပြည်တော်ဟု အမည်တွင်သည့် မြို့တော်သစ်ကြီးဆီသို့တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့ပေးခဲ့စဉ်က မင်္ဂလာဒုံတစ်နေရာရှိ စုရပ်တွင် "အောင်ပြီ"ဟု အော်ဟစ်၍ ကားပေါ်တက်ထွက်ခွာခဲ့ကြရခြင်းဖြစ်သည်ဟုပထမဆုံးအသုတ်ပြောင်းရွှေ့ရာတွင် ပါဝင်ခဲ့သူများက ပြောပါသည်။


၂၀၀၃ ခုနှစ်ခန့်ကပင် စတင်တည်ဆောက်နေသည့် များပြားလှသည့် အဆောက်အအုံများကို ဒေသခံများက အစိုးရရုံးစိုက်ရာ ဗဟိုမြို့တော်ကြီးတစ်ခုဖြစ်လာလိမ့်မည်ဟု ကနဦးက မထင်မှတ်ထားခဲ့ကြပါ။ အချို့က ရန်နိုင်အမည်ဖြင့် မြို့တစ်မြို့တည်ဆောက်မည်ဟု ယူဆခဲ့သူလည်း ရှိပါသည်။

သို့သော် နိုင်ငံတော်ဘဏ္ဍာငွေများစွာ ပုံအောကာ စက်အင်အား၊ လူအင်အားဖြင့် တည်ဆောက်ခဲ့ရာ ခမ်းနားလှသည့် အဆောက်အအုံများစွာက နှစ်အနည်းငယ်အတွင်းပေါ်ထွက်လာသည်။ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ဦးဆောင်လျက်ဆောက်လုပ်ရေးကုမ္ပဏီများစွာက လက်စွမ်းပြခဲ့ကြသည်။ ဆောက်လုပ်ရေးကုမ္ပဏီများ၊ အင်ဂျင်နီယာများလည်း မြို့တော်သစ်ကြောင့် ပိုချမ်းသာကုန်သည်။

ထိုစီမံကိန်းကြီးကို ဇာတ်လိုက်ကျော်ကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြေပုံပေါ်တုတ်ချောင်းထောက်၍ စီမံခန့်ခွဲခဲ့သည်။ ပျဉ်းမနားမြို့နယ်အနီးရှိ ကျေးရွာများကို ဖျက်သိမ်းကာ လွန်စွာကျယ်ပြန့်သည့် လွင်ပြင်ကြီးတစ်ခုအား အဓိကမြို့ငါးမြို့ ပါဝင်သည့် ဗဟိုအစိုးရရုံးစိုက်ရာ မင်းနေပြည်အဖြစ် သတ်မှတ်ခဲ့သည်။

ယခင်က ဗမာပြည်ကွန်မြူနစ်ပါတီမှ နာမည်ကျော်ခေါင်းဆောင်ကြီးများကျင်လည်ကျက်စားခဲ့ရာဒေသ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို ရုံးထိုင်ကွပ်ကဲခဲ့သည့်ဒေသ၊ ဗကပကို အပြုတ်တိုက်နိုင်ခဲ့သည့် မြန်မာ့တပ်မတော်၏ အောင်မြေတစ်ခုဖြစ်သည့် ပျဉ်းမနားနှင့်အနီးတစ်ဝိုက် အင်တိုင်းတောကြီးသည် ယနေ့အချိန်တွင်တော့ ခေတ်မီလွန်းလှသည့်ဒေသတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။

နေပြည်တော်တည်ဆောက်ခြင်းအပေါ် အမျိုးမျိုးဝေဖန်ခြင်းများရှိနေသော်လည်း လက်တွေ့တွင် တစ်ချိန်က မြန်မာနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေး အနေအထားစသည်တို့နှင့် ဆက်





ဓာတ်ပုံ - topboxdesign.com

စပ်လျက် အဓိကအားဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးမဟာဗျူဟာအရ ဖြစ်ပေါ်လာခဲ့ခြင်းဟု ဆိုနိုင်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ ဆိုသည်။

စစ်ရေးမဟာဗျူဟာများအရ နိုင်ငံတော်ကာကွယ်ရေးကို ရေရှည်မြော်မြင်သုံးသပ်ရာတွင် Heart Land Theory ကိုထည့်သွင်းစဉ်းစားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်သည် စစ်ရေးအရ Heart Land မဟုတ်ဘဲ Venerable Area အတွင်း ကျရောက်နေသည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲများ၊ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်စစ်မြေပြင်သမိုင်းကြောင်းများ စသည်တို့အရမြန်မာနိုင်ငံကိုပြည်ပကျူးကျော်စစ်များမှ ကာကွယ်ရာတွင် ရန်ကုန်၌ Command and Post ထား၍ မဖြစ်နိုင်တော့ဟူသော အယူအဆတစ်ရပ်ကြောင့် နေပြည်တော်ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ထိုအချိန်က ကမ္ဘာ့အရေးအရာ စစ်ရေးမဟာဗျူဟာအရ မြန်မာနိုင်ငံကို အဆင့်ဆင့်ကာကွယ်နိုင်သော မိတ္ထီလာလွင်ပြင်၊ ပျဉ်းမနားလွင်ပြင်၊ ပဲခူးလွင်ပြင်ဟူ၍ လွင်ပြင်သုံးခုရှိခဲ့ရာ မိတ္ထီလာလွင်ပြင်မှာ မဟာမိတ်များ အကျွမ်းတဝင်ရှိခဲ့ခြင်း၊ ပဲခူးလွင်ပြင်မှာ ပြည်တွင်းစစ်မှတ်တမ်းများရှိခဲ့ခြင်း၊ ပျဉ်းမနားမှာ ဗမာ့ကာကွယ်ရေးတပ်မတော်၏ ဌာနချုပ်ဖြစ်ခဲ့ခြင်း၊ မြေနေရာများစွာရရှိနိုင်ခြင်းစသည့် အကြောင်းခြင်းရာများအရ နေပြည်တော်ဟူ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဤသို့ ရွှေ့ပြောင်းနိုင်ရေးအတွက်လည်း ကမ္ဘာအရပ်ရပ်ရှိ မြို့တော်ရွှေ့ပြောင်းခဲ့သော အခြားနိုင်ငံများ၏ ဥပမာများ၊ သင်ခန်းစာများကို ရယူ၍ဆောင်ရွက်ခဲ့သည်ဟုလည်း ဆိုသည်။ ထို့ကြောင့် အုပ်ချုပ်ရေးမြို့တော်သစ်ပေါ်ပေါက်လာခြင်းမှာ အစိုးရက ၂၁ ရာစုနှစ်နောက်ပိုင်းပြည်ပကျူးကျော်မှုများကိုကာကွယ်ရန်ဟုသုံးသပ်ရသည်။

စီမံကိန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်း မလွတ်ကင်းသည့်ကျေးရွာများကို ဖျက်သိမ်းခဲ့သည်။ တောင်ယာလယ်လုပ်ကြသည့် ရွာသူရွာသားများကိုကြာပင်ဟူသည့် ကျေးရွာနယ်မြေသို့ မြေကွက်များ အစားထိုးပေးအပ်၍ အိမ်ဆောက်ပစ္စည်းနှင့် ငွေကြေးအနည်းငယ်ထောက်ပံ့လျက်နေရာပေးထားခဲ့သည်။ ပြန့်ကျဲနေသော ကျေးရွာငယ်လေးများ တစ်စုတစ်စည်းတည်းစုပေါင်းလိုက်သဖြင့် ရုတ်ခြည်းစည်ကားသွားခဲ့ကာ ရွှေကြာပင်ဟူသည့် အမည်သစ်တွင်ခဲ့သည်။

သို့ရာတွင် စစ်အစိုးရသည် မင်းနေပြည်တော်ဖြစ်မြောက်ရေးကိုသာ အဓိကအာရုံထားခဲ့ပြီး မူလဒေသခံပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက်မူ ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပေ။

ကျေးရွာမြေနေရာများကိုသိမ်းဆည်းစဉ်က မြေတစ်ကွက်စီပြန်လည်ပေးအပ်သည့်စနစ်ကိုကျင့်သုံးခဲ့ရာ လယ်ယာများကိုထပ်မံသိမ်းဆည်းသည့်အခါတွင်လည်း လယ်သိမ်းခံရသူများကိုမြေကွက်ထပ်မံပေးလျော်ရခြင်းမျိုးရှိလာခဲ့သည်။ ထိုအခါ ပထမမြေတစ်ကွက်ကိုအိမ်ဆောက်လုပ်နေထိုင်လျက် လယ်သိမ်းရာမှ ထပ်မံရရှိသည့် မြေကွက်ကိုရောင်းချခြင်းမှစ၍ လယ်ကေများများသိမ်းခံရသူများတွင် မြေကွက်များများပိုင်ဆိုင်လာခဲ့သည်။

ဤတွင် မလိုအပ်သည့်မြေကွက်ကို သင့်လျော်သည့်ဈေးဖြင့်ပြန်လည်ရောင်းချကြရာမှ အစပြု၍ ဒေသခံများအကြား မြေဈေးကစားမှုကြီးတစ်ရပ်ဖြစ်ပေါ်ခဲ့ဖူးသည်။ “မြေကွက်တွေရောင်းပြီးပိုက်ဆံသိန်းရာဂဏန်းလောက်လေးလက်ထဲမှာရလာတော့မလုပ်တတ်မကိုင်တတ်နဲ့ သုံးဖြုန်းကြ။ နောက်ဆုံးရှိတာအကုန်ကုန်ပြီး မွဲသွားတဲ့လူတွေရှိတယ်”ဟု ပျဉ်းမနားမြို့ခံတစ်ဦးက ဆိုသည်။

အချို့က ရရှိသည့်ငွေကြေးဖြင့် ဆိုင်ကယ်ဝယ်ခြင်း၊ ကားဝယ်စီးခြင်းတို့ကြောင့် ယခုအခါဒေသခံအများစုက ဆိုင်ကယ် ကယ်ရီဆွဲသည့်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည်။

ဧရိယာ ၁,၇၄၃,၈၄၄ ဧက၊ စတုရန်းမိုင် ၂,၇၂၄ ဒသမ ၇၆ ကျယ်ဝန်းသည့် နေပြည်တော်မြို့ကို မန္တလေးတိုင်းဒေသကြီးအပိုင်တွင် ထည့်သွင်းခဲ့ရာမှ ၂၀၀၉ ခုနှစ် တပ်မတော်နေ့မတိုင်မီ ၁ ရက်အလိုတွင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ် စသည့်မြို့နယ်ငါးခုနှင့် ရပ်ကွက် ၁၈ ခု၊ ကျေးရွာအုပ်စု ၄၁ ခုတို့ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအဖြစ် သတ်မှတ်လျက် ပြည်ထောင်စုနယ်မြေတစ်ခုသီးခြားရပ်တည်စေခဲ့သည်။

နေပြည်တော်နယ်မြေတစ်ခုလုံးရှိလူဦးရေသည် ကျား၊ မ စုစုပေါင်း ဆယ်သိန်းကျော် ၁,၀၇၂,၄၇၂ ဦးဖြစ်ပြီး အစိုးရဝန်ထမ်းပေါင်း ၃၄,၈၉၉ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

ပြည်ထောင်စုအစိုးရရုံးစိုက်ရာနယ်မြေဖြစ်သည့်အတွက် သမ္မတအိမ်တော်များ၊ နိုင်ငံ့အကြီးအကဲစံအိမ်များ၊ ဝန်ကြီးဌာနရုံးကြီးများ၊ ကြီးမားသည့် လွှတ်တော်အဆောက်အအုံကြီးများကို အခိုင်အမာတည်ဆောက်ခဲ့သည်။ မဟာဗျူဟာကျကျစီမံခဲ့သည့်အတွက် သမ္မတအိမ်တော်များအပါအဝင် လွှတ်တော်အဆောက်အအုံကြီးတစ်ခုလုံး၊ လွှတ်တော်ဥက္ကဋ္ဌနေအိမ်များအားလုံးကို ငလိုက်ချောင်းက ကျူးသဖွယ်ဝန်းရံထားသည်ကို ဂြိုဟ်တုမှတစ်ဆင့်လေ့လာနိုင်သည်။

နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့်စစ်ဘက်အရပ်ဘက်ဝန်ထမ်းများကို မြို့နယ်ငါးခုအလိုက် နေရာချထားပေးသည်ကို တွေ့ရသည်။ ဇမ္ဗူသီရိမြို့နယ်တွင် သမ္မတအိမ်တော်မှစ၍ ပြည်ထောင်စုဝန်ကြီးဌာနရုံးများအပြင် လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ နေထိုင်လျက်ရှိကြသည်။ အစိုးရဝန်ထမ်းများအတွက်ဝန်ထမ်းအိမ်ရာတိုက်နှင့် အဆောင်ပေါင်း ၁,၂၉၄ လုံး တည်ဆောက်ပေးထားပြီး အခန်းပေါင်းမှာ ၂၃,၅၂၇ ဖြစ်သည်။

ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိမြို့များမှာသတ်မှတ်ချက်အလိုက်၊ လုပ်သက်အလိုက်မူတည်၍ အစိုးရဝန်ထမ်းများအား မြေကွက်ချထားပေးသည့် နေရာများဖြစ်သည်။ ရရှိထားသည့်မြေကွက်တွင် သတ်မှတ်ကာလအတွင်း နေအိမ်

စာမျက်နှာ ၂၃ »


CELEBRATE 2014
WITH GREAT FARES AND 30% BONUS KRISFLYER MILES*

SINGAPORE
FROM USD 208 RETURN

DENPASAR | JAKARTA
SURABAYA | YOGYAKARTA
FROM USD 583 RETURN

MUMBAI | NEW DELHI
FROM USD 800 RETURN

PERTH
FROM USD 928 RETURN

LONDON | MILAN
PARIS
FROM USD 1,243 RETURN

Travel on the Singapore Airlines A330 between Yangon and Singapore, and enjoy a new level of entertainment with larger personal screens and over 1,000 movies, music, books, and more.



singaporeair.com

SILKAIR
SINGAPORE AIRLINES
A STAR ALLIANCE MEMBER

Fares are available from these authorised travel agents:

| | | | | | | | |
|---|---|---|---|---|---|---|---|
| AMTRA TRAVEL | TEL: 393 304, 393 035 | HTOO TRAVEL | TEL: 860 3766, 860 3767 | SAW PORN PHAN | TEL: 373 234, 224 883 | THAN THAN TRAVEL | TEL: 255 034, 255 035 |
| COLUMBUS TRAVEL | TEL: 229 245, 378 535 | NICE FARE TRAVEL | TEL: 393 088, 245 378 | SUN FAR TRAVEL | TEL: 243 993, 255 338 | | |

*Exclusive to PPS Club and KrisFlyer members living in Myanmar only.

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 8 January 2014. Fares quoted are available from now to 21 February 2014 for travel out of and into Yangon from now to 28 February 2014, subject to seat availability and currency fluctuation. Advertised fare to Singapore is valid for travel on MI509 out of Yangon and MI520 into Yangon only. Other fares to Singapore are also available. Fares are only valid at the authorised travel agents listed above, and may be subject to additional service fees. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets are non-refundable, cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Tickets are eligible for mileage accrual at 10% of the actual miles flown. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.


HUAWEI
MAKE it POSSIBLE
NEW YEAR NEW DREAM
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ
HUAWEI ဟန်းဆက် မည်သည့်အမျိုးအစားကိုမဆို ဝယ်ယူ၍
ချက်ချင်းခဲခြစ်ပြီး အောက်ပါဆုများကို ရယူပါ။
အထူးဆု
၁၀ ဦး
ပေလိကမ်းခြေ အပန်းဖြေခရီးသွားခွင့်
အလုံး ၂၀
Huawei Ascend P6
အလုံး ၂၀
Huawei Ascend Mate
၂၂ လုံး
Huawei G610
အလုံး ၂၀
Huawei G700
၁၀ ဦး
နာမည်ကြီးအနုပညာရှင်
နှင့်အတူ ညစာစားခွင့်
Grand Final ပွဲကြီးကို ၂.၂.၂၀၁၄ တွင် Traders Hotel ၌ခမ်းနားစွာကျင်းပမည်ဖြစ်ပါသည်။
မှတ်ချက် -
● အပန်းဖြေခရီးသွားခွင့် ကံထူးရှင်များအား နေ့ရက်ကို အကြောင်းကြားပေးပါမည်။
● Handset ကံထူးရှင်များအား Grand Final ပွဲတွင် ဆုချီးမြှင့်ပေးပါမည်။
● ညစာစားခွင့်ကံထူးရှင်များသည် Grand Final ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။
ဝယ်ယူနိုင်သည့်နေရာများ
● New Year အရောင်းမြှင့်တင်ရေးပြုလုပ်ထားသော HUAWEI ဖုန်းအရောင်းဆိုင်များ
● Roadshow ကျင်းပပြုလုပ်သည့်နေရာများ
ထူးခြားပျော်ရွှင် Roadshow အစီအစဉ်
နံနက် ၁၁:၀၀ မှ ည ၉:၀၀ အထိ
နေ့ရက်
နေရာ
၁၂.၁.၂၀၁၄ (တနင်္ဂနွေနေ့) Junction Square
၁၉.၁.၂၀၁၄ (တနင်္ဂနွေနေ့) တော်ဝင်စင်တာ
၂၆.၁.၂၀၁၄ (တနင်္ဂနွေနေ့) ဒဂုံစင်တာ II
Magic Show
နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေမှု
ဂိမ်း ကစားနည်း အမျိုးမျိုး

Life
7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# သစ်ခေါက်ခွာသူတို့၏ မရေရာသော အနာဂတ်

ညီညီဇော်

ဧရာဝတီမြစ်ရေက အေးဆေးတည်ငြိမ်စွာ စီးဆင်းနေသည်။ မြစ်ကမ်းစပ်အထက်နားတွင်တော့ ကျိုးတိုးကျဲတဲတည်ဆောက်ထားသောတဲအိမ်စုလေးများက ဆိတ်ငြိမ်စွာတည်ရှိနေသည်။ သို့သော်တဲအိမ်လေးတွေရဲ့ရှေ့မှာ၊ ဘေးမှာ၊ တဲပေါက်ဝမှာရှိနေတဲ့လူများ၏ မျက်လုံးတွေကတော့ ဂနာမငြိမ်ဘဲတစ်စုံတစ်ရာကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်မျှော်နေကာဧရာဝတီမြစ်ပြင်ကျယ်ကြီးကိုငေးမောနေကြသည်။

ထိုအချိန် မြစ်ဆိပ်ကနေ အမျိုးသမီးတစ်ဦးသဲသောင်များကိုဖြတ်ကာ တစ်ခုခုကိုအော်ဟစ်ရင်း အူယားဖားယားပြေးတက်လာသည်။ "ထင်းတွဲကြီးလာပြီဟေ့" တဲ့။ သူ့အသံကြားတော့ ထိုင်နေကြတဲ့ လူတွေလှုပ်လှုပ်ရွရွဖြစ်သွားသည်။ မြစ်ထဲကိုလှမ်းကြည့်လိုက်တော့ သစ်တွေအပြည့်တင်ဆောင်လာသည့် သဘော်တစ်စီးက တလှုပ်လှုပ်ဖြင့် မျှော်နေသူတို့ဆီလာနေချေပြီ။



ဝမ်းစာနှင့် ဘဝ ရပ်တည်ရေးအတွက် မြစ်ကြောင်းအတိုင်းသယ်ဆောင်လာသော သစ်လုံးများမှ သစ်ခေါက်ခွာနေကြသူများ ဓာတ်ပုံ - ညီညီဇော်

ဟုတ်ပါသည်။ ထင်းတွဲကြီးလာပါပြီ။ သူတို့တွေကိုယ်စီကိုယ်စီမျှော်နေကြသည့် ထင်းတွဲကြီးလာချေပြီ။ စောစောက ပျင်းရိလေးတွဲဖွယ်ဖြစ်နေသည့် မျက်နှာတွေကိုယ်စီကိုယ်စီဝင်းပသွားကာ တဲအိမ်လေးတွေအတွင်း အမြန်ဝင်လိုက်ကြသည်။ တဲအိမ်အတွင်းမှယူလာသည်ကတော့ သံတူးရွင်းတစ်ခုစီ။ သံတူးရွင်းကိုယ်စီဖြင့် မြစ်ဆိပ်ကိုအလုအယက်ပြေးဆင်းကြသည်။ သစ်ခေါက်များ သွားခွာရန်ပင်ဖြစ်သည်။ ထို့ကြောင့် သစ်တွေအပြည့်တင်ဆောင်လာသည့် သဘော်ကြီးကို ကလေးတွေက အမည်ပေးတတ်ကြသည်။

'ထမင်းအိုးကြီးမျောလာပြီ' တဲ့။ ထမင်းအိုးကြီးလို့အမည်ပေးရလောက်အောင်ပင် သူတို့ အတွက် သစ်တင်သဘော်ကြီးတွေက တကယ့်ထမင်းအိုးကြီးတွေဖြစ်လာအောင် ဖန်တီးပေးတတ်သည်ဟု သစ်ခေါက်ခွာသူ အသက်(၅၅) နှစ်အရွယ် ဒေါ်ခင်ဝင်းကပြောပြသည်။ ဧရာဝတီမြစ် အထက်ပိုင်းမှ စုန်ဆင်းလာသည့် သစ်တင်သဘော်တွေက ရတနာပုံတံတားအနီးက မြန်မာ့သစ်လုပ်ငန်းတွင် မျှောစာယူရန် မြစ်လယ်တွင် ကျောက်ချလေ့ရှိသည်။

စာမျက်နှာ (၈)သို့






7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# ၂၀၁၃ တွင် ဆိုင်ကယ်မတော်တဆမှုကြောင့် လူ ၁၃၀၀ ကျော်သေဆုံးခဲ့

**ဖွဲ့မာန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၇**

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၃ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ်မတော်တဆမှု ၂,၉၀၀ ကျော်ဖြစ်ပွားခဲ့ရာ အဆိုပါ မတော်တဆမှုများကြောင့် လူ ၁,၃၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ယာဉ်မတော်တဆမှုများ အနက် မော်တော်ဆိုင်ကယ်မတော်တဆမှုများကြောင့် လူသေဆုံးခဲ့ရသည့် အရေအတွက်သည် စုစုပေါင်း ယာဉ်တိုက်မှု ဖြစ်စဉ်၏ ထက်ဝက်ခန့်ပါဝင်နေပြီးဆိုင်ကယ်ကြောင့် တစ်ရက်လျှင် လူလေးဦးခန့်သေဆုံးခဲ့ခြင်းဖြစ်သည်။

"ယာဉ်တိုက်မှုဖြစ်စဉ်အားလုံးရဲ့ ထက်ဝက်လောက်က ဆိုင်ကယ်တိုက်တဲ့ အမှုတွေဖြစ်ပြီး ဆိုင်ကယ်တိုက်တဲ့အမှုစုစုပေါင်းမှာ အနည်းဆုံးလူနှစ်ယောက်လောက် သေဆုံးနေရတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသာဌေးက ပြောသည်။

၂၀၁၃ တွင်မြန်မာတစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှု စုစုပေါင်း ၁၁,၃၃၈ဖြစ်ပွားခဲ့ကာ လူ ၂,၉၄၃ ဦးသေဆုံးခဲ့ပြီး အဆိုပါယာဉ်တိုက်မှုများအနက် ယာဉ်တိုက်မှုပေါင်း ၂၉၀၀ ကျော်နှင့် သေဆုံးသူဦးရေ ၁၃၀၀ ကျော်မှာ ဆိုင်ကယ်မတော်တဆမှုများကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ "အများစုက ဆိုင်ကယ်အသုံးပြုနှုန်းများတဲ့နယ်တွေမှာ ဖြစ်တာများတယ်။ ရန်ကုန်လိုမြို့ကြီးရဲ့ စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာတောင် ဆိုင်ကယ်မတော်တဆမှုဖြစ်လို့ လူသေဆုံးတာတွေများလာတယ်"ဟု ရဲမှူးသာဌေးကပြောသည်။

ဆိုင်ကယ်မတော်တဆမှုဖြစ်ပွားကာ လူသေဆုံးမှုမြင့်တက်လျက်ရှိသောကြောင့် စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ်တရားဝင်စီးနင်းခွင့်ရရှိထားသော ရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ကိုပင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုဝင်ဘာတွင်စတင် တားမြစ်ခဲ့သည်။

အလုပ်အကိုင်နည်းပါးခြင်းနှင့် သယ်ယူပို့ဆောင်ရေးစွမ်းအားမပြည့်စုံခြင်းတို့ကြောင့် တရားမဝင်ဆိုင်ကယ်ကယ်ရီများကို အခွန်ကောက်ခံ၍ တရားဝင်အဖြစ်သတ်မှတ်ပေးရန် အမျိုးသားလွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြမှုကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက မတော်တဆမှုများ ပိုမိုဖြစ်ပွားကာ လူသေဆုံးမှုနှုန်းများပိုမိုမြင့်မားလာနိုင်သည်ဟု ဆိုကာငြင်းပယ်ခဲ့သည်။

"ဒီတရားဝင်ပြေးဆွဲခွင့်ကို လုံးဝခွင့်မပြုနိုင်ပါဘူး။ တရားမဝင်ဆိုင်ကယ်စီးနင်းတဲ့ ကိစ္စကိုတော့ အချိန်ကာလတစ်ခုမှာ မလွဲမသွေ ပျက်ပြယ်သွားအောင် ဆောင်ရွက်မှာဖြစ်ပါတယ်"ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ပြန်လည်ဖြေကြားခဲ့သည်။









## ရေမုန်ညင်းရွက်သုပ်

ရှမ်းပြည်နယ်မှာ စိုက်တဲ့ ရေမုန်ညင်းကို သုပ်ထားတာဖြစ်ပါတယ်။ ရေမုန်ညင်းက တရုတ်နံနံအရွက်ကလေးတွေနဲ့ တူပြီး အရိုးကလည်း ခပ်ဆင်ဆင်ပါပဲ။

ရေမုန်ညင်းရွက်ကို ရေစင်အောင်ဆေးပြီး ရေနွေးပွက်ပွက်ဆူထဲကို ထည့်ပြုတ်ပါ။ နှစ်မိနစ်လောက် ရေပွက်ပွက်ဆူမှာထည့် ပြီး ရေအေးအေးထဲမှာ စိမ်ပါ။ ပြီး ရင်ခပ်ရိပ်ရိပ်လှီးပြီး ဆီစိမ်း၊ ကြက်သွန်နီပါးပါးလှီး၊ နှမ်း၊ မြေပဲလှော်၊ ဟင်းခတ်မှုန့်၊ ငံပြာရည်တို့နဲ့ သုပ်ရုံပါပဲ။

ချဉ်ချဉ်စပ်စပ်သုပ်မယ်ဆိုရင်တော့ ငရုတ်သီးစိမ်းနဲ့ သံပရာသီးထည့်သုပ်ပါ။



ငြိမ်းချမ်း

# နေစရာမရှိအနာဂတ်မရှိ



*အင်အားသုံးဖယ်ရှားခြင်းခံရပြီးနောက် ကျူးကျော်မိသားစုအချို့ လမ်းဘေးတွင် ဖြစ်သလို နေထိုင်စားသောက်သည်ကို တွေ့ရစဉ်* ဓာတ်ပုံ- ကျော်ဇင်သန်း

နေစရာအိမ်မရှိသူများနှင့် သွားစရာနေရာမရှိတော့သည့် လူဦးရေတစ်ရာကျော်သည် ချောင်းပတ်လမ်းရှိ ကွန်ကရစ်လမ်းပေါ်တွင် အသေးစားယာယီတဲများထိုးကာ နေထိုင်နေသည်။

ထိုတဲများ ဘေးတွင်ရှိသည့် စွန့်ပစ်အမှိုက်ပုံများပေါ်တွင် ကလေးငယ်များက ပျော်မြူးစွာ ဆော့ကစားနေပြီး လူကြီးများကတော့ အရုပ်ကြိုးပြတ် ထိုင်နေကြသည်။ ထိုမြင်ကွင်းသည် ဇန်နဝါရီ ၂၂ ရက်က လှိုင်သာယာမြို့နယ် အမှတ် ၁၅ ရပ်ကွက် ချောင်းပတ်လမ်းဘေးရှိ ကျူးကျော်တဲ တစ်ထောင်ဝန်းကျင်ကို အာဏာပိုင်များက ဖယ်ရှားပြီးနောက် ဇန်နဝါရီ ၂၆ ရက် နံနက်ခင်းက တွေ့ခဲ့ရသည့် မြင်ကွင်းဖြစ်သည်။

"ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့အထိတွေးထားတယ်" ဟု ယခင်က လှိုင်သာယာမြို့နယ်တွင် အိမ်ငှားနေရာမှ ဆင်းလာပြီး ပိုက်ဆံခြောက်သောင်းအကုန်အကျခံကာ ကျူးကျော်တဲထိုးနေထိုင်ခဲ့၍ အာဏာပိုင်များ၏ ဖယ်ရှားခံရမှုကြောင့် ဆက်နေချင်စိတ်မရှိတော့သည့် အကြောင်းကို ဒေါ်အုံးရင်က ငိုရင်းပြောသည်။

၎င်းကျူးကျော်သမားများ၏ နေထိုင်ရေးသည် နည်းလမ်းကုန်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ စည်ပင်ပိုင်မြေနေရာနှင့် အိုးအိမ်ပိုင်မြေနေရာများတွင် ၎င်းတို့ကို ဝင်ရောက်နေထိုင်ခွင့်မပြု။ ရန်ကုန်မြို့၏ အိမ်ငှားသူများနှင့် အခန်းငှားသူများက ကျူးကျော်သမားများကို လုံးဝလက်မခံ။ လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်များကလည်း ၎င်းတို့ကို လာရောက်နေထိုင်ခြင်းမပြုလုပ်ရန် ငြင်းဆန်ထားသည်။ ၎င်းတို့လက်ရှိနေထိုင်သည့် ချောင်းပတ်လမ်းနေရာတွင်လည်း အမြန်ဆုံးဖယ်ရှားပေးရန် အာဏာပိုင်များက အမိန့်စာထုတ်ထားပြန်သည်။

ဇန်နဝါရီ ၂၂ ရက်က တဲများ ဖယ်ရှားခံရမှုကြောင့် သွားစရာနေရာမရှိသည့် အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၁၀၉ ဦးရှိသည်။ ကလေးငယ် ၂၀ ဝန်းကျင်နှင့် နေ့စေ့လစေ့ ကိုယ်ဝန်ဆောင် လေးဦး ရှိနေသည်။ တဲများဖယ်ရှားခံရမှုကြောင့် ယခုလက်ရှိ ပြောင်းရွှေ့နေထိုင်သော ချောင်းပတ်လမ်းနေရာသည် သာမန်လူတစ်နာရီ ထက်ပိုမနေနိုင်သော နေရာဖြစ်ပြီး အမှိုက်ပုံများ၏ အနံ့ကြောင့် နံစော်နေသည်။

"ဒီနေရာလေးမှာရရင် နေချင်ပါသေးတယ်။ ကလေးတွေကလည်း ကျောင်းမပြီးသေးဘူး။ ဒီနေရာကနေ ပြောင်းပေးရမယ်ဆိုရင် ဘယ်နေရာကို ပြောင်းရမယ်မှန်း မသိသေးဘူး။ နေစရာအတွက် လမ်းဆုံးဖြစ်နေပြီ" ဟု နာဂစ်မုန်တိုင်းဒဏ် ရိုက်ခတ်ခံရပြီးနောက်တွင် ဖျာပုံမြို့နယ်၊ ကျုံးကတွတ်ကျေးရွာမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ကျပန်းလုပ်ကိုင်နေသည့် ဒေါ်ရီဝင်းက သူ့ကလေးငယ်များ၏အနာဂတ်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်စွာပြောသည်။

**စာမျက်နှာ(၈) သို့**



# Home

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

စာမျက်နှာ(၇) မှ

## နေစရာမရှိ အနာဂတ်မရှိ

ကျူးကျော်သမားများသည် ၎င်းတို့ သားသမီးများ၏ အနာဂတ်အတွက် စိတ်ပူနေပြီး လက်ရှိရှိနေသော ကလေးငယ် ၂၀ ထဲမှ အနာဂတ်တွင် ပညာတတ်များ ဖြစ်လာနိုင်သူများ ရှိနိုင်သည်ဟု ကလေးနှစ်ဦး၏ ဖခင်ဖြစ်သူ ဦးတင်ဝင်းက ဆိုသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ ကျူးကျော်တဲ ဝင်ရောက်ထိုးသူများကတော့ ဧရာဝတီတိုင်းဒေသကြီးမှ အများစုဖြစ်ပြီး နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘဝပျက်ကာ အလုပ်ရရှိရန်အတွက် ရန်ကုန်မြို့သို့ တက်လာကြောင်း ၎င်းတို့က ဆိုသည်။ ရန်ကုန်မြို့တွင် စက်ရုံလုပ်သား၊ ပန်းရန်၊ ကျပန်းစ သည့် လုပ်ငန်းများ လုပ်ကိုင်နေကြသည်။ သို့သော် ယခုအခါ စက်ရုံအလုပ်ရုံများနှင့် အခြားအလုပ်စေခိုင်းသူများက ကျူးကျော်သမားများကို အလုပ်စေခိုင်းခြင်း မရှိတော့ကြောင်း ၎င်းတို့က ဆိုသည်။

"အခုဆို ကျွန်မတို့ရဲ့ သားတွေ သမီးတွေကို ကျူးကျော်ဆိုပြီး ဘယ်သူမှ အလုပ်မခိုင်းတော့ဘူး။ နေစရာက မရှိဘူးဆိုမှ အလုပ်ကမရှိတော့ ပိုဆိုးတာပေါ့" ဟု မိသားစုဝင်ရှစ်ဦးရှိသည့် ဒေါ်အုံးရင်က ၎င်းမိသားစု၏ လက်ကျန်တစ်ထောင်တန်တစ်ရွက်ကိုင်ကာ နေ့လယ်စာအတွက် စီစဉ်ရင်း ပြောသည်။

ကျူးကျော်တဲ ဆောက်လုပ်ရာတွင် တဲတစ်လုံး ကျပ်ခြောက်သောင်းဝန်းကျင်ကုန်ကျပြီး မိသားစုတွင် ရှိသမျှပိုက်ဆံဖြင့် စုဆောင်း၍ တဲဆောက်ခြင်းဖြစ်သည်။ ကျူးကျော်သမားများသည် နာမည်ပျက်နေခြင်းနှင့် မိသားစုဝင်ကလေးများနေခြင်းကြောင့် ၎င်းတို့ကို ရပ်ကွက်အတွင်း၌ အခန်းငှား၊ အိမ်ငှားခြင်း မပြုပေ။

ရန်ကုန်မြို့အတွင်း ကျူးကျော်တဲများဝင်ရောက်ထိုးသူများ အနက် နေစရာအိမ်မရှိသည့် တဲထိုးသူများနောက်တွင် နေစရာအိမ်ရှိပြီး မြေတစ်ကွက်ရရှိရန် တဲထိုးသော အခွင့်အရေးသမားအများစု လာရောက်နေရာယူမှုကြောင့် ကျူးကျော်တဲများ များပြားလာခြင်းဖြစ်ကြောင်း ချောင်းပတ်လမ်းဘေးတွင် ယာယီတဲထိုးနေထိုင်သည့် ကျူးကျော်များက ဆိုသည်။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင်ပင် ကျူးကျော်တဲများ ဝင်ရောက်နေရာယူသည့်နေရာ ၁၀ ခုထက်မနည်းရှိပြီး ၎င်းတို့အားလုံးကို အကုန်ဖယ်ရှားမည်ဟု အာဏာပိုင်များက ပြောဆိုထားသည်။ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် ပန်းလှိုင်တံတားအနီးနှင့် တွံတေးမြို့သို့သွားသော လမ်းဘေးရှိ ကျူးကျော်တဲ ၅၀၀၀ ကျော်ကို အာဏာပိုင်များက စတင်ဖယ်ရှားခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းဘေးတောပေါင်းကျိုးအနီးရှိ ကျူးကျော်တဲ ၇၀ ကို ထပ်မံဖယ်ရှားခဲ့ပြီး ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ နေရာနှစ်ခုတွင် ဆက်တိုက်ဖယ်ရှားခဲ့သည်။

နိုင်ငံတော်၏ စီမံကိန်းနယ်မြေများနှင့် နီးစပ်ခြင်း၊ အာဆီယံ ဥက္ကဋ္ဌတာဝန်ယူနေချိန်တွင် သက်ဆိုင်ရာမြို့နယ်များ၏ မြို့အင်္ဂါရပ်နှင့် ညီစေရန်အတွက် မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများမှ ကျူးကျော်များကို စတင်ဖယ်ရှားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အပါအဝင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းပြီး အင်အားသုံးဖြေရှင်းရန် စီစဉ်နေရခြင်းဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ဇန်နဝါရီ ၂၂ ရက်တွင် ပြောသည်။

ကျူးကျော်များကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးအစားလေးမျိုး ခွဲခြားလေ့ရှိသည်။ ပထမအမျိုးအစားသည် အစစ်အမှန်ကျူး (Real squatter) ဖြစ်ပြီး ဒုတိယအမျိုးအစားသည် ကျူးမြေကို အရင်ရောက်ပြီး နောင်မှရောက်ရှိလာသူများကို ပြန်ငှားစားသည့် အိမ်ငှားကျူး (Landlord squatter) ဖြစ်သည်။ တတိယအမျိုးအစားမှာ စီးပွားဖြစ်ကျူး (Professional squatter) ဖြစ်ပြီး စတုတ္ထအမျိုးအစားသည် မင်းမဲ့စရိုက်ကျူး (Anarchistic squatter) ဖြစ်သည်ဟု စာရေးဆရာမြင့်မိုရ်ဆွေ ရေးသားထားသည့် စီးပွားရေးမြို့တော်လော၊ ကျူးမြို့တော်လော ဆောင်းပါးတွင် ဖော်ပြထားသည်။

ပထမအမျိုးအစားသည် မြို့ပြဒေသရှိ အလွန်ဆင်းရဲနွမ်းပါးသည့် မိသားစုများနှင့် အလုပ်အကိုင်ကို အကြောင်းပြုပြီး ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ခိုဝင်လာသူများပါဝင်သည်။ ရန်ကုန်မြို့တွင်ရှိသော ကျူးကျော်နေထိုင်သူများမှာ ယခင်က ပထမအမျိုးအစားကျူးများသာ အများစုဖြစ်နေရာ ၂၀၁၃ နှစ်ဆန်းမှစပြီးစတုတ္ထအမျိုးအစား မင်းမဲ့စရိုက်ကျူးများ နေရာအနှံ့မှာ အလုံးအရင်း မင်းမူလာကြောင်း အဆိုပါဆောင်းပါးတွင် ဖော်ပြထားသည်။

သက်ဆိုင်ရာ အာဏာပိုင်များသည် ကျူးကျော်တဲများကို ဖယ်ရှားရန်သာ ပြုလုပ်နေကြပြီး ဖယ်ရှားခံကျူးများအား ပြန်လည်နေရာချထားပေးရန်အတွက် လုပ်ဆောင်ခြင်းမျိုး မရှိသေးပေ။

ရန်ကုန်မြို့တွင် နေထိုင်စရိတ်ကြီးမားလာမှုကြောင့် အိုးမဲ့အိမ်မဲ့များအပေါ် ယနေ့အထိ နေထိုင်စရာ မပေးနိုင်သည်မှာ ပေါ်လွင်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဦးမြင့်စိုးက သုံးသပ်သည်။

"သူတို့ကိုနေဖို့ အစိုးရက ပေးရမှာ။ ဒါဆိုရင် ဒီပြဿနာဖြစ်လာစရာမရှိဘူး" ဟု ဦးစိုးမြင့်က ပြောသည်။

"နေစရာမရှိတိုင်း နေလို့မရဘူး။ ဥပဒေဘောင်အတွင်းကပဲ နေရမယ်။ နေလို့မရမှန်းသိရက်နဲ့ လာနေကြတာ" ဟု လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ပြောသည်။

"ကျူးတွေနဲ့ပတ်သက်ပြီး တင်ပြဖို့ အစီအစဉ်မရှိဘူး။ ဒီကိစ္စက သံသရာဆုံးမှာမဟုတ်ဘူး။ စီးပွားရေးသမားတွေ ပါနေတာ တွေ့ရတယ်။ ဒီလူတွေကို နေရာပေးရင်လည်း နောက်ထပ် ထပ်ကျူးနေဦးမှာပဲ" ဟု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြဝင်းက ပြောသည်။

ဇန်နဝါရီ ၂၂ ရက် နံနက်တွင် ၎င်း၏တဲ ဖယ်ရှားခံရမည်ကို ကြိုတင်သိနေသော ဒေါ်အုံးရင်သည် ထိုည လင်းအားကြီးအချိန်တွင် အာဏာပိုင်များက အင်အား ၂၀၀၀ ကျော်ဖြင့် တဲများဖျက်ဆီးသွားခဲ့သည်ကို မည်သို့မျှ တားဆီးနိုင်ခြင်းမရှိဘဲ ထိုင်ကြည့်နေခဲ့ရသည့် မြင်ကွင်းကို အမြဲပြန်မြင်ယောင်နေသည်ဟု ဒေါ်အုံးရင်က ဆိုသည်။

ကျူးကျော်တဲများကို ဖယ်ရှားရုံမျှဖြင့် ကျူးကျော်ပြဿနာ အဖြေထွက်လာမည်မဟုတ်ပေ။ အိမ်ရာမဲ့ဖြစ်နေသည့် ကျူးများမှာ အခြားနေရာလွတ်များကို ရှာဖွေ၍ ဆက်လက်နေထိုင်ကြဦးမည်သာ ဖြစ်သည်။

"ဒီလိုပဲ လွတ်တဲ့နေရာတွေ လိုက်ရှာဦးမှာပဲ" ဟု ဒေါ်အုံးရင်က ပြောသည်။

လက်ရှိ အိမ်ရာမဲ့ဖြစ်နေသော ကျူးများသည် ၎င်းတို့၏ စွန့်ခွာလာသော ဇာတိမြေသို့ပြန်လည်ဝင်ရောက်ရန် ရှက်မိသည့်အတွက် ပြန်မသွားလိုကြောင်း ပြောဆိုသည်။

"ရေလုပ်ငန်းလည်း ပြန်မလုပ်ချင်တော့ဘူး။ ပြန်လုပ်ဖို့ရာလည်း နာဂစ်မှာအကုန်ပါသွားလို့ မရှိတော့ပါဘူး" ဟု ဧရာဝတီတိုင်းမှ လာရောက်နေထိုင်သူ ဒေါ်ရီဝင်းက ပြောသည်။

စာမျက်နှာ (၅)မှ

## သစ်ခေါက်ခွာသူတို့၏ မရေရာသော အနာဂတ်

ထိုအချိန် သစ်တင်သင်္ဘောပေါ်က ကြီးမားလှသောသစ်တုံးကြီးများ၏အခေါက်ကလေးများကို အလုအယက်လိုက်ခွာရင်း ထမင်းအိုးဖြစ်အောင်ဖန်တီးကြသူတွေက ဧရာဝတီမြစ်ကူးရတနာပုံတံတားအနောက်ဘက်ကမ်း စစ်ကိုင်းသစ်ဆိပ်အနီးမှာဖြင့် တစ်ပုံတစ်ပင်။ ဟိုအရင် ရတနာပုံတံတားမထိုးခင် စစ်ကိုင်းသစ်ဆိပ်နဲ့ ရွှေကြက်ယက်ဆိပ်ကမ်းကိုငှက်လှေတွေနဲ့ကူးကြတော့ လှေသမားတွေအလုပ်ဖြစ်ခဲ့သည်။

ခုတော့ရတနာပုံတံတားပေါ်လာတော့ငှက်လှေနဲ့မကူးကြတော့။ ငှက်လှေအလုပ်မဖြစ်တော့ ရရာသစ်ခေါက်ခွာတဲ့အလုပ်ဝင်လုပ်ခဲ့ရသည်ဟု အသက် (၅၅) နှစ် အရွယ်အမျိုးသားကြီးတစ်ဦးက ပြောပြသည်။ နောက်တော့ တဖြည်းဖြည်း သစ်ခေါက်ခွာသူ များလာလိုက်တာ စစ်ကိုင်းသစ်ဆိပ်အနီးမှာဖြင့် တဲအိမ်လေးတွေကို ပုံလို့။

သစ်တင်သင်္ဘောများ ဝင်လာပြီဆိုရင်မြစ်ဆိပ်မှာရပ်ထားတဲ့ ငှက်လှေတွေပေါ် အပြေးအလွှားတက်ကာ စက်ကိုအသားကုန်မောင်းပြီး သူ့ထက်ငါ အပြိုင်အဆိုင် သစ်တင်သင်္ဘောကြီးဆီ ပြေးကြလေပြီ။ တဝေါဝေါစီးဆင်းနေသည့် ဧရာဝတီမြစ်ပြင်ကျယ်ကြား သစ်တင်သင်္ဘောကြီးဆီသို့ ငှက်လှေလေးတွေ အပြိုင်အဆိုင်မောင်းနှင်သွားကြသည်က အစာကိုအပြိုင်သုတ်ကြတော့မည့် သိမ်းငှက်များနှယ်။ ယခင်ကတော့ ငှက်လှေမှာ စက်မတပ်နိုင်ခင်က အပြိုင်အဆိုင်လှော်ခတ်ကာသင်္ဘောနောက်လိုက်ရသည်။ ခုတော့ စက်တပ်ပြီး နည်းနည်းတော့ အမောသက်သာသည်။ သို့သော် သင်္ဘောနားရောက်တော့မှ သစ်ခေါက်ဈေးကောင်းကောင်းမရသည့် ကျွန်းသစ်မျိုးဖြစ်နေတဲ့အခါ ကျရင် မောပြီသာမှတ်။

"ကျွန်းသစ် အခေါက်ကျတော့ ဈေးကမရဘူး။ အင်သစ်ခေါက်ကမှဈေးကရတာ။ ကျွန်းသစ်တွေနဲ့တိုးပြီဆိုရင် ဆီဖိုးငါးရာလောက်ရှုံးပြီပဲ" ဟု သစ်ခေါက်ခွာရန်လိုက်လာသူအမျိုးသမီးတစ်ဦးကရှင်းပြသည်။ ထို့အပြင် သင်္ဘောနားရောက်မှ ပြောင်ရှင်းနေသည့် သစ်တုံးကြီးတွေတွေ့ရပြီဆိုရင် သင်္ဘောပေါ်က သူလိုကိုယ်လို ဘဝတူသင်္ဘောဝန်ထမ်းလေးတွေက သစ်ခေါက်တွေခွာခဲ့ပြီးပြီဖြစ်လို့ သက်ပြင်းချကာ သင်္ဘောပေါ်က ပြန်ဆင်းခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။

သစ်တင်သင်္ဘောနားရောက်တော့ ငှက်လှေကိုစက်သတ်ရင်း မောင်းနေဆဲသင်္ဘောနားတဖြည်းဖြည်းကပ်ရသည်။ ငှက်လှေကို သင်္ဘောနဲ့ကပ်ချည်ပြီးတော့ ပါလာသမျှလူအားလုံးသင်္ဘောပေါ်တက်ကြသည်။ သစ်လုံးတွေဆီက သစ်ခေါက်တွေကို သံတူးရွင်းတွေ ကိုယ်စီဖြင့် ခွာကြပြီ။ သစ်ခေါက်ခွာတာကို သင်္ဘောဝန်ထမ်းတွေက ကိုယ်ချင်းစာစိတ်ဖြင့် ဘာမျှမပြော။ ထို့ကြောင့်သူတို့တစ်တွေကလည်း အလိုက်သိစွာဖြင့် သစ်သားကိုယ်ထည်ကိုမထိခိုက်စေရေး အသာအယာသစ်ခေါက်ကို ခွာရသည်ဟု သစ်ခေါက်ခွာသူတို့ကဆိုသည်။ "ဝန်ထမ်းတွေကလည်း ကျွန်တော်တို့ကိုသနားကြတယ်နဲ့တူပါတယ်။ တစ်ခါတလေ ထမင်းတောင်ကျွေးသေးတယ်" ဟု သစ်ခေါက်ခွာသူကိုသီဟဇော်က ပြောပြသည်။ ဧရာဝတီမြစ်လယ်နေအပူရှိန်ကြောင့် ချွေးများက တစက်စက်ကျနေလည်းသူတို့မမှု။ "ဒီအလုပ်ကအူစိုတယ်။ ဒါပေမဲ့ပင်ပန်းတယ်" ဟု သစ်ခေါက်ခွာရင်း ကိုသီဟဇော်က ပြောသည်။ ဒီလောက်ပင်ပန်းနေသည့်အတွက် သစ်ခေါက်တွေ ဈေးကောင်းကောင်းရပုံပဲဟု ထင်နိုင်စရာရှိသည်။ ဝမ်းဗိုက်ကားကားငှက်လှေတစ်စင်း အပြည့်အမောက်မှကျပ်ခြောက်ထောင်ခန့်သာရသည်။

ငှက်လှေတစ်စီးအပြည့် ဖြစ်ဖို့အတွက် လူသုံးယောက်ခန့် အင်တိုက်အားတိုက် သစ်ခေါက်ခွာမှသာရနိုင်သည်ဟု သစ်ခေါက်ခွာသူများက ပြောသည်။ ထို့ကြောင့် သစ်ခေါက်ခွာသူများက မိမိတို့ရှာလာတဲ့သစ်ခေါက်တွေကို မီးမမြှိုက်ရက်။ ရလာတဲ့သစ်ခေါက်တွေ ဟိုဒီရွှေ့ရင်း ပွဲကျသွားသည့် သစ်ခေါက်အစနလေးတွေကိုသာ သုံးပါသည်ဟု သစ်ခေါက်ခွာသူ အမျိုးသမီးတစ်ဦးကဆိုပါသည်။

သစ်ခေါက်ခွာသူတွေ ပိုမိုအကျပ်အတည်းဖြစ်စေတဲ့ကာလတွေကလည်း လာတတ်ပါသေးသည်။ နှစ်ကုန်ပြီဆို သစ်တင်သင်္ဘောတွေ အလာကျဲချေပြီ။ သစ်ခေါက်ခွာသူတွေ အသီးသီး တိုင်ပင်ကြပြီ။ ငွေစုထားတာရှိတဲ့သူကထုတ်၊ ပေါင်နှံစရာရှိသူက အပေါင်ဆိုင်ပြေး၊ သစ်ခေါက်ပွဲစားဆီက ငွေကြိုထုတ်လို့ရသူက ထုတ်ကာ ဧရာဝတီမြစ်တစ်လျှောက် ငှက်လှေဖြင့်ဆန်တက်ရင်း သစ်တင်သင်္ဘောရှာပုံတော်ဖွင့်ရန်စီစဉ်ရသည်။ သစ်တင်သင်္ဘောကိုတွေ့ဖို့ ရက်ကဘယ်လောက်ကြာမည်ဆိုတာမသေချာတော့ငှက်လှေပေါ်မှာဆန်နဲ့သီးနှံတွေတင်၊ ထမင်းအိုး၊ ဟင်းအိုးတွေပါဆွဲကာ သစ်တင်သင်္ဘောဆီလိုက်ရသည်။ တစ်ခါတလေကံကောင်းရင်တော့ ရက်တိုတိုနဲ့ သစ်တင်သင်္ဘော တွေ့တတ်သည်။ သစ်တင်သင်္ဘောမတွေ့ရင်တော့ ဆန်တက်ပေဦးတော့။ ငှက်လှေတွင်စက်မတပ်နိုင်ခင်က လက်ဖြင့်လှော်ကာ ဆန်တက်ရတာမို့ ခြေကုန်လက်ပန်း ကျလာတတ်ကြသည်။ ထို့ကြောင့် ကမ်းပါးမြင့်သည့်နေရာရောက်လာပါက တစ်ယောက်ကကမ်းပါးပေါ်တက်ကာ ငှက်လှေကိုကြိုးဖြင့်ဆွဲရင်း ခရီးဆက်ရသည်။ ညမှောင်လာပြီဆိုတွေ့သည့်သောင်ပြင်မှာမိုးကာတဲထိုးကာ တစ်ထောက်နားရသည်။ သစ်တင်သင်္ဘောတွေ့ပြီဆိုရင် အရမ်းပျော်မိသည်ဟု မိသားစုလိုက် ငှက်လှေဖြင့်သစ်တင်သင်္ဘောရှာခဲ့သူ ဒေါ်ခင်ဝင်းက ဆိုပါသည်။ မြစ်ကြောင်းတစ်လျှောက် သစ်ခေါက်တွေကို ခွာလာလိုက်တာ စစ်ကိုင်းသစ်ဆိပ်ကျတော့ ချကာ ရောင်းချလိုက်မှ အမောပြေတော့သည်ဟု သစ်ခေါက်ခွာသူများက ဆိုပါသည်။

သစ်တင်သင်္ဘောပေါ်တင် မကဘဲ လှေတွေဖြင့်ကပ်ချည်ကာ သယ်ဆောင်လာသည့်သစ်တွဲများတွင်လည်း သစ်ခေါက်ခွာကြပါသေးသည်။ လူကရေထဲကိုဆင်းပြီး ခွာရသည့်အတွက် အောက်ကအေးအေး အပေါ်ကနေပူပူဖြင့် ညဆို ခါးတွေကနာတာလွန်ပါရောဟု ကိုသီဟဇော်က ပြောပြသည်။ သစ်ခေါက်တွေအပြေးအလွှားခွာကြဖို့အရေး ပြေးရင်းလွှားရင်း သင်္ဘောပေါ်ကရေညှိများကြောင့် ချော်လဲကာ ခိုက်မိတာတွေ၊ သစ်လုံးတစ်လုံးကနေ တစ်လုံးကူးရင်း ခြေချော်ကျကာ ဒဏ်ရာရတာတွေက သူတို့ အတွက်မဆန်းတော့။ သစ်ခေါက်ခွာရင်း ကံဆိုးခဲ့သူတချို့လည်းရှိခဲ့ဖူးသည်။ အပြေးအလွှား သစ်ခေါက်တက်ခွာရင်း တုံးညပ် သေခဲ့တာတွေ၊ သင်္ဘောတစ်စီးနဲ့ တစ်စီး သစ်လွှဲတင်နေတဲ့ကရိန်းနဲ့ ခိုက်မိခဲ့တာတွေလည်းဖြစ်ခဲ့ဖူးသည်ဟု သစ်ခေါက်ခွာသူတို့က ဆိုပါသည်။ ဧရာဝတီမြစ်ထဲ လှိုင်းအရမ်းကြီးနေသည့်အခါ၊ လေကြီးမိုးကြီးကျနေသည့်အခါမျိုးတွေ့ တော်တော်များများကမသွားဝံ့ကြတော့။ စွန့်စွန့်စားစားသွားသူတွေလည်း ရှိပါ၏။ သစ်ခေါက်ခွာပြီး ကမ်းစပ်ပြန်ရောက်မှ ဟင်းချနိုင်သည်ဟု ကိုသီဟဇော်ကပြောပြသည်။

သစ်ခေါက်ခွာသူတို့ကတော့ သူတို့မျက်စိအောက်ကနေ နေ့စဉ်ဖြတ်သန်းနေသည့် သစ်လုံးကြီးတွေ ဘယ်ဆီရောက်သွားသည်ကို သူတို့မသိ။ သိရန်လည်းမလို။ သူတို့က သစ်ခေါက်ကလေးတွေခွာခွင့်ရတာကိုပင် ဆုလာဘ်တစ်ခုလို့ ယူဆနေကြသည်။ ခုရက်ပိုင်းသစ်တင်သင်္ဘောတွေအဝင်နည်းလာသည်ဟု သစ်ခေါက်ခွာသူတို့က ဆိုပါသည်။ "သင်္ဘောပေါ်က ဝန်ထမ်းတွေကတော့ ပြောတယ်။ နောက်သုံးလလောက်ဆိုရင် သစ်ခေါက်တွေ ခွာလို့ရမှာမဟုတ်တော့ဘူးတဲ့။ သစ်တွေကို လှေထောင့်လှီးပြီးမှ တင်လာတော့မယ်ပြောတာပဲ" ဟုဒေါ်ခင်ဝင်းက သူတစ်ဆင့်ကြားသည်ကို ပြန်ပြောပြသည်။ သို့သော် နောင်ခါလာနောင်ခါချေး ဒေါ်ခင်ဝင်းတို့လို သစ်ခေါက်ခွာပြီး ထမင်းအိုးတည်မည့်သူတွေအတွက်ကတော့ ဧရာဝတီမြစ်ထဲက သစ်တင်သင်္ဘောတွေကိုမကြာခဏလှမ်းမျှော်နေကြဦးမှာကတော့မလွဲ။

# Health

7 DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014

ဝတ်ရည်အောင်

# အဝလွန်ကလေးများ သတိထားပါ



အသက် (၁၀) နှစ်ဝန်းကျင် ဝဝဖိုင့်ဖိုင့်ကလေးများ အခန်းရှေ့တွင် ဆေးကုသမှုခံယူရန် စောင့်ဆိုင်းနေကြသည်။ ထိုကလေးများတွင် ဖျားနာနွမ်းလျနေသည့်ရောဂါလက္ခဏာတစ်စုံတစ်ရာမတွေ့ရ။

ထိုကလေးများမှာ အသက်အရွယ်၊ အရပ်အမောင်းနှင့် တွက်ချက်ပါက ကိုယ်အလေးချိန် များပြားနေသည့်အတွက် အဝလွန်ကလေးများအား ဆေးကုသမှုပေးနေသည့် ဆေးရုံ၏ လူနာခန်းရှေ့တွင် စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

“ကိုယ်အလေးချိန်လျှော့ချဖို့သူတို့နေ့တိုင်းစားသောက်နေတဲ့အချိုရည်တွေ၊ ဟမ်ဘာဂါတွေနဲ့အချိုတွေလျှော့စားဖို့အဓိကစည်းရုံးရတယ်”ဟု အဝလွန်ကလေးများအား အာဟာရပိုင်းဆိုင်ရာကုသမှုများဆောင်ရွက်နေသည့်အာဟာရပညာရှင်တစ်ဦးကပြောသည်။

ယနေ့ခေတ်ကလေးများစားသောက်နေသည့်အစားအစာပုံစံသည်အသက်ငယ်ငယ်ဖြင့်ရောဂါများရရှိပြီး ရောဂါများဖြင့် ကြီးပြင်းလာနိုင်မည့်အခြေအနေများရှိနေကြောင်း အာဟာရဆိုင်ရာ ပညာရှင်များက ပြောကြားကြသည်။

သုတေသနပညာရှင်များက ကလေးများ သရေစာအဖြစ် စားသုံးနေသည့်အစားအစာများဆိုင်ရာ သုတေသနတစ်ခုကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အထက်တန်းကျောင်းတစ်ခုတွင် တစ်နှစ်ကြာသည်အထိ ပြုလုပ်ခဲ့သည်။

သုတေသနအရ ကလေးအများစု နေ့စဉ်စားသောက်နေသည့် သရေစာများမှာ အချိုရည်များ၊ အထုပ်လှလှဖြင့် ထုပ်ပိုးထားသည့် အကြွပ်ကြော်များဖြစ်နေပြီး ထိုအစားအစာများကို နေ့စဉ် တစ်ကြိမ်ထက် ပိုမိုစားသုံးနေကြောင်း ထိုသုတေသနက တွေ့ရှိခဲ့သည်။

ထိုကလေးများသည် အချိုရည်များ၊ အာလူးကြော်စသည့်အကြော်များ၊ ချိုချဉ်၊သကြားလုံးစသည့် အစားအစာများကို အများဆုံးစားသုံးနေပြီး ထိုကလေးများထဲတွင် ၂၆ ရာခိုင်နှုန်းမှာ မြန်မာမုန့် လုံးဝစားသုံးခြင်းမရှိခြင်း၊ ၂၅ ရာခိုင်နှုန်းမှာ နွားနို့လုံးဝသောက်သုံးခြင်းမရှိခြင်းနှင့် ၄၁ ရာခိုင်နှုန်းမှာ အိုဗာတင်းကဲ့သို့သော အာဟာရဓာတ်ပါဝင်သည့် အရည်များ သောက်သုံးခြင်းမရှိသည်ကို တွေ့ရှိရသည်ဟု ထိုသုတေသနပြုလုပ်ခဲ့သည့်ဒေါက်တာမြဥမ္မာကပြောသည်။

အာဟာရတန်ဖိုးများပြားသည့် မြန်မာအစားအစာများ၊ နို့ထွက်အစားအစာများနှင့် စားသုံးသင့်သည့် သစ်သီးကဲ့သို့သော အစားအစာများမှာ သန့်ရှင်းမှုအပါအဝင် အရင်းအနှီးများပြားသည့်အတွက် တစ်နိုင်ငံလုံးရှိ ကျောင်းမုန့်ဈေးတန်းအများစုတွင် ရှိနေသည့်အစားအစာများမှာ အချိုရည်များ၊ အသင့်ထုပ်ပိုးထားသည့် အရောင်လှလှမုန့်များဖြစ်နေသည်။

ထိုအစားအသောက်များမှာ ကလေးများအတွက်ပြဿနာကြီးနှစ်ခုကို သယ်ဆောင်လာခြင်းဖြစ်သည်။ ပထမတစ်ခုမှာ အာဟာရတန်ဖိုးနည်းပါးသည့် ထိုအစားအစာများကြောင့်ကလေးများနေ့စဉ်လိုအပ်သည့် အာဟာရမရရှိခြင်းကြောင့်ပုံမှန်ကိုယ်အလေးချိန်မရှိသည့်ကလေးများဖြစ်လာခြင်းပင်ဖြစ်သည်။

ထိုသုတေသနတွင်ပင်ပုံမှန်ကိုယ်အလေးချိန်ထက်လျော့နည်းနေသည့် ကလေးအများအပြားတွေ့ရှိခဲ့သည်။ ကလေးများ အာဟာရချို့တဲ့ခြင်းကြောင့်အသိသာဆုံးသည် အရပ်ပုသေးကွေးခြင်းဖြစ်သည်။ ထိုမှ နောက်ဆက်တွဲ အာဟာရချို့တဲ့မှုကြောင့် ရောဂါကာကွယ်နိုင်စွမ်းများ လျော့နည်းပြီး ရောဂါများ အလွယ်တကူဝင်ရောက်နိုင်ခြင်းတို့ဖြစ်သည်။

“ပိုက်ဆံကုန်တာချင်းအတူတူကလေးတွေကအာဟာရမရှိတဲ့အစားအစာတွေကို ပိုစားနေတာတွေ့နေရတယ်”ဟု ဆေးသုတေသနဦးစီးဌာန အာဟာရဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

နောက်တစ်ခုမှာ အချိုရည်များနှင့် ကယ်လိုရီပါဝင်မှုများပြားသော အစားအစာများစားသုံးမှုများပြားခြင်းကြောင့် ကလေးများ အဝလွန်လာသည့် ပြဿနာဖြစ်သည်။

အများစုမှာ အလွယ်ရနိုင်သည့် အကြော်ထုပ်များ စားနေကြပြီး ထို့ထက်ပိုတတ်နိုင်သူများမှာကယ်လိုရီပါဝင်မှုများပြားသည့်အစားအစာများ စားသုံးနေကြသည်။ ထိုအစားအစာများ အစားများလာသည့်အခါ ခန္ဓာကိုယ်အတွင်းလိုအပ်သည့်ကယ်လိုရီထက်ပိုမိုများပြားစွာ ရောက်ရှိလာပြီး အဝလွန်လာခြင်း ဖြစ်သည်။

အဝလွန်ကလေးများတွင် ဆက်စပ်ဖြစ်ပွားသည့် ရောဂါများသိရှိစေရန် သာမန်နှင့် အဝလွန်မြန်မာကလေးများတွင် ဇီဝဖြစ်စဉ်ရောဂါလက္ခဏာရှာဖွေ လေ့လာခြင်း သုတေသနတစ်ခုကိုလည်း လွန်ခဲ့သည့် နှစ်အနည်းငယ်က ပြုလုပ်ခဲ့သည်။

ဇီဝဖြစ်စဉ် ရောဂါလက္ခဏာဖြစ်ပေါ်ခြင်းသည် လူကြီးဘဝတွင် ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများကိုဖြစ်ပွားစေနိုင်ပြီး အဝလွန် ကလေးများ ထိုလက္ခဏာစုမှာ အနည်းဆုံးတစ်ခုစီတွေ့ရှိခဲ့ရသည်။

ပြည်တွင်း၌ ခေတ်စားလာသည့် အသင့်စား အစားအသောက်များ၊ အချိုရည်များ၊ လှုပ်ရှားမှုနည်းပါးခြင်းများစသည်တို့ကြောင့် ယနေ့ခေတ်တွင် လူလတ်ပိုင်းမှစ၍ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ နှလုံး၊ ဆီးချိုကဲ့သို့ ရောဂါများအဖြစ်များလာသည့်အချိန်တွင် ယခုကလေးများ စားသောက်နေသည့် အစားအသောက်များက ထိုရောဂါများငယ်ငယ်ရွယ်ရွယ်ဖြစ်လာနိုင်ခြေရှိကြောင်း သုတေသနပြုလုပ်ခဲ့သူ ဒေါက်တာမြဥမ္မာကပြောသည်။

**စာမျက်နှာ (၁၀)သို့**



7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# ဒီချုပ်ကျန်းမာရေးကွန်ရက် တစ်နှစ်ပြည့် ရန်ပုံငွေ ဖျော်ဖြေပွဲကျင်းပမည်

ဖွဲ့ညက်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အမျိုးသား ကျန်းမာရေးကွန်ရက်၏ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများအတွက် ရန်ပုံငွေရရှိစေရန် ရည်ရွယ်၍ တစ်နှစ်ပြည့် အထိမ်းအမှတ်ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ကြောင်း ယင်းကွန်ရက် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

NLD အမျိုးသားကျန်းမာရေးကွန်ရက်သည်၎င်းတို့၏ လက်ရှိလုပ်ငန်းစဉ်တစ်ခုဖြစ်သော နယ်လှည့်ကုသခြင်း အစီအစဉ်တွင် ခွဲစိတ်ခန်းပါဝင်သည့် ကားဖြင့်သွားရောက်ကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေများရရှိပါက အမြန်ဆုံးအကောင်းအထည်ဖော်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နယ်မြို့များသို့အခမဲ့ဆေးကုသခြင်း အစီအစဉ်များကို ၁၅ ကြိမ်ခန့်သွားရောက်ကုသပေးနိုင်ခဲ့ပြီး လာမည့် ဖေဖော်ဝါရီလအတွင်း၌ ရောဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင်သွားရောက်ကုသရန် အစီအစဉ်ရှိကြောင်း ဒေါက်တာတင်မျိုးဝင်းကပြောသည်။

ထို့အပြင် ၂၀၁၃ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော မူဝါဒရေးဆွဲသည့် လုပ်ငန်းစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်များအသင်းတွင် သင်တန်းပေးလျက်ရှိသော Emergency Medical Service ကိုလည်း အကောင်အထည်ဖော်ဆောင်ရန် အစီအစဉ်ရှိကြောင်း ၎င်းကဆိုသည်။

ဖျော်ဖြေပွဲကို အားလုံးစုပေါင်းကျင်းပနိုင်ရန် ရည်ရွယ်၍ ဒုသမ္မတအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များဖိတ်ကြားထားကြောင်း ၎င်းကပြောသည်။

ဒီချုပ်ကျန်းမာရေးကွန်ရက်အနေဖြင့် ပြုလုပ်သည့် ဖျော်ဖြေပွဲဖြစ်၍ ပြည်ပမှ အလှူငွေများကို လက်ခံသွားမည်မဟုတ်ဘဲ ပြည်တွင်းအလှူရှင်များ၏ အလှူငွေများကို လက်ခံမည်ဖြစ်ကြောင်း ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

ဒီချုပ်ကျန်းမာရေးကွန်ရက် တစ်နှစ်ပြည့်သည် ၂၀၁၄ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ပုံငွေဂီတဖျော်ဖြေပွဲတွင် လင်းလင်း၊ R ဇာနည်၊ ဟန်ထွန်း၊ ဂျီလတ်၊ သအို၊ ထွန်းအိန္ဒြာဗို၊ ချစ်သုဝေ၊ ဆုန်သင်းပါရ်တို့ အပါအဝင် သီးလေးသီးအဖွဲ့၏ ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။

ယင်းဖျော်ဖြေပွဲကို ညနေ ၆ နာရီခွဲအချိန်မှစတင်ကာ အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန်းမှုတင်ဝင်း၌ ပြုလုပ်မည်ဖြစ်ပြီး လက်မှတ်များကို ကျပ်သုံးသောင်း၊ နှစ်သောင်း၊တစ်သောင်း၊ခုနစ်ထောင် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

စာမျက်နှာ (၉)မှ

## အဝလွန်ကလေးများ သတိထားပါ

ထို့အပြင်စီးပွားရေးလမ်းစပွင့်လာသည့်အချိန်တွင်ပြည်တွင်းသို့ နိုင်ငံတကာမှ အချိုရည်များ၊ အသင့်စားအစားအသောက်ဆိုင်များ အများအပြားဝင်ရောက်လာပြီး ဆိုင်တိုင်းတွင်လည်း အားပေးဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်။

အိမ်နီးချင်းနိုင်ငံများမှလည်း အာဟာရနည်းပါးသော်လည်း စားသုံးသူအပြင် ရောင်းချသူကိုပါ ဆွဲဆောင်နိုင်သည့် မုန့်မျိုးစုံဝင်ရောက်နေသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် မကူးစက်နိုင်သည့် ရောဂါများကြောင့် သေဆုံးမှုသည် ကူးစက်နိုင်သည့် ရောဂါများကြောင့် သေဆုံးမှုနှုန်းထက်မြင့်တက်နေသည်။ မြန်မာနိုင်ငံတွင်မူ ယနေ့အချိန်အထိ ကူးစက်နိုင်သည့် ရောဂါများနှင့် မကူးစက်နိုင်သော ရောဂါများ ကြောင့် သေဆုံးမှုနှုန်းကိန်းဂဏန်းတူညီနေ ပြီဖြစ်သည်။

သို့သော်နောက်ပိုင်းတွင် ကူးစက်ရောဂါများအား ထိန်းချုပ်နိုင်သည့်အချိန်တွင် နေထိုင်မှုပုံစံ၊ စားသောက်မှုအလေ့အထများကြောင့် ဖြစ်ပွားလာမည့် ထိုမကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးမှု များပြားလာမည်ဖြစ်သည်။ ဖြစ်ပွားမှုများပြားနေသည့် အနောက်နိုင်ငံများတွင်ကယ်လိုရီပါဝင်မှုများပြီး ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများကို ပြန်လည်ဆင်ခြင်စားသုံးပြီး ရောဂါဖြစ်မှုကို ကာကွယ်လာသည့်အချိန်တွင် မြန်မာနိုင်ငံတွင်လည်းနောက်မျိုးဆက်မှာအသက်ငယ်ငယ်တွင် ရောဂါများဖြင့် ကြီးပြင်းလာမှုကို အချိန်မီကာကွယ်ရန်တော့လိုအပ်ပါသည်။

ကလေးများ အာဟာရတန်ဖိုးရှိသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန် အသိပညာပေးမှုများအပါအဝင်ကျောင်းမုန့်ဈေးတန်းများတွင်လည်း သန့်ရှင်းပြီး အာဟာရရှိသော အစားအစားများ လက်လှမ်းမီ ရရှိစေရန် အသိပညာပေးမှုများ လိုအပ်နေပြီဖြစ်ကြောင်း ကျန်းမာရေးပညာရှင်များက ထောက်ပြ ပြောဆိုသည်။

“အဲဒီရောဂါတွေက လူကြီးတွေမှာဖြစ်ပေမယ့် အခုဆိုရင် လူလတ်ပိုင်းမှာဖြစ်လာနိုင်ပါတယ်” ဟု ဆေးသုတေသနဦးစီးဌာန အာဟာရဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။







# Regional

7Day News Journal

Vol.12, No.47 • JANUARY 29 , 2014


# မုံရွာမြို့ ပိဋကာလင်္ကာရ ဓမ္မာစရိယနှင့် သာမဏေကျော် စာလျှောက်မေးခန်းတွင် ရဟန်း၊ သာမဏေအပါး တစ်ထောင်ကျော် ဝင်ရောက်ဖြေဆိုမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၂၆**

သတ္တမအကြိမ်မြောက် ပိဋကာလင်္ကာရဓမ္မာစရိယနှင့် ဒသမအကြိမ်မြောက်သာမဏေကျော် စာလျှောက်မေးခန်း စာမေးပွဲကြီးကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရဟန်း၊ သာမဏေ အပါး ၁၁၁၃ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မုံရွာမြို့၊ ပိဋကာလင်္ကာရ ပရိယတ္တိအသင်းကြီးမှ သတင်းရရှိသည်။

"ဒီနှစ် ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းက ရဟန်း၊ သာမဏေတွေပါ စာဖြေခွင့် လျှောက်ထားခဲ့တယ်။ တိုင်းနဲ့ ပြည်နယ်အသီးသီးက ရဟန်း၊ သာမဏေတွေ ဝင်ခွင့် လျှောက်ထားခဲ့တယ်ဆိုပေမယ့် ချင်း၊ ကရင်၊ ကယားပြည်နယ်က စာဖြေခွင့်လျှောက်ထားတဲ့ သံဃာတော်တွေ မရှိသေးဘူး" ဟု ပိဋကာလင်္ကာရ ပရိယတ္တိအသင်းကြီးမှ အတွင်းရေးမှူး ဦးအောင်မြင်က ပြောသည်။

ပိဋကာလင်္ကာရ ဓမ္မာစရိယနှင့် သာမဏေကျော် စာလျှောက်မေးခန်း စာမေးပွဲနှုတ်ထောက်/အာဂုံစာမေးပွဲ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ရေးဖြေစာမေးပွဲအား ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ မုံရွာမြို့ အလယ်ရပ်ကွက်၊ ဝိနယဗိမာန်တော်ကြီး၌ စာဖြေဌာနအဖြစ် ကျင်းပမည်ဖြစ်သည်။ စာမေးပွဲကျင်းပနေစဉ်ကာလ ဇန်နဝါရီ ၂၇ မှ ၂၉ ရက် ညများတွင် တရားပွဲများလည်း ကျင်းပမည်ဖြစ်သည်။

စာအောင် သံဃာတော်များ မုံရွာမြို့တွင်း လှည့်လည်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး စာအောင်လက်မှတ်နှင့် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။




*တည်ဆောက်ဆဲ ဟင်းသီးဟင်းရွက်ဈေးသစ်*

ဓာတ်ပုံ - မောင်ကံ

# မောင်တောနယ်စပ် သားငါးနှင့်ဟင်းသီးဟင်းရွက်ဈေးသစ် တည်ဆောက်

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ-၂၆**

သားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးနေရာမရှိသေး သည့်အတွက် မြို့မစည်ပင်သာယာဈေးကြီး အနောက်ဘက် ဦးဥတ္တမလမ်းပေါ်တွင် ရောင်းချနေသည့် မောင်တော နယ်စပ် သားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသစ်ကို မြို့မအားကစားကွင်း အနောက်ဘက်၌ တည်ဆောက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါမောင်တောနယ်စပ် သားငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသစ်ကို နန်းထိုက်သဇင် ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ရေး လုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက်တွင် စတင်ခဲ့သည်။ အသစ်တည်ဆောက်နေသည့် ဈေးသစ်တွင် ပေ(၆၀×၃၆×၁၁ ဒသမ ၆)ရှိအသားနှင့်ငါးဈေးအဆောင်တစ်ခု၊ ပေ (၂၀×၁၀×၉)ရှိအသားရောင်းဈေး အဆောင်သုံးခု၊ ပေ(၆၀×၁၅×၁၀)ရှိခြောက်သွေ့ အစားအစာများ ရောင်းချမည့် အဆောင်လေးခုဖြစ်သည်။

မောင်တော နယ်စပ်ဒေသမှာ ခရိုင်အဆင့်ရှိ မြို့တစ်မြို့ဖြစ်ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မြို့တစ်မြို့ဖြစ်သော်လည်း သားငါးနှင့် ဟင်းသီးဟင်းရွက် ရောင်းချမည့်နေရာ မရှိသည့်အတွက် လမ်းမကြီးပေါ်၌ ရောင်းချနေသဖြင့် ယခုကဲ့သို့ ဈေးသစ်တည်ဆောက်ခြင်းဖြစ်သည်။

# ထားဝယ်တွင် MPU ကတ် အသုံးပြုသူများလာ

**စိုးမိုးအောင်**

**ထားဝယ်-ဇန်နဝါရီ-၂၆**

ထားဝယ်တွင် မြန်မာ ငွေပေးချေစနစ် (MPU)ကတ်များ အသုံးပြုရန် လျှောက်ထားသူများ လာကြောင်း ကမ္ဘောဇဘဏ် ထားဝယ်ဘဏ်ခွဲမှ သတင်းရရှိသည်။

ယင်းကတ်များဖြင့် Point of Sale(POS) များ တပ်ဆင်ထားသော ဇေယျာထက်စံ ဟိုတယ်၊ ပုလဲကေရီဟိုတယ်၊ လူကြီးမင်း တည်းခိုခန်း၊ ဆန်းသစ်မုန့်တိုက်နှင့် JRC မော်တော်ယာဉ်ရောင်းဝယ်ရေး စသည့်နေရာများအပါအဝင် ထားဝယ်မြို့ပေါ် ၁၀ နေရာတွင် သုံးစွဲနေပြီဖြစ်ပြီး ထပ်မံတပ်ဆင်ရန်လျှောက်ထားသော နေရာများလည်း ရှိသေးသည်ဟု ဆိုသည်။

"POS စက်တွေ မြို့ပေါ်မှာ ပဲရှိနေသေးတယ်။ အသစ်တပ်ဆင်မယ့် နေရာတွေတော့ရှိသေးတယ်။ အခုလက်ရှိ ဒီမှာဆိုရင် (MPU) ကတ်သုံးနေတာ ၅၇၀ ကျော်ရှိနေပြီ။ လျှောက်ထားတာတွေလည်းရှိသေးတယ်။ အခုနောက်ပိုင်း နယ်ဘက်ကလူတွေကလည်း လျှောက်လာကြတယ်" ဟု ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ အဆိုပါကတ် ပြုလုပ်ရန် မှတ်ပုံတင်မူရင်းနှင့် မိတ္တူတို့ဖြင့်လျှောက်ထားနိုင်ပြီး တစ်ပတ်ခန့်ကြာသည်။

ကြိုတင်ငွေဖြည့်တင်းထားပြီး အလိုအလျောက်ငွေပေးချေစနစ်ဖြစ်သော (MPU)ကတ် အသုံးပြုပါက ငွေအမြောက်အမြား သယ်သွားစရာမလိုသောကြောင့် ထားဝယ်တွင် POS စက်များကို ဟိုတယ်များ၊ စားသောက်ဆိုင်များတွင်သာမက စတိုးဆိုင်များနှင့် အခြားပြည်သူများ သွားရောက်လေ့များသော နေရာများတွင်တပ်ဆင်သင့်ကြောင်း အဆိုပါကတ်အသုံးပြုနေသူတစ်ဦးကဆိုသည်။

ထားဝယ်မြို့ပေါ်တွင် MPU ကတ်များကို ရောဝတီဘဏ်နှင့် ကမ္ဘောဇဘဏ်တို့တွင် လျှောက်ထားနိုင်သည်ဟုဆိုသည်။

ထားဝယ်မြို့ပေါ်တွင် အဆိုပါဘဏ်များအပြင် သမဝါယမဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်နှင့်အခြားအစိုးရဘဏ်များတွင် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်။

ထားဝယ်တွင် (MPU)ကတ်များကို ၂၀၁၃ ခုနှစ် အောက်တိုဘာ အတွင်းမှ စတင်အသုံးပြုနိုင်ခဲ့ပြီး အခက်အခဲ အနည်းငယ်ရှိနေသေးကြောင်းလည်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# ပူတာအိုခရိုင်တွင် ခရမ်းချဉ်သီး တစ်ပိဿာ နှစ်ထောင်ဈေးရှိနေ

**ကိုစိုင်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ဒေသတွင်းသီးနှံများ ထွက်ရှိမှုနည်းပါးပြီး အခြေခံစားသောက်ကုန်မှအစ မြစ်ကြီးနားမြို့မှ မှာယူတင်သွင်းနေရခြင်းကြောင့် ခရမ်းချဉ်သီးတစ်ပိဿာလျှင်နှစ်ထောင်ကျပ်အထိဈေးရှိနေကြောင်း သတင်းရရှိသည်။

"ဒီနှစ်ကုန်တင်ကားတွေဆက်တိုက်ဝင်ရောက်တဲ့အတွက် စားသောက်ကုန်ဈေးနှုန်းတွေကျပါတယ်။ ကားတွေကလည်း ဆက်တိုက်ဝင်၊ ကုန်ဈေးနှုန်းတွေကကျနေပေမယ့်လို့ ဈေးကွက်အတွင်း ဝယ်ယူစားသောက်သူနည်းပါးတာကြောင့် ဈေးအရောင်းပါးပါတယ်။ ပူတာအိုမြို့နယ်ဘက်ကတောင်ယာထွက် သီးနှံ ဆိုတာ သိပ်မရှိတာကြောင့် အကုန်လုံးကတော့ မြစ်ကြီးနားဘက်ကနေတင်သွင်းနေရပါတယ်"ဟု ပူတာအိုမြို့မဈေးရှိကုန်သည်အမျိုးသမီးတစ်ဦးကပြောသည်။

ဇန်နဝါရီ ၂၇ရက်အထိ ပူတာအိုမြို့နယ်အတွင်း ခရမ်းချဉ်သီးတစ်ပိဿာလျှင် နှစ်ထောင်ကျပ်၊အညံ့စားဆန်တစ်အိတ်လျှင် ၃၅,၀၀၀ကျပ်၊ကြက်ဥခြောက်လုံးတစ်ထောင်ကျပ်၊ ဓာတ်ဆီတစ်ပီပါလျှင် ၃၇၅,၀၀၀ကျပ်၊ ဒီဇယ်တစ်ပီပါလျှင် ၂၇၀,၀၀၀ကျပ်ကျော်အထိ ရောင်းဝယ်နေကြရပြီး အသားငါးမွေးမြူသူနည်းပါးသဖြင့် အသားစားချင်လျှင် တစ်ခါတစ်ရံတောကောင်များရပါမှ စားရကြောင်း ဒေသခံတိုင်းရင်းသားများကပြောသည်။

"ဒေသအတွင်းမှာ စိုက်ပျိုးသီးနှံဆိုတာ သိပ်မတွေ့ရဘူး။ မွေးမြူရေးအပိုင်းဆိုရင်လည်းဘာမှသိပ်ပြီးမွေးမြူလို့မရတာတွေ့ရပါတယ်။ ကျေးရွာတွေကနေ မြို့ပေါ်မှာကျောင်းလာတက်တဲ့ကလေးတွေဆိုရင်အများအားဖြင့် သူတို့ထမင်းဘူးထဲမှာ မျှစ်ပြုတ်ကလေးတွေထည့်လာပြီးစားသောက်နေကြတာကိုမြင်တွေ့ရပါတယ်"ဟု ပူတာအိုမြို့တွင် တာဝန်ကျသောဝန်ထမ်းတစ်ဦးကပြောသည်။

# မြို့ပတ်လမ်းမကြီးပေါ်ရှိ ကျူးကျော်စိုက်ခင်းများကြောင့် လမ်းပိတ်ဆို့ပြီး လမ်းဘေးနေထိုင်သူများ အခက်တွေ့

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၂၆**

ယင်းမာပင်မြို့၊ (၇)ရပ်ကွက်အတွင်းမြို့ပတ်လမ်းမကြီးတွင်လမ်းမြေနှင့် ဆက်စပ်လျက်ရှိသည့် လယ်ယာမြေပိုင်ရှင်များက လမ်းမြေပေါ်တွင် ကျူးကျော်စိုက်ပျိုးခြင်းနှင့်လမ်းမြေအားတူးယူ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်းများကြောင့် မြို့ပတ်လမ်းမကြီး ပျက်စီးပျောက်ဆုံးပြီး လမ်းပိတ်ဆို့ခြင်းကြောင့် ယင်းမာပင်မြို့ပတ်လမ်းဘေးတွင်နေထိုင်သူများ သွားလာရေးအခက်ကြုံတွေ့နေရကြောင်း ယင်းမာပင်မြို့ခံများက ပြောသည်။



*ယင်းမာပင်မြို့ မြို့ပတ်လမ်း တစ်နေရာ*

ဓာတ်ပုံ- မျိုးမင်းဦး

"ယင်းမာပင်မြို့ပတ်လမ်းပေါ်က ကျူးကျော်စိုက်ပျိုးသူတွေကြောင့် မြို့ပတ်လမ်းက ပျောက်သွားတယ်။ မီးသတ်ကားတွေ မောင်းလို့မရသလို လမ်းမြေကိုတူးပြီးစိုက်ပျိုးရေးလုပ်ငန်းသုံးတော့ ချိုင့်တွေကျင်းတွေလည်း ဖြစ်နေတယ်။ စိုက်ခင်းတွေက လမ်းမြေကျူးကျော်စိုက်ထားတော့ မိုးတွင်းမှာ မြွေအန္တရာယ်ရှိတဲ့အပြင် သွားလာရေးအခက်အခဲကြောင့် ကျန်းမာရေး၊ လူမှုရေး၊ ကလေးငယ်တွေရဲ့ပညာရေးအစစအရာရာ ထိခိုက်နစ်နာစေခဲ့ပါတယ်"ဟု ယင်းမာပင်မြို့ (၇)ရပ်ကွက်၊ မြို့ပတ်လမ်းဘေးနေထိုင်သူတစ်ဦးက ပြောသည်။

"လမ်းမြေပေါ်က ကျူးကျော်စိုက်ခင်းတွေဖယ်ရှားပေးဖို့ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ကို တင်ပြခဲ့ပေမယ့် ထိထိရောက်ရောက်ဆောင်ရွက်ပေးတာမရှိသေးပါဘူး"ဟု သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ထံသို့မြို့ပတ်လမ်းဒေသခံများလက်မှတ်ရေးထိုးတင်ပြရာတွင် ဦးဆောင်သူတစ်ဦးက ပြောသည်။

ယင်းမာပင်မြို့၊မြို့ပတ်လမ်းမြေ ပြန်လည်ဖော်ထုတ်ပေးရန်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံသို့ ၂၀၁၃ မေလ ၂၇ ရက်က မြို့ပတ်လမ်းအား မူလအတိုင်း ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် ၁၂ဦး လက်မှတ်ရေးထိုးတင်ပြခဲ့ရာ အရေးယူဆောင်ရွက်ခြင်းမရှိ၍ ၂၀၁၃ ဩဂုတ် ၂၃ ရက်တွင် ယင်းမာပင်မြို့၊ (၇)ရပ်ကွက် ဒေသခံခြောက်ဦးက လက်မှတ်ထပ်မံရေးထိုး၍တင်ပြခဲ့ခြင်းဖြစ်သည်။

ယင်းမာပင်မြို့ မြို့ပတ်လမ်းမကြီးကို မူလအတိုင်းပြန်လည်ဖော်ထုတ်ပေးရန်သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြခဲ့သော်လည်း ယနေ့အချိန်အထိ မြို့ပတ်လမ်းနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ လမ်းမြေတိုင်းတာ ဖော်ထုတ်ပေးခြင်းမရှိသေးသဖြင့်ယင်းမာပင်မြို့ မြို့ပတ်လမ်းဘေးနေထိုင်သော ပြည်သူများ သွားလာရေးအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

# ရယ်ဒီမိတ် အိမ် ၁၆ လုံး မောင်တောနယ်စပ်တွင် ထပ်မံတည်ဆောက်မည်

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ- ၂၆**

တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် ရယ်ဒီမိတ်အိမ် (Modular House) ၁၆ လုံးကို မောင်တောနယ်စပ်ဒေသတွင်ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါနေအိမ်များကို တာဝန်ယူ တည်ဆောက်နေသည့် နေလမြင့်မိုရ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရယ်ဒီမိတ်အိမ်နောက်ထပ် ၁၆ လုံး မောင်တောနယ်စပ်မှာ တည်ဆောက်ရမှာဖြစ်ပါတယ်။ အဲဒီ ၁၆ လုံးက တောင်ပြိုလက်ဝဲမြို့နယ်ခွဲမှာ လေးလုံး၊ ရွှေရင်အေးမှာနှစ်လုံး၊ကန်သာယာမှာနှစ်လုံး၊ ခရေမြို့မှာ နှစ်လုံး၊ ဗောဓိကုန်းမှာ နှစ်လုံး၊ သရေကုန်ဘောင်မှာနှစ်လုံး၊ မောရဝတီမှာ နှစ်လုံးစုစုပေါင်း ၁၆ လုံးဖြစ်ပါတယ်။ တည်ဆောက်မယ့်နေရာတွေမှာတော့ ဖောင်ဒေးရှင်းတွေစလုပ်နေပါပြီ။ ပစ္စည်းတွေ ရောက်တာနဲ့တည်ဆောက်ရေးလုပ်ငန်းတွေကို စလုပ်တော့မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် ရယ်ဒီမိတ်အိမ် ၁၇ လုံးကို ကင်းချောင်းကျေးရွာ၌ တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးနီးပါး ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ နေအိမ် ၁၇ လုံးကို တစ်ရက်လျှင် တစ်လုံးကျနှုန်းဖြင့် တည်ဆောက်ခဲ့သော်လည်း ရောက်ရှိလာသည့် ပစ္စည်းများမှာ အပျက်အစီးများပြားနေ၍ အချိန်အနည်းငယ်ပိုကာ တည်ဆောက်လိုက်ရကြောင်း၊ ဆက်လက်တည်ဆောက်မည့်အိမ် ၁၆ လုံးမှာလည်း နေရာပြန့်ကျဲ နေသည့်အတွက် တစ်လခန့် အချိန်ယူတည်ဆောက်ရမည်ဖြစ်သည်။




## ကိုရီးယား စကားပြန် ကျား/မ တစ်ဦး အမြန်အလိုရှိသည်။

- လှိုင်သာယာရှိ ဆံပင်တုလုပ်ငန်း (Global Hair)ကုမ္ပဏီမှ သွက်လက်ဖျတ်လတ်သောလူလတ်ပိုင်း ရွယ်ကိုရီးယားစကားပြန်ကျား(သို့)မ တစ်ဦး အမြန်အလိုရှိသည်။
- လစာကောင်းကောင်းပေးမည်။
- မိမိကိုယ်ကို ယုံကြည်မှုရှိပြီး လုပ်ငန်းအတွေ့အကြုံကောင်းများ ရယူကြိုးစားလိုသူများ အမြန်ဆုံးလာရောက် လျှောက်ထားနိုင်ပါသည်။

***ဆက်သွယ်ရန်*** - အမှတ်(၁၈၇)၊ အနော်ရထာလမ်းမ၊ ဇုန်(၅)လှိုင်သာယာ၊ ရန်ကုန်မြို့။

**ဖုန်း-၀၁-၆၈၈၂၂၉၊ ၀၁- ၆၈၈၂၃၁၊ ၀၉-၄၅၀၀၂၈၄၇၉**

# ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်တွင် တရားမဝင် မြစ်သဲထုတ်လုပ်မှု ဖမ်းဆီး

**စိုင်းသာအောင်**

**မန္တလေး၊ဇန်နဝါရီ- ၂၇**

ဧရာဝတီမြစ်နှင့်ဒုဋ္ဌဝတီမြစ်တို့မှ မြစ်ချောင်းများ ရေစီးရေလာကောင်းပြီး မြစ်ကြောင်းများ ထိန်းသိမ်းရန်တရားမဝင် မြစ်သဲများ ထုတ်လုပ်ခြင်း၊ စုပုံထားရှိခြင်း၊ ရောင်းချခြင်းတို့ကိုမန္တလေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းစစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် အမရပူရမြို့၊ မြစ်ကြီးကျေးရွာကွင်းအမှတ် ၆၂၄ တွင် ကျော်ပိုင်(ခ)ကျော်သူထိုက်သည် တရားမဝင် မြစ်သဲများစုပုံထားသည်ကိုဇန်နဝါရီ၁၄ရက်နေ့ကလည်းကောင်း၊ အမရပူရမြို့နယ်ဝဲကြီးကျေးရွာအုပ်စုဆင်ရွာကျောင်းတောင်ကွေ့တွင် အောင်ခိုင်ဦး(ခ)အောင်ခိုင်သည် တရားမဝင်မြစ်သဲများစုပုံထားသည်ကို ဇန်နဝါရီ၂၀ရက်ကလည်းကောင်း စစ်ဆေးရာတွင် တွေ့ရှိခဲ့သည်။



*ဧရာဝတီမြစ်ကြောင်းတစ်နေရာကို တွေ့ရစဉ်* ဓာတ်ပုံ- အိဖြူမွန်

၎င်းတို့နှစ်ဦးအား မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇန်နဝါရီ ၂၆ရက်က အမှုဖွင့်တိုင်ကြားသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းမှ မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၇အရအမှုဖွင့်အရေးယူထားသည်။ ဧရာဝတီမြစ်အတွင်းမြစ်သဲများထုတ်လုပ်မှုကိုလည်းဧရာဝတီမြစ်ကြောင်း မတိမ်ကောရေး၊ မြစ်ကြောင်းမပြောင်းလဲရေးအတွက် ဥပဒေမဲ့မြစ်သဲထုတ်လုပ်မှုများကို အရေးယူဆောင်ရွက်သွားမည်ဟု ဆိုသည်။

# ကျောက်ဆည်မြို့အများပြည်သူ အပန်းဖြေပန်းခြံတွင် စကိတ်ကွင်းတည်ဆောက်မှု ဖျက်သိမ်း

**စိုင်းသာအောင်**

**ကျောက်ဆည်၊ ဇန်နဝါရီ- ၂၇**

ကျောက်ဆည်မြို့ရှိ အများပြည်သူပန်းခြံအတွင်း စကိတ်ကွင်းပြုလုပ်ထားခြင်းကို ကျောက်ဆည်မြို့ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း၏ တင်ပြချက်ဖြင့် သက်ဆိုင်ရာက ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"အများပြည်သူ အပန်းဖြေမယ့်ပန်းခြံထဲမှာ မန္တလေးစီးပွားရေးသမားတစ်ဦးက စကိတ်ကွင်းလာတည်ဆောက်ထားပြီး စီးပွားလာရှာတယ်။ မြို့လူထုက မကျေနပ် မနှစ်သက်ဘူး။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့က မြို့နယ်စည်ပင် အရာရှိကို သုံးရက်အတွင်း စကိတ်ကွင်းကို ဖျက်သိမ်းဖို့ ပြောကြားထားပြီးဖြစ်ပါတယ်" ဟု ကျောက်ဆည်မြို့၊ မြို့နယ် စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင် တစ်ဦးက ပြောသည်။

ကျောက်ဆည်မြို့တွင် ပြည်သူလူထုက အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက မြို့နယ်စီမံခန့်ခွဲရေး ကော်မတီနှင့် မြို့နယ်စည်ပင် အကြံပေးအဖွဲ့သို့ဆက်သွယ်တိုင်ကြားနိုင်သည်ဟု ဆိုသည်။

# MRCS စီမံကိန်းလုပ်ငန်းနှင့် ACF အဖွဲ့ သို့ UNHCR က ခွဲဝေပေးသည့် ဘတ်ဂျက်များ ရပ်ဆိုင်း

**မောင်ကံ**

**မောင်တော ဇန်နဝါရီ- ၂၇**

မောင်တော နယ်စပ်ဒေသတွင် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုခန့်ကပင် UNHCR အဖွဲ့၏ ဘတ်ဂျက်ဖြင့် လူမှုကူညီရေး လုပ်ငန်းများလုပ်ကိုင်နေသည့် MRCS စီမံကိန်းလုပ်ငန်းနှင့် ACF အဖွဲ့သို့ ခွဲဝေပေးနေသည့် ဘတ်ဂျက်များ ယခုနှစ်တွင် ရပ်ဆိုင်းလိုက်ကြောင်း သတင်းရရှိသည်။

" UNHCR က ခွဲဝေပေးနေတဲ့ ဘတ်ဂျက်ငွေတွေကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်ကစပြီး ရပ်လိုက်တဲ့အတွက် ဝန်ထမ်းတွေအားလုံး ဖြုတ်လိုက်ရပါပြီ။ တစ်ဦးနှစ်ဦးပဲ စီမံကိန်းသိမ်းဖို့အတွက် ဖေဖော်ဝါရီထိ ရှိနေမှာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ အဖွဲ့တစ်ခုတည်းမဟုတ်ဘဲ ACF အဖွဲ့ကို ခွဲဝေပေးနေတဲ့ ဘတ်ဂျက်ကိုလည်း ဒီနှစ်မှာပဲ ရပ်ဆိုင်းလိုက်တယ်လို့ သိရပါတယ်" ဟု MRCS/UNHCR စီမံကိန်းရုံးမှ အလုပ်ထွက်လာသူတစ်ဦးက ပြောသည်။

UNHCR မှ တာဝန်ရှိသူတစ်ဦးက ယခုနှစ် ရခိုင်ပြည်နယ်အတွက် ရရှိသည့် ဘတ်ဂျက်ငွေမှာ ယခင်နှစ်များထက် ထက်ဝက်ခန့် လျော့ကျသွားသည့်အတွက် MRCS စီမံကိန်းနှင့် ACF သို့ ခွဲဝေပေးနေသည့် ဘတ်ဂျက်များကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

# ဓာတ်ဆီဖိုးအကြွေးတောင်းသည်ကို မကျေနပ်၍ ဆိုင်မီးရှို့

**စိုင်းသာအောင်**

**ရမည်းသင်း၊ ဇန်နဝါရီ- ၂၇**

ဓာတ်ဆီဖိုးအကြွေး ကျပ် ၁,၀၀၀ တောင်းရာမှ ဆိုင်အား မီးရှို့ဖျက်ဆီးမှု ရမည်းသင်းမြို့နယ် ကြာပင်အင်းရွာတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ရမည်းသင်းမြို့နယ် ကြာပင် အင်းရွာနေ ဈေးရောင်းသူ အမျိုးသမီးသည် ဇန်နဝါရီ ၂၃ ရက်က ဆိုင်ကယ်ကယ်ရီ မြင့်အောင်အား ယခင်ဓာတ်ဆီဖိုးအကြွေး ကျပ်၁,၀၀၀တောင်းရာမြင့်အောင်က မရှိသေးကြောင်း ပြောပြီး "နောက်ရက်နင်တို့ဆိုင်မရှိစေရ" ဟု ပြောဆိုခဲ့သည်ဟုဆိုသည်။

ဇန်နဝါရီ ၂၄ ရက်တွင် ဆိုင်ရှင်အမျိုးသမီး ဆိုင်ဖွင့်ရန် သွားစဉ် ဆိုင်မှာ ပြာပုံအဖြစ်သာ တွေ့ရသဖြင့် စုံစမ်းရာ အဆိုပါရက် နံနက် ၁ နာရီခွဲတွင် ဆိုင်ကယ်နှစ်စီး လူသုံးဦးမီးလာရှို့ပြီး ပျဉ်းမတောရွာလမ်းအတိုင်းထွက်ပြေးရာ နောက်မှ မီးထိုးကြည့်သဖြင့် မြင့်အောင်နှင့်အဖွဲ့ဖြစ်သည်ကိုတွေ့ရကြောင်း၊ ၎င်းဆိုင်အနီးနေသူများက ပြောကြောင်း တိုင်ကြားရာမှ မြို့မရဲစခန်း ရမည်းသင်းမှ ပြစ်မှုပုဒ်မ ၄၃၆ အရအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# အခြေခံဥပဒေ အနာဂတ်ဆုံးဖြတ်ချိန် နီးကပ်လာ

■ အိဖြူလွင်

မကြာမီရက်ပိုင်းအတွင်းမှာပင်တစ်နိုင်ငံလုံးက စိတ်ဝင်တစားစောင့်ကြည့်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးကော်မတီ၏ အစီရင်ခံစာကိုပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းတော့မည်ဖြစ်သည်။

သို့သော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကိုစောင့်ကြည့်ပြီးမှသာ ရွေးကောက်ပွဲဝင်မည်၊ မဝင်မည်ကို ဆုံးဖြတ်မည့် နိုင်ငံရေး ပါတီခေါင်းဆောင်များနှင့် အစီရင်ခံစာပေါ်တွင် လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲလိုမှုကို အကဲဖြတ်လိုသည့် နိုင်ငံရေးသမားများ၏ ဆန္ဒကတော့ မပြည့်ဝနိုင်တော့ပေ။

ဇန်နဝါရီ ၃၁ ရက်မတိုင်မီတင်သွင်းမည့် ကော်မတီ၏အစီရင်ခံစာတွင် မြန်မာ့နိုင်ငံရေးကို အဆုံးအဖြတ်ပေးနိုင်မည့် အချက်များပါဝင်မည်မဟုတ်ဘဲ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကပေးပို့ထားသည့် အကြံပြုချက်များကိုသာ တစ်စုတစ်စည်းတည်းပေါင်းစည်း၍ တင်ပြမည်ဖြစ်သည်။

“ဘယ်ပုဒ်မတွေကိုအကြံပြုချက်ဘယ်လောက်ရောက်တယ်။ ဘယ်အဖွဲ့အစည်းကတော့ ဘယ်အချက်တွေကို အကြံပြုထားတယ်ဆိုတဲ့အဖွဲ့အစည်းနာမည်ပါချင်ပါမယ်။ ဒီအကြံပြုချက်တွေကိုတူရာတူရာတွေစုတယ်။ အစီရင်ခံစာတွေရေးလိုက်ပြီး လွှတ်တော်ကိုဒီအတိုင်းပဲတင်လိုက်မှာပါ”ဟုပြည်ခိုင်ဖြိုးပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် သူရဦးအောင်ကိုကပြောသည်။

ပြည်သူများ၏အကြံပြုချက်များကိုမတင်ပြဘဲချန်ထားခြင်းမျိုးမဖြစ်စေရန်အတွက်မည်သည့်အကြံပြုချက်ကိုမှတည်းဖြတ်ဖြတ်တောက်ထားခြင်းမျိုးမရှိဘဲ ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုချက်များအားလုံးတင်ပြသွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။

အစီရင်ခံစာတွင်ပြင်ဆင်ရန်တင်ပြလာသူများ၏ ကျိုးကြောင်းဖော်ပြချက်များထဲမှ တချို့တဝက်သာပါရှိမည်ဖြစ်ပြီး ကော်မတီ၏ သဘောထားမှတ်ချက်ကိုပါ အစီရင်ခံစာတွင် ထည့်မထည့်ကို ဆုံးဖြတ်နေဆဲဖြစ်ကြောင်း ကော်မတီဝင်များကပြောသည်။

ထိုသို့ကော်မတီ၏အစီရင်ခံစာသည် အများမျှော်လင့်ထားသကဲ့သို့ မဟုတ်ဘဲ အကြံပြုစာများကိုစုစည်းဖော်ပြထားမည့်အစီရင်ခံစာသာဖြစ်သည့်အတွက် ဥပဒေပြင်ဆင်ခြင်းသည်ပြီးပြတ်ခြင်းမရှိသေးဘဲ ထပ်မံ၍အဆင့်များစွာရှိလာဦးမည်ဖြစ်သည်။

အကြံပြုချက်များကို စုစည်းထားသည့် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးသည့်အခါလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးကြမည်ဖြစ်သည်။ ထိုမှတဆင့် မည်သည့်ပုဒ်မများကိုပြင်မည်၊ မည်ကဲ့သို့ ပြင်မည်ဆိုသည့်လုပ်ငန်းများကိုလုပ်ဆောင်ရန်ကော်မတီအသစ် (သို့မဟုတ်) ရှိပြီးသားကော်မတီကို ထပ်မံလိုအပ်မည်ဖြစ်သည်ဟု အဆိုပါကော်မတီဝင်ဒေါက်တာ မြတ်ဉာဏစိုးက သုံးသပ်ပြောကြားသည်။

ဖွဲ့စည်းပုံကိုလေ့လာသုံးသပ်သည့် ကော်မတီသည်အကြံပြုချက်များကိုဖော်ပြခြင်းသာမဟုတ်ဘဲ အကြံပြုချက်များကို အခြေခံ၍ ပြင်ဆင်သင့်သည်များကိုသုံးသပ်ချက်၊ ကြောင်းကျိုးဖော်ပြချက်များပါရှိမည့်အစီရင်ခံစာကိုမျှော်လင့်ထားသော်လည်းအဆိုပါအတိုင်းမဖြစ်ပါက ကော်မတီ၏ လုပ်ငန်းတာဝန်ကို မေးခွန်းထုတ်စရာဖြစ်နေသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။

ပြည်ခိုင်ဖြိုးပါတီနှင့်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားသော ၁၀၉ဦးပါကော်မတီအနေဖြင့်လည်း ကော်မတီတစ်ခုတည်းကသာ ဆုံးဖြတ်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြင်ဆင်သင့်သည့်အချက်များကို တင်ပြလိုက်လျှင် တရားမျှတသကဲ့သို့ ဖြစ်မည်စိုး၍ဟု ကော်မတီ အတွင်းရေးမှူးဦးအေးမောက်ကပြောသည်။

ဒီလိုပုံစံနဲ့ လုပ်မယ်ဆိုရင်တော့ လေ့လာသုံးသပ်တဲ့ ကော်မတီမဟုတ်တော့ဘဲ အချက်အလက်ကို စုဆောင်းပေးတဲ့ကော်မတီပဲဖြစ်လိမ့်မယ်။ ဒါကြောင့်လုပ်ငန်းအဆင့်တွေပိုလာပြီး ၂၀၁၅အစောပိုင်းမှာတင် ပြီးနိုင်မလားဆိုတာ စဉ်းစားစရာဖြစ်လာတယ်ဟုလည်း နိုင်ငံရေးလေ့လာသူတစ်ဦးဖြစ်သည့် ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

ထိုသို့ ကော်မတီဝင်များ၏ သဘောတစ်ခုတည်းဖြင့်ဆုံးဖြတ်သည်မဟုတ်ဘဲ အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြမည်ဆိုသည်မှာ သဘောတရားအရလက်ခံနိုင်ဖွယ်ဖြစ်သော်လည်းအချိန်ယူ၍ ဆောင်ရွက်ခဲ့သော ကော်မတီဝင်များ၏ လုပ်ငန်းများနှင့် အခြေခံဥပဒေပြင်ဆင်ရန် အချိန်နှောင့်နှေးမှုများရှိလာနိုင်သည်ကို စိုးရိမ်ခြင်းဖြစ်ကြောင်းလွှတ်တော်ပြင်ပနိုင်ငံရေးသမားများကဆိုသည်။ လာမည့် ဇန်နဝါရီ၂၉ရက် (သို့မဟုတ်) ၃၀ရက်တွင် တင်မည့်အစီရင်ခံစာအပေါ် လွှတ်တော်၏ ဆွေးနွေးဆုံးဖြတ်ချက်အရဖွဲ့စည်းပုံကို ပြင်သင့်မပြင်သင့်ဆိုသည့် ဆုံးဖြတ်ချက်တစ်ခုရှိလာမည်ဖြစ်သည်။

ပြင်သင့်သည့် ဆုံးဖြတ်ချက်ဆိုပါက ပြင်ဆင်ရန်အဆိုနှင့်ဥပဒေကြမ်းကိုလွှတ်တော်ကရေးဆွဲရမည်ဖြစ်သည်။ လွှတ်တော်က ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကိုရေးဆွဲရန်အတွက်လည်းမည်သည့်ပုဒ်မများကိုပြင်မည်ဆိုသည့် အငြင်းပွားဖွယ်ရာများအတွက် အချိန်ယူရမည်ဖြစ်သလို ကော်မတီတစ်ခုလည်း ထပ်မံလိုကောင်းလိုလာမည်ဖြစ်သည်။ လေးလကျော်အချိန်ယူခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီအစီရင်ခံစာသည် မည်သည့်ပုဒ်မများကို ပြင်မည်ဟူသည့် တိကျသော ရလဒ်မရှိသေးသည့်အတွက် ဖွဲ့စည်းပုံပေါ် အခြေခံသည့် နိုင်ငံရေး ရွေးချယ်မှုများသည်လည်း အချိန်ယူရဦးမည် ဖြစ်သည်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် ပါတီကလည်း ပြောကြားသည်။

အဆိုပါပါတီကဲ့သို့ပင်အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်တိုင်းရင်းသားခေါင်းဆောင်များက စိတ်ဝင်စားနေသည့်အခြေခံဥပဒေပြင်ဆင်မှုသည် ကော်မတီအစီရင်ခံစာနှင့်အတူ အနည်းငယ်တော့ ရွှေ့ဆိုင်းသွားပြီဖြစ်သည်။




*ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့တွင်အခြေခံဥပဒေပြင်ဆင်ရေးပြည်သူ့ဆန္ဒခံယူပွဲတွင် ဟောပြောစဉ်* ဓာတ်ပုံ- မင်းသူ(ပုဂံ)

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့သမေ္မ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် 950 USD + ၅၀၀၀ဝိ/-
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ည / ၈ရက် ) ခရီးစဉ် 850 USD + ၅၀၀၀ဝိ/-
(နယူးဒေလီတွင်ဟိုတယ် ၂-ည အိပ် တည်းခိုပြီး အန္တရာယ်ရှိသော ညဖက် ကားမောင်းခြင်း လုံးဝမရှိပါ။)
■ ဇန်နဝါရီ -၃၁ ■ ဖေဖော်ဝါရီ- ၈၊ ၁၅၊ ၂၂ ■ မတ်- ၁၊ ၈၊ ၁၅၊ ၂၂၊ ၂၉ ■ ဧပြီ - ၅၊ ၁၂
တပေါင်းလပြည့်နေ့ သက်သနဂိုရ် အစလစေတီတော် အထက်ဌာပနာပိတ်ပွဲအခမ်းအနား တက်ရောက်လိုသူများ မတ်လ (၉) ရက်ခရီးစဉ်ဖြင့် လိုက်ပါနိုင်ပါသည်။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဗဟိုစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဇမ္ဗူဒါနစေတနာရှင်များအဖွဲ့-ရွှေမြင့်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး • ဖုန်း -09 402 64 8989, 09 5300305

# Education

7 DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014




*အခြေခံပညာပထမတန်းသင်ရိုးစာအုပ်နှင့်ကျောင်းသားမိဘတစ်ဦး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အခြေခံပညာတွင် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြစ်ရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ သင်ရိုးညွှန်းတမ်းကောင်းဖြစ်ရေးဆိုင်ရာမူဝါဒတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းသည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသောသင်ရိုးညွှန်းတမ်းများဖြစ်ရမည်ဟုဖော်ပြထားသည်။

ရေတိုလုပ်ငန်းအနေဖြင့် လက်ရှိအသုံးပြုနေသော အခြေခံပညာကျောင်းသုံးစာအုပ်များကို အရည်အသွေးမြှင့်တင်ရေးအတွက် ပြင်ဆင်မည်ဖြစ်ကြောင်း ၎င်းမူဝါဒရေးဆွဲရေးအဖွဲ့၏ လုပ်ငန်းစဉ်တွင် ရေးသားထားသည်။

“လက်ရှိသင်ရိုးညွှန်းတမ်းတွေက ဒီမိုကရေစီစံနှုန်းနဲ့မကိုက်ညီဘူး။ စာသင်ခန်းတွင်းမှာ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကို ပြုစုပျိုးထောင်ပေးတဲ့ သင်ရိုးညွှန်းတမ်းတွေ ပြင်ဆင်ရေးဆွဲသင့်နေပါပြီ”ဟု ထိုင်းနယ်စပ်တွင် မြန်မာရွှေ့ပြောင်းကလေးများ၏ ပညာရေးဆောင်ရွက်နေသော ပညာရေးကျွမ်းကျင်သူ တစ်ဦးက ပြောသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားတန်ဖိုးထားသည့် အလေ့အကျင့်များအပါအဝင် အမျိုးသားစရိုက်လက္ခဏာများကို ပြုစုပျိုးထောင်ပေးရမည်ဟု အထက်ပါ မူဝါဒတွင် ရေးဆွဲထားသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ရည်မှန်းချက်သည် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး တန်းတူရည်တူဆက်ဆံနိုင်သော အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် အခြေခံပညာသင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်ရန် ဖြစ်ကြောင်း ရေးသားထားသည်။

# နေ့စားလပေးဆရာ၊ ဆရာမ သုံးသောင်းနီးပါးအား အမြဲတမ်းဝန်ထမ်းခန့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၀**

အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော နေ့စား၊ လပေးဆရာ၊ ဆရာမသုံးသောင်းနီးပါးကို ယခုနှစ်အတွင်း အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်နှစ်၊ ဩဂုတ်လက မူလတန်းအဆင့် သင်ကြားရန် နေ့စားလပေးဆရာ၊ ဆရာမများအား စတင်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ဆင့်ပွားသင်တန်းများပေး၍ အမြဲတမ်းဝန်ထမ်းခန့်အပ်မည် ဖြစ်သည်။

“နေ့စား၊ လပေးဆရာ၊ ဆရာမ ၂၉၃၅၃ ယောက်ကို အမြဲတမ်းဝန်ထမ်းအနေနဲ့ ခန့်မယ်။ ဒီနှစ်ထဲမှာ အမြဲတမ်းဝန်ထမ်းဖြစ်ကြမှာပါ”ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

အခြေခံပညာကျောင်းများတွင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီးဟူ၍ သတ်မှတ်ထားပြီး နေ့စားလပေးဆရာ၊ ဆရာမများကို ဒေသခံထဲမှ ရွေးချယ်၍ ဒီနှင့် အီးအဆင့်ကျောင်းများတွင် ဦးစားပေးခန့်အပ်ထားကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် နေ့စား၊ လပေးဆရာ၊ ဆရာမများကို အမြဲတမ်းခန့်အပ်မည့်အပြင် ဆရာ၊ ဆရာမသုံးသောင်းကိုလည်း ထပ်မံခန့်အပ်၍ မူလတန်းအဆင့်ကျောင်းတွင် အနည်းဆုံးဆရာ၊ ဆရာမငါးဦးတာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်နေသည်။

မြန်မာနိုင်ငံရှိအခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ဆရာအချိုးကွာဟချက်ကြီးမားနေပြီး အထူးသဖြင့်မူလတန်းအဆင့်တွင် ဆရာ၊ ဆရာမလိုအပ်ချက်မြင့်မားနေကြောင်း ပညာရေးဝန်ကြီးဌာန၏ စာတမ်းများအရ သိရသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃ ဇူလိုင် ၂၅ ရက် ရက်စွဲဖြင့် အခြေခံပညာကျောင်းများတွင်နေ့စားလပေးဆရာ၊ ဆရာမများနှင့် အောက်ခြေဝန်ထမ်း ၅၂၇၆၁ ဦးကို ဩဂုတ် ၁ ရက်တွင် တာဝန်ထမ်းဆောင်ရန် ကြေညာခဲ့သည်။

# ဆရာအတတ်ပညာရေးကောင်စီ ဖွဲ့စည်းရေး မူဝါဒရေးဆွဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

ဆရာအတတ်ပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆရာအတတ်ပညာရေးကောင်စီ (Teacher Education Council) ဖွဲ့စည်းရေးပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းအဖွဲ့က မူဝါဒရေးဆွဲထားသည်။

ဆရာအတတ်ပညာအရည်အသွေးပြည့်ဝပြီး အစဉ်လေ့လာသင်ယူနေသောဆရာ၊ဆရာမများဖြစ်ထွန်းလာစေရေးအတွက် သင်ယူမှုအခွင့်အလမ်းအမျိုးမျိုး ဖန်တီးအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆရာအတတ်ပညာရေးကောင်စီကို ရည်ရွယ်၍ ဖွဲ့စည်းမည်ဖြစ်သည်။

ဆရာတတ်သင်ပညာရေးကောင်စီသည်ဆရာအတတ်ပညာကျွမ်းကျင်မှုစံသတ်မှတ်ချက်များနှင့်ကျင့်ဝတ်များသတ်မှတ်ပြဋ္ဌာန်းရန်၊ ဆရာအဖြစ်ခန့်ထားမည့်သူများအတွက် အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ပေးရန် စသည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်မည်ဖြစ်သည်။

ဆရာအတတ်ပညာ တတ်ကျွမ်းမှုစံသတ်မှတ်ချက်ဆိုင်ရာမူဝါဒအနေဖြင့် ဆရာ၊ ဆရာမများ၏ တတ်ကျွမ်းမှုအညွှန်းဘောင် (Teacher's Competencies Framework) တတ်ကျွမ်းမှု စံသတ်မှတ်ချက် (Teacher's Professional Standard) ကိုရေးဆွဲပြုစုရေးဆောင်ရွက်မည်ဖြစ်ကြောင်း မူဝါဒတွင် ဖော်ပြထားသည်။

ထို့ပြင် ပညာရေးကောလိပ်အသစ်များ ဖွင့်လှစ်ခြင်းနှင့် ၂နှစ်သင်ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် ပထမအဆင့် တိုးမြှင့်ခြင်း၊ ဆက်လက်၍ တက္ကသိုလ်များအဖြစ် တိုးမြှင့်ရေးတို့ ပြုလုပ်မည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်က ပညာရေးဝန်ကြီးဌာန၏ နှစ်ရှည်စီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာ၌ဆရာအတတ်ပညာဦးစီးဌာနဖွဲ့စည်းသွားမည့် စီမံကိန်းကို ရေးဆွဲထားပြီးယခုအခါဆရာအတတ်ပညာရေးကောင်စီကို ဖွဲ့စည်းရန် မူဝါဒထွက်ရှိလာခြင်းဖြစ်သည်။

၁၉၇၃ ခုနှစ်အခြေခံပညာရေးဥပဒေအရ ဆရာအတတ်ပညာ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းပုံသည်လက်ရှိခေတ်နှင့်လိုက်လျောညီထွေမှုမရှိခြင်း၊ ဆရာအတတ်ပညာ အရည်အသွေးကြီးကြပ်ကွပ်ကဲရေးတို့တွင် အားနည်းနေခြင်းတို့ကြောင့် ဆရာအတတ်ပညာဦးစီးဌာနဖွဲ့စည်း ရန်ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး စာတမ်းတွင် အကြံပြုထားသည်။




7 DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014

# ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ မူဝါဒဆွေးနွေးပွဲ ကန့်ကွက်မှုများ ကြုံတွေ့

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

နိုင်ငံတော်သမ္မတလမ်းညွှန်ထားသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ မူဝါဒဆိုင်ရာဆွေးနွေးပွဲသည် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ပညာရေးလှုပ်ရှားသူများ၏ ကန့်ကွက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖွဲ့စည်းထားသော ကော်မတီ၏ လုပ်ငန်းအဖွဲ့များသည် နိုင်ငံရေးပါတီများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးသက်ဆိုင်သူများကို ဖိတ်ကြား၍ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ ဇန်နဝါရီ ၂၁ ရက်တွင် ယင်းဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ တက္ကသိုလ်ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာသေးသိမ်အောင် နှိမ့်ချသုံးစွဲထားခြင်းကြောင့်ကန့်ကွက် ကြောင်းနှင့် ဆွေးနွေးပွဲကို သပိတ်မှောက်ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကျောင်းသားသမဂ္ဂများနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)အဖွဲ့ဝင်အချို့ကလည်း အစိုးရဘက်မှ ပညာရေးအခြေခံမူများမဆွေးနွေးမချင်းပညာရေးဆွေးနွေးပွဲသို့ မတက်ရောက်ဘဲ သပိတ်မှောက်မည်ဖြစ်ပြီး NNER အဖွဲ့ဝင်အားလုံးအနေဖြင့် ဇန်နဝါရီ ၂၅ နှင့် ၂၆ ရက်အထိ ထပ်မံစောင့်ကြည့်၍ ပြတ်ပြတ်သားသား တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့အပြင်ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမသို့ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူတစ်ထောင်နီးပါးရောက်ရှိလာပြီး နည်းပညာနှင့်သက်မွေးပညာဆိုင်ရာမူဝါဒလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"ယုံကြည်မှုတည်ဆောက်ဖို့လိုနေပါပြီ။ တစ်ဖက်နဲ့ တစ်ဖက်ကယုံကြည်မှုမရှိကြဘူးဖြစ်နေတယ်။ လက်ရှိဆွေးနွေးပွဲက ဘယ်အချက်ကိုမှ အာမခံချက်ပေးနိုင်တာမရှိသေးပါဘူး။ အတည်ပြုနိုင်တာလည်းမရှိဘူး။ မူဝါဒတွေပေါ်မှာဆွေးနွေးနေတာပဲဖြစ်ပါတယ်။ အဲဒီအဆင့်မှာတင် ကန့်ကွက်မှုတွေနဲ့ရင်ဆိုင်နေရတာပါ။ မြန်မာ့ပညာရေးက ရင်လေးစရာပါပဲ။ ဘာပဲဖြစ်ဖြစ် အားလုံးဝိုင်းဝန်းပြီးဆောင်ရွက်ကြရမှာပါပဲ"ဟု ၎င်းဆွေးနွေးပွဲတက်ရောက်ခဲ့သည့် ပညာရေးကျွမ်းကျင်သူတစ်ဦးက ပြောသည်။

သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းဦးဆောင်သော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီသည် ဝန်ကြီးဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစားပညာရှင်များဖြင့် အကြံပေးအဖွဲ့၊ အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း၍ ပညာရေးမူဝါဒများရေးဆွဲထားခြင်းဖြစ်သည်။




# တရုတ်တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

တရုတ်နိုင်ငံရှိတက္ကသိုလ် ၂၂၀ ခုတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ပညာသင်ယူနိုင်မည့် တရုတ်အစိုးရ၏ ပညာသင်ဆုအစီအစဉ်ကိုမြန်မာနိုင်ငံမှ ကျောင်းသားများ လျှောက်ထားနိုင်ကြောင်း သပြေပညာရေးဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

ဘွဲ့လွန်ပညာသင်ဆုအစီအစဉ်အတွက် ၂ နှစ်မှ ၃ နှစ်ကြာမြင့်မည့် မဟာဘွဲ့နှင့် သုံးနှစ်မှ လေးနှစ်ကြာမြင့်မည့်ပါရဂူဘွဲ့သင်တန်းများကို လျှောက်ထားနိုင်မည်ဖြစ်ပြီး ကျောင်းလခ၊ ဓာတ်ခွဲခန်း သုံးပစ္စည်း၊ အလုပ်သင်၊ စာအုပ်စာတမ်း၊နေထိုင်စားသောက်စရိတ်၊ ကျန်းမာရေး အာမခံစသည့် ထောက်ပံ့မှုများရရှိနိုင်မည်ဖြစ်သည်။

မဟာဘွဲ့လျှောက်ထားသူများအနေဖြင့် ဒီဂရီဘွဲ့ရရှိထားပြီး အသက် (၃၅) နှစ်အောက်နှင့် ပါရဂူဘွဲ့လျှောက်ထားသူများအနေဖြင့် မဟာဘွဲ့ရရှိထားပြီး အသက် (၄၀) နှစ်အောက်ဖြစ်ရန် သတ်မှတ်ထားသည်။

တရုတ်နိုင်ငံရှိ တက္ကသိုလ်အများစုသည် တရုတ်ဘာသာစကားအသုံးပြုသင်ကြားခြင်းဖြစ်ပြီး အချို့တက္ကသိုလ်များသာ အင်္ဂလိပ်ဘာသာစကားအသုံးပြုသင်ကြားသောကြောင့်မြန်မာကျောင်းသားများအနေဖြင့် သတိပြုရွေးချယ် လျှောက်ထားရမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနိုင်မည့် ပညာသင်ဆုအခွင့်အလမ်းများအတွက် www.csc.edu.cn တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုလေ့လာလျှောက်ထားနိုင်မည်ဖြစ်သည်။

# အခြေခံကျောင်းများအားကျောင်းသင်ပုန်း တစ်သိန်း ကိုရီးယားကုမ္ပဏီ လှူဒါန်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၃**

ကိုရီးယားနိုင်ငံရှိ ဘွန်ယောင်းကုမ္ပဏီသည်မြန်မာနိုင်ငံရှိအခြေခံပညာကျောင်းများအတွက် ကျောင်းသင်ပုန်းတစ်သိန်းလှူဒါန်းရန် သဘောတူညီထားကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

၎င်းကုမ္ပဏီသည် စာသင်ကျောင်းများအတွက် စန္ဒရားငါးထောင်ခန့်ကိုလည်း ပေးအပ် လှူဒါန်းမည်ဖြစ်ပြီး ယခုအခါကျောင်းသင်ပုန်းငါးသောင်းကို ပထမအသုတ်အနေဖြင့် တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။

"ကိုရီးယားနိုင်ငံရဲ့ ဘွန်ယောင်းကုမ္ပဏီက ကျောင်းသင်ပုန်းနဲ့ စန္ဒရားတွေ လှူဒါန်းဖို့ရှိပါတယ်။ နိုင်ငံတကာအဆင့်မီ အလူမီနီယမ်နဲ့ လုပ်ထားတဲ့ ကျောင်းသင်ပုန်းတွေပေါ့။ ပညာရေးဝန်ကြီးဌာနက သင့်တော်တဲ့နေရာတွေကိုချပေးသွားမှာပါ"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခဲ့ပြီးနောက် ပြည်ပအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို တိုးမြှင့်ရရှိနေပြီး ယခုအခါ ကိုရီးယားကုမ္ပဏီမှ ကျောင်းသင်ပုန်းနှင့် စန္ဒရားများလှူဒါန်းခြင်းဖြစ်သည်။

7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# လုပ်သားခန့်ထားမှုဆိုင်ရာ ဘုံသဘောတူစာချုပ်ချုပ်ဆိုရန် အေဂျင်စီအသင်းချုပ် ရေးဆွဲ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ပြည်ပသို့ မြန်မာအလုပ်သမား စေလွှတ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို တစ်ပြေးညီဘုံစာချုပ်အဖြစ် ချုပ်ဆိုရန် အေဂျင်စီအသင်းချုပ်က ပထမဆုံးအကြိမ်အဖြစ် ရေးဆွဲလျက်ရှိကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီအသင်းချုပ် (MOEA) မှသတင်းရရှိသည်။

ပြီးခဲ့သည့်နှစ်မှစ၍ ပြည်ပရောက်မြန်မာအလုပ်သမားအများစုသည် ၎င်းတို့ရောက်ရှိနေသည့် နိုင်ငံများတွင် အုပ်စုဖွဲ့ အကြမ်းဖက်အသတ်ခံရမှုတို့ဖြစ်ပေါ်ခြင်းကြောင့် စာချုပ်မပြည့်ဘဲ အလုပ်ရှင်ထံ လျော်ကြေးပေးကာ နေရပ်သို့ပြန်လျက်ရှိသည်။



၂၀၁၃ မေလအတွင်းကျင်းပခဲ့သော အလုပ်အကိုင်ပြပွဲ — ဓာတ်ပုံ-နစ်ကီ

လျော်ကြေးပေးရာတွင်လည်း ပေးလျော်ရမည့် ငွေကြေးနှုန်းထားအပေါ် အလုပ်သမားများ မပေးနိုင်သည့်အတွက် အေဂျင်စီကစိုက်ထုတ်လျော်ရခြင်း(သို့မဟုတ်) အသင်းချုပ်က လျော်ကြေး စိုက်ထုတ်ပေးရခြင်းတို့ကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာ ဘုံသဘောတူစာချုပ်စည်းမျဉ်း ရေးဆွဲနေခြင်းဖြစ်သည်။

ယခုရေးဆွဲလျက်ရှိသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်သည် မြန်မာအလုပ်သမားနှင့် မြန်မာအေဂျင်စီဘက်ကိုသာ ချုပ်ဆိုမည်ဖြစ်ပြီး တစ်ဖက်နိုင်ငံမှ အလုပ်ရှင်နှင့် အေဂျင်စီတို့ဖြင့် ချုပ်ဆိုသည့် စာချုပ်မပါဝင်သေးပေ။ ပြည်ပတွင် မြန်မာအလုပ်သမားအများစုပြဿနာဖြစ်ပွားခြင်းသည် လုပ်ငန်းခွင်ပြင်ပ၌အများဆုံးဖြစ်ပွားသည့်အတွက် နေရပ်သို့ပြန်သည့်အခါ အလုပ်ရှင်ထံ ပေးလျော်ရလျက်ရှိသည်။

"အခုစာချုပ်က ဒီကအလုပ်သမားနဲ့ အေဂျင်စီပဲချုပ်ဖို့လုပ်တာ။ ဟိုဘက်အလုပ်ရှင်နဲ့ အေဂျင်စီကို ချုပ်တဲ့စာချုပ်တော့ ပြင်စရာမလိုဘူး။ အခုဖြစ်နေတာက လူမှုရေးကိစ္စတွေဆိုတော့ ဒီဘက်ကပဲ လျော်နေရတာပေါ့။ ဟိုဘက်က တရားစွဲချင်နေတာကို ဒီဘက်က လိုက်ရှင်းနေလို့။ ဒီတစ်ခါကျ အဲဒီလိုဖြစ်ရင် သူတို့အနေနဲ့ ဟိုဘက်သူဌေးကို လျော်ရမှာတွေ သူတို့ပဲ လျော်ရမှာ။ အေဂျင်စီဘက်က အလုပ်နေရာမှန်ဖို့နဲ့၊ လစာမှန်ဖို့ရယ်ပဲ တာဝန်ယူတာ"ဟု အေဂျင်စီအသင်းချုပ် အတွင်းရေးမှူးဦးကျော်ထင်ကျော်က ပြောသည်။

အေဂျင်စီအသင်းချုပ် လက်အောက်ရှိ အေဂျင်စီများကို နိုင်ငံအလိုက်ခွဲခြားထားပြီး ၎င်းတို့ရေးဆွဲသည့် စည်းမျဉ်းများကို အသင်းချုပ်ထံတင်ပြကာ အသင်းချုပ်မှ တစ်ဆင့် အစိုးရသို့ တင်ပြသွားမည်ဖြစ်ပြီး လတ်တလောတွင် ညှိနှိုင်းဆွေးနွေးလျက်သာ ရှိသေးသည်။ လက်ရှိတွင် ပြည်ပသို့ လုပ်သားစေလွှတ်ရာ၌ မြန်မာအေဂျင်စီနှင့် အလုပ်သမားကြား ချုပ်ဆိုသော စာချုပ်မှာ ခိုင်မာမှုအားနည်းသည်ဟုဆိုသည်။



## Free Classified — ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း အတွေ့အကြုံရှိသူ(သို့) စိတ်ဝင်စားသူ
မန်နေဂျာ ကျား/မ (၁) ဦး
Marketing ကျား/မ (၃) ဦး
ကွန်ပျူတာကျွမ်းကျင် ကျား/မ (၁) ဦး
လုံခြုံရေး ကျား (၁) ဦး
ဖုန်း-၀၁ ၆၅၆၅၇၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff F (2) Posts
Marketing Supervisor F (2) Posts
Operation Supervisor F (2) Posts
Email-wathancenter@gmail.com
ဖုန်း-၀၉ ၅၀၆၀၃၇၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing M/F (5) Posts
Accountant F (3) Posts
IT M (2) Posts
စာပို့/သိမ်းယာဉ်မောင်း M (5) Posts
စာပို့/သိမ်းဝန်ထမ်း M (10) Posts
လုံခြုံရေးဝန်ထမ်း M (2) Posts
ဖုန်း-၀၁ ၆၅၁၆၂၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ညှပ်/ဆိုးကျွမ်းကျင် ကျား (၁) ဦး
ညှပ် ၆၀ %၊ ဆိုး ၄၀ %။
မိုးနတ်မယ် အမျိုးသား၊ အမျိုးသမီး အလှပြုပြင်ရေး
ဖုန်း-၀၉ ၄၃၀ ၂၉၇၄၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာစနစ်ဖြင့် ညှပ် Dress Cutting သမားအလိုရှိသည်။ နေ့+စားရိတ်ငြိမ်း။
ဖုန်း-၀၉ ၄၂၅၀ ၂၁၄၇၄၄၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရေသန့်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် Marketing (၂) ဦး
ဖုန်း-၀၁ ၅၈၃၀၁၀

**အလိုရှိသည်**

Teaching Plan စာသင်နှစ် တစ်နှစ်စာ ဆွဲထားပြီးသော ၁၀ တန်း မြန်မာစာ၊ Chem,Phy,Bio ဘာသာရပ်များကို မေးခွန်းဟောင်းများနှင့် တွဲဖက်ပြသနိုင်သော ဆရာ၊ ဆရာမများ အမြန်အလိုရှိပါသည်။
ဖုန်း-၀၉ ၄၂၀၁၇၂၁၈၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

FACEBOOK FASHION အတွက် (မ)အရောင်းဝန်ထမ်းအလိုရှိသည်။
၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
အမှတ်(၁၄၈)၊ ၄၇ နှင့် ၄၈ လမ်းကြား၊ စီးတီးမတ်မျက်နှာချင်းဆိုင်၊ အနော်ရထာလမ်းမပေါ်။
ဖုန်း-၀၉ ၄၅၀၀၀၉၂၀၈

--------------------------------

**GOLDEN GALAXY**

မျက်နှာသစ် မော်ဒယ် ကျား၊ မ (၅၀) ဦး
အသက် ၁၈ မှ ၂၃ နှစ်အတွင်း။
မည်သည့်အနုပညာ လှုပ်ရှားမှုများ လုပ်ကိုင်နေသူများ၊ မည်သည့် Agency သင်တန်းများတွင် တက်ရောက်ဖူးသူများ မဖြစ်ရ။
ဖုန်း၀၉ ၇၃၁၅၀၄၁၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မားကက်တင်း ကျွမ်းကျင်/အလုပ်သင် (၁၀) ဦး
ပြင်ပဆက်သွယ်ရေး ကျွမ်းကျင်/အလုပ်သင် (၁၀) ဦး
စာစီစာရိုက်ကျွမ်းကျင် (၃) ဦး
ဒီဇိုင်နာကျွမ်းကျင် (၃) ဦး
ဖုန်း-၀၉ ၄၂၀၃၆၄၃၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ(၅)ဦးအလိုရှိသည်။ သဃ်န်းကျွန်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်နေသူများဦးစားပေးမည်။
ဖုန်း-၀၉ ၄၂၁၁၁၉၀၀၀

**အလိုရှိသည်**

ပညာသင်ဝန်ထမ်း မ (၅) ဦး
ဓာတ်ပုံပညာသင်နှင့် ကွန်ပျူတာပညာသင်ကြားပေးမည်။သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေး စီစဉ်ပေးပါမည်။
ဖုန်း-၀၁ ၂၂၇၁၉၉

--------------------------------

**စာရင်းစစ်လုပ်ငန်း**

Assistant Auditor ကျား/မ (၃) ဦး
B.Com/B.Act ဘွဲ့တစ်ခုခုရရှိသူ။
Admin Staff ကျား/မ (၂) ဦး
LL.B/B.A(English)/B.Econ(Stats) ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
ဖုန်း-၀၁ ၆၅၇၈၃၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၃) ဦး
၁၀တန်း(သို့) ဘွဲ့ရ၊ (၂၅) နှစ်နှင့်အောက်။ အမှတ် (၂၆၊ ၂၈)၊လသာလမ်း၊ လသာမြို့နယ်။
ဖုန်း-၀၁ ၂၄၀၂၄၂

--------------------------------

**အလိုရှိသည်**

တက္ကစီ ယာဉ်မောင်း အလိုရှိသည်။ Probox ဆီကားသစ် နေ့ပိုင်း စံပြဈေးမသန့်စွမ်းဦးစားပေးမည်။ နေ့(၁၀၀၀၀)။
ဖုန်း-၀၉ ၇၃၂၅၉၄၂၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စားဖိုမှူး (၃၀) ဦး
မီးဖိုဆောင်အကူ (၅၀) ဦး
သန့်ရှင်းရေး (၅၀) ဦး
အထွေထွေဝန်ထမ်း (၁၀၀) ဦး
ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်
ဖုန်း-၀၉ ၇၃၀၀၆၄၂၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာစနစ်ဖြင့် ညှပ် Dress Cutting သမားအလိုရှိသည်။ နေ့+စားရိတ်ငြိမ်း။
ဖုန်း-၀၉ ၄၂၅၀ ၂၁၄၄၇

**အလိုရှိသည်**

ဓာတ်ပုံပညာ၊ ကွန်ပျူတာ ပညာသင်ကြားပေးမည်။ သင်တန်းကာလအတွင်း နေထိုင်စားသောက်ရေး စီစဉ်ပေးမည်။
ပညာသင်ဝန်ထမ်း မ (၅) ဦး
ဖုန်း-၀၁ ၂၂၇၁၉၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Receptionist For night duty M (2) Posts
Receptionist for morning & afternoon duty F/M(3) Posts
Driver M (2) Posts
House Keeping Supervisor F (1) Posts
Room Attendant F (2) Posts
PH:09 420188914

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်းထမ်း ကျား/မ (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Site Enginer (1)
B.E/B.Tech A.G.T.I(Civil)
Site အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။ Estimate တွက်ချက်တတ်ရမည်။
ဖုန်း-၀၉ ၅၀၉၄၈၉၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ(၅)ဦးအလိုရှိသည်။ သဃ်န်းကျွန်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်နေသူများဦးစားပေးမည်။
ဖုန်း-၀၉ ၄၂၁၁၁၉၀၀၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Auditor M/F (2) Posts
LCCI Level (3) အောင်မြင်ပြီးသူ။
Electronic (For Generator) M (2) Posts
Marketing M/F (3) Posts
အမှတ်-၂၇၀၊ အခန်း ၃ စီ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်မန်နေဂျာ (၁၀) ဦး
ဆိုင်လ/ထမန်နေဂျာ (၁၀) ဦး
ကြီးကြပ်ရေးမှူး (၂၀) ဦး
Cashier (၂၀) ဦး
ရုံးအကူ (၂၀) ဦး
Waiter (၁၀၀) ဦး
Waitress (၁၀၀) ဦး
ဖုန်း-၀၉ ၇၃၀၀၆၄၂၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Tourism အတွက်
Tour Operator (၂) ဦးအလိုရှိသည်။
Green Wood Tourism Co.,Ltd
PH:01 500675

--------------------------------

**မြင့်မြတ်ကြယ်ကုမ္ပဏီလီမိတက်**

အရောင်းကြီးကြပ်ရေးမှူး
ကျား (၁) ဦး မ (၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
ကျား (၁) ဦး မ (၅) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း မ (၇) ဦး
အရောင်းအကူဝန်ထမ်း ကျား (၂) ဦး
ဖုန်း-၀၉ ၅၀၄၆ ၂၁၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အအေးဖျော်ကျွမ်းကျင် (မ-၁ဦး)၊ ဆိုင်အကူ (မ-၁ဦး)၊ အလုပ်ချိန် နံနက်(၈)နာရီမှ ညနေ (၆)နာရီ၊ တနင်္လာမှ သောကြာ။
ဖုန်း-၀၉-၂၅၀၃၇၀၇၃၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale Associates (M/F - 8 Posts), Any Graduate, Good Personality and understand customer service, Minimum 1-year experience in fashion. If you are interested in above positions, Please submit your application not later than 28.2.2014.
No.18(A), Kohmin Kohchin Rd, Shwe Gone Daing, Bahan. Ph: 01-8603337

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Graphic Designer M (2) Posts
Adobe Photoshop, illustrator ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
KMD Computer Centre
ဖုန်း-၀၁ ၃၈၁၁ ၂၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Hotel မန်နေဂျာ ကျား (၁) ဦး
သင်တန်းဆင်းလုပ်သက်ရှိပြီး ကျွမ်းကျင်စွာ အုပ်ချုပ်တတ်ရမည်။
ဖုန်း-၀၉ ၄၅၀၀၅၆၁၈၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဂျပန်(သို့) အင်္ဂလိပ်လိုင်စင်ရ Tour Guide တစ်ဦးအလိုရှိသည်။
အမှတ်-၁၆(က)၊ သစ္စာလမ်း၊ ကံဘဲ့၊ ၁၂ ရပ်ကွက်။
ဖုန်း-၀၉ ၄၂၀၆၆၃၁၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အင်ဂျင်နီယာ (Civil,Electrical, Mechnical) M/F (3) Posts
စတီး၊ အလူမီနီယမ်၊ သံပန်းသံတံခါး၊ လျှပ်စစ်ကျွမ်းကျင် M (5) Posts
အထွေထွေလုပ်သား M (10) Posts
ကျွမ်းကျင်နေ့စားလုပ်သား M (5) Posts
ဖုန်း-၀၁ ၅၄၃၈၁၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင် မ (၁) ဦး
ယာဉ်မောင်း(မြို့တွင်း၊ နယ်) ကျား (၂) ဦး
Sale Promotor မ (၃) ဦး
Apple Production Co.,Ltd
အမှတ်(အေ-၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်မူကြမ်း ဦးဆောင်ရေးဆွဲသော

**အောင်သူရ၊ အောင်နိုင်**

ဒုတိယအကြိမ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များညီလာခံကို ဇန်နဝါရီ ၂၀ ရက်မှ စတင်၍ ခြောက်ရက်တိုင်တိုင် ကေအင်န်ယူထိန်းချုပ်နယ်မြေ လော်ခီးလာဒေသတွင် ပြုလုပ်ခဲ့ပါသည်။ လော်ခီးလာညီလာခံတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်မူကြမ်း (NCA)ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းမူကြမ်းကို ဖေဖော်ဝါရီ အတွင်း အစိုးရနှင့် ဘားအံမြို့တွင် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ကြောင့် NCA မူကြမ်း၊ ပြည်ထောင်စုတပ်မတော်၊ အစိုးရနှင့် ဆက်လက်ဆွေးနွေးမည့် ငြိမ်းချမ်းရေးအလားအလာများနှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တစ် နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCF) မှ NCA မူကြမ်းကို ဦးဆောင်ရေးဆွဲသည့် ပညာရှင် (Academic) ချင်းအမျိုးသားတပ်ဦးအဓိပတိ ကောင်စီဝင်ဒေါက်တာဆလိုင်းလျန်မှုန်ဆာခေါင်းနှင့် 7 DAY NEWS မှ လော်ခီးလာညီလာခံတွင် သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



*ဒေါက်တာဆလိုင်းလျန်မှုန်ဆာခေါင်း* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အခုရေးဆွဲနေတဲ့ NCA မူကြမ်းကို အစိုးရနဲ့ ဆက်ညှိတဲ့အခါ အောင်မြင်နိုင်မယ်လို့ ယူဆထားပါသလား။**

ဖြစ်နိုင်ဖို့များတယ်လို့မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိမ်းသက်သက်မှ မဟုတ်တော့ဘဲ ကျွန်တော်တို့လည်း ပထမမူကြမ်းကိုသူတို့ကို နှစ်ခါလောက်ပေးပြီးပြီ။ အခု ဒုတိယဟာကိုလည်း ဆက်ပြီးဖြည့်စွက်ထားတဲ့သဘောပဲရှိတယ်ဆိုတော့ သူတို့ကို အရင်ပေးထားတာနဲ့ အခုဆက်ဖြည့်တဲ့အပိုင်းက Technical အပိုင်းပဲများတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ သိပ်ပြီး မစိုးရိမ်ထားတော့ဘူး။ အဲဒီအတွက်ကြောင့် နီးစပ်မှုတော့ရှိပါတယ်လို့ ကျွန်တော့်အနေနဲ့ ရနိုင်ပါတယ်လို့ ဒီလိုပဲမြင်ပါတယ်။

**အဓိကဘယ်အပိုင်းတွေကို ဖြည့်ရတာပါလဲ။**

အဓိကထပ်ဖြည့်တဲ့အပိုင်းက တပ်ပိုင်းဆိုင်ရာတွေပါ။ စစ်ဘက်ဆိုင်ရာစစ်သည်တော်များရဲ့ကျင့်ဝတ်။ ပြီးတော့ ပူးတွဲစောင့်ကြည့်ရေး (Joint Monitoring Mechanizen)ပေါ့။ အဲဒါတွေကို အများကြီးဟိုတုန်းက မရှိတာမဟုတ်ဘူးရှိတယ်။ ဒါပေမဲ့ အခုတော့ အသေးစိတ်ရေးထားတာပေါ့။ ခေါင်းစဉ်အနေနဲ့ ဖြည့်တာမဟုတ်ဘူး။ Subject အနေနဲ့ အသစ်ထည့်တာမဟုတ်ဘူး။ ဟိုတုန်းက အသေးစိတ်မရေးနိုင်ခဲ့ဘူး။ အခုအသေးစိတ်ထပ်ဖြည့်ထားတယ်။

**ပြည်ထောင်စုတပ်မတော် အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ သဘောထားသိပါရစေ။**

ပြည်ထောင်စုတပ်မတော်နဲ့ ပတ်သက်ပြီး လူတွေ အများကြီးပြောကြတာရှိတယ်။ ဒါကတော့ ကျွန်တော်တို့ တိုင်းပြည်ကို ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်မယ်ဆိုရင် ပြည်ထောင်စုတပ်မတော်ဆိုတာရှိဖို့လိုအပ်တယ်။ သမ္မတကြီးကလည်းပြောတယ်။ ပြည်ထောင်စုမှာ တစ်ခုတည်းသောတပ်မတော်ဆိုတာ ရှိတယ်ဆိုတာ။ ဒါကတော့ ကျွန်တော်တို့က ခွဲထွက်ရေးသမားတွေမဟုတ်ဘူး။ ပြည်ထောင်စုမှာတပ်မတော်တစ်ခုတည်းရှိရမယ်ဆိုတာ ကျွန်တော်တို့လက်ခံတယ်။ အဓိက ဒါကို ဘယ်လိုပြန်ဖွဲ့စည်းမလဲ။ ငြိမ်းချမ်းရေးတကယ်ရလာလို့ရှိရင် ကျွန်တော်တို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အနာဂတ်က ဘယ်လိုဖြစ်သွားမလဲ။ ပြည်ထောင်စုကို တကယ်ကာကွယ်ဖို့ဆိုရင် ပြည်ထောင်စုတပ်မတော်တကယ်လိုအပ်တယ်။ ဒီတိုင်းပြည်ဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံက ပိုင်တာဖြစ်တယ်။ ဒီတိုင်းပြည်ကိုကာကွယ်ခွင့်က ကျွန်တော်တို့ တိုင်းရင်းသားတွေမှာလည်း တာဝန်ရှိပါတယ်။ တာဝန်ယူပိုင်ခွင့်လည်းရှိရမယ်။ ဒီတာဝန်ယူပိုင်ခွင့်အတွက်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းတဲ့နေရာမှာ တိုင်းရင်းသားတပ်ရင်းတွေ ဘယ်လိုဖွဲ့စည်းမလဲ။ လွတ်လပ်ရေးမရခင်ကတည်းက တိုင်းရင်းသားတပ်ရင်းတွေနဲ့ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းပြီးတော့ တိုင်းပြည်ကို ကာကွယ်ရမယ်ဆိုတာ ရှိပြီးသားပဲ။ ဆိုတော့ အဲဒီအနေအထားကိုကျွန်တော်တို့ဘယ်လိုပြန်ဆွေးနွေးကြမလဲဆိုတာပဲ။ ကျွန်တော်တို့ရွေးထားတာပြည်ထောင်စုတပ်မတော်ကို ဖက်ဒရယ်စနစ်နဲ့အညီ ဖွဲ့စည်းရမယ်။ ဒီတော့ ဒီပြည်ထောင်စုတပ်မတော်ကဏ္ဍကို ဆွေးနွေးပွဲအဆင့်မှာ ဆွေးနွေးသွားကြမယ်ဆိုတာပါ ပါတယ်ဆိုတော့ ကျွန်တော်တို့ အဲဒီအတိုင်းပဲ ဆက်သွားမှာပါ။

**ကာချုပ်အပါအဝင် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေက လက်ရှိတပ်မတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်လို့ ပြောပါတယ်။ ဒီအပေါ်မှာရော ဘယ်လိုသဘောထားပါသလဲ။**

လက်ရှိတပ်မတော်အနေအထားကို ကျွန်တော်တို့က ဒီအချိန်မှာ သိပ်မသုံးသပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက သူတို့နဲ့ ကျွန်တော်တို့က မျက်နှာချင်းဆိုင်ဆွေးနွေးရမှာလေ။ ဒီလိုမီဒီယာကနေ ဘယ်လိုဖြစ်တယ်၊ ဘာဖြစ်တယ်ပြောလိုက်ရင် မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြည်ထောင်စုတပ်မတော်က ဖြစ်ပေါ်လာတဲ့ ပုံစံသမိုင်းကြောင်းကို ကြည့်ရင် ပြည်ထောင်စုတပ်မတော်ဘယ်လိုစ ဖွဲ့စည်းခဲ့လဲဆိုတော့ ကန္ဒီသဘောတူစာချုပ်နဲ့ ဖွဲ့စည်းခဲ့တာဖြစ်တယ်။ တိုင်းရင်းသားတပ်ရင်းတွေနဲ့ဖွဲ့စည်းတာဖြစ်တယ်။ အဲဒီတိုင်းရင်းသားတပ်ရင်းတွေ အသီးသီးမှာ ဥပမာ ချင်းသေနတ်ကိုင်တပ်ရင်းမှာ ချင်းပဲဖြစ်ရမယ်။ အဲဒါတွေက ပြည်တွင်းစစ်ကြောင့် သော်လည်းကောင်း၊ နိုင်ငံရေးပြဿနာကြောင့် သော်လည်းကောင်း ပြောင်းလဲသွားတယ်။ အခုကျွန်တော်တို့ အဲဒီအနေအထားတွေ ဘယ်လိုပြန်လုပ်ကြမလဲ။ ကျွန်တော်တို့ဆွေးနွေးဖို့လိုတယ်။ ကျွန်တော်တို့ တစ်ခုပြောချင်တာက ဒီလုံခြုံရေးကိစ္စ၊ တပ်မတော်ကိစ္စဆိုတာ မနက်ဖြန်၊ သန်ဘက်ခါပြီးမှာ မဟုတ်ဘူး။ ကျွန်တော်တို့တင်ပြတဲ့အခါလည်း ဒါရေရှည်သွားရမယ့်ကိစ္စပါ။ ၁၀ နှစ်ကြာရင်ကြာမယ်။ ၁၅ နှစ်ကြာရင်ကြာမယ်။ အနှစ် ၂၀ ကြာချင်ကြာမယ်။ အဲဒီအတွက်ကြောင့် ကာချုပ်တို့တပ်မတော်သားတွေလည်း တအားစိုးရိမ်စရာမလိုဘူး။ သူတို့လုပ်ထားပြီးတဲ့ ပုံစံမှာ ကျွန်တော်တို့အားလုံးပြန်သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ပြန်မွမ်းမံပြီး အားလုံးဘယ်လိုပါဝင်နိုင်မလဲ။ ဒါပြန်စဉ်းစားရမယ့်ကိစ္စပဲ။ ဒီကိစ္စက အပစ်အခတ်ရပ်စဲရေး ကိစ္စကို မနက်ဖြန်သန်ဘက်ခါ လက်မှတ်ထိုးပြီးတော့ ဒီလိုလုပ်၊ ဒီလိုသွား ပုံစံလုပ်လို့ရမယ့် ကိစ္စမဟုတ်ဘူး။ ဒါကျွန်တော်တို့ နားလည်တယ်။ တဖြည်းဖြည်းလုပ်ရမယ့် ကိစ္စဖြစ်တယ်။ ဒါပေမဲ့မဆွေးနွေးလို့လည်း မရမယ့် ကိစ္စလည်း ဖြစ်တယ်။

**အခု NCA မူကြမ်းနဲ့ အရင်ဟာ ဘယ်လောက်ကွာခြားမှု ရှိပါသလဲ။**

ဘာမှ မကွာခြားပါဘူး။ ဟိုတုန်းက အချိန်က သိပ်မပေးတဲ့အခါ အချိန်သိပ်တိုတောင်းတော့ ပထမပေးတုန်းကတော့ လိုင်ဇာသဘောတူညီချက်စာချုပ်ကို အတတ်နိုင်ဆုံးပြည့်စုံအောင်ထည့်လိုက်တယ်။ အဲဒီထဲမှာဘာဖော်ပြထားသလဲဆိုတော့ တပ်ဘက်ဆိုင်ရာတွေပါရမယ်။ Joint Monitoring တွေရှိရမယ်။ Militry Code of Conduct ရှိရမယ် ဆိုတာ မူအားဖြင့်ပဲထည့်ထားတယ်။ အခု Militry code Conduct ဆိုတာဘာလဲ။ အတိအကျထည့်တယ်။ Joint Monitoring ကော်မတီဖွဲ့မယ်ဆိုရင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်၊ မြို့နယ်ကျေးရွာအဆင့်ဘယ်လိုဖွဲ့မလဲ။ အသေးစိတ်ထည့်တယ်။ အဲဒါပဲကွာတယ်ဆိုတော့ မူအားဖြင့် ဘာမှမကွာပါဘူးဆိုတော့ နည်းပညာပိုင်းဆိုင်ရာမှ အသေးစိတ်ထည့်တာပဲရှိတယ်။

**ဒီညီလာခံဒုတိယနေ့မှာတော်လှန်ရေးဆိုတဲ့ဝေါဟာရနဲ့ပတ်သက်ပြီး အကြိတ်အနယ်ဆွေးနွေးရတော့ ဒီမူကြမ်းမှာရော။ အဲလိုအငြင်းပွားစရာစာလုံးတွေ အစိုးရဘက်က လက်မခံနိုင်တဲ့ဝေါဟာရတွေပါပါသေးလား။**

လက်မခံနိုင်ဘူးဆိုတာ သူတို့ရဲ့ Political Culture နဲ့ ကျွန်တော်တို့ Political Culture မတူလို့ပါ။ ဒါကို သူတို့ကို ရှင်းပြလိုက်ရင် ကျွန်တော်တို့ ဘာကြောင့် ဒီစကားကို သုံးလဲဆိုရင် သူတို့နားလည်နိုင်ပါတယ်။ တော်လှန်ရေးဆိုတဲ့စကားကို မကြိုက်လို့မဟုတ်ဘူး။ ဒါပေမဲ့ ဒီအချိန်မှာ ငြိမ်းချမ်းရေးလုပ်နေပြီပဲ။ အပစ်အခတ်ရပ်စဲရေးတွေလုပ်နေပြီပဲ။ ဒီစကားတွေကို သုံးသင့်တယ်ဆိုတဲ့ သဘောကလည်း တစ်ဖက်မှာရှိနေတယ်လို့ ကျွန်တော်တို့မှာလည်း ဒီတိုင်းပြည်မှာ လက်နက်ကိုင်အဖွဲ့အစည်းအများကြီးရှိတယ်။ ကိုယ့်လူမျိုးအတွက် တော်လှန်ရေးတကယ်လုပ်တဲ့အဖွဲ့အစည်းရှိသလို ကိုယ့်လူမျိုးအတွက် တော်လှန်ရေး တကယ်မလုပ်တဲ့ အဖွဲ့အစည်းတွေလည်းရှိတယ်။ အဲဒါတွေနဲ့ ကွာခြားချင်တာကြောင့် ကျွန်တော်တို့ဒါကို သုံးတယ်ဆိုတာပြောထားပြီးသား။ ဒါမျိုးကတော့ ရှိမှာပဲ။ ဥပမာဆိုရင် ကျွန်တော်တို့ စစ်မှန်သော ဆိုတာကို သုံးတယ်။ စစ်မှန်သော ပြည်ထောင်စုစနစ်ဆိုတော့ ကျွန်တော်တို့လုပ်တဲ့ ပြည်ထောင်စုက မစစ်မှန်လို့လားသူတို့မေးတယ်။ ပြည်ထောင်စု ဖက်ဒရယ်စနစ်မှာ စစ်မှန်တဲ့ ဖက်ဒရယ်စနစ်နဲ့ စစ်မှန်တဲ့ဖက်ဒရယ်စနစ်က သူရဲ့စံချိန်စံနှုန်းတွေ သူဟာနဲ့ သူရှိတယ်။ ဒါတွေကို ပြောတာဖြစ်တယ်။ ကျွန်တော်တို့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်မှာဆိုရင် တိုင်းရင်းသားတွေရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူအခွင့်အရေးကို အာမခံရမယ်။ ဒီလိုဖြစ်နိုင်ဖို့ အတွက် ပြည်ထောင်စုရဲ့အဖွဲ့ဝင်ပြည်နယ်တွေရဲ့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ဘဲ ရေးဆွဲရမယ်။ ဒီလိုမဟုတ်ရင် အဲဒါမပါသရွေ့က ဒီပြည်ထောင်စုစနစ်က မစစ်မှန်သေးဘူး။ ဒီလိုပဲ ကျွန်တော်တို့မြင်တယ်။

**စောင့်ကြည့်ရေးအဖွဲ့တွေမှာရော ဘယ်သူတွေ ပါဝင်မလဲ။**

သူတို့နှင့် ကျွန်တော်တို့ဒါက ညှိရဦးမှာပါ။ ပူးတွဲဆိုတော့ ကျွန်တော်တို့ရော၊ သူတို့ရောပါမယ်။

**တခြားရော ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေပါဦးမလဲ။**

ပြည်ထောင်စု အဆင့်လောက်မှာ တကယ်လို့ နှစ်ဖက်ညှိလို့ လိုအပ်လို့ရှိရင် သူတို့နဲ့ ညှိပြီးတော့ နိုင်ငံတကာက Observer အဆင့်တွေ ပါရင်ပါလာမယ်။ ကျွန်တော်တို့တစ်ဖက်တည်းနဲ့ လုပ်လို့မရဘူး။ ပူးတွဲဖြစ်နေတဲ့ အတွက်နှစ်ဖက်ညှိပြီး လုပ်ရမှာပါ။

**စောင့်ကြည့်ရေးအဖွဲ့တွေရဲ့ အဓိကတာဝန်က ဘာတွေဖြစ်မလဲ။**

စောင့်ကြည့်ရေးအဖွဲ့က နှစ်ဖက်သဘောတူစာချုပ်မှာ ပါတဲ့ အချက်အလက်တွေမှာ သဘောတူညီချက်တွေကို နှစ်ဖက်တပ်က လိုက်နာခြင်းရှိ၊ မရှိစောင့်ကြည့်မှာဖြစ်ပါတယ်။ အဲဒီအခါမှာ ချိုးဖောက်မှုရှိရင်၊ လိုက်နာမှုမရှိရင် ပြည်သူလူထုကတိုင်ကြားတယ်။ ဒီနေရာမှာတော့ အရပ်သား ကာကွယ်မှုတွေကို တစ်ဖက်ဖက် တပ်က မလုပ်ဘူး၊ ချိုးဖောက်တယ်ဆိုရင် နှစ်ဖက်သဘောတူညီချက်အတိုင်း မလိုက်နာရင် စစ်ဆေးမှာဖြစ်ပါတယ်။ နှစ်ဖက်သဘောတူ

7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# ပညာရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း

ညီချက်မှာ ဒါအသေးစိတ် ဖော်ပြထားတာ။ ဒါဥပဒေနည်းအရဖြစ်တယ်ဆိုတော့ နှစ်ဖက်တပ်တွေ လိုက်နာခြင်းရှိ၊ မရှိ ဒါကို စောင့်ကြည့်သွားမှာဖြစ်တယ်။

**ဒီစာချုပ်မူကြမ်းဆွေးနွေးတဲ့အခါမှာ ဒီညီလာခံမှာပါတဲ့ အဖွဲ့အစည်းတွေ့ရဲ့ စိုးရိမ်မှုက အဓိကဘာဖြစ်မလဲ။**

ကျွန်တော်တို့အနေနဲ့ စိုးရိမ်မှုကတော့ မရှိပါဘူး။ ကျွန်တော်တို့လိုချင်တဲ့ ဒီပြည်ထောင်စုစနစ်ကို ဘယ်လိုဖန်တီးမလဲ။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လုပ်တယ်ဆိုတဲ့ကိစ္စက ရည်ရွယ်ချက်က အပစ်အခတ်ရပ်စဲရေးလုပ်လိုက်ရုံနဲ့ ပြီးသွားတဲ့ကိစ္စမဟုတ်ဘူး။ ရည်ရွယ်ချက်က အပစ်အခတ်ရပ်စဲထားတဲ့ကာလ တစ်နိုင်ငံလုံး ဗုံးသံတွေ၊ သေနတ်သံတွေ တိတ်နေတဲ့ကာလမှာ နိုင်ငံရေးစကားကို အေးအေးဆေးဆေး ပြောချင်တယ်။ ဒါကို လိုလားတယ်။ အခုဟာသမ္မတကြီး ကိုယ်တိုင်နိုင်ငံရေးစကားတွေ ပြောပါမယ်ဆိုတာ အကြိမ်ကြိမ်ပြောထားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ စိုးရိမ်မှုတော့မရှိဘူး။ ပြီးတော့ မြစ်ကြီးနား ဆွေးနွေးပွဲ နောက်ပိုင်း တပ်မတော်ကပါလာတယ်။ ဗိုလ်ချုပ်ကြီးမြင့်စိုးတို့၊ ဘာတို့ ပါလာတယ်ဆိုတော့ ကျွန်တော်တို့လည်း ဝမ်းသာတယ်။ တပ်မတော်က ဒီငြိမ်းချမ်းရေး ဖြစ်စဉ်မှာပါဝင်လာတယ်ဆိုရင် ဒါအင်မတန်ကောင်းတဲ့ဖြစ်စဉ်အလား အလာလို့ ကျွန်တော်တို့မြင်တယ်။

**Secular State နဲ့ပတ်သက်လို့ ဘယ်လိုထင်မြင်ပါသလဲ။**

အဲဒါကတော့ အခုအစိုးရအနေနဲ့လည်း နိုင်ငံတော်ဘာသာပြဋ္ဌာန်းတဲ့ အစိုးရမှ မဟုတ်ဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတော် Secular State လုပ်ချင်အားဖြင့် ပိုပြီး ပီပြင်မယ်။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ပိုပြီးကာကွယ်နိုင်မယ်ဆိုပြီးတော့ ဘာခေါ်မလဲ။ တိုင်းရင်းသား တွေဟာ ကိုယ်ကိုးကွယ်တဲ့ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်မယ်ဆိုတာပဲဖြစ်ပါတယ်။ ဒါက ပြဿနာမရှိလောက်ဘူးထင်ပါတယ်။

**NCA အခုမူကြမ်းမှာကောပါပါသလား။**

အခုပါပါတယ်။

**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါသလား။ ဆရာ့သုံးသပ်ချက်လေးပြောပြပေးပါ။**

မေးခွန်းက သိပ်မရှင်းဘူး။

**ဒီတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို အစိုးရနဲ့နောက်ဆုံးလက်မှတ်ရေးထိုးနိုင်မယ်လို့ထင်မြင်မိပါသလား။**

ထင်တာပေ့ါ။ မထင်ရင် ဘာလုပ်မှာလဲ။ ယုံကြည်လို့ လုပ်တာပေ့ါ။ ၁၀၀ ရာခိုင်နှုန်းယုံကြည့်တယ်။ ဒီပြည်တွင်းစစ်ကို မချုပ်ငြိမ်းလို့မှမရပဲ။ ဒီပြည်တွင်းစစ်က တိုင်းပြည်မှာ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားနေရတာ။ နိုင်ငံရေးစကားပြောခွင့်မရှိလို့။ အခု စကားပြောခွင့်ရှိနေပြီဆိုရင် ဘာလို့ မချုပ်ငြိမ်းနိုင်ရမှာလဲ။ လုပ်ကိုင်နိုင်ရမယ်။ ဖြစ်အောင်လည်း ကြိုးစားရမယ်။

**နောက်တစ်ခုက တိုင်းရင်းသားအဖွဲ့အစည်းတချို့ကိုလည်း မေးမြန်းကြည့်တဲ့အခါ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးရင် တိုင်းရင်းသားဒေသတွေမှာရှိတဲ့ သယံဇာတတွေကို ခရိုနီတွေက လာတူးဆွကြမှာကို စိုးရိမ်ကြတယ်။**

ဒီလိုစိုးရိမ်လို့လည်း မူကြမ်းအခန်း (၉) မှာကြားကာလအစီအစဉ်ဆိုတာထည့်ထားပါတယ်။ ကြားကာလမှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့်တွေ ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မှာ ထည့်သွင်းရမယ်ဆိုပြီးထည့်သွင်းထားပါတယ်။

**ဆရာအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဒီစာချုပ် (NCA မူကြမ်း) က အတတ်နိုင်ဆုံးဖြတ်ရေးထားတာဖြစ်တယ်။ အဲဒီမှာ တခြားနိုင်ငံ၊ တခြားနေရာမှာ ရေးထားတဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ်လိုသက်သက်မဟုတ်ဘူး။ Comprehens ပေ့ါ။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်သွားအောင် တကယ်ဖြစ်သွားရင်လည်း ဘာတွေဆက်လုပ်မလဲဆိုတဲ့ အပိုင်းကိုပါ ရေးထားတယ်။ အားလုံးကျွန်တော်ကြိုးစားလုပ်ထားတယ်။ ကျွန်တော်တို့ကြိုးစားမှုမှာ အဓိက အကျဆုံးက ဒီပြည်တွင်းစစ်ချုပ်ငြိမ်းဝေးရမယ်။ တိုင်းပြည်ငြိမ်းချမ်းပြီးတော့ တိုင်းရင်းသားတွေလည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ပြန်နေချင်တယ်။ ကျွန်တော်တို့စာပေ၊ ယဉ်ကျေးမှုကျွန်တော်တို့ရဲ့ ဘဝကို ကျွန်တော် တို့ လွတ်လပ်စွာ ဖန်တီးချင်တယ် ဆိုတာပါဘဲ။

**ဘားအံဆွေးနွေးပွဲမှာ 'ဝ' (UWSA) နဲ့ မိုင်းလားကော ပါဝင်ဖို့ ရှိပါသလား။**

ပါဝင်ဖို့သွားစည်းရုံးမှာဖြစ်ပါတယ်။ ပါဝင်နိုင်အောင် လည်း ကျွန်တော်တို့ NCCTက သွားဆွေးနွေးမှာပါ။ NCCT ကို တာဝန်ပေးထားပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 100,000 |
| Galaxy S Advance | 223,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 270,000 |
| Galaxy S3 | 370,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 340,000 |
| Galaxy Note II | 460,000 |
| Galaxy Tab3 7" | 310,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 435,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 875,000 |
| iPhone 5s(16GB) | 765,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 145,000 |
| G 520 | 125,000 |
| G 610s | 140,000 |
| G 700 | 218,000 |
| Ascend P6 | 298,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 157,000 |
| Y 300c (CDMA) | 102,000 |

ဇန်နဝါရီ (၂၅) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 650,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W$_9$ | 190,000 |
| Panasonic | 72B2 | 200,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၂၅)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၇ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၄,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"-1½") | ၁ ပိဿာ | ၁,၃၈၀ |
| အိမ်ရိုက်သံ (2"-4") | ၁ ပိဿာ | ၁,၂၈၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၅)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၅,၅၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇန်နဝါရီ(၂၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan (29) | 815 | 920 | 940 | 960 |
| Jan (30) | 815 | 920 | 940 | 960 |
| Jan (31) | 815 | 920 | 940 | 960 |
| Feb (1) | 815 | 920 | 940 | 960 |
| Feb (2) | 815 | 920 | 940 | 960 |
| Feb (3) | 815 | 920 | 940 | 960 |
| Feb (4) | 815 | 920 | 940 | 960 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 1.7 GHz,4 GB DDR3, 500GB HDD, HD, 14" | 490,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 566,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 629,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 1 TB HDD ,15.6" | 787,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 490,000 |
| Intel Core i3 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 13.3" | 678,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 757,000 |
| Intel Core i7 2.3 GHz, 4 GB DDR3,500 GB HDD, 14" | 816,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 565,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 580,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 649,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 1 TB HDD, 15.6" | 1,020,000 |

7Day News Journal
Vol.12, No.47 • JANUARY 29 , 2014

# ပုခက်လွှဲသောလက်ပိုင်ရှင်များသတိ

ဂျေလှသင်



ပုခက်လွှဲသောလက်သည် ကမ္ဘာကို လွှမ်းမိုးနိုင်တယ်ဆိုပေမယ့် လက်တိုင်းတော့မဟုတ်လောက်ဘူး။ အဖိုးတန်တဲ့လက်တွေကို ရည်ညွှန်းတာဖြစ်နိုင်တယ်။ ခပ်ညံ့ညံ့လက်တွေတော့ပါမယ်မထင်။ အသိဉာဏ်ပညာမြင့်မားတဲ့ မိခင်တွေရဲ့ ပုခက်ထဲကရင်သွေးကသာ ကမ္ဘာကြီးအတွက် အသုံးဝင်တဲ့လူသားဖြစ်နိုင်လို့ပါပဲ။

မြန်မာ့ရုပ်ရှင်ရွှေခေတ်ကအကယ်ဒမီမင်းသမီး ဒေါ်ဆွေဇင်ထိုက်ဆိုရင် မြန်မာပြည်တစ်လွှားမသိသူမရှိလောက်ပါဘူး။ တစ်မူထူးခြားတဲ့သရုပ်ဆောင်ဟန်နဲ့ အသံကြောင့်လည်းထင်ရှားပါတယ်။ အဲဒီမင်းသမီးဟာ ငယ်နုစဉ်က အလှနဲ့တာဝန်ကျေခဲ့သလိုအရွယ်ကလေးရလာတော့လည်း သတင်းကြီးတဲ့မင်းသမီးဘဝကနေ ပြည်သူ့အကျိုးပြုပရဟိတလုပ်ငန်းတွေကို တက်ကြွစွာဦးဆောင်ပါဝင်နေတဲ့ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူပညာတတ်မြန်မာအမျိုးသမီးတစ်ဦးအဖြစ် မြင်တွေ့ရပြန်ပါတယ်။

မြန်မာအမျိုးသမီးတွေကို ပညာတတ်စေချင်တယ်။ အသိဉာဏ်ပညာတွေမြင့်မားစေချင်တယ်။ တန်ဖိုးရှိတဲ့မြန်မာအမျိုးသမီးတွေဖြစ်စေချင်တယ်။ အဲဒီစေတနာကြောင့် မင်းသမီးက စာပေဟောပြောပွဲတွေကတစ်ဆင့် မြန်မာမိန်းမတို့ရဲ့ခံယူချက်ကို ပြုပြင်ပေးတာတွေ့ရပါတယ်။ ငယ်ငယ်တုန်းကပိတ်ကားဖြူဖြူပေါ်က တစ်ဆင့် အားကျငေးမောခဲ့ရတဲ့ ရွှေမင်းသမီး။ အခုစာပေဟောပြောပွဲတွေမှာ ဘယ်သူနဲ့မှမတူတဲ့အသံနေအသံထားနဲ့ မြန်မာအမျိုးသမီးထုအတွက် အဖိုးတန်တဲ့အတွေးအခေါ်တွေ၊ ပညာနဲ့ယှဉ်ပြီးပြောသွားတဲ့ အယူအဆတွေကို ကြားရပြန်တော့ တန်ဖိုးကြီးတဲ့ရွှေမင်းသမီးဆိုပြီးအံ့သြအားကျမိပါတယ်။

စာပေဟောပြောပွဲတစ်ခုမှာ အကယ်ဒမီဆွေဇင်ထိုက်က အဖိုးတန် ပုခက်လွှဲသောလက်ပိုင်ရှင်များအကြောင်း ပြောသွားခဲ့ပါတယ်။ သူတို့မျိုးရိုးထဲက အမျိုးသမီးငါးဦးအကြောင်းပါ။ အတုယူစရာကောင်းလို့မျှဝေလိုက်ပါရစေ။ မင်းသမီးကသူ့အဘွားရဲ့မိခင်ကစပြောပါတယ်။

အဲဒီပထမအမျိုးသမီးက စာမဖတ်တတ်ပါ။ မိန်းကလေးဆိုတာ စာတတ်စရာမလို။ အချိန်တန်ရင် အိမ်ထောင်ပြု။ အိမ်ထောင်ထိန်းသိမ်းမှုနိုင်နင်းရင်ရပြီဆိုတဲ့ခေတ်မှာ လူဖြစ်ရတဲ့အတွက်ကျောင်းမနေဖူးပါ။ ဒါပေမဲ့ စာသိပ်တတ်ချင်ရှာသတဲ့။ ငါမနေခဲ့ရပေမယ့်ငါ့ကလေးတွေကိုကျောင်းထားတယ်ဆိုတဲ့ စိတ်အခံနဲ့ ကလေးတွေကိုတော့ကျောင်းထားတယ်။ ဒုတိယအမျိုးသမီးက ဆွေဇင်ထိုက်ရဲ့အဘွား။ မိခင်ရဲ့ ကောင်းမှုကြောင့် ကျောင်းနေရတယ်။ စာတတ်တယ်။ ဒါပေမဲ့ မိန်းကလေးပဲ သေစာရှင်စာတတ်တော်ရောပေါ့ဆိုတဲ့ အယူအဆအားကြီးနေတဲ့ခေတ်ဆိုတော့ ကျောင်းပြီးအောင်မနေဘဲထွက်လိုက်ရတယ်။

တတိယအမျိုးသမီးက ဆွေဇင်ထိုက်ရဲ့အမေ။ ကံကောင်းသူဆိုပါတော့။ ပညာသိပ်တတ်ချင်ရှာတဲ့မိခင်က ကလေးတွေပညာရေးအတွက် ရွာကနေမြို့ပေါ်ကိုပြောင်းနေတယ်။ အဲဒီမြို့ကနေ အင်္ဂလိပ်လူမျိုးတွေအုပ်ချုပ်တဲ့ ခရစ်ယာန် သာသနာပြုကျောင်းမှာသူမကိုကျောင်းစထားပြီးပညာကို ဆက်သင်စေတယ်။ မိခင်ရဲ့မေတ္တာကြောင့် ခေတ်ပညာတတ်ဖြစ်ခွင့်ရခဲ့တယ်။ စတုတ္ထမျိုးဆက်ကတော့မင်းသမီးကိုယ်တိုင်။ ပညာရဲ့ တန်ဖိုးကိုနားလည်တဲ့ မိခင်ကြောင့် ပညာတတ်ဖြစ်ခဲ့ပေမယ့် ဆွေဇင်ထိုက်က မတင်းတိမ်ဘူး။ ဘာသာစကားကိုလည်း တစ်မျိုးမက တတ်ချင်တယ်။ ဒီထက်အဆင့်မြင့်တဲ့ ဒီပလိုမာတွေလည်းရချင်တယ်။ ငွေလိုတယ်။ အိမ်ကိုတောင်းရမှာ အားနာတဲ့အတွက် ရုပ်ရှင်ဝင်ရိုက်တယ်။ ရုပ်ရှင်မင်းသမီးလုပ်လို့ရတဲ့ ငွေနဲ့ကျောင်းတွေဆက်တက်။ ကျူရှင်တွေတက်လုပ်ခဲ့ရတယ်။ ရှုတင်တစ်ဖက်၊ ကျောင်းစာတစ်ဖက် ကြိုးစားရုန်းကန်ခဲ့တဲ့အတွက် အခုလို ပညာတတ်မြန်မာအမျိုးသမီးဘဝကိုသူပိုင်ဆိုင်နိုင်တာတဲ့ ။ ဇရာကြောင့် အရင်လောက်မလှပေမယ့် ပညာကြောင့် သူလှနေဆဲပဲ။

နောက်ဆုံးမျိုးဆက်ကတော့ ဒေါ်ဆွေဇင်ထိုက်ရဲ့သမီး။ မင်းသမီးလက်ထက်က ကိုယ့်ပြည်တွင်းမှာပဲ ရလာတဲ့အခွင့်အရေးကိုအသုံးချခဲ့ပေမယ့် သူ့သမီးကိုတော့ နိုင်ငံရပ်ခြားတိုင်းပြည်တွေမှာ ကျောင်းထားတယ်။ အမေတစ်ခုသမီးတစ်ခုဘဝပေမယ့် သမီးကို ကမ္ဘာပေါ်က အဆင့်အတန်းမီတဲ့ ပညာရပ်တွေကို သင်ယူတတ်မြောက်စေတယ်။ ဘယ်လောက်များ အားကျအတုယူစရာကောင်းလိုက်ပါသလဲ။ အကယ်ဒမီဆွေဇင်ထိုက်ရဲ့ Generationကို ဂရပ်စာရွက်ပေါ်ဆွဲချလိုက်ရင်နိမ့်ကျသွားတာမရှိဘဲ အတက်မျဉ်းတွေကိုပဲတွေ့ရလိမ့်မယ်။

ပုခက်လွှဲတဲ့လက်များ အမြော်အမြင်ကြီးစွာ ဂျင်းမ်ငါးဆက်ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် မောင်းနှင်တွန်းတင်သွားလိုက်တာ သမီးတွေအားလုံး အမေတွေထက်သာသွားလေရဲ့။ အဲဒါမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကြိုးပမ်းမှုအစစ်။ ပညာတတ်ဖြစ်ဖို့ဆိုတဲ့နေရာမှာ သူများနဲ့ဂုဏ်တုဂုဏ်ပြိုင်လုပ်ဖို့မဟုတ်။ စာမေးပွဲတိုင်းအဆင့် ၁ရဖို့မဟုတ်။ အတန်းတိုင်းဆုယူဖို့မဟုတ်။ သမီးကိုအမေကျောင်းပို့တာလည်း သူများနဲ့ဂုဏ်ပြိုင်ကြွားဖို့မဟုတ်။ မိမိကိုယ်ကိုယ်ကောင်းအောင်ကြိုးစားပြီး မိမိသမီးကိုပါကောင်းအောင်ထိန်းကျောင်းနိုင်ခဲ့သော အမေများ။

ခေတ်ကိုအပြစ်မပြော။ စနစ်ကိုလက်ညှိုးမထိုး။ အဓိက ပညာတတ်တစ်ယောက်ဖြစ်ဖို့ အခုခေတ်အမေများအားကျအတုခိုးစေချင်လို့ပါ။ ကဲ. ဒါဆိုအခုအမေတွေ သားသမီးကိုဘယ်လိုထိန်းကျောင်းသလဲတစ်ချက်လောက်ကြည့်လိုက်ကြရအောင်။ ကျွန်မသမီးလေးဆယ်တန်းအောင်ခဲ့တဲ့ ရန်ကုန်မြို့လယ်က မိန်းကလေးသီးသန့်အထက်တန်းကျောင်းဟာ သိပ်စည်းကမ်းကြီးပါတယ်။ ရန်ကုန်မြို့ရဲ့ ဆယ်တန်းအောင်ချက်အကောင်းဆုံးစာရင်းဝင်ကျောင်းကြီးတစ်ကျောင်းပါ။

အဲဒီကျောင်းရဲ့ ကျောင်းသူတွေဟာပုံစံတစ်မျိုးတည်းကျောင်းဝတ်စုံ၊ ပုံစံတစ်မျိုးတည်း ခြေညှပ်ဖိနပ်၊ဆံပင်အရောင်လုံးဝမဆိုးရ။ အနွေးထည်ထပ်ဝတ်ရင်လည်း ဂျင်းဂျာကင်မဝတ်ရ။ ပြိုင်ဆိုင်မှုတွေနည်းနိုင်သမျှ နည်းအောင် ရှေးပဝေသဏီကတည်းက ချမှတ်ခဲ့တဲ့စည်းကမ်း။ အဲဒီတော့ စာကိုပဲအပြိုင်အဆိုင်ကြိုးစားပြီး ဆယ်ကျော်သက်ဘဝကတည်းက သရုပ်ပျက်ယဉ်ကျေးမှုနဲ့ မနီးစပ်အောင် ကာကွယ်ပြီးသားပေါ့။

ကျောင်းကတည်းကသမီးလေးတွေ ကျောင်းစည်းကမ်းနဲ့အညီယဉ်ကျေးစွာပညာသင်နေချိန်။ ကျောင်းအပြင်က ကျောင်းပို့ကြိုလာတဲ့အမေတွေကတော့ မျက်စိရှက်စရာဖလန်းဖလန်းထ။ ပြီးခဲ့တဲ့ ၂၂ ရက်ထုတ် 7Day သတင်းစာမျက်နှာဖုံးမှာ အဲဒီလိုမလုံ့တလုံဝတ်စားဆင်ယင်တဲ့မိဘတွေကို စည်းကမ်းထုတ်ပြီးတားမြစ်တော့မယ်ဆိုတဲ့ သတင်းပါလာတယ်။ ပြောင်းပြန်ခေတ်‘မိဘမကောင်းသားသမီးခေါင်း’ပေါ့။ မိဘအနေအထိုင်မတတ်ရင် သားသမီးအရှက်ရတော့မယ်။ ဘယ့်နှယ်လုပ်ကြမလဲ။

အဲဒီလိုရှက်ကြောပြတ်ပြီးတော့ကာ မလုံ့တလုံဝတ်နေကြတာ။ အဲဒီလိုမပေါ်တပေါ်ဝတ်စားဆင်ယင်မှုဟာ အလှတရားလို့ ဘယ်ခေတ်မှာမှ အချီးမွမ်းမခံခဲ့ရဘူး။ အဲဒီလိုဝတ်တာမျိုးကိုပြောင်စရာ၊ နောက်စရာ၊ ကဲ့ရဲ့စရာလို့တောင် အမြင်ခံရတာ။ သူ့ခေတ်နဲ့သူ ဆိုတာကိုလက်ခံပါတယ်။ ဒါပေမဲ့ ခေတ်ဆန်ခြင်းနဲ့ သရုပ်ပျက်ခြင်းလောက်တော့ခွဲခြားသိသင့်တာပေါ့။

ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်ဆိုတဲ့နေရာမှာ သူများနိုင်ငံကလူတွေပညာတတ်သလို ကိုယ်လည်းတတ်ဖို့၊ သူတို့တော်သလို ကိုယ်လည်းတော်ဖို့ကို ဆိုလိုတာ။ ဗိုလ်ချုပ်ပြောသလို တလွဲဆံပင်ကောင်းဖို့မှမဟုတ်တာ။ မိခင်ဟာသမီးအတွက် မော်ဒယ်ဆိုတာကို မမေ့ပါနဲ့ ။ မိခင်ရဲ့ပြုမူလှုပ်ရှားမှုမှန်သမျှ သမီးကအမှန်ဆိုပြီးလိုက်လုပ်မှာ။ ဒီနေ့အချိန်မှာ အဖိုးတန်တဲ့ ပုခက်လွှဲတဲ့လက်တွေလိုနေပါတယ်။ ပျက်စီးနိမ့်ကျသွားတဲ့တိုင်းပြည်ရဲ့ နှစ်ဆက်စာလောက် လူ့စွမ်းအားအရင်းအမြစ်တွေနေရာမှာ ထူးချွန်ထက်မြက်သူတွေမြန်မြန်အစားဝင်နိုင်မှ တိုင်းပြည်အနာသက်သာပါလိမ့်မယ်။ ဒေါ်ဆွေဇင်ထိုက်က သူ့အမေနဲ့အဘွားတွေရဲ့ တန်ဖိုးကို သတိရတမ်းတကျေးဇူးတင်သလို ကိုယ့်အမွေကိုဆက်ခံသူတွေဆီက ကျေးဇူးစကားကို ကြားချင်ရင်တော့ ပုခက်လွှဲသောလက်ပိုင်ရှင်များ သတိကြီးကြီးထားရပါလိမ့်မယ်။

# Technology

7DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014




*မိုဘိုင်းဖုန်းသုံးစွဲနေသည့် အမျိုးသမီးတစ်ဦး* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မိုဘိုင်းဖုန်းရေဒီယိုစခန်းများ ပြုပြင်ရန် ကြေညာသည့် ရက်မတိုင်မီ ဖုန်းလိုင်းများ ပြတ်တောက်မှုဖြစ်

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဖုန်းလိုင်းတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းဆောင်ရွက်နေသည့် နေရာများတွင်ရေဒီယိုစခန်းများလှိုင်း နှုန်းချိန်ညှိခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ယာယီဆက်သွယ်မှုပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသော်လည်း ယင်းမတိုင်မီကပင် ဆက်သွယ်မှုခက်ခဲခြင်းများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

လက်ရှိ GSM/UMTS တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို စီမံကိန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိရာ လက်ရှိတပ်ဆင်ထားသည့် ရေဒီယိုစခန်းများ၏ ရေဒီယိုလှိုင်းနှုန်းချိန်ညှိခြင်းကို ဇန်နဝါရီ ၂၈ ရက် နေ့လယ် ၁ နာရီမှ ၅ နာရီအတွင်းဆောင်ရွက်မည်ဖြစ်သောကြောင့် မိုဘိုင်းဖုန်းလိုင်းများ ယာယီဆက်သွယ်မှုပြတ်တောက်ခြင်းနှင့်ခေါ်ဆိုရခက်ခဲခြင်းများဖြစ်ပေါ်နိုင်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသည်။

သို့သော် အဆိုပါမြို့များနှင့် တိုင်းဒေသကြီးအချို့တွင် မြန်မာ့ဆက်သွယ်ရေးက ဆက်သွယ်မှု၊ ခေါ်ဆိုရခက်ခဲမှုများ ဖြစ်ပေါ်နိုင်သည်ဟု ထုတ်ပြန်ထားသည့်ရက်မတိုင်မီကပင် ဖုန်းလိုင်းပြတ်တောက်ခြင်းများနှင့်ခေါ်ဆိုရခက်ခဲခြင်းများဖြစ်ပေါ်နေကြောင်း သိရသည်။

"ဖုန်းလိုင်းကြပ်တာ ဒီဇန်နဝါရီလတစ်လလုံးလိုလိုဖြစ်နေတာ။ ဖုန်းလိုင်းတိုးချဲ့တယ်၊ စက်တွေလဲလို့ဆိုပြီး သတင်းစာတွေထဲမှာ ဟိုရက်ပြတ်မယ်၊ ဒီရက်လိုင်းပြတ်မယ်နဲ့ ကြေညာပေမယ့် တစ်လလုံးလုံးလိုလို ခေါ်မရဖြစ်နေတာ"ဟု ရန်ကုန်မြို့မှ မိုဘိုင်းသုံးစွဲသူတစ်ဦးကပြောသည်။

ဒီဇင်ဘာလမှစတင်၍ အဆိုပါစီမံကိန်းအတွက် မိုဘိုင်းရေဒီယိုစခန်းများတွင် စက်ပစ္စည်းများလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်နေပြီး ဇန်နဝါရီ ၃၁ ရက်အထိ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများနှင့် စက်ချိန်ညှိခြင်းလုပ်ငန်း၊ တိုင်းတာစမ်းသပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ယခုကဲ့ သို့ဖုန်းခေါ်ဆိုမှုခက်ခဲခြင်းများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

မိုဘိုင်းဖုန်းဆက်သွယ်ပြောဆိုမှုအခက်အခဲဖြစ်ပေါ်ပါက Call Center 1876 သို့ဖြစ်ပေါ်နေသည့်အခက်အခဲများအား နေ့ရက်၊ အချိန်၊ နေရာများကို တိကျစွာပြောဆိုခြင်းဖြင့်ကူညီပေးစေလိုကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသော်လည်း ထိုသို့ဖုန်းဆက်ပြောကြားမှု နည်းပါးကြောင်း အဆိုပါ Call Center မှ သတင်းရရှိသည်။

# iPhone6 မျက်နှာပြင်အကျယ် ၄ ဒသမ ၈ လက်မရှိမည်ဟု လေ့လာသူများ ပြောကြား

**နယူးယောက်၊ ဇန်နဝါရီ-၂၄**

Apple ကုမ္ပဏီမှ အသစ်ထွက်ရှိမည့် စမတ်ဖုန်းဒီဇိုင်းမှာ အတည်ဖြစ်နေပြီဖြစ်၍ စက်တင်ဘာလအတွင်း ယင်းစမတ်ဖုန်းထွက်ရှိလာချိန်၌ ပိုကြီးသော မျက်နှာပြင်အကျယ်ရှိလိမ့်မည်ဟု wall street ဂျာနယ်မှ လေ့လာသူတစ်ဦးကပြောကြားသည်။

Apple ကုမ္ပဏီ၏နောက်ထွက်မည့် iPhone တွင် မျက်နှာပြင်အကျယ် ၄ ဒသမ ၈ လက်မရှိပြီး Wifi အသုံးပြုမှုမှာလည်း အလွန်မြန်ဆန်မည်ဟု Apple ကုမ္ပဏီနှင့် Wall street ဂျာနယ်မှ လေ့လာသူတီမိုသီအာကူရီက ပြောသည်။

ID လက်ဗွေရာအာရုံခံစနစ်ပါဝင်မည်ဖြစ်ပြီး နည်းပညာသစ်ဖြစ်သော iBeacon နည်းပညာလည်း ပါဝင်မည်ဖြစ်သည်။

မျက်နှာပြင်အကျယ် ၅ လက်မရှိသော iPhone များကို ထုတ်လုပ်ရန် Apple ကုမ္ပဏီက စမ်းသပ်နေကြောင်း တရုတ်နိုင်ငံနည်းပညာဝက်ဘ်ဆိုက် CTechnology က နိုဝင်ဘာအတွင်း ဖော်ပြခဲ့သည်။

Apple ကုမ္ပဏီက ၎င်း၏ ကိရိယာများကို မျက်နှာပြင်အကွေးဖန်သားပြင်သုံးကာ မျက်နှာပြင်ပိုကျယ်သောကိရိယာများထုတ်လုပ်ရန် ကြိုးစားနေသည်ဟု Bloomberg ဝက်ဘ်ဆိုက်ကလည်း




ယင်းစမတ်ဖုန်း၏ Wifi အသုံးပြုမှုအမြန်နှုန်းမှာ Apple ကုမ္ပဏီ၏ လက်ရှိရောင်းချနေသော စားပွဲတင်နှင့် တစ်ကိုယ်ရေသုံးကွန်ပျူတာများကဲ့သို့ မြန်ဆန်မည်ဟု ၎င်းကပြောသည်။

မျက်နှာပြင်ပိုကျယ်ခြင်းနှင့် Wifi အသုံးပြုမှုမြန်ဆန်ခြင်းအပြင် ဆော့ဖ်ဝဲအသစ်များလည်းပါဝင်မည်ဖြစ်ကာ Apple ကုမ္ပဏီထုတ် Passbook ကဲ့သို့သော ဆော့ဖ်ဝဲလည်းပါဝင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယင်းစမတ်ဖုန်းတွင် Touch ၂၀၁၃ အစောပိုင်းတွင် ဖော်ပြခဲ့သည်။

Apple ကုမ္ပဏီမှ အသစ်ထွက်ရှိမည့် iPhone မှာ ၂၀၁၄ စက်တင်ဘာမတိုင်မီထွက်ရှိဦးမည်မဟုတ်ဟု လေ့လာသူများနှင့် သတင်းထောက်များကပြောသည်။ ထို့ကြောင့် Apple ထုတ်ကိရိယာများ ကြိုက်နှစ်သက်သူများအနေဖြင့် နောက်ထပ်ကိုးလအတွင်း ကောလာဟလသတင်းများအတွက် ပြင်ဆင်ထားသင့်သည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြသည်။ *—Ref: AFP*




# ဘားကမ့်ရန်ကုန်ပွဲတွင် အမုန်းပွားစေမည့် ဟောပြောဆွေးနွေးမှုများ ခွင့်ပြုမည်မဟုတ်

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ဖေဖော်ဝါရီ၁ရက်နှင့် ၂ ရက်တွင် ကျင်းပမည့်ငါးကြိမ်မြောက် Bar Camp Yangon 2014 ၌ အမုန်းပွားမှုကို ဖြစ်စေနိုင်သည့်ခေါင်းစဉ်များနှင့် ကိုယ်ကျိုးအတွက် စီးပွားရေးကြော်ငြာဆန်သည့်ခေါင်းစဉ်များကို ထည့်သွင်းပြောကြားရန် ခွင့်ပြုပေးမည်မဟုတ်ကြောင်း သတင်းရရှိသည်။

“အရင်နှစ်တွေတုန်းကလည်း အမုန်းပွားစေနိုင်တဲ့ Hate Speech တို့၊ လာပြောတဲ့သူက သူ့ကုမ္ပဏီကြော်ငြာဖို့အတွက် လုပ်တာတို့ဆိုရင်တော့ ဆွေးနွေးလို့မရဘူးပေ့ါ။ ဒီနှစ်လည်း ဒီလိုပါပဲ” ဟု စီစဉ်သူတစ်ဦးဖြစ်သည့် ကိုထူးမြင့်နောင်က ပြောသည်။

ထို့ပြင် ခေါင်းစဉ်ရှစ်ခုခန့်တစ်ပြိုင်နက် ဆွေးနွေးနိုင်ရန် စီစဉ်ထားမည်ဖြစ်ရာတက်ရောက်သူများအနေဖြင့် ရွေးချယ်စရာခေါင်းစဉ် များပြားနေသည့်အတွက် အသိပညာတိုးပွားမည့်ခေါင်းစဉ်များကိုသာ ရွေးချယ်တက်ရောက်မည်ဖြစ်ပြီး ကုမ္ပဏီကြော်ငြာဆန်သည့် ဆွေးနွေးမှုများသို့မတက်ရောက်ခြင်းကြောင့် ထိုခေါင်းစဉ်မျိုးကို ထည့်သွင်းမဆွေးနွေးလိုခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးက ပြောသည်။




ယခုနှစ် ဘားကမ့်တွင် နည်းပညာ၊ ဖန်တီးမှု၊ စွန့်ဦးတီထွင်၊ အထွေထွေအစရှိသည့် ဇုန်များသတ်မှတ်ထားမည်ဖြစ်ပြီး အဆိုပါဇုန်များတွင် သက်ဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ရာ တက်ရောက်သူများအနေဖြင့် မိမိဆွေးနွေးလိုသည့် ခေါင်းစဉ်ကို လွယ်ကူစွာရွေးချယ်နိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိ သည်။

BarCamp 2014 အတွက် Fellowship အစီအစဉ်အနေဖြင့်လူဦးရေ ၃၀ ကို ရွေးချယ်မည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မြို့များမှ တက်ရောက်လိုသူများလည်း လျှောက်ထားနိုင်ပြီးရန်ကုန်တွင် နေထိုင်စရိတ်များကို BarCamp Yangon စီစဉ်သူများက အကုန်အကျခံမည်ဖြစ်ကာ ဘားကမ့်စီစဉ်မှုများကိုလည်း သိရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။




# မြန်မာမိုဘိုင်းပိုက်ဆံ မြို့သုံးမြို့တွင် ဝန်ဆောင်မှု အခမဲ့ဖြင့်စတင်သုံးစွဲနိုင်

**ဆွေမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

မြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုအား မြို့သုံးမြို့တွင်စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ခြောက်လခန့် ဝန်ဆောင်ခနှုန်းထားမယူဘဲ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ Myanmar Mobile Money အမည်ရှိ ဝန်ဆောင်မှုကို မိုဘိုင်းဖုန်းအတွက် ဖြည့်သွင်းပြီး ငွေကြေးဆိုင်ရာလွှဲပြောင်းပေးချေမှုများ ဆောင်ရွက်နိုင်ပြီဖြစ်ရာ အကောင့်ဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်ရှိ ကိုယ်စားလှယ်များထံတွင် ငွေသွားရောက်ဖြည့်သွင်းနိုင်ပြီဖြစ်သည်။ လက်ရှိတွင်ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင်သာ စတင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းမြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“စမ်းသပ်ကာလမှာ ယာယီအနေနဲ့ သတ်မှတ်ပြီး Customer တွေ Pubiic တွေကို ပညာပေးပြီး အသုံးပြုလာနိုင်အောင်အထိ ယာယီအားဖြင့် ခြောက်လတော့ စဉ်းစားပြီး Free ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ထိုဝန်ဆောင်မှုကို ဆောင်ရွက်နေသည့်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ် ဦးသန့်ဇင်လင်းကပြောသည်။

စတင်အသုံးပြုသည့်ခြောက်လအတွင်းတွင် အဆိုပါမိုဘိုင်းပိုက်ဆံအသုံးပြုသည့် လစဉ်ကြေးအဖြစ် ကောက်ခံမည့် ကျပ် ၂၀၀၀ ကို ပေးသွင်းရန်မလိုကြောင်း Myanmar Mobile Money ဝန်ဆောင်မှုကုမ္ပဏီစီနီယာမန်နေဂျာကိုတေဇာအောင်ကပြောသည်။

အဆိုပါတိုင်းဒေသကြီး သုံးခုတွင် လက်ရှိငွေသွင်းငွေထုတ်ပြုလုပ်နိုင်ရန်အတွက် အင်းဝဘဏ်များနှင့် ကိုယ်စားလှယ်ကုမ္ပဏီပေါင်း ၃၀ ကျော်ရှိပြီးရန်ကုန်မြို့တွင် အများဆုံးဖြစ်ရာ မန္တလေးနှင့် ဧရာဝတီတိုင်းတွင်အနည်းငယ်သာ ရှိသေးကြောင်း သတင်းရရှိသည်။ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူများသည်လည်း အာမခံကြေးပေးသွင်း၍ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း မြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုကုမ္ပဏီမှ သိရသည်။

မိုဘိုင်းပိုက်ဆံဝန်ဆောင်မှုအတွက် အကောင့်ဖွင့်လှစ်ခြင်းများနှင့် ကိုယ်စားလှယ်ရုံးများရှိသည့် နေရာများကို 1212 နှင့် 1211 Cell Center များတွင် မေးမြန်းနိုင်ပြီး www.myanmarmobilemoney.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၃ မှ

# စက်ရုပ်မြို့တော်

ဆောက်လုပ်ရန်ဖြစ်ပြီး မြေကွက်များကို ပြန်လည်မရောင်းစားရန်လည်း ဗိုလ်ချုပ်မှူးကြီး(ဟောင်းက)ညွှန်ကြားခဲ့သည်။ "ပင်စင်ယူပြီးရင် နေစရာမြေတစ်ကွက်ရှိသွားတော့ အဆင်ပြေသွားတာပေါ့"ဟု အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

ဇေယျာသီရိမြို့နယ်မှာတော့ တပ်မြို့သဖွယ်ဖြစ်သည်။ စစ်ရုံးချုပ်အပြင် တပ်မတော်တပ်ရင်းအစုံကို အခိုင်အမာတည်ဆောက်ထားသည့်နေရာဖြစ်ပြီး အမှတ်(၈၅)တပ်ရင်းအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဗမာ့ကာကွယ်ရေးတပ်မတော်ကို ရုံးထိုင်ကွပ်ကဲခဲ့သည့်စစ်ရုံးဟောင်းလေးကိုပြုပြင်ထိန်းသိမ်းထားသည်ဟု သိရသည်။

နေပြည်တော်ကို (၈)လမ်းသွားလမ်းမကြီးများဖြင့် ခင်းကျင်းထားသည့်အတွက် ရန်ကုန်နှင့် မန္တလေးကဲ့သို့ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားစရာမရှိဘဲ ကားလမ်း၊ ဆိုင်ကယ်လမ်းဟူ၍ သတ်မှတ်ထားသဖြင့် လွတ်လပ်စွာမောင်းနှင်သွားလာနိုင်ကြသည်က စိတ်ချမ်းသာစရာဖြစ်သည်။ သို့ရာတွင် လူသူကင်းရှင်းသည့်လမ်းမကြီးများပေါ်၌ စက်သံတဖြဲဖြဲဖြင့် အရှိန်မြှင့်မောင်းနှင်ကြသော ဆိုင်ကယ်နှင့်ကားစီးသူများကတော့ အန္တရာယ်များလှသည်။

စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နေပြည်တော်မှ ရန်ကုန်သို့ ကားလက်မှတ်ရရှိရန်ခက်ခဲသည်။ မိသားစုနှင့်ခွဲခွာ၍ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာအရာရှိများစွာ ရန်ကုန်ပြန်ကြ၍ဖြစ်သည်။ အရာထမ်းများက ရန်ကုန်နေအိမ်သို့ ပြန်ကြသော်လည်း အမှုထမ်းများနေထိုင်သည့် တိုက်တန်းများတွင် စည်ကားအသက်ဝင်နေမည်ဖြစ်သည်။ "အရာရှိတွေလိုမဟုတ်ဘူး။ တို့အမှုထမ်းတွေက ပြေးစရာမြေမှမရှိတာ။ ဘယ်မှပြန်စရာမရှိဘူး"ဟု သမ္မတရုံးမှ အမှုထမ်းတစ်ဦးက ဆိုသည်။

အများစုသော အမှုထမ်းအဆင့်ဝန်ထမ်းများမှာ အစိုးရကသတ်မှတ်ပေးထားသည့် တိုက်ခန်းများတွင် မိသားစုနှင့်အတူနေထိုင်ကြသည်။ များသောအားဖြင့် မိန်းမရော၊ ယောကျ်ားဖြစ်သူပါ ဝန်ထမ်းများဖြစ်လေ့ရှိသည့်အတွက် တနင်္လာမှ သောကြာနေ့အထိ ပုံမှန်ရုံးတက်ချိန်များတွင် နေပြည်တော်လူနေရပ်ကွက်များသည် တိတ်ဆိတ်လျက်ရှိသည်။

နံနက်ရုံးတက်ချိန်တွင် ဝန်ထမ်းအားလုံးကိုဝန်ကြီးဌာန အသီးသီးသို့ပို့ဆောင်ပေးသည့်ကားကြီးများ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းပြည့်နှက်နေပြီး နေ့လယ်ပိုင်းမှာတော့ ကျဲကျဲတောက်ပူလောင်သည့်နေရောက်အောက်အေးစိမ့်သည့်လေတိုးမှုတို့အောက်တွင် ဆိုင်ကယ်နှင့်ကားတချို့သာလမ်းမပေါ်တွေ့ရတတ်သည်။

ဇေယျာသီရိမှနေပြည်တော်ဘူတာကြီးအထိတစ်ဦးလျှင် တစ်ဆယ်ကျပ်ဖြင့် ဈေးသက်သာစွာပြေးဆွဲပေးသည့် ဘတ်စ်ကားအချို့ရှိသော်လည်း ကြာမြင့်စွာစောင့်ဆိုင်းရပါလိမ့်မည်။

ပျဉ်းရိဖွယ်နေ့လယ်ခင်းများ အလွန်နေညိုလေပြီချိန်မှာတော့ သပြေကုန်းဈေး၊ မြို့မဈေး၊ အာဟာရသုခဈေး (ဒေသအခေါ် ကမြင်းတန်းဈေး)တစ်ဝိုက်ရှိ စားတော်ဆက်များတွင် အလှအစုံစုံ၊ ရာထူးအဆင့်အစုံစုံမှ ပုရိသကြီးငယ်တို့ဖြင့် ပြည့်နှက်သွားတော့သည်။

အမျိုးသမီးငယ်များသီဆိုပြသည့် စင်တင်တေးဂီတစားသောက်ဆိုင်များရှိသော်လည်း ကေတီဗီများခေတ်စားလာပြီးနောက်ပိုင်းတွင် လူကျဲပါးသွားခဲ့သည်။ ကေတီဗီနှင့်မာဆတ်(ခ်)အနှိပ်ခန်းများသည်နေပြည်တော်လူထုနှင့်ဝန်ထမ်းများအတွက် ပျော်တော်ဆက်အပျင်းပြေနားနေစခန်းများဖြစ်လာခဲ့သည်။ တစ်နေကုန် ရုံးအလုပ်လုပ်ကိုင်ကြရသူများဖြစ်သည့်အတွက် အညောင်းမိသည့်ဝေဒနာကို အနှိပ်သည်မလေးများက ကုစားပေးလျက်ရှိသည်။

"ဒီမှာနှစ်လပြည့်ရင်ရန်ကုန်က ကေတီဗီတစ်ခုကိုပြန်သွားမယ်။ အဲဒီမှာလုပ်ပြီးရင် နေပြည်တော်ပြန်လာမယ်"ဟု ကေတီဗီတစ်ခုမှအမျိုးသမီးငယ်တစ်ဦးက ရန်ကုန်နှင့်နေပြည်တော်ကူးသန်း၍ အလုပ်လုပ်ကိုင်နေခြင်းကို ပြောပြသည်။ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းရပ်ကွက်များအတွင်း အများဆုံးတည်ရှိနေသည့် ကေတီဗီကာရာအိုကေဆိုင်များသို့ အလှစုံမှ သီချင်းဝါသနာကြီးသူတို့သာမက ရာထူးကြီးကြီးတာဝန်ယူထားသူများမှအစလွှတ်တော်ကိုယ်စားလှယ်တချို့အဆုံး လာရောက်အပန်းဖြေလေ့ရှိကြသည်။

ပေါင်းလောင်းရပ်ကွက်မှာ ပျဉ်းမနားအပိုင်ဖြစ်ပြီး မျက်နှာချင်းဆိုင်တွင် နေပြည်တော်အပိုင်အမည်မပေးရသည့်ရပ်ကွက်တစ်ခုတည်ရှိသည်။ အဆိုပါရပ်ကွက်တွင် မာဆတ်(ခ်)အနှိပ်ခန်းများ ခြောက်ဆယ်ဝန်းကျင်တည်ရှိပြီး ဆံပင်ရွှေရောင်ဆိုးထားသည့် အမျိုးသမီးငယ်များကိုတွေ့ရှိရမည်ဖြစ်သည်။ လမ်းထိပ်များတွင် ရပ်လိုက်ပါက ဆိုင်ကယ်သမားများက အနီးသို့စုပြုံတိုးဝှေ့လာပြီး သူတို့နှင့်ရင်းနှီးသည့်အနှိပ်ခန်းကို လမ်းမမှားရအောင် စေတနာဖြင့် လိုက်လံပို့ဆောင် ပေးတတ်ကြသည်။ ပျဉ်းမနားမြို့ခံများ၊ နေပြည်တော်မှဝန်ထမ်းများကတော့ ထိုရပ်ကွက်ကို မင်းမနိုင်ရပ်ကွက်ဟု တညီတညွတ်တည်း ကင်ပွန်းတပ်ပေးထားကြသည်။

"နေပြည်တော်က ဆေးဆိုင်တွေမှာ အရောင်းရဆုံးက သန္ဓေတားဆေးနဲ့ ကွန်ဒုံးတွေပဲ။ ပြည့်တန်ဆာအမှုတွေ ဖမ်းဆီးမှုတော့ ဒီနှစ်ပိုင်းလျော့သွားတယ်။ ပြည့်တန်ဆာနည်းသွားလို့တော့မဟုတ်ဘူး။ ပိုများလာတယ်"ဟု နေပြည်တော်အခြေစိုက်ဒေသခံသတင်းထောက်ကိုကျော်ဇေယျက ပြောသည်။

အနှိမ်ခန်းတစ်ခုမှ အသက်(၂၄)နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦးကတော့"သမီးတို့မှာလာဘ်ခေါ်တယ်ဆိုတာလည်းရှိတယ်။ ဒီ ကို တစ်ရက်မှာပထမဆုံးလာတဲ့ ဧည့်သည်ရဲ့ဖိနပ်ကို အဲဒီဧည့်သည်ကို နှိပ်ပေးရတဲ့ကောင်မလေးရဲ့ ဖိနပ်နဲ့ရိုက်ရတယ်"ဟု ယတြာဆန်ဆန်လာဘ်ခေါ်မှုတစ်မျိုးပြုလုပ်ခြင်းကို ဖောက်သည်ချသည်။

မင်းမနိုင်ရပ်ကွက်နှင့်ပေါင်းလောင်းရပ်ကွက်တို့အလယ်တွင် အဓိကလမ်းမကြီးဖြစ်သည့် ရာဇဌာနီလမ်းကြီးက ကန့်လန့်ဖြတ်တည်ရှိနေသည်။ ရာဇဌာနီလမ်းမကြီး၏အမည်ပြောင်မှာ မာဆတ်ဌာနီလမ်းဟူ၍ဖြစ်သည်။

စုစုပေါင်း ၃၅၂မိုင် ဖြာလုံရှည်လျားသည့် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးမှမြန်ဆန်စွာလာရောက်နိုင်သည့်နိုင်ငံတကာအဆင့်မီမြို့တော်တွင် အဆင့်မြင့်ဟိုတယ်ကြီး ၂၁လုံးအပါအဝင် ဟိုတယ်သစ်များဆောက်လုပ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ ရွှာသုသာန်ဟောင်းပေါ်တွင် တည်ဆောက်ထားသည့် စည်ပင်ဧည့်ရိပ်သာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များမှစ၍မည်သူမဆိုတည်းခိုနိုင်ကြသည်။

ရေပန်းဥယျာဉ်၊ ရေပူစမ်း၊ ဆာဖာရီဥယျာဉ်၊တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကိုနေပြည်တော်တွင်သာ စုံလင်စွာတွေ့ရှိရပါသည်။ ယခင်က သမိုင်းဝင်စေတီဘုရားများကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြန်လည်မွမ်းမံတည်ဆောက်ခဲ့သည့်အတွက် လှပခမ်းနားလျက်ရှိပြီး ရွှေတိဂုံစေတီတော်ပုံစံတူဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ၂၀၀၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သောကြောင့် ရန်ကုန်တွင်ရှိသမျှအရာအားလုံး နေပြည်တော်တွင် တည်ရှိနေပြီဟု ဆိုနိုင်သည်။ သို့သော်လူကျဲပါးခြင်းကတော့ ပုံမှန်သာ။

အလုပ်အကိုင်အခွင့်အလမ်းအားဖြင့် များစွာတိုးတက်သည်ဟု မဆိုနိုင်သော်လည်း ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များရှိ ဒေသခံလူငယ်များမှာအစိုးရဝန်ထမ်းအဖြစ် လူရိုသေရှင်ရိုသေအလုပ်တစ်ခုခု ရရှိသွားခဲ့ခြင်းတော့ရှိသည်။ နေပြည်တော်ပေါ်ပေါက်လာပြီး မြေဈေးကစားမှုများကြောင့် လူနေမှုအဆင့်အတန်းမြင့်မားသွားသူများရှိသကဲ့သို့ ဆင်းရဲမွဲတေသွားသူများလည်းရှိခဲ့သည်။ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းတို့မှမြို့ခံလူထုအတွက်တော့ ကြီးကြီးမားမားတိုးတက်ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်းသာပုံမှန်လည်ပတ်လျက်ရှိပါသည်ဟု ပြောကြသည်။

၂၀၀၃ ခုနှစ်မှစတင်၍ မြို့တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ဒေသခံလူထုအမြောက်အမြားဝင်ရောက်လုပ်ကိုင်ခဲ့ကြ၍ လက်ဖျားငွေသီးသည့်ကာလရှိခဲ့သော်လည်း ယခုအခါ စီမံကိန်းများမရှိတော့သည်မို့ ဒုံရင်းဘဝဖြင့်ဆိုင်ကယ်ကယ်ရီပြေးဆွဲသည့်အလုပ်ကိုသာ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

သဘာဝဝန်းကျင်အားဖြင့် ယခင်ကအင်တိုင်းတောကြီးဖြစ်ခဲ့ပြီး နေပြည်တော်ဖြစ်တည်လာစအချိန်ထိ လွင်တီးခေါင်ဖြစ်ကာ ရာသီဥတုပြောင်းလဲမှုမမှန်သည့်အခြေအနေက ယခုပုံမှန်ပြန်ဖြစ်လာပြီဟု ဒေသခံများကဆိုသည်။ နေပြည်တော်နှင့်အနီးတဝိုက်တွင်လည်း သစ်ပင်ပန်းမန်များစိမ်းလန်းစိုပြည်စွာ စတင်ပေါက်ရောက်နေပြီကိုတွေ့မြင်ရသည်။

နေပြည်တော်တွင်အဖြစ်အများဆုံးမှုခင်းများမှာ ခိုးမှုနှင့်လိမ်လည်မှုများဖြစ်သည်။ လူပြတ်သည့်လမ်းမကြီးများပေါ် တစ်ခါတစ်ရံလုယက်မှု၊ ရိုက်နှက်မှုကတော့ဖြစ်ခဲလှသည်။ ဆိုင်ကယ်မတော်တဆမှုများက မကြာခဏဖြစ်ပွားသည်။

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်နယ်မြေကို သမ္မတရုံးဝန်ကြီးဦးသိန်းညွန့် ဦးဆောင်သည့် ရှစ်ဦးပါဝင်သောနေပြည်တော်ကောင်စီက စီမံခန့်ခွဲအုပ်ချုပ်လျက်ရှိသည်။ သို့ရာတွင် ဒေသခံအများစုကတော့ နေပြည်တော်ကောင်စီအဖွဲ့တွင်းဒေသခံပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးပါဝင်စေလိုကြသည်။ ဦးသိန်းညွန့် ဦးဆောင်သည့်ကောင်စီက အလုပ်မလုပ်ဟုလည်းဒေသခံအချို့က ဝေဖန်သည်။ အခိုင်အမာအခြေစိုက်တည်ထောင်ထားသည့် ဗဟိုမြို့တော်ဖြစ်သည့်အတွက် နောင်ငါးနှစ်မှ ဆယ်နှစ်အတွင်းယခုထက်ပိုမိုကျယ်ပြန့်စည်ကားလာလိမ့်မည်ဟုလည်း ဒေသခံများကမျှော်လင့်လျက်ရှိကြသည်။

"နေပြည်တော်က ဗဟိုချက်မဖြစ်နေလေတော့ အုပ်ချုပ်ရေးမြို့တော်အပြင်အခြားသောအခွင့်အလမ်းတွေဖြစ်လာနိုင်တယ်။ ရန်ကုန်ကတော့ စီးပွားရေးမြို့တော်ဖြစ်နေဦးမှာပါပဲ။ နှစ်ကာလရှည်ကြာလာတာနဲ့အမျှနေပြည်တော်ရဲ့ အချက်အချာကျမှုဟာ ယုတ်လျော့သွားဖို့မရှိဘဲ တိုးမြင့်လာဖို့သာရှိပါတယ်"ဟု နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည့် ဦးဇော်ဌေးကသုံးသပ်သည်။

အကယ်၍ သင်သည်နေပြည်တော်သို့ အလုပ်အရဖြစ်စေ၊ အလည်အပတ်သဘောဖြစ်စေအကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခဲ့ပါက တိတ်ဆိတ်၍အသက်မဲ့အထီးကျန်နေသည့်မြို့ဟု မထင်မှတ်ပါနှင့်။

နေ့ခင်းဘက်တွင် ဝန်ထမ်းတိုက်ခန်းနှင့်အဆောင်ပေါင်းနှစ်သောင်းကျော်သည် တိတ်ဆိတ်မှုဖြင့် အသားကျနေနိုင်ပါသည်။ ညခင်းတွင် စားသောက်ဆိုင်တန်းများနှင့် မင်းမနိုင်ရပ်ကွက်ကြီးသည် ဆိုင်ကယ်သံ၊ ကားစက်သံများဖြင့်စည်ကားနေနိုင်ပါသည်။

နံနက်ခင်းတွင် စေစောထ၍ ထမင်းဟင်းချက်ပြုတ်၊ ထမင်းချိုင့်ကိုယ်စီထည့်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရရုံးခန်းများဆီသို့ လိုက်လံပို့ဆောင်သည့် ဖယ်ရီကားကြီးများပေါ် အသီးသီးတက်ရောက်သွားကြခြင်းအားဖြင့် တစ်နေ့တာ နိုင်ငံ့တာဝန်များကို စက်ရုပ်များသဖွယ်တိတိကျကျထမ်းဆောင်ကြပါလိမ့်မည်။ ကျောင်းသွား၊ ရုံးသွားသူတို့ကြောင့် ဝန်ထမ်းတိုက်ခန်းများသည် တိတ်တဆိတ်ဖြင့်သာ ကျန်ရစ်ခဲ့ပါလိမ့်ဦးမည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင်တော့ ရန်ကုန်ပြန်သည့်ဝန်ထမ်းများမှအပ ကျန်ဝန်ထမ်းများသည် တစ်ပတ်စာစိတ်ပင်ပန်းမှုများနှင့် နွမ်းနယ်နေကြပါလိမ့်မည်။

အောင်ပြီဟု ကြွေးကြော်၍ တစ်မုဟုတ်ချင်း ပေါ်ပေါက်လာခဲ့သည့် အုပ်ချုပ်ရေးယန္တရားများ ရုံးစိုက်ရာ မြို့တော်ကြီးသည် ထိုကဲ့သို့ပင် နိစ္စဓူဝလုပ်ငန်းကိစ္စများဖြင့် အစိုးရယန္တရားကြီးကို သတိကြီးကြီးထား၍ ကိုင်တွယ်မောင်းနှင်လျက်ရှိပါသည်။ နယ်ချဲ့ရန်ကြောက်ပြီးမဟာဗျူဟာမြောက်ညွှန်ကြားတည်ဆောက်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးဟောင်းသည်လည်း နေပြည်တော်တွင် ကျန်းမာစွာနေထိုင်လျက်ရှိပါသည်။

စာဖတ်နေသူကြီးဟု နာမည်ကျော်သည့် ဗိုလ်ချုပ်မှူးကြီးဟောင်းနေထိုင်သည့်နေအိမ်၏ တည်နေရာကိုတော့ အများစုသော ဒေသခံများနှင့် အစိုးရအမှုထမ်းများက တိတိကျကျမပြောနိုင်ကြပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.12, No.47 ▪ JANUARY 29 , 2014

(ယခင်အပတ်မှအဆက် . . . )

**အခန်း(၁၄)**
**ခြောက်သိန်းတန်ထမင်းတစ်နပ်။**

ကိုအမ်းစထရောင်းမောင်းနေတဲ့ကားပေါ်မှာ အငြိမ့်သားလိုက်ပါနေတဲ့ ကျွန်တော်ဟာ မမျှော်လင့်ဘဲ သူ့အဖေ မစ္စတာဖီးလစ်(ရှမ်းနာမည်ဦးစိုင်းလတ်)အကြောင်းကိုလည်း နားထောင်ခဲ့သေးဗျ။ ကိုအမ်းစထရောင်းမျက်နှာရုပ်သွင်ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲမှာ အတွေးတစ်ခုပေါ်မိတယ်။ သူ့မျက်နှာကျကို ကြည့်ရင်း ၁၉၅၀ ပြည့်နှစ် ဝန်းကျင်တစ်ဝိုက်က မြန်မာပြည်ဘက်ကို ကျူးကျော်ဝင်ရောက်လာဖူးတဲ့ ကူမင်တန်စစ်သားဟောင်းတွေကို ပြေးသတိရမိတယ်။ အဲဒီတုန်းက ကူမင်တန်တပ်အပျက်မှာ ကူမင်တန်စစ်သားအတော်များများဟာ တရုတ်မြန်မာနယ်စပ်ဒေသတွေမှာ အတော်များများကျန်ရစ်ခဲ့ဖူးတယ်။ ကူမင်တန်စစ်သားဟောင်းတွေဟာ တရုတ်ပြည်ဘက်ပြန်ထွက်ပြေးလို့တရုတ်ကွန်မြူနစ်အစိုးရက ဖမ်းမိရင်သေဒဏ်၊ဗမာပြည်ထဲမှာအဖမ်းခံရရင်မသကာကျလှထောင်ဒဏ်မို့ ပုန်းလျှိုးကွယ်လျှိုးနေကြရာကနေ အနေကြာလာတော့ ဌာနေရှမ်းလူမျိုး၊ တရုတ်လူမျိုးတွေနဲ့ ပြန်ပြီးအိမ်ထောင်ကျ။ နောက်ဆုံးတော့ နိုင်ငံသားလက်မှတ်ရကုန်ကြရောဆိုပါတော့ဗျာ။ ရမ်းသန်းပြီးမှန်းကြည့်တာပါ။ ဟုတ်မဟုတ် တိတိကျကျရေရေရာရာတော့ ကျွန်တော်မသိပါဘူး။ ဦးစိုင်းလတ်ဟာ ကြံရည်ဖန်ရည်နဲ့ပြည့်စုံသူလို့ဆိုရမယ်။ သူငယ်စဉ် သူ့အဘွားနဲ့ ကြီးပြင်းလာတာမို့ သူ့အဘွားကပဲပြုတ်ရောင်းခဲ့ဖူးသလိုသူကိုယ်တိုင်လည်း ပဲပြုတ်ရောင်းခဲ့ဖူး သတဲ့။ မောင်စိုင်းလတ်ဘဝတုန်းက သူ့ကျောင်းနေဖက်တွေ ရှေ့မှာ သူဟာတစ်နေ့လေယာဉ်ပျံမောင်းသူဖြစ်ရမယ်လို့လည်း ကြုံးဝါးဖူးသတဲ့။ သူဘယ်လောက်ရုန်းကန်ကြိုးစားခဲ့သလဲဆိုတာ အခုဦးစိုင်းလတ် ရောက်နေတဲ့ဘဝကိုကြည့်ရင် ခင်ဗျားခန့်မှန်းနိုင်ပါလိမ့်မယ်။ သူဟာ ရန်ကုန်တက္ကသိုလ်ကနေ ဥပဒေဘွဲ့ရခဲ့တယ်။ ရှေ့နေလုပ်ခဲ့ဖူးတယ်။ စီးပွားရေးလောကမှာ လုပ်ငန်းမျိုးစုံနဲ့ ကျင်လည်ခဲ့တယ်။ လက်ရှိအခြေအနေမှာ သူဟာ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်နေပြီး သူ့သားအမ်းစထရောင်းတောင်သူ့အဖေခြေရာကို လိုက်နင်းနေပြီဗျာ။

မယုံမရှိပါလေနဲ့။ ကျွန်တော်တို့ ဗမာပြည်ထဲမှာ လူသုံးများပြီးပြည်ပဈေးကွက်မှာပါ တွင်ကျယ်နေတဲ့ တောင်ကြီးမောက်မယ်သနပ်ခါးဟာ ဦးစိုင်းလတ်ရဲ့ တီထွင်ကြံဆမှုတဲ့ဗျာ။ ဟုတ်ပ့ါဗျာ။ "တောင်ကြီးမောက်မယ် ရှာလာလာလာလာလာ၊ အချိန်မှန်မှန်လိမ်းပါကွယ်"ဆိုတဲ့ ကြော်ငြာသီချင်းကိုတောင် ဦးစိုင်းလတ်ကိုယ်တိုင်ရေးစပ်သီဆိုခဲ့ပါသတဲ့။ အဲဒီတောင်ကြီးမောက်မယ်စတင်ပေါ်ပေါက်လာပုံကလည်း စိတ်ဝင်စားစရာပဲဗျ။ တစ်နေ့တော့ ဦးစိုင်းလတ်ရဲ့ ဇနီးသည်ဟာ သူ့ခေတ် သူ့အခါက နာမည်ကြီးလှတဲ့ ဝင်းဝင်းသနပ်ခါးကို လိမ်းချင်လွန်းလို့ နေ့တစ်ဝက်လောက်တန်းစီပြီး ဝယ်ရတာကြောင့် အိမ်အပြန်မှာ စိတ်ပျက်ပျက်နဲ့ ညည်းရှာသတဲ့။ "ကိုစိုင်းလတ်ရယ်၊ ဝင်းဝင်းသနပ်ခါး ဝယ်ရဖို့အရေး တန်းစီလိုက်ရတာ ဖတ်ဖတ်ကိုမောလို့၊ ဒီလိုသနပ်ခါးမျိုး ရှင်မလုပ်နိုင်ဘူးလား" ဆိုပြီး ရေရွတ်သတဲ့။ ဗျစ်တောက်ဗျစ်တောက်လုပ်တာကို နားပူတယ်ထင်ပါရဲ့။ ဦးစိုင်းလတ်ဟာ "မင်းစိတ်အေးလက်အေးသာနေပေတော့။ မင်းလိုချင်လှချည့်ရဲ့ဆိုရင် အဲဒီဝင်းဝင်း သနပ်ခါးထက်အဆပေါင်းများစွာသာတဲ့ သနပ်ခါးကို ငါဖန်တီးပေးပ့ါမယ်"ဆိုပြီး အာမခံလိုက်ရာကနေ တောင်ကြီးမောက်မယ်ဖြစ်လာတော့တာပဲတဲ့။ ဦးစိုင်းလတ်ရဲ့ဇနီးကို တောင်ကြီးမောက်မယ်ရဲ့ မိခင်ကြီးလို့ဆိုရမယ်ဗျ။ အင်းလေ၊ ကျွန်တော်တို့ ယောကျ်ားတွေဆိုတာမျိုးကလည်း ချစ်ရသူအတွက်ဆို ဓူဝံကြယ်တောင်တက်ခြွေပြချင်ကြတဲ့အမျိုးထဲက ပေကိုး။

ကျွန်တော်က စကားတစ်ခွန်းတည်းနဲ့ဖြစ်လာရောဆိုတော့ ဦးစိုင်းလတ်ဟာ တစ်ကြိမ်တည်းအားထုတ်ရုံနဲ့ ဝုန်းဆိုအောင်မြင်တယ်လို့တော့ ခင်ဗျားမထင်ပါလေနဲ့။ တောင်ကြီးမောက်မယ်မဖြစ်ခင် ဦးစိုင်းလတ်ကြိုးစားဖန်တီးခဲ့တဲ့ သနပ်ခါးလေးမျိုးဟာ တံဆိပ်သေသွားဖူးသတဲ့။ မအောင်မြင်ခဲ့ဘူးတဲ့ဗျ။ ကိုအမ်းစထရောင်းပြောပြချက်အရ သေသွားတဲ့တံဆိပ်တွေက မိုးမိတ်ရှမ်းသနပ်ခါး၊ နှင်းဆီ (Rose)သနပ်ခါး၊ ရွှေလီသနပ်ခါး၊ ရှင်မတောင်သနပ်ခါးတွေတဲ့ဗျ။ ပိုပြီးထူးဆန်းတာက သူကြီးပြင်းခဲ့တဲ့ ရှမ်းပြည်နယ်ကျောက်မဲဒေသဟာ သနပ်ခါးထွက်တဲ့ သနပ်ခါးပင်တွေပေါက်တဲ့ အရပ်တော့မဟုတ်ဘူးဗျ။ လေယာဉ်ပျံမောင်းဖို့ ရည်ရွယ်ချက်ကိုလည်း သူမမေ့ဘူး။ ဦးစိုင်းလတ်ဟာ အခုလက်ရှိအချိန်မှာ လေးယောက်စီးလေယာဉ်တစ်မျိုးကိုဆယ့်ခြောက်နာရီကျော်ကြာအောင် မောင်းဖူးခဲ့ပါပြီတဲ့ခင်ဗျာ။

စကားကောင်းနေလိုက်တာ ပြောလက်စဇာတ်ကြောင်းဘက်ပြန်လှည့်ဦးမှပါ။ ကျွန်တော်တည်းမယ့် ဟိုတယ်ကိုရောက်တော့ အသင့်စောင့်နေတဲ့ သူဌေးလင်မယားနဲ့ ကိုအမ်းစထရောင်းကို မိတ်ဆက်ပေးလိုက်တဲ့အခါ ကိုအမ်းစထရောင်းဟာ ကျွန်တော်တို့သုံးယောက်ကို နေ့လယ်စာကျွေးချင်သတဲ့ဗျာ။ ဒီမှာတင် ကျွန်တော့်နားထဲမှာကြားလိုက်တာကတော့ အခုညှော်ခံမယ့် စားသောက်ဆိုင်ဟာ တစ်ယောက်ကို ဒေါ်လာလေးရာကျသင့်တယ်ဆိုပဲ။ ဒါတောင်တွဲဖက်ညှော်ခံမယ့် ဝိုင်ဖိုးမပါသေးဘူးတဲ့ ခင်ဗျ။ နောက်ဆုံးတော့ လေးယောက်သား ကိုအမ်းစထရောင်းရဲ့ကားနဲ့ပဲ ဘန်ကောက်မြို့ (Yama-4) ရာမ(လေး)လမ်းမကြီးမှာရှိတဲ့ Water Library Restaurant ကိုရောက်ရောဆိုပါတော့ဗျာ။ အဲဒီဆိုင်နာမည်အပြည့်အစုံက Water Library Chamchuri တဲ့ဗျ။ ချန်ချူရီစကွဲယားဒုတိယထပ်မှာ ရှိလေရဲ့။ အဲဒီဆိုင်ထဲကနေ အပြင်ဘက်ကိုလှမ်းကြည့်လိုက်တော့ ဘန်ကောက်မြို့ကို အပေါ်စီးကနေ လှမ်းမြင်နေရလေရဲ့။ အေးဗျာ။ ဘဝအတက်အကျတွေကို ကြိမ်ဖန်များစွာကြုံခဲ့ရလို့ထင်ပါရဲ့။ ပွဲကြီးလမ်းကြီး ကိန်းခန်းကြီးတဲ့နေရာတွေနဲ့ အချိန်အကြာကြီး အဆက်ပြတ်နေခဲ့ပေမယ့် ဒီစားဝိုင်းသောက်ဝိုင်းအပေါ် ကျွန်တော့်စိတ်မှာ ဘယ်လိုမှခံစားလို့မရဘူးဖြစ်နေတယ်ဗျ။ ကျွန်တော့်စိတ်ဟာ တုန်လှုပ်ခြင်းကင်းပြီး ထူးထူးခြားခြားတည်ငြိမ်နေလေရဲ့။ အဲဒီတစ်ခုတော့ရှိတယ်။ ကျွန်တော်ဟာ အစားကောင်းစားတော့မယ့် အချိန်တိုင်းလိုလို ကွယ်လွန်သူမိခင်ကြီးကို သွားသွားသတိရမိတတ်တယ်ဗျ။ ဒီလိုအစားအသောက်ကောင်းတွေကို ကျွန်တော့်အမေတော့သူမကြီးစားစေချင်စမ်းပါဘိဆိုတဲ့ အတွေးပေ့ါ။ ဩော်. . အမေ. . အမေ၊ ကျွန်တော်တို့အညာကနေ ရန်ကုန်တက်လာခါစ နေခဲ့တဲ့လမ်းထဲမှာတဲစုတ်ကလေးနဲ့နေတဲ့ဒေါ်မျှင်ဆိုတဲ့ တစ်ကောင်ကြွက်အသက်ရှစ်ဆယ်ကျော်အဘွားအိုကြီးကို ငါးနှစ်လောက် တစ်ရက်မှ မပျက်ဘဲ နေ့စာညစာနေ့တိုင်းသွားသွားပို့ခဲ့ဖူးတဲ့ အမေ၊ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ရက်တွေမှာဆို လက်ထဲရှိသမျှငွေစလေးနဲ့ တစ်လမ်းလုံးက ကလေးတွေကို ကိုယ်တိုင်ထမင်းချက်ကျွေးရတာကို အပျော်ကြီးပျော်နေတတ်တဲ့အမေ. . ပေ့ါ။


ကျွန်တော်တောင်တွေးမြောက်တွေးလုပ်နေတုန်းကိုအမ်းစထရောင်းဟာ ဖုန်းတစ်လုံးနဲ့အလုပ်ရှုပ်နေရင်း "အစ်ကိုဘာစားမလဲမှာပါ"တဲ့။ တောချုံအုံကြားကတက်လာတဲ့ ကျွန်တော်ဟာ ရန်ကုန်နဲ့ဖူးခက်လိုနေရာမျိုးမှာရှိတဲ့ ထိတ်တကာ့ထိတ်ဆိုတဲ့ထိပ်တန်းစားသောက်ဆိုင်တွေကို ဝင်ထွက်ဖူးတာမှန်ပါတယ်။ ဒါပေမဲ့ ထမင်းတစ်နပ် ဒေါ်လာလေးရာတန်တဲ့ဆိုင်မျိုးကိုတော့ မရောက်ဖူးတာမို့ "ခင်ဗျားကောင်းမယ်ထင်တာသာမှာပေတော့ဗျာ"လို့ ချော်လဲရောထိုင်ရသပေ့ါဗျာ။

စားစရာတွေမှာပြီးပြန်တော့ "ဘာရေသောက်မတုံး"ဆိုပြီး လုပ်ပြန်ရော။ ရေဆိုတာတယ်ပြီးကွဲပြားဆန်းကြယ်တဲ့အရာမဟုတ်ဘူးလို့ ယူဆနေတဲ့ ကျွန်တော့်အထင်ဟာ မှားနေသဗျ။ ဒီဆိုင်မှာ တစ်ကမ္ဘာလုံးက ရေမျိုးစုံရနိုင်သတဲ့ဗျာ။ စပ်စုချင်တဲ့ ကျွန်တော်လည်း ကြုံတုန်းအထူးအဆန်းလေးလုပ်ကြည့်ဦးမှဆိုပြီး "ဒိန်းမတ်က ရေပေးဗျာ"လို့မှာလိုက်ပြီးသောက်ကြည့်တော့ အမယ်ဒိန်းမတ်ကရေဆိုတာ ကျွန်တော့်လျှာဖျားပေါ်မှာ ဆော်ဒါလိုခပ်စူးစူးအရသာမျိုးထွက်နေသဗျ။ မသိရင်မေး၊ မစင်ရင်ဆေးဆိုသမို့လား။ အမေးအမြန်းထူလိုက်တော့ ဒိန်းမတ်က သဘာဝရေထဲမှာသဘာဝထုံးကျောက်ဓာတ်ငွေ့ထည့်ထားဆိုပဲ။ ထပ်ပြီးသိရတာကတော့ အဲဒီဆိုင်က ရေအမျိုးမျိုးထဲမှာ ဗမာပြည်ကထုတ်တဲ့ရေတော့မပါဘူးဗျ။ အာရှနိုင်ငံတွေအနက်က ဂျပန်နဲ့ဟောင်ကောင်ထုတ်ရေတွေတော့ ရှိလေသတဲ့။

ကျွန်တော်ဟာ တစ်ပုလင်းကို ဗမာငွေသောင်းချီတန်တဲ့ ဒိန်းမတ်ရေကို သောက်နေရင်း ကျွန်တော့်စိတ်ဟာ မဆီမဆိုင်ဇာတိရွာက ရေပြဿနာဆီရောက်သွားသေးဗျာ။ ဟုတ်တယ်ဗျ။ ကျွန်တော်ခုနစ်တန်းကျောင်းသားဘဝလောက်တုန်းက မှိုက်ပင်ကိုပြန်ရောက်တော့ ရေတစ်စည်ရဖို့ ရွာနဲ့သုံးလေးမိုင်ဝေးတဲ့နေရာကို နွားလှည်းတစ်စီးနဲ့သွားတိုက်ရတာကလား။ တိုက်လို့ရလာတဲ့ရေကလည်း အဝါ၊ အနီရောနေတဲ့ အရောင်၊ လချေးကျောက်စလေးတွေ တစ်ညအိပ်လောက်ထည့်ထားမှသောက်လို့ရတာမျိုး။ ဖြစ်ပုံများ ကျွန်တော်တို့ငမိုက်သားညီအစ်ကိုဟာ တစ်ခါသား၊ ရန်ကုန်က ဘုံဘိုင်တွေအောက်မှာ ဘုံဘိုင်ခေါင်းဖွင့်ပြီး ရေချိုးသလိုမျိုး ရေစည်လှည်းက အဆို့ကိုဖွင့်ပြီး ရေချိုးလိုက်တုန်းက ကျွန်တော့်ကြီးဒေါ်မစန်း အလန့်တကြားထအော်လိုက်တဲ့ အသံကို အခုထက်ထိကြားနေသလိုပဲဗျာ။ အေးလေ။ ကျွန်တော်သာ ဒီလောက်တန်ဖိုးကြီးတဲ့ရေကိုသောက်နေတာတွေ့ရင် ကြီးဒေါ်မစန်းက "အမယ်လေး၊ အံ့ရော၊ အံ့ရော၊ ဒီကလေးတွေလုပ်ပုံများ ရောက်ပတ်ချက်။ ဒီလောက်ဖြုန်းတီးရသလား" ဆိုပြီး တစ်ရွာလုံးကြားအောင် ထအော်ဦးမှာသေချာတယ်ဗျ။

စားဖွယ်သောက်ဖွယ်တွေကတော့ တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် တစ်ပန်းကန်ချင်းရောက်ရောက်လာနေတော့တာပါပဲ။ ကျွန်တော်မှတ်မိသလောက် ပထမဆုံးလာချတာက ဂျပန်နည်းနဲ့ကြော်ထားတဲ့ ဂျပန်ပုစွန်ကြော်ဗျ။ အကောင်သိပ်ကြီးလှတယ်မဟုတ်ပါဘူး။ ဒါပေသိ အရသာထူးခြားတာကတော့ အမှန်ပဲဗျ။ အမှန်တော့ အဲဒီပုစွန်ကြော်ဟာ ဝိုင်သောက်ရင်းတွဲဖက်စားသောက်ရမယ့် အမြည်းဆိုပါတော့။ ကျွန်တော်တို့ကို ချပေးတဲ့ ဝိုင်ကလည်း တစ်ပုလင်းကို ဒေါ်လာနှစ်ရာ (ဗမာငွေနှစ်သိန်းနီးပါး)တန်သတဲ့။ အေးလေ။ အဲဒီနေ့က ကျွန်တော်တို့လေးယောက်ဝိုင်းမှာ ဝိုင်လေးပုလင်းကုန်တာမို့ ဝိုင်ဖိုးပါထည့်တွက်ရင် တစ်ယောက်အတွက် ကျသင့်ငွေဒေါ်လာခြောက်ရာ ဗမာငွေခြောက်သိန်းပေ့ါဗျာ။ ဝိုင်ဆိုတာ ကျန်းမာရေးအတွက်ကောင်းတယ်ဆိုပေမယ့် ဝိုင်ကို ကျွန်တော်သိပ်မကြိုက်လှဘူး။ မကြိုက်ဆို မိုက်လုံးကြီးခဲ့တဲ့ ကျွန်တော်ဟာ မူးယစ်စေတဲ့အရာတစ်ခုခုကို သုံးမယ်ဆိုရင် နားထင်ကိုတူနဲ့နှက်လိုက်သလို ဒိန်းခနဲဆောင့်တက်တာမျိုးကိုမှ သဘောကျတာကလား။ ဝိုင်ကိုတစ်ငုံချင်း တစ်ကျိုက်ချင်း ဟန်ကြီးပန်ကြီးစတိုင်တခွဲသားနဲ့ သောက်နေရတာကိုက ကျွန်တော့်အတွက် ဝဋ်တစ်မျိုးပဲဗျာ။

အမယ်နေဦးဗျ။ ဒီဝိုင်းမှာ ကျွန်တော်မစားတာကြာပြီဖြစ်တဲ့ အမဲသားနှပ်ကိုလည်း အထူးအဆန်းအဖြစ်စားခဲ့ရသေးတယ်။ အဲဒီအမဲသားကလည်း ဂျာမနီကလာတာတဲ့ဗျ။ အမဲသားရှောင်ထားတာကို စားဖြစ်အောင် ကိုအမ်းစထရောင်းမဲဆွယ်ပုံက "ဒီ အမဲသားဟာ အစ်ကိုထင်နေသလို လယ်ထဲယာထဲမှာ ခိုင်းစားဖို့ မွေးထားတဲ့နွားတွေရဲ့အသားမဟုတ်ဘူး။ နဂိုကတည်းက အသားစားဖို့ရည်ရွယ်ချက်နဲ့ စနစ်တကျမွေးမြူထားတာမို့ ကျေးဇူးရှင်စာရင်းမှာ မပါဘူး"ဆိုပဲ။ ဒီအသားကိုရှောင်ခဲ့တုန်းက ကိုယ့်ဘာသာစားချင်စိတ်မရှိလို့ရှောင်ခဲ့တာကြောင့် ဗဟုသုတအလို့ငှာ စားဖြစ်ပြန်ရောဗျာ။ အမယ်မင်း၊ တကယ့်ကို လျှာဖျားမှာစွဲသွားစေတဲ့ အမဲသားပါကလားဗျ။





# မင်းဒင်ရဲ့သက်ခိုင်(၂)

▪ မင်းဒင်

**စာမျက်နှာ(၃၂) သို့**

# လင်နဲ့ပြေးကလေးနှစ်ဒါဇင်

■ မောင်သာချို




(တစ်)

ကောသလမင်း၏ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များ အကြောင်းကိုဖြင့် မြန်မာနိုင်ငံသား စာဖတ်သူတော်တော်များများတို့က ရင်းနှီးကျွမ်းဝင်ပြီးရှိကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက အထင်အရှားရှိခဲ့ဖူးသူ ကောသလမင်းကြီးက အိပ်မက်တစ်ဆယ့်ခြောက်ခု မက်တော်မူပါလေသတဲ့။ ထိုအိပ်မက်တွေထဲမှာ တစ်ခုသော အိပ်မက်က ဒန့်ကျဲပင်မှာပုခက်ဆင်ရသည်ဆိုသော အိပ်မက်။ ကောသလမင်းက အိပ်မက်၏ အနက်အဓိပ္ပာယ် ဗျူပွတ်ကို ရှင်းလင်းဟောကြားပေးဖို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။ ဘုရားရှင်၏ မိန့်ကြားမှုက ကျွန်တော်တို့ခေတ်ကြီးကိုများ ရည်ညွှန်းနေလေရော့သလား မသိ။ အရွယ်မတိုင်မီ အိမ်ထောင်သားမွေး လုပ်ကြသည့်ခေတ်ကြီး ရောက်လာလိမ့်မည်ဆိုလား။

ကြက်သီးထစရာကောင်းလိုက်တာ။ ကြက်သီးထထ၊ မထထ ကျွန်တော်တို့ ဘာမှမတတ်နိုင်။ တကယ့်ကိုပဲ ဒန့်ကျဲပင်မှာ ပုခက်ဆင်ရမည့်ခေတ်ကြီးထဲသို့ ကျွန်တော်တို့ ရောက်ရှိ၍ လာရပါသည်။

(နှစ်)

အလင်္ကာကျော်စွာ ဂီတမော်ဆရာကြီး မြို့မငြိမ်းက အိမ်ထောင်သားမွေးမှုနှင့်ပတ်သက်၍ သီချင်းတစ်ပုဒ် ရေးဖူးပါသည်။ "ယောင်းမ" ဆိုသည့် သီချင်း။

သီချင်းစာသားများကို အပြည့်အစုံမဟုတ်ဘဲ ဟိုနားကလေးကျော်ကာ၊ သည်နားကလေး လွှားကာဖြင့် ကျွန်တော် ဖော်ပြလိုပါသည်။

"စောင့်မှဦးမှပေ့ါတဲ့
ကိုယ့်လူရယ်ရှင်. . .
အမေက ငယ်သေးသတဲ့
သမီးချောလှသဇင်
ယောင်းမ မစီးပါရစေနဲ့ရှင်"

တဲ့။

"ဂျာမနီတွင်
အာဏာရှင် ဟစ်တလာက
ငယ်ရွယ်သူတွေ
စုံကာဖက်လို့
လက်ဆက်စေသတဲ့ရှင်
အမေ့ကိုပင်
ကျွန်မတို့အရွယ်
မငယ်ပါဘူးလို့
နှုးပါရစေရှင်" တဲ့။

"သူပြောတာလည်း
ဟုတ်မှာပဲထင်
ဟိုအရင်ချစ်စတုန်းက
စာပေးခိုင်းတဲ့
မိအေးလေးတောင်ပင်
လင်နဲ့ပြေး
ကလေးနှစ်ဒါဇင်" တဲ့။

သီချင်းကလေးက ချစ်စရာကောင်းလိုက်တာ။ အိမ်ထောင်သားမွေးကိစ္စသီချင်း။ လုံမပျိုက ချစ်သူရှိ၍ ချစ်သူနှင့် လက်ဆက်လိုသည်။ အမေက ငယ်သေးသည်ဟု အကြောင်းပြကာ သမီး၏ ဆန္ဒကို ဟင့်အင်းလုပ်သည်။ သမီးက ဂျာမနီနိုင်ငံက နာဇီခေါင်းဆောင် ဟစ်တလာပင်လျှင် သူ့နိုင်ငံသူနိုင်ငံသားတို့ကို ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ပေးကာ လူဦးရေတိုးပွားဖို့ လုပ်ဆောင်နေကြောင်း၊ လူဦးရေများပြားခြင်းသည် စစ်ကိုအနိုင်တိုက်ရာ၌ အထောက်အပံ့တစ်ရပ်ဖြစ်ကြောင်း၊ ကျွန်မလည်း မငယ်တော့ပါဘူးဟု အမေ့နားကပ်ကာ နှုးလိုပါကြောင်း၊ သမီးလိမ္မာကလေးဖြစ်ပါသဖြင့် ယောင်းမကို မြင်းစီးပြီး ထွက်မလာလိုပါကြောင်း စသည်စသည်တို့ သီချင်းထဲ၌ ပါဝင်ပါသည်။

သီချင်းထဲရှိလုံမပျိုက မိမိတို့ချစ်စခင်စ အချိန်လောက်က စာအပေးအယူလုပ်ပေးသည့် မိအေးပင်လျှင် လင်ယူသားမွေးနှင့် ကလေးနှစ်ဒါဇင် ရှိနေပြီဖြစ်ကြောင်းလည်း သီချင်းထဲ၌ပါဝင်နေပေရာ ပြုံးစိစိနှင့် နားထောင်ခဲ့ရသည့် ဆရာမြို့မငြိမ်း၏ 'ယောင်းမ' ပင်ဖြစ်ပါ၏။

**သို့သော် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ သမီးငယ်ကလေးတွေ စောစောစီးစီးအပျိုဖြစ်လာကြကြောင်း သတင်းတွေကို ကြားလာရသောအခါ ကျွန်တော် တုန်လှုပ်မိပါသည်။ အထူးသဖြင့် ဆေးပညာအသိုင်းအဝိုင်းက ကြားလာရခြင်းဖြစ်ပါသည်။**

(သုံး)

ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသည့် အခါကြီးရက်ကြီး နေ့ရက်များထဲ၌ ကမ္ဘာ့လူဦးရေနေ့ (World Population Day) ဟူ၍ ရှိပါသည်။ ထိုနေ့ဖြစ်ပေါ်လာရန် ၁၉၈၇ ဇူလိုင် ၁၁ တုန်းက စိတ်ကူးရခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ၁၉၈၉ ခုနှစ် လူဦးရေသန်း ၅၀၀၀ ပြည့်စဉ်မှာတော့ ထိုဇူလိုင် ၁၁ ကို World Population Day အဖြစ် သတ်မှတ်လိုက်ကြပါသည်။

မကြာမီကမှ ကုန်ဆုံးသွားခဲ့သော ၂၀၁၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်က Adolescent Pregmancy တဲ့။ ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်များအရေး တားဆီးထိန်းသိမ်းပေးကြဖို့ လှုံ့ဆော်ထားသည့် ဆောင်ပုဒ်။ ဆက်ကျော်သက်ကိုယ်ဝန်တဲ့။ ကြောက်စရာကောင်းလိုက်တာ။

အမေရိကန်လို နိုင်ငံမျိုး၌ ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှု များပြားရခြင်းမှာ သူတို့လူ့အဖွဲ့အစည်း၏ လွတ်လပ်မှုလွန်ကဲခြင်းကြောင့် ဖြစ်တန်ရာပါသည်။

သို့သော် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ သမီးငယ်ကလေးတွေ စောစောစီးစီး အပျိုဖြစ်လာကြကြောင်း သတင်းတွေကို ကြားလာရသောအခါ ကျွန်တော် တုန်လှုပ်မိပါသည်။ အထူးသဖြင့် ဆေးပညာအသိုင်းအဝိုင်းက ကြားလာရခြင်းဖြစ်ပါသည်။

ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ ငါး၊ ပုစွန်ကအစ လူတို့စားသုံးသမျှသော သတ္တဝါတို့ကို ဟော်မုန်းဆေးများထိုးခြင်း၊ တိုက်ခြင်း၊ အစားအစာတွေထဲ၌ ဟော်မုန်းအားတိုးဆေးများ ထည့်သွင်းစပ်ဟပ်ကျွေးမွေးခြင်းစသည်ဖြင့် လုပ်ဆောင်လာခဲ့ကြလေရာ ထိုအစားအစာများကို စားသုံးသူတို့ အရွယ်နှင့်မမျှသော ကိုယ်ခန္ဓာကြီးထွားမှု၊ အသက်နှင့်မလိုက်သော လိင်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာကြသည်ဟု ဆိုပါသည်။

အိမ်နီးချင်းတရုတ်ပြည်၌ ထိုပြဿနာတော်တော်ကလေး ကြီးမားပြီး ယခုမြန်မာပြည်ရှိ ဆေးခန်းများသို့ လာရောက်ပြသသူ အမျိုးသမီးငယ်ငယ်ကလေးများ တော်တော့ကို စောစောစီးစီးကြီး အပျိုဖြစ်မှုကြောင့် ရောက်ရောက်လာကြကြောင်း ကြားသိရပေရာ သက်ပြင်းရှည်ကြီး ချမိပါသည်။

(လေး)

သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသည့် မြန်မာစကားရှိပါသည်။ သီးချိန်မတန်ဘဲ သီးကြ၊ပွင့်ချိန်မတန်ဘဲ ပွင့်ကြသော ကောသလမင်း၏ အိပ်မက်တကယ်ဖြစ်လာပြီဟု ဆိုရလိမ့်မည်ထင်ပါသည်။

ကျွန်တော်တို့ နေ့စဉ် ချက်ပြုတ်စားသောက်ကြသည့် အစားအစာများသည် ကျွန်တော်တို့၏ သားများသမီးများကို မြန်မြန်အရွယ်ရောက်ကာ မြန်မြန်လင်စိတ်သားစိတ်ပေါ်အောင် လှုံ့ဆော်ပေးသည့် အစားအစာများ ဟုတ်၊ မဟုတ် သတိထားသင့်ပါပြီ။


ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ပိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒ၊နိုင်လင်းထွန်း၊ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် – Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ရေဖျန်းသော်လည်း မလန်းနိုင်သည့် ပန်းများ

မြင့်မိုရ်ဆွေ




ယခုလအတွင်း "ကြွေကြွေ"နှင့် "ကြူကြူ"တို့ထံမှ ဖိတ်စာနှစ်စောင်ရရှိခဲ့ပါသည်။ ကြွေကြွေဟူသည်မှာ စာရေးသူတို့ ခရမ်းမြို့နယ်ဖွား ဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၏ ဇနီးဒေါ်ခင်နွဲ့ဝင်းဖြစ်ပါသည်။ အစ်မကြီးအား ခရမ်းသူ၊ ခရမ်းသားလူရင်းများက ငယ်နာမည်အတိုင်း "ကြွေကြွေ"ဟုခေါ်ဆိုလေ့ရှိကြ၏။ ကြွေရုပ်ကလေးလို အသားအရေဖြူဝင်းပြီး ဥပမိရုပ်အလွန်ခံ့ညားလှပသော အစ်မကြီးဖြစ်ပါသည်။ ပြုပြုခဲ့သမျှ ကုသိုလ်ဒါနအားလုံးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် သန်လျင်ကျိုက်ခေါက်စေတီတော်၌ ရေစက်ချအမျှဝေသည့် အလှူပွဲကြီးသို့ လာရောက်ရန်ဖိတ်ကြားခြင်းဖြစ်ပါသည်။ "ကြူကြူ"ဟူသည်ကား ခရမ်းမြို့နယ်ဖွား စာရေးဆရာမ ခင်လှိုင်ကြူ ဖြစ်ပါသည်။ ဆရာကြီးဦးသုခရိုက်ကူးသော "ရွှေချည်ငွေချည်တန်းပါလို့"အမည်ရှိ ဂန္ထဝင်ရုပ်ရှင်ကားကြီး၏ မူရင်းဝတ္ထုကို ရေးသားခဲ့သူဖြစ်ပါသည်။ ရန်ကုန် တက္ကသိုလ်သို့ ၁၉၅၉ ခုနှစ်တွင် ရောက်ရှိပြီး စာရေးသူတို့ထက် နှစ်တန်းကြီးသည့်အပြင်ကလောင်စွမ်းကြောင့် လွန်စွာခင်မင်လေးစားရင်းရှိခဲ့သူဖြစ်ပါသည်။ သူမကိုလည်း အမည်အရင်းအတိုင်း "ကြူကြူ"ဟု ခရမ်းသူ ခရမ်းသားသက်တူရွယ်တူတို့က ခေါ်လေ့ရှိကြ၏။ သူမ၏ ခင်ပွန်း ဦးတင်မောင်ဝင်း (ခရမ်း) ကွယ်လွန်သည့် (၂၃)နှစ်မြောက်နေ့ဖြစ်သော ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဆွမ်းကျွေးဒါနကုသိုလ် ပြုပွဲသို့လာရောက်ရန်ဖိတ်ကြားခြင်းဖြစ်ပါသည်။ ကြွေကြွေ၏ခင်ပွန်းဦးဇော်ဝင်းနှင့်ကြူကြူ၏ ခင်ပွန်းဦးတင်မောင်ဝင်း(ခရမ်း) တို့မှာ ညီအစ်ကိုရင်းချာများဖြစ်ကြပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ၌ အစ်ကိုကြီးဦးဇော်ဝင်းက တ. စ. ည ပါတီမှလည်းကောင်း၊ ညီငယ်ဦးတင်မောင်ဝင်းက အင်န်အယ်လ်ဒီပါတီမှလည်းကောင်း ခရမ်းမြို့ မဲဆန္ဒနယ် (၂) တွင် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အစ်ကိုကြီးဦးဇော်ဝင်းက ရှုံးနိမ့်ခဲ့ပေသည်။ ထိုစဉ်က မဲဆန္ဒနယ်တစ်ခုအတွင်း ညီအစ်ကိုအရင်းအချာနှစ်ဦးယှဉ်ပြိုင်အရွေးခံကြသည်မှာ မြန်မာနိုင်ငံသမိုင်းတွင် ရှားရှားပါးပါးတစ်နေရာတည်းသာရှိသဖြင့် ခရမ်းမြို့မှာလည်း အလွန်ပင်လူသိများပြီး နာမည်ကြီးခဲ့လေ၏။

ဦးတင်မောင်ဝင်း ကွယ်လွန်ခြင်း (၂၃)နှစ်မြောက်နေ့တွင် ဆရာမခင်လှိုင်ကြူရေးသားသည့် "လွမ်းလေသမျှ"စာအုပ်ကိုထုတ်ဝေခဲ့ကြောင်း တွေ့ရှိရ၏။ သူမ၏ ခင်ပွန်းဦးတင်မောင်ဝင်း၏ ဘဝဇာတ်ကြောင်းကို ရသစာပေအဖွဲ့ဖြင့် ရေးသားထားခြင်းဖြစ်၏။ စာရေးသူသည် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ "သူလိုလူ"ဝတ္ထုကို သုံးကြိမ်ထက်မနည်း ဖတ်ရှုခဲ့ရ၏။ ဆရာမကြီးက သူမအသက် (၂၈)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရှာသည့် ခင်ပွန်းသည် သတင်းစာဆရာနှင့် နိုင်ငံရေးသမားကြီးလည်းဖြစ်သော ဂျာနယ်ကျော်ဦးချစ်မောင်အကြောင်းကို ရေးသားခဲ့ခြင်းဖြစ်၏။ ထို့အပြင် စာရေးဆရာမကြီးဒေါ်ခင်နှင်းယုရေးသားသည့် "ကျမချစ်သူ"ကိုလည်း အကြိမ်ကြိမ်ဖတ်ရှုခဲ့ရ၏။ ဆရာမကြီးက သူမ၏ ခင်ပွန်းကွယ်လွန်သူဒုတိယဗိုလ်မှူးကြီးကျော်သောင်းအကြောင်းကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယခု ဦးတင်မောင်ဝင်းအကြောင်းကို ရေးသားထားသည့် "လွမ်းလေသမျှ"စာအုပ်မှာလည်း ဖတ်မိသည်နှင့် လက်ကမချနိုင်တော့ဘဲ တစ်ဆက်တည်းအပြီးတိုင်အောင် ဖတ်ရှုခဲ့မိပါသည်။ စာရေးဆရာမကြီးအားလုံးမှာ ရသစာပေအဖွဲ့အနွဲ့ကောင်းစွာဖြင့် ဇာတ်ကောင်များ၏သရုပ်နှင့် နောက်ခံခေတ်သမိုင်းကို ရောမွှေပြီး ပီပြင်အောင် ရေးသားနိုင်စွမ်းသည့် ကလောင်ရှင်များဖြစ်ကြ၍ စာအုပ်အားလုံးလိုလိုမှာ စွဲမက်နှစ်ခြိုက်ဖွယ်ရာ ဖြစ်ခဲ့ကြပါသည်။ ဂျာနယ်ကျော်ဦးချစ်မောင်သည် အလွန်ရှက်တတ်သော လူရိုးကြီးတစ်ဦးဖြစ်သလို ဒုဗိုလ်မှူးကြီးကျော်သောင်းကလည်း တည်ကြည်ဖြောင့်မတ်သော တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်ပေသည်။ ဦးတင်မောင်ဝင်းမှာလည်း သည်းခံစိတ်ရှိပြီး အလွန်တက်ကြွသည့် နိုင်ငံရေးသမား တစ်ဦး ဖြစ်ကြောင်း ဇာတ်ကောင်စရိုက်များ အရ ထင်ရှားပေါ်လွင်လှပေသည်။ အရပ်သားလူနှစ်ဦး ပုံကိုကြည့်ပြန်တော့ ဦးချစ်မောင်က အိမ်တော်ရာထီး ချိုင်းကြားညှပ်၍ ဘုန်းကြီးဖိနပ်စီး၏။ ဦးတင်မောင်ဝင်းက ဆံပင်တိုတို ပင်နီတိုက်ပုံ နှင့် လွယ်အိတ်ကိုအမြဲလွယ်၏။ ပကာသနဟန်ပန်ကင်းမဲ့ကြသူများအဖြစ်ပေါ်လွင်လှ၏။ ထိုစာအုပ်များတွင် ဖော်ပြထားသော ခေတ်ကာလ နောက်ခံသမိုင်းများကလည်း တစ်ဆက်တည်းလိုလိုဖြစ်နေ၏။ ဂျာနယ်ကျော်ဦးချစ်မောင်၏ခေတ်က လွတ်လပ်ရေးမရမီခေတ်ကာလ။ ဒုဗိုလ်မှူးကြီးကျော်သောင်း၏ခေတ်ကာလက လွတ်လပ်ရေးရပြီးချိန်မှစ၍ တော်လှန်ရေးကောင်စီခေတ်ကာလ။ ဦးတင်မောင်ဝင်းတို့ခေတ်ကာလမှာ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက် ကျောင်းသားအရေးအခင်း၊ ရှစ်လေးလုံးတိုက်ပွဲ၊ တပ်မတော် အစိုးရ၏ ပထမအကြိမ် ပါတီစုံရွေးကောက်ပွဲခေတ်ကာလဖြစ်၏။

ဆရာမကြီးဒေါ်ခင်နှင်းယုက သူမ၏ ချစ်သူကို "အကျွန်ုပ်အတွက်မူ၊ သက်ဆက်ကြည်လင်၊ မီးခိုးရှင်ကား၊ ငယ်ပင်ငယ်စွ၊ ဤကျွန်းမ၏၊ ချမ်းမြသန့်ရှင်း၊ ရေချိုတွင်းတည်း"ဟူ၍ မဟာသမုဒ္ဒရာထဲရှိ ကျွန်းကလေးတစ်ကျွန်းပေါ်မှ ရှားပါးလှစွာသော သူမဘဝတစ်သက်တာမှီခိုရာ ရေချိုတွင်းကလေးဟု ကဗျာဖွဲ့ဆိုတင်စားခဲ့လေ၏။ ဆရာမခင်လှိုင်ကြူက သူမ၏ ချစ်သူဦးတင်မောင်ဝင်းအား "စိတ်ထားနုနယ်၊ အားငယ်လွယ်သူ၊ ရည်မတူလျှင်၊ မငြိုငြင်ဘဲ၊ စင်ကိုမှီတွယ်၊ နွယ်တစ်ပင်လို၊ သခင်ဦးဆောင်နိုင်ပါစေ"ဟူ၍ သူမ၏ မိန်းမသားဘဝ နွယ်တစ်ပင်အတွက် တစ်သက်တာ မှီတွယ်ရာစင်ကလေးဖြစ်ပါစေဟု ရိုးသားရှင်းလင်းစွာ ကဗျာဖွဲ့၍ ဆန္ဒပြုခဲ့ရှာလေသည်။

သို့သော် ဆရာမ၏ဆန္ဒကလုံးဝမပြည့်ခဲ့ရှာလေကြောင်း တွေ့ရှိရ၏။ ဦးတင်မောင်ဝင်းသည် ရန်ကုန်တက္ကသိုလ်သမဂ္ဂနှင့် ကျောင်းသားလှုပ်ရှားမှုများကြောင့် ၁၉၆၄ ခုနှစ်တွင် ခုနှစ်နှစ်နီးပါး ထောင်နန်းစံခဲ့ရ၏။ ထောင်မှလွတ်ပြီး ၂ နှစ်အကြာ ၁၉၇၂ ခုနှစ်တွင် ဆရာမခင်လှိုင်ကြူနှင့် လက်ထပ်ခဲ့ကြ၏။ လက်ထပ်ပြီးနောက် ခရမ်းမြို့ဘုရားပြိုရွာရှိ ဖခင်ကြီး၏ ဆန်စက်တွင်အလုပ်လုပ်၏။ ရှစ်လေးလုံးအရေးအခင်းတွင် အခြား ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့်အတူ နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာ၏။

စာမျက်နှာ(၃၂) သို့

# Business

7 DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014




*ရန်ကုန်မြို့ လယ်တစ်နေရာမှ အသေးစား၊အလတ်စားလုပ်ငန်းတစ်ခုဖြစ်သော ဆေးဆိုးပန်းရိုက်လုပ်ငန်း* ဓာတ်ပုံ - ကျော်ဇင်သန်း

## ဂျပန်နိုင်ငံတွင်ကျင်းပမည့် အသေးစားအလတ်စားလုပ်ငန်းများအတွက် အာဆီယံ CEO အစီအစဉ် မြန်မာလုပ်ငန်းရှင်ငါးဦးတက်မည်

**ပြည်သိမ်း၊ နိုင်လင်းအောင်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ဂျပန်နိုင်ငံ၌ ငါးရက်ကြာကျောင်းပမည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အထောက်အကူပြုရေးအာဆီယံ အမှုဆောင်အရာရှိချုပ်အစီအစဉ် (Asean CEO program) သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ငါးဦးအား ဖိတ်ကြားထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံသည် နည်းပညာသင်တန်းများ၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများကို ၂၀၀၅ ခုနှစ်လောက်က စတင်၍ ကူညီပေးနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးနှင်းဦးက ပြောကြားသည်။ “အစိုးရသစ်လက်ထက်မှာတော့ သင်တန်းတွေပေးတာပိုများလာတယ်။ သူတို့ရဲ့ Training တွေကတော့ အထောက်အပံ့ဖြစ်မှာပါ”ဟု ဦးနှင်းဦးက ဆိုသည်။

ယခုဂျပန်နိုင်ငံက ဖိတ်ခေါ်သည့် အာဆီယံအမှုဆောင်အရာရှိချုပ်ပရိုဂရမ်ကို မတ်လ ၉ ရက်မှ ၁၄ ရက်အထိတိုကျိုနှင့်အိုဆာကာမြို့တို့၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် အာဆီယံနိုင်ငံများရှိ ကုမ္ပဏီ ၄၀ မှ လုပ်ငန်းရှင်များနှင့် ဂျပန်နိုင်ငံတို့ပူးပေါင်း၍ စီးပွားရေးတွေ့ဆုံပွဲပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ ဂျပန်နိုင်ငံရှိလုပ်ငန်းများကို လေ့လာခြင်းတို့ ပါဝင်သည်။

“သင်တန်းတွေပေးတိုင်း လုပ်တတ်တာမဟုတ်ဘူး။ အတွေ့အကြုံလည်းလိုတယ်”ဟုလှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမြတ်သင်းအောင်က ဆိုသည်။

“ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကထားပြီးလုပ်သွားမှာပါ။ တက်ရောက်မယ့် လုပ်ငန်းရှင်တွေကို (SMRJ)ကနေ တိုက်ရိုက်ရွေးချယ်သွားမှာဖြစ်ပြီးတော့ တက်ရောက်ချင်တဲ့လုပ်ငန်းရှင်တွေရဲ့ လျှောက်လွှာတွေကိုတော့ UMFCCI ကနေ တစ်ဆင့် တင်ပြပေးသွားမှာပါ”ဟု မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

အဆိုပါအစီအစဉ်သို့ တက်ရောက်ရန်အတွက် လျှောက်ထားနိုင်သည့်လုပ်ငန်းများမှာ Automotive Parts Industrial Machinery, Medical Instruments, Construction And Infrastructure စသည့် လုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ငန်းရှင် (CEO)များ အနေဖြင့် လျှောက်ထားနိုင်ပြီး ရွေးချယ်ခံရသည့် လုပ်ငန်းရှင်များအတွက် လေယာဉ်လက်မှတ်နှင့် နေထိုင်စရိတ်များကို (SMRJ)က တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း UMFCCI မှ ထုတ်ပြန်ထားသည်။

လျှောက်လွှာများကို ယခုလ ၃၁ ရက် နောက်ဆုံးထား၍ UMFCCI သို့ ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာပုံစံများကို esrd.umfcci@gmail.com မှ ရယူနိုင်ကြောင်း သတင်းရရှိသည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၃ | ၉၈၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၉ | ၇၇၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၄၀ | ၁၃၅၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၈ | ၃၀. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၄ ဇန်နဝါရီ ၂၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၆၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၄၈၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၆၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၈၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၀. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၈၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၁၃၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၅. ၄၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၂၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၅၁၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၇၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၁၀၈၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁၀၂. ၂၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၆၉. ၄၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၉၀ |
| ငွေ | အောင်စ | ၂၀. ၁၁ |
| ကြေးနီ | ပေါင် | ၃. ၃၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၅. ၁၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇန်နဝါရီ ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# မြန်မာ – အိန္ဒိယ နယ်စပ်အိမ်ခြံမြေအရောင်းအဝယ် ယခုနှစ်ဆန်းတွင် အရောင်းအဝယ်အေး

**ကိုစိုင်း**

**ကလေး၊ ဇန်နဝါရီ- ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ-အိန္ဒိယနယ်စပ်၏ ကုန်သွယ်မှုအကြီးဆုံးပြုလုပ်နေသော တမူးမြို့နယ်အတွင်းရှိ အိမ်ခြံမြေအရောင်းအဝယ်သည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်အေးနေကြောင်းသတင်းရရှိသည်။



*မြန်မာ-အိန္ဒိယနယ်စပ်တစ်နေရာ*

ဓာတ်ပုံ - ကိုစိုင်း

တမူးမြို့နယ် မိန်းလမ်းမကြီးလမ်းဘေးဝဲယာရှိ ခြံမြေဈေးများသည် ယခင်ပေ၆၀×၈၀တစ်ကွက်လျှင် ကျပ်သိန်းနှစ်ရာအထိ အမြင့်ဆုံးရှိရာမှ ၂၀၁၃အတွင်း အနည်းဆုံးအိမ်ခြံမြေဈေး ကျပ်သိန်းငါးရာကျော်အထိ ဈေးမြင့်တက်ခဲ့သည်။

"ဒီနှစ်ထဲမှာ အရောင်းအဝယ်လုပ်လိုသူသိပ်မတွေ့ရဘူး။ မနှစ်ကတော့လက်ထဲမှာ ငွေများများရှိတဲ့သူတွေက ခြံဝင်းတွေလိုက်ပြီးဝယ်ကြတာကြောင့်ဈေးရှတ်တရက်မြင့်တက်သွားတာပါ။ နယ်စပ်မြို့ဖြစ်တာကြောင့် ငွေမည်းကနေ ငွေဖြူလုပ်ချင်သူကလည်း များတယ်လေ။ အဓိကကတော့ငွေမည်းကနေငွေဖြူလုပ်ချင်ကြတဲ့သူတွေ များတာကြောင့်အခုလိုဈေးနှုန်းတွေ မြင့်တက်ကုန်ပြီး တကယ့် ဒေသခံအစစ်တွေကတော့ တဖြည်းဖြည်းလမ်းအနောက်ထဲရောက်ကုန်ပြီ"ဟု တမူးမြို့ခံတစ်ဦးကပြောသည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန် ၂၀၁၅ခုနှစ်တွင် မန္တလေးမြို့မှတစ်ဆင့် နယ်စပ်တမူးမြို့ကိုဖြတ်ကာ အိန္ဒိယနိုင်ငံအင်ဖာနှင့်ဘတ်စ်ကားလိုင်းများ တိုက်ရိုက်ပြေးဆွဲတော့မည်ဖြစ်ကြောင်း နှစ်ဖက်နိုင်ငံအစိုးရက တရားဝင်ထုတ်ပြန်ထားသည်။

"အခုနောက်ပိုင်း နယ်စပ်ဈေးဖြစ်တဲ့ နန့်ဖာလုံဈေးမှာလည်း အရောင်းအဝယ်ပါးလာတယ်။ ဟိုဘက်ဒီဘက်ကုန်သည်ကြီးတွေကလည်း နယ်စပ်မှာလာမနေကြတော့ဘူး။ မြန်မာနိုင်ငံဆိုရင်လည်း မန္တလေးမြို့လိုမျိုး၊ မကွေးရဲ့ ပြည်နယ်ဘက်ဆိုရင်လည်း အင်ဖာမြို့လိုမျိုး နေရာတွေမှာသွားပြီးနေထိုင်ကြတယ်။ နယ်စပ်မှာတော့ လက်ခွဲတွေပဲနေထိုင်ကြတော့တယ်။ ဒီလိုဖြစ်နေရာကနေ နယ်စပ်မြို့ဖြစ်တဲ့ တမူးမြို့ကရုတ်တရက်ဘာကြောင့် မြေဈေးတွေတက်လာရသလဲဆိုရင် အဖြေတစ်ခုခုတော့ရှိမှာပေါ့။ အဓိကကတော့ နှစ်ဖက်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွေ မြင့်နေတယ်တိုက်ရိုက်ဘတ်စ်ကားလိုင်းဆွဲတော့မယ်ဆိုရင် တမူးမြို့က အချက်အချာဖြစ်လာတဲ့အတွက် တမူးမြို့က အိမ်ခြံမြေကိုစိတ်ဝင်စားတဲ့သူ များလာတာဖြစ်ပါလိမ့်မယ်"ဟု တမူးမြို့ဒေသခံတစ်ဦးကပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ်၏ အဓိကကုန်သွယ်မှုပြုလုပ်ရာဂိတ်ပေါက်များဖြစ်သော ရိဒ်နယ်စပ်ဂိတ်နှင့် တမူးမြို့နယ်စပ်ဂိတ်များမှ ကုန်သွယ်မှုပမာဏတိုးမြှင့်ရရှိရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ဇန်နဝါရီအထိ ရိဒ်နယ်စပ်ဂိတ်မှ ၁၅ဒသမ ၀၇ရာခိုင်နှုန်း၊ တမူးနယ်စပ်ဂိတ်မှ ၂၂ဒသမ၃၅၇ရာခိုင်နှုန်းရရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

# စာအုပ်များကို Online တွင် ရောင်းချပေးရန်စီစဉ်

**အိမွန်ကျော်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၇**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း နှင့် JAS ဖုန်းကုမ္ပဏီတို့ ပူးပေါင်း၍ စာအုပ်များကို E-book Pdf အဖြစ် အွန်လိုင်းပေါ်တွင် မကြာမီကာလအတွင်း စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာအုပ်အမျိုးအစားစုံကို အွန်လိုင်းပေါ်တွင် E-book Pdf အဖြစ် ရောင်းချပေးမည်ဖြစ်ပြီး စာအုပ်ထုတ်ဝေသူများအပြင် စာရေးဆရာများကလည်း တိုက်ရိုက်ဆက်သွယ်၍ ရောင်းနိုင်သည်ဟု မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းကပြောသည်။

"စာအုပ်မျိုးစုံရောင်းပေးမှာပါ။ နောက်ဆုံးစာရေးဆရာရေးပြီး ထုတ်ဝေမယ့်သူမရှိတဲ့ စာအုပ်တွေလည်း ရောင်းပေးမှာပါ"ဟု ၎င်းကဆိုသည်။

အွန်လိုင်းရောင်းချမှုစနစ်နှင့် ပတ်သက်၍ JAS ကုမ္ပဏီမှ ဝန်ဆောင်မှုများဆောင်ရွက်မည်ဖြစ်ပြီး ထုတ်ဝေသူ(သို့မဟုတ်) စာရေးဆရာက စာမူကြမ်းကို Soft Copy ဖြင့်ပေးရန်သာလိုအပ်ကြောင်း သတင်းရရှိသည်။

အွန်လိုင်းတွင် ရောင်းချမှုမှာ မိမိဖုန်းဘေလ်ဖြင့် ငွေဖြတ်သွားမည်ဖြစ်ကာ နိုင်ငံခြားမှ စာအုပ်ဝယ်လိုသူများအတွက် ဘဏ်အကောင့်ဖြင့် ချိတ်ဆက်ရောင်းချပေးမည်ဖြစ်သည်။ စာအုပ်ရောင်းချမှုရရှိငွေ ၈၀ ရာခိုင်နှုန်းကို ထုတ်ဝေသူ (သို့မဟုတ်) စာရေးဆရာမှ ရရှိမည်ဖြစ်ပြီး JAS ကုမ္ပဏီက ၂၀ ရာခိုင်နှုန်းရရှိမည်ဟုဆိုသည်။

"စာအုပ်ကတော့ Print Version ၃၀၀၀ ဆို ဒီမှာ ၂၀၀ လောက်ပဲဖြစ်ရင်ဖြစ်မှာပေ့ါ။ လုံခြုံရေးပိုင်းလည်း စိတ်ချရအောင် သူတို့လုပ်ထားပါတယ်"ဟု မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ အတွင်းရေးမှူး ဦးမြင့်ထွန်းကပြောသည်။

စာအုပ်များရောင်းချပေးမည့် ဝက်ဘ်ဆိုက်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် JAS ဖုန်းကုမ္ပဏီတို့၏ အွန်လိုင်းပေါ်တွင် စာအုပ်ရောင်းချခြင်းအတွက် စာချုပ်လက်မှတ်ထိုးပွဲအခမ်းအနားတွင် သိရှိနိုင်မည်ဖြစ်သည်။

CAREER OPPORTUNITY : UNILEVER MYANMAR MANAGEMENT TRAINEE

Unilever

2 year on-the-job training programme in the Global Leading FMCG company with

- Exciting & challenging job assignments
- Attractive pay
- Cross-functional rotations
- Excellent training and workshops
- Coaching & mentoring from senior leaders
- Long-term career opportunities in Unilever

Requirements :
- Fresh graduate
- Good Grade Points
- 0-1 year work experience
- Passion to work in Sales / Marketing / Supply Chain Finance /Accounting or Human Resources

Interested candidates, please send your full CV in English Transcripts, copy of bachelor/master degree certificate(with a copy of scores/grading), or temporary degree testimonial (if any), a copy of English certificate (if any), and a recent photo to :

No.150, Kabar Aye Pagoda Road
Bahan Township Yangon, Myanmar.
Tel : +95-1- 545167
556544, 430877, 430024

recruitment.myanmar@unilever.com

Closing Date
7th Feb, 2014

GREAT DREAMS CAN HAPPEN
MADE BY YOU



Knorr Signal OMO POND'S sunsilk CLEAR LUX



# ၂၀၁၄ ကမ္ဘာ့စီးပွားရေးကို မှန်းဆကြည့်ခြင်း

ကြည်နေဝင်းမင်း

နှစ်သစ်အတွက် အရုဏ်တက်လာချိန်မှာပင် ကမ္ဘာကြီးမှာ ရောမအသွင်ကူးပြောင်းမှုများကြား ရောက်ရှိနေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဂရပ်မျဉ်းများ၊ ပထဝီဝင်နိုင်ငံရေးသွင်ပြင်၊ လူအများကို စုစည်းတုပ်နှောင်ထားသော လူမှုရေးစနစ်နှင့် ကမ္ဘာမြေကြီး၏ ဂေဟစနစ်။ အားလုံးမှာ တစ်ပြိုင်နက်တည်းလိုလို ကြီးမားကျယ်ပြန့်သော ပုံသဏ္ဌာန်ပြောင်းလဲမှုများ ကြုံတွေ့နေရသည်။ စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာသလို နေရာများစွာ၌ မငြိမ်မသက်မှုများလည်း ရှိလာနေသည်။

စီးပွားရေးရှုထောင့်မှကြည့်မည်ဆိုပါက ကျွန်ုပ်တို့မှာ ဆုတ်ယုတ်လာသော မျှော်လင့်ချက်များနှင့် မရေရာမှုတိုးပွားလာသော ခေတ်တစ်ခေတ်အတွင်း ဝင်ရောက်လာသည်။ ဖွံ့ဖြိုးတိုးတက်မှုအရကြည့်လျှင် ကမ္ဘာကြီးမှာ ဖွံ့ဖြိုးမှုနည်းနည်းနှင့် ရှင်သန်ရပါလိမ့်မည်။ သက်ရောက်မှုများကို နားလည်နိုင်ရန် အောက်ပါအတိုင်း စဉ်းစားကြည့်နိုင်သည်။ အကယ်၍ ကမ္ဘာ့စီးပွားရေးအနာဂတ်ကို လှမ်းမျှော်ကြည့်လျှင် စီးပွားရေးအကျပ်အတည်းမတိုင်မီဖွံ့ဖြိုးမှုနှုန်းထား (နှစ်စဉ် ၅ ရာခိုင်နှုန်းကျော်) အတိုင်း တိုးတက်ခဲ့မည်ဆိုပါက ကမ္ဘာ့စီးပွားရေးမှာ ၁၅ နှစ်အတွင်း အရွယ်အစားနှစ်ဆကြီးမားနေပါလိမ့်မည်။ ၃ ရာခိုင်နှုန်းဖြင့် တိုးတက်ပါက ကမ္ဘာ့ဂျီဒီပီနှစ်ဆဖြစ်ရန် ၂၅ နှစ်ကြာမြင့်မည်ဖြစ်သည်။ စုပေါင်းဖွံ့ဖြိုးတိုးတက်မှုအင်အားကို ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ်အထိခိုက်ခံလျစ်လျူရှုခဲ့ကြသည်။

မရေရာမှုဘက်ကကြည့်ပါလျှင် ကမ္ဘာ့အကြီးမားဆုံးစီးပွားရေး နိုင်ငံကြီးလေးနိုင်ငံမှာ လတ်တလောတွင် ကြီးမားသော အပြောင်းအလဲများဖြင့်ဖြတ်သန်းနေရသည်။ အမေရိကန်နိုင်ငံမှာ အက်ကြောင်းထနေသော နိုင်ငံရေးပတ်ဝန်းကျင်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေရသည်။ တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားကုန်ပစ္စည်းတင်ပို့မှုအပေါ် အခြေခံသော စီးပွားရေးပုံစံမှ ပြည်တွင်းဝယ်လိုအား ဦးဆောင်သောစီးပွားရေးပုံစံဆီသွားရန် ရွေ့လျားနေရသည်။ ဥရောပက ဘုံငွေကြေးစနစ် အစည်းမပြေဘဲ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ရုန်းကန်နေရပြီး ရှုပ်ထွေးသောအဖွဲ့အစည်းများဆိုင်ရာကိစ္စအမြောက်အမြားကို ဖြေရှင်းနေရသည်။ ဂျပန်နိုင်ငံကတော့ နှစ်ပေါင်း ၂၀ ကြာ ငွေကြေးနှင့် ကုန်ပစ္စည်း ဈေးနှုန်းများကျဆင်းမှုကို သမားရိုးကျမဟုတ်သောငွေကြေးမူဝါဒများဖြင့် တွန်းတွန်းတိုက်တိုက်ချေဖျက်ရန် ကြိုးစားနေရသည်။

အဆိုပါနိုင်ငံနှင့် ဒေသတစ်ခုချင်းစီအတွက် ရှုပ်ထွေးပြီး အကဲဆတ်သောမူဝါဒဆုံးဖြတ်ချက်များကို ဖော်မြူလာချ၊ အဖြေထုတ်ရာတွင်မသိကိန်းအများအပြားလည်း ပါဝင်နေသည်။ ထိုအထဲတွင် တစ်ကမ္ဘာလုံးအပြန်အလှန် မှီခိုနေမှုကြောင့် မရည်ရွယ်ဘဲ ကြီးမားသည့်နောက်ဆက်တွဲအကျိုးဆက်များ၏ အန္တရာယ်လည်းပါဝင်သည်။ ဥပမာအားဖြင့် အမေရိကန်ဗဟိုဘဏ်၏ အရေအတွက်အားဖြင့် သက်သာရာရစေခြင်း (ငွေကြေး) မူဝါဒမှာ အခြားနိုင်ငံများ၏ ငွေကြေးများအပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိခဲ့သည်။ ယင်းအတွက် စီးပွားရေးအင်အားကြီးမားလာကာ ဈေးကွက်များမှနေ၍ အပြန်အလှန် ငွေကြေးစီးဆင်းမှုမရှိခဲ့ပေ။

အရေအတွက်အားဖြင့်သက်သာရာရစေခြင်း (QE)ကို စတင်ခဲ့ချိန်ကလည်း ယင်းမှာ အပြစ်အနာအဆာအနည်းဆုံးနည်းလမ်းဖြစ်ခြင်းကြောင့် ယင်းအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားကျကပ်ကို ရှောင်လွှဲနိုင်ခဲ့သည်။ သို့သော် ယင်းမူဝါဒ၏ မကောင်းသောအချက်များမှာ ယခုအခါ သိသာထင်ရှားပြီး ယင်းမူဝါဒ နောက်ဆုတ်သွားခြင်းနှင့်အတူ ၂၀၁၄ တွင် ကမ္ဘာ့စီးပွားရေးမရေရာမှု ထပ်မံကြီးထွားလာနိုင်သည်။

အမေရိကန်ဗဟိုဘဏ်၏QE မူဝါဒနှင့် အခြားနိုင်ငံများတွင် ယင်းနှင့်ပုံစံတူ မူဝါဒများလည်းရှိခဲ့ရာ ဗဟိုဘဏ်ကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ကြီးမားကျယ်ပြန့်သွားစေခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းမတိုင်မီက ကန်ဒေါ်လာ ၅-၆ ထရီလီယံသာရှိခဲ့သော ငွေစာရင်းမှာ ယခုအခါကန်ဒေါ်လာ ၂၀ ထရီလီယံအထိ ရှိလာခဲ့သည်။ ယင်းအတွက် ဘဏ္ဍာရေးဈေးကွက်များ ငွေကြေးလွယ်လွယ်ရရှိမှုကို စွဲလမ်းသွားစေခဲ့သည်။ ယင်းမှနေ၍ တစ်ကမ္ဘာလုံး အမြတ်နောက်လိုက်သော ယဉ်ကျေးမှု၊ တန်ဖိုးသင့်နိုင်သောပစ္စည်းများ၏ တန်ဖိုးဖောင်းပွမှု၊ အရင်းအနှီးကို တလွဲနေရာချထားသုံးစွဲမှုများဖြစ်ပေါ်လာခဲ့သည်။

ရလဒ်မှာမူ အရေအတွက်အားဖြင့် ငွေကြေးသက်သာရာရစေခြင်းမူဝါဒ ရှည်ကြာလာလေလေ တကယ့်စီးပွားရေးထိခိုက်မှုကြီးလာလေလေဖြစ်လာခဲ့သည်။ ယခုအခါ ပူပန်စရာဖြစ်နေသည်မှာ ကန်ဗဟိုဘဏ်က QE မူဝါဒကို ပြုပြင်လိုက်၍ ကမ္ဘာ့ဈေးကွက်များတွင် ဒေါ်လာစီးဆင်းမှု ခန်းခြောက်သွားခဲ့ပါက အခြေခံဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြဿနာများ၊ ဝင်ငွေထွက်ငွေ မညီမျှမှုများ ပြန်လည်ပေါ်ထွက်လာပါလိမ့်မည်။ တကယ်တမ်းလည်း ဖွံ့ဖြိုးပြီးစီးပွားရေးနိုင်ငံများ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ရေး ပြုပြင်ပြောင်းလဲမှုများ ဆုံးခန်းမတိုင်သေးမီမှာပင် ယင်းနိုင်ငံများ၏ အစိုးရနှင့်ပုဂ္ဂလိကကြွေးမြီစုစုပေါင်းမှာ ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) နှင့် အချိုးချကြည့်လျှင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမတိုင်မီကာလကထက် ၃၀ ရာခိုင်နှုန်း ပိုများနေသည်။

ထိုကဲ့သို့မသေချာမရေရာမှုအခြေအနေမှာ စီးပွားရေးအင်အားနည်းလာခြင်းနှင့်လည်း တိုက်ဆိုင်နေပါသည်။ ၂၀၀၇ ခုနှစ်က ဆိုလျှင် ထွန်းသစ်စဈေးကွက်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုထက် အပြတ်အသတ်ရှေ့ရောက်နေမည်ဟူ၍ ဖြစ်သည်။ ယနေ့ချိန်ခါတွင်မူ ဖွံ့ဖြိုးပြီးနိုင်ငံများက ထွန်းသစ်စစီးပွားရေးနိုင်ငံများထက် ကမ္ဘာ့ဂျီဒီပီကို ပိုမို၍ထည့်ဝင်ပေးနေရသည်။ ထွန်းသစ်စနိုင်ငံများ၏ ဖွံ့ဖြိုးမှုမှာ လာမည့်နှစ်များတွင် ပျမ်းမျှ ၄ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြသည်။

ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးအခြေအနေမှာ တဖြည်းဖြည်းချင်း တိုးတက်လာနေပါသည်။ သို့သော်လည်း အကျဘက်ယိုင်သော ဖိအားများမှာ နှစ်ပေါင်းများစွာ ဆက်ရှိနေပါဦးမည်။ သာဓကအားဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးမှာ တင်းပြည့်ကျပ်ပြည့်နာလန်ထူမှုပုံစံမဟုတ်ပေ။ ငွေကြေးဖောင်းပွမှုမှာ နိမ့်ပါးလွန်းနေပြီး အလုပ်လက်မဲ့နှုန်း အလွန်မြင့်မားနေသည်။ အစိုးရက ထုတ်ပြန်သော အချက်အလက်များမှာ မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ပြီး အမေရိကန်စီးပွားရေး၏ ကြံ့ကြံ့ခံနိုင်စွမ်းကိုထင်ဟပ်နေသည်။ သို့သော်လည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမတိုင်မီက စားသုံးသူများ၏ သုံးစွဲမှုပုံစံမျိုးနှင့် ဖွံ့ဖြိုးမှုပုံစံများ တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာမည့်ပုံမရှိပေ။

ယူရိုဇုန်၏တိုးတက်မှုများမှာ အစစ်အမှန်ဖြစ်သော်လည်း နှေးကွေးလွန်းလှသည်။ သတင်းကောင်းက အချို့လူများ ဟောကိန်းထုတ်ခဲ့သော ဆိုးရွားသည့်အခြေအနေများကို ရှောင်လွှဲနိုင်ခဲ့ပြီး ဥရောပ၏ စီးပွားကျကပ် အဆုံးသတ်ရန် နီးကပ်လာခြင်းဖြစ်သည်။


ထိုအတောအတွင်း ထွန်းသစ်စနိုင်ငံများ၏ စီးပွားရေးနှေးကွေးလာမှုမှာ ဆက်လက်တည်ရှိနေမည့်ပုံစံရှိသည်။ BRIC နိုင်ငံများဖြစ်သော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့၏ စီးပွားရေးမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ကောင်းမွန်သည့် တိုးတက်မှုရှိခဲ့သော်လည်း ၎င်းတို့၏ပြုပြင်ပြောင်းလဲမှုများတွင် ရှုပ်ထွေးနေသော ပြဿနာများကြောင့် ရှေ့ဆက်တိုးတက်ရေး ခက်ခဲနေသည်။


စီးပွားရေးမရေရာမှုများနှင့်အတူ နိုင်ငံရေးလှိုင်းထန်မှုများ၊ လူမှုရေး မတည်ငြိမ်မှုများနှင့် ကမ္ဘာကြီးအတွက် ၂၀၁၄ သည် ဆက်လက်ရုန်းကန်ရမည့်နှစ်ပင်ဖြစ်နေပါဦးမည်။

*—Ref: The Golbal Economy in 2014*

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# 7DAY BOOK REVIEW





## လွမ်းလေသမျှ

**ခင်လှိုင်ကြူ**

တက္ကသိုလ်ကျောင်းသားဘဝမှစ၍ ကျောင်းသားလှုပ်ရှားမှုများတွင် စူးစူးနစ်နစ်ပါဝင်ခဲ့ပြီး အာဏာရှင်တို့၏ ထောင်တွင်းအကျဉ်းချခံခဲ့ရသူ။ ၁၉၈၈ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ပြီး ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု ခရမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခြင်းခံရသူ။ စစ်အာဏာရှင်တို့၏ အကျဉ်းချနှိပ်စက်ခြင်းခံရရာမှ ထောင်အတွင်းကျဆုံးခဲ့သူ။ "ကျွန်တော်ရဲ့ဘဝ၊ ကျွန်တော်ရဲ့အသက်ကို မြန်မာပြည်ဒီမိုကရေစီရေးအတွက် ပေးအပ်ပါတယ်။ တကယ်လို့များ မြန်မာပြည်ဒီမိုကရေစီရရှိဖို့ အရိုးတွေတောင်လိုပုံမယ်ဆိုရင် အရိုးတောင်ပုံရဲ့အောက်ဆုံးနေရာမှာ ကျွန်တော့်အရိုးရှိရပါစေမယ်" ဟု ရဲရဲတောက်သစ္စာပြုခဲ့သူဦးတင်မောင်ဝင်း(ခရမ်း)၏နိုင်ငံရေးနှင့် ဘဝဖြတ်သန်းမှုများကို ဝတ္ထုရှည်သဖွယ်ရသဟန်ဖြင့် ရေးသားထားသောစာအုပ်ဖြစ်သည်။

စာရေးသူဆရာမ ခင်လှိုင်ကြူမှာ ဝတ္ထုတို၊ ဝတ္ထုရှည်များရေးဖွဲ့ရာတွင် ရသမြောက်အောင် ရေးဖွဲ့လေ့ရှိသူဖြစ်ပြီး ဦးတင်မောင်ဝင်း(ခရမ်း)၏ ဇနီးသည်လည်းဖြစ်ရာ "လွမ်းလေသမျှ"မှာ စာဖတ်သူ၏ နှလုံးအိမ်ကို ဆွဲငင်ညှို့ယူသွားစေနိုင်ပါသည်။ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်၊ ဆဲဗင်းဇူလိုင်ကျောင်းသားခေါင်းဆောင်ဦးလှရွှေ(အောင်သာ-ပီသုံးလုံး)တို့၏ အမှာစာများနှင့်အတူ လေးစားဖွယ်ရာ နိုင်ငံရေးသမားတစ်ဦး၏ စိတ်ဓာတ်၊ အတွေးအခေါ် အယူအဆများကို ဖတ်ရှုရမည်ဖြစ်သည်။ Wisdom House က ထုတ်ဝေပြီး တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## အညှိုမှုသည် ကြက်သွေးနီသို့

**မသီတာ (စမ်းချောင်း)**

စာရေးသူ မသီတာ(စမ်းချောင်း)၏ အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်နှင့် ဟားဗတ်တက္ကသိုလ်သို့ စာပေဆိုင်ရာ အစီအစဉ်များ တက်ရောက်စဉ် အတွေ့အကြုံဖြတ်သန်းမှုများကို ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဘရောင်းတက္ကသိုလ်ကို အညိုဟု တင်စားပြီးဟားဗတ်ကိုကြက်သွေးနီဟု ရည်ညွှန်းကာ ရေးသားထားသည့် စာရေးသူ၏ စာပေဆိုင်ရာခရီးစဉ်မှာ စိတ်ဝင်စား ဖွယ်ကောင်းလှသည်။

"ရာမာမထာဟောပြောပွဲကြောင့် ကိုယ့်အားဝိပဿနာတရားအားထုတ်နည်းကို မျှဝေဟောပြောပေးရန် ကိုယ့်ဘဝဖြတ်သန်းမှုကို အခြေခံသော ကိုယ့်ဇာတိမြေ ပဋိပက္ခရေးအကြောင်း ပြောကြားပေးရန် တောင်းဆိုခဲ့ကြသည့် ကောလိပ်၊ တက္ကသိုလ်အချို့ပေါ် ပေါက်လာပါသည်။ မက်ဆာချူးဆက်တစ်ခွင်မှာ ကောလိပ်၊ တက္ကသိုလ်ကျောင်းပေါင်း ရာချီရှိသဖြင့် အချို့သော ကျောင်းများကိုသာ လက်ခံဖြစ်ပါသည်။ အချို့ကျောင်းများက ဝိပဿနာအားထုတ်မှုကို အပတ်စဉ် နေ့ရက်မှန်မှန် စုပေါင်းအားထုတ်ကြခြင်းမျိုးရှိရာ ထိုကဲ့သို့သော ပွဲကလေးများသို့လည်း သွားရောက်ပြောကြားဖြစ်ခဲ့ပါသည်။ ထိုထိုသော ဟောပြောပွဲများတွင် အမှတ်တရ ဖြစ်ရသည့် ကျောင်းဟောပြောပွဲအချို့မှာ ဝဲလ်လက်စ်လီအမျိုးသမီးကောလိပ်မှ ဟောပြောပွဲဖြစ်ပါသည်။ ဝဲလ်လက်စ်လီကားလက်ရှိအမေရိကန်ဝန်ကြီးချုပ် ဟီလာရီတက်ခဲ့သည့်ကျောင်းဖြစ်သကဲ့သို့ အိန္ဒိယမှ နေရှူးမိသားစုဝင် အမျိုးသမီးအချို့တက်ရောက်ခဲ့သည့်ကျောင်းလည်း ဖြစ်ပါသည်။" ဟု စာရေးသူက သူ့အတွေ့အကြုံ အချို့ကို ဝေမျှထားသည်။ ငါတို့စာပေက ထုတ်ဝေပြီး တန်ဖိုး ၂,၀၀၀ ကျပ် ဖြစ်သည်။

# Knowledge ဗဟုသုတ

## အကျီချိတ်တွေကို ဘယ်အချိန်တည်းက သုံးခဲ့တာလဲ

အကျီများကို နေလှမ်းရာတွင်ဖြစ်စေ၊ မခေါက်ဘဲထား၍ တွန့်ကြေသွားမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်စေ အကျီချိတ်များကို ယနေ့အခါ ကျယ်ပြန့်စွာသုံးနေပြီး မရှိမဖြစ်အိမ်သုံးပစ္စည်းများတွင် ပါဝင်နေသည်။ အချို့သော သမိုင်းဆရာများက သစ်သားအကျီချိတ်များ၏ရှေ့ပြေးပုံစံကို အမေရိကန်သမ္မတ သောမတ်စ်ဂျက်ဖာဆင်က တီထွင်ခဲ့သည်ဟု ယုံကြည်သည်။ သို့သော် ယနေ့အသုံးများနေသော အကျီပခုံးတွင် လက်ပေါက် များကို စွပ်ထားနိုင်သည့် ချိတ်ပုံစံမျိုးကို ၁၈၆၉ တွင် အမေရိကန်နိုင်ငံ ကွန်နက်တီကပ်ပြည်နယ် နယူးဗြိတိန်မှ အို၊ အေ၊ နော့်သ်ဆိုသူက တီထွင်ခဲ့သည်ဆိုသည်။ မစ်ရှီဂန်ပြည်နယ် Timberlake Wire and Novelty ကုမ္ပဏီမှ အလုပ်သမားတစ်ဦးဖြစ်သူ အဲလ်ဘတ်ဂျေ၊ ပက်ဟောက်စ်ဆိုသူက ၎င်း၏ ကုမ္ပဏီတွင် အတူအလုပ်လုပ်သူ လုပ်သားများအတွက် ကုတ်အကျီချိတ်ရာနံရံချိတ်များ မလုံလောက်၍ ဝိုင်ယာကြိုးများကို ကွေးကောက်ပုံသွင်းထားသော အကျီချိတ်များကို စတင်တီထွင်ပေးခဲ့သည် ဆိုသည်။

—*Ref: About/wiki*

# တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ရင်ဆိုင်ဖြေရှင်းရသည့်ကိစ္စများတွင် အောင်မြင်မှုရမည်။ ခက်ခဲသောပြဿနာများကို ထိပ်တိုက်ရင်ဆိုင်ရမည်။ မိမိကိစ္စသာမက သူတစ်ပါးကိစ္စများအတွက်ပါ ဆောင်ရွက်နေရမည်။ လူမုန်းခံရမည်။ နေ့မနား၊ ညမနား၊ အလုပ်ပို၊ ကိစ္စပိုများလုပ်ကိုင်နေရမည်။ သေချာပေါက် ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ထားသည့်ကိစ္စများ တလွဲတချော်ဖြစ်သွားမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်မျိုးပြီးတစ်မျိုးကြုံတတ်သည်။ ငွေကြေးကိစ္စအာမခံမှု၊ တာဝန်ယူမှုမပြုသင့်၊ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ အိမ်အနီးအပါး မီးအန္တရာယ်ရှိတတ်သည်။ ကျန်းမာရေးဂရုစိုက်ရမည်။ ငွေရေးကြေးရေးကိစ္စများအထူးသတိဖြင့်ဆောင်ရွက်ပါ။ ခေါင်းမာခြင်း၊ ဇွတ်တရွတ်လုပ်ခြင်းကြောင့် မလိုလားအပ်သော စိတ်အနှောင့်အယှက်ဖြစ်ပွားတတ်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လုပ်သင့်လုပ်ထိုက်သည်ကတစ်မျိုး လက်တွေ့လုပ်သည်ကတစ်မျိုး ဆုံးဖြတ်ချက်မှားယွင်းပြီး အခက်အခဲကြုံတတ်သည်။ တစ်ပါးသူက နားပူနားဆာပြောသော စကားအပေါ် အလိုလိုက်မိ၍ မိမိတွင်အမှားကြုံတတ်သည်။ အေးအေးချမ်းချမ်းနေလေကောင်းလေဖြစ်သည်။ ပြဿနာများ အခက်အခဲအရှုပ်အထွေးများဝန်းရံနေသောကာလဖြစ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဆုံးဖြတ်ချက်မှား၍ ပြက်ရယ်ပြုခံရခြင်းကြုံမည်။ ကိုယ်ပိုင်အရည်အသွေးကို တလွဲသုံးစွဲမိ၍ အကျိုးယုတ်လျော့ခြင်းမျိုးကြုံတတ်သည်။ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာကောင်းလွန်လွန်ကဲကဲထားရှိခြင်းကြောင့် မိမိတွင် ပြဿနာများစွာနှင့် ရင်ဆိုင်ရကိန်းရှိသည်။ လှည့်စားတတ်သူ၏ လိမ်ညာမှုကျော့ကွင်းအတွင်း သက်ဆင်းရကိန်းကြုံသည်။ ပစ္စည်းပျောက်မည်။ စီစဉ်ထားသည့်ကိစ္စများရွှေ့ဆိုင်းရမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရန်များမည်။ မိမိကစေတနာနှင့် စနစ်တကျ ဆောင်ရွက်ပေးမှုအပေါ် ဝေဖန်ခြင်း၊ ရန်မူခြင်းခံရတတ်သည်။ အတွင်းလူသစ္စာဖောက်တတ်သည်။ မိသားစုနှင့်ပတ်သက်သော ကိစ္စရေးရာအဖြာဖြာကို အထူးအောင်မြင်စွာဆောင်ရွက်နိုင်ကိန်းကြုံမည်။ ရုတ်တရက် ပေါ်ပေါက်လာသည့်ပြဿနာနှစ်ခုအား ဖြေရှင်းပြီးနောက် ခရီးကိစ္စအပြောင်းအလဲကိစ္စများတစ်ဆက်တည်း ပေါ်ထွန်းလာမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လုပ်သမျှအောင်မြင်မည်။ စိတ်ချမ်းမြေ့စရာများတစ်မျိုးပြီးတစ်မျိုးကြုံနိုင်သည်။ ကံအခွင့်အရေးသစ်ပွင့်မည်။ ရည်မှန်းချက်လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စပြောဆိုဆောင်ရွက်အောင်မြင်မည်။ မိမိအားအမျိုးမျိုးဒုက္ခပေးသည့်သူများ ရန်ဘေးမှကင်းလွတ်ဝေးသွားမည်။ အခြေအနေအရပ်ရပ်ကြောင့် ရှေ့တိုးနိုင်ခြင်းမရှိ၊ ရပ်တန့်နေသည်များ ဆက်လက်ရှေ့တိုးနိုင်မည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ခက်ခဲပေ့၊ လုပ်၍တော်ရုံတန်ရုံမဖြစ်ဟူသော လုပ်ငန်းများကိုပင် ထိထိရောက်ရောက်အောင်မြင်ထိုးဖောက်ဆောင်ရွက်နိုင်သည့် ကံပေါ်ထွန်း၏။ ငွေကြေးစီးပွား၊ လုပ်ငန်းတိုးတက်အောင်မြင်မှုများရရှိမည်။ မိမိအပေါ် အနိုင်ယူစိုးမိုးထားသူများကိုပင် ပြန်လည်စိုးမိုးနိုင်သော အနေအထားရှိသည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးတက်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လုပ်သမျှ ဖရိုဖရဲဖြစ်မည်။ စိတ်ပင်ပန်းစရာများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ မူလမှန်းထားသည်ကတစ်မျိုး လက်တွေ့ဆောင်ရွက်သောအခါ၌ ဖြစ်နိုင်ခြေမရှိသောကြောင့် လမ်းကြောင်းကူးပြောင်း၍ ဆောင်ရွက်ရာမှ တစ်စစ အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး ဦးတည်ချက်အသစ်သို့ပင် ရွေ့ရှူမည့်ကိန်းကြုံသည်။ ဝန်းကျင်သစ်နှင့်ဆက်ဆံရမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ သူစိမ်းအကျိုးပေးမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အပြောင်းအလဲရှိမည်။ တိုးတက်မည်။ နေရာသစ်ပုံစံသစ်များနှင့် ထိတွေ့ရမည်။ မူလရည်ရွယ်ထားခြင်းမရှိဘဲ ရုတ်တရက်ပေါ်ပေါက်လာသည့်အခြေအနေကို အသုံးချပြီး ဆောင်ရွက်သည့်ကိစ္စများမှ ထူးခြားစွာအောင်မြင်ခြင်းကြုံမည်။ သူတစ်ပါးကြောင့် ပျက်ယွင်းခဲ့သည့်အလုပ်အကြံအစည်များပြန်လည်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ နေအိမ်၊ နေရာထိုင်ခင်းပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်းများကြုံမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့မည်။ လုပ်ချင်သည်ကတစ်မျိုး လက်တွေ့တစ်မျိုးကြုံမည်။ စိတ်ကူးရည်ရွယ်ထားပြီး လက်တွေ့ဆောင်ရွက်ရန် မဝံ့မရဲဖြစ်နေ သည့်ကိစ္စများကိုပြီးမြောက်အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော်နိုင်သည့်ကာလဖြစ်သည်။ ရန်အပြိုင်၊ အတိုက်အခံနှင့်ယှဉ်၍ လုပ်ငန်းစီးပွားဆောင်ရွက်ရမည်။ နေအိမ်၊ အလုပ်ဝန်းကျင်တွင် လူသစ်များရောက်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်ရွယ်ချက်အောင်မြင်မည်။ မိသားစုတွင် အလုပ်စီးပွားတိုးတက်ခြင်း ငွေကြေးကံကောင်းခြင်းရှိမည်။ စိတ်ချမ်းသာမှုရရှိမည်။ ယာယီခရီးသွားရမည်။ ခရီးလမ်းတွင် ကြန့်ကြာခြင်း၊ ဘေးအန္တရာယ်ကြုံခြင်းရှိက အလွန်ကောင်းသည်။ ထိုကဲ့သို့ အညံ့ကြုံခြင်းရှိက အလွန်ကောင်းသည်။ ထိုကဲ့သို့ အညံ့ကြုံပြီးလိုရာရောက်သောအခါတွင် မူလရည်မှန်း၊ စိတ်ကူး၊ စီစဉ်ထားသည်ထက် ပို၍ အဆင်ပြေမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

တစ်စုံတစ်ရာမှမရှိဘဲ လက်လွှတ်ဆုံးရှုံးနေရာမှ မထင်မှတ်ဘဲ အလုပ်အခွင့်ကောင်းကြီးရမည်။ အလုပ်လက်ခံပြီး ဆောင်ရွက်နေဆဲပိုကောင်းသော လုပ်ငန်းအခွင့်အရေးရမည်။ အပြောင်းအလဲပြုရန်အတွက် လူမှုရေးရှုထောင့်မှ တွက်ဆဝန်လေးမှုမရှိပါနှင့်။ ပိုကောင်းသောလမ်းကြောင်းသို့ ဦးတည်လိုက်ပါ။ လုပ်ငန်းသစ်၊ အကြံအစည်သစ်များ အကောင်အထည်ဖော်၍ အကျိုးရှိမည်။


# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၆၉)

## အလျားလိုက်

၄။ ရောမခေတ်က အာဏာရှင်
၆။ အလုပ်အကိုင်ပြပွဲလုပ်သောမြို့နယ်
၉။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရှိသော်လည်း နည်းပါးနေသေးသော အရာတစ်ခု
၁၀။ ချင်းပြည်နယ်တွင်လမ်းပိတ်သော အကြောင်းရင်းတစ်ခု
၁၁။ မြန်မာနိုင်ငံတွင် မြင့်မားလာသော နှုန်းတစ်ခု
၁၂။ ရုရှားတွင် ကျင်းပမည့်ပွဲတော်


## ဒေါင်လိုက်

၁။ မြန်မာနိုင်ငံသို့လာသော အိမ်ရှေ့မင်းသမီး
၂။ ဆံပင်အဝယ်ထွက်သူများ ရောက်ရာဒေသ
၃။ ဆရာ/ဆရာမအနည်းဆုံး ငါးဦးခန့်ထားမည့် နေရာများ
၅။ နော်ဝေးပညာသင်ဆုဖြင့် စေလွှတ်သောကျောင်း
၇။ ဆော်ဒါများတွင် ပါဝင်သော အချိုဓာတ်က နှိုးဆွသော ဦးနှောက်နေရာ
၈။ မသန်စွမ်းသူများ ကစားသော အားကစားနည်းတစ်မျိုး



**ပဟေဠိအမှတ်စဉ်(၂၆၈) အတွက် အဖြေမှန်သူမရှိပါ။**

### ပဟေဠိ အမှတ်စဉ်(၂၆၈)အဖြေမှန်





**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃၁-၁-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**




**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**ကူညီဆောင်ရွက်ပေးသည်**

အချိန်ပိုင်းစာရင်းဆွဲသည်။ စစ်သည်။ လူကြီးမင်းတို့လုပ်ငန်း၏ စာရင်းဇယားများအားလုပ်သက်(၉)နှစ်ရှိသူမှကူညီဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉-၇၃၀၉၀၄၈၃

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ချမ်းမြသီတာလမ်း၊ ပေ(၄၀×၁၀၀)၊ အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း Million Coins ဘေးလမ်းမှလည်းဝင်နိုင်၊ ပြည်လမ်းမမှလည်းဝင်နိုင်၊ သိန်း(၅,၀၀၀)။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

တောင်ဥက္ကလာ၊ ပါရမီလမ်းမပေါ်၊ ပေ (၂၀×၁၀၀)၊ RC နှစ်ထပ်တိုက်၊ အိပ်ခန်း ၃ ခန်း၊ အပေါ်အောက်ရေချိုးခန်း၊ အိမ်သာ၊ မီတာ ၂လုံး၊ သိန်း- ၆,၀၀၀။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မ/ဒဂုံ၊(၄၆)ရပ်ကွက်၊ ဒဂုံတက္ကသိုလ်အနီး၊ ပေ(၄၅×၆၀)၊ တစ်ထပ်တိုက်၊ အိပ်ခန်း ၂ခန်းပါ၊ ရေကူးကန်ပါ၊ သိန်း-၉၀၀။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ခဝဲခြံ(၁)လမ်း၊ ပေ(၂၄×၄၀)၊ ၃ လွှာ၊ အိပ်ခန်း ၂ ခန်း၊ Master Bedroom ၁ ခန်း၊ သိန်း-၃၇၀။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ ဦးအေး(၅)လမ်း၊ မြေညီထပ်၊ ပေ(၁၂×၄၀)၊ သိန်း-၂၅၀။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ကြိုပွဲငွေဖြင့်ရောင်းမည်**

တောင်ဥက္ကလာ၊ ပင်းယလမ်း၊ ပေ (၂၀×၆၀)၊ မြေညီ၊ သိန်း-၅၅၀၊ မှန်ခန်း၊ သိန်း-၄၅၀ (၃ လပိုင်းစတင်မည်)။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ကြိုပွဲငွေဖြင့်ရောင်းမည်**

တောင်ဥက္ကလာ၊ စာဂ(၁၇)လမ်း၊ ပေ (၁၈×၅၅)၊ မြေညီ၊ သိန်း-၅၅၀၊ မှန်ခန်း၊ သိန်း-၄၅၀၊ ၄ လွှာ၊ သိန်း-၃၅၀ (၂လပိုင်းစတင်မည်)။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ဝန်ဆောင်မှု**

သင့်ဘဝ၏ လက်တွဲဖော်ကို ကူညီရှာဖွေပေးပါမည်။ Member အဖြစ်စာရင်း ပေးသွင်းနိုင်ပါသည်။ ဖုန်း-၀၁ ၂၂၇၁၉၉

**Si Thu**

ကွန်ပျူတာအထူးပြုပြင်ပေးပါသည်။ လချုပ်၊ နှစ်ချုပ်ဖြင့်လည်းဆောင်ရွက်ပေးပါသည်။ ဖုန်း-၀၉ ၄၂၀၁၁၀၂၄၇

**ဝန်ဆောင်မှု**

မြန်မာမြေ လုပ်ငန်းစုသို့ အကျိုးတူ ကွန်ဒို၊ တိုက်ခန်း၊ အိမ်ရာများ ဆောက်လုပ်လိုပါက စုံစမ်းဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ထူးထက်သာ အမှတ်တံဆိပ်**

အသည်းရောဂါ ဘီပိုးသက်သာ ပျောက်ကင်းဆေးဝယ်ယူရရှိနိုင်ပါပြီ။ အမှတ်-၆၊ အင်းစိန်လမ်း၊ ဘာတာမှတ်တိုင်။

ဖုန်း-၀၉ ၃၁၂၉၃၂၁၉

**အရပ်မြင့်လမ်းညွှန်သင်တန်း**

အရပ်အမောင်းပုသော သူများအတွက် ဓာတ်စာဆေးဝါး၊ လေ့ကျင့်ခန်းများဖြင့် လမ်းညွှန်သင်ကြားပေးမည်။ လစဉ် သင်တန်းရှိသည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**

တ/ဥ၊ သံသုမာလမ်းမကြီးအနီး၊ ချယ်ရီဥယျာဉ်အိမ်ရာရှေ့၊ ဂရန်မြေ၊ ပေ (၂၀×၆၀)၊ မြေပိုပါ။ ရေမီးပါ။

ရောင်းဈေး-1500L။

ဖုန်း-၀၉ ၄၅၀၀၀၀၄၅၀၁

**ရောင်းမည်**

မ/ဒဂုံ၊ ၄၁ ရပ်ကွက်၊ ဦးဝိစာရလမ်းမကြီးအနီး၊ နှစ်ထပ်တိုက်ခံ၊ ရေမီးစုံ၊ အသင့်နေ၊ ပေ (၄၀×၆၀)။ 1300L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

၃၄ ရပ်ကွက်၊ ဦးဝိစာရလမ်းမကြီးပေါ်၊ ဘေလီတံတားအနီး ပေ (၈၀×၈၀)၊ 2RC၊ ရေမီးပါ၊ ရောင်းဈေး-8650L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

သဃ်န်းကျွန်း၊ ဘုရားလမ်းအနီး သမာဓိလမ်း ပေ (၁၂×၄၅)၊ (ဒါဘာ) ငါးလွှာ၊ သိန်း (၁၃၅)။ ပေ (၁၂×၄၅)၊ လေးလွှာ။ သိန်း (၁၇၀)။ ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

အလှမွေးခွေးပုလေးများကို တစ်ကောင် ၅၀,၀၀၀ ဖြင့် ရောင်းပေးနေပါပြီ။

ဖုန်း-၀၉ ၄၂၀၀၃၄၀၂၀

**ငှားမည်**

မြို့တွင်း၊ နယ်ဝေး ကားအငှားလိုက်သည်။ တက္ကစီများ ကန်ထရိုက်စနစ် ဖြင့်ငှားရမ်းလိုပါသည်။ ယာဉ်မောင်းသူ များ၊ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဖုန်း-၀၉ ၇၃၀၁၂၁၁၇

**ငှားမည်**

မိသားစု၊ အသင်းအဖွဲ့များအတွက် အဆင့်မြင့်ကားမျိုးစုံ ငှားရမ်းရေး ဝန်ဆောင်မှုလုပ်ငန်း။ Sunny Travels& Tours

ဖုန်း-၀၉ ၄၂၀၀၃၆၅၈

**ရောင်းမည်**

Gone With the Wind. Reader Digest Condensed Book ကဲ့သို့ အဖိုးတန်ရှား ပါးဂန္ထဝင် အင်္ဂလိပ်စာအုပ်များ ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းမည်။

ဖုန်း-၀၉၄၃၀၉၆၄၁၀

**ရောင်းမည်**

ကျားကွက်သစ် ရပ်ကွက်၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်၊ ပေ (၃၅×၅၅) မြေညီ။ သိန်း (၂၂၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

မှော်ဘီမြို့၊ ဝါးနက်ချောင်းကျေးရွာ၊ ကျောက်ပြားစက်ရုံအနီး၊ မြေ လေးဧက၊ သိန်း (၃၅၀) ညှိနှိုင်း။

ဖုန်း-၀၉ ၅၃၂၂၂၁၆၆

**သင်ကြားပေးသည်**

ICT နယ်ပယ်တွင် Professional တစ်ဦး အဖြစ် ရပ်တည်နိုင်စေရန်အတွက် Networking, ICT Essential, A+, Web Desing, Java သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။

ဖုန်း-၀၉ ၄၃၀၆၃၈၃၇

**Study Guide**

Grade 10 and 11 တစ်ဘာသာချင်းသီးသန့် (Bio,Eco)ဘာသာစုံအိမ်အရောက် သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၀၁၄၇၃၀၄

**Study & Guide**

တက္ကသိုလ်ဝင်တန်းဘာသာစုံ အိမ်အရောက်သင်ကြာပေးသည်။ Repeater များအဖွဲ့လိုက်သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၂၂၂၀၅၇၉၈

**ရောင်းမည်**

ပြင်ဦးလွင်မြို့၊ DSTA အနီး၊ အကျယ် (၅၅ ×၁၅၀)၊ ခြံခတ်ပြီး (သံပန်းတံခါး)။ ညှိနှိုင်းဈေး(ပွဲစားမလို)

ဖုန်း- ၀၉ ၂၅၀၆၈၁၈၄၁

**ရောင်းမည်**

တောင်ကြီးမြို့(ကျောက်တစ်လုံးကြီး မြို့နယ်) ကပ်ကူရာဘုရားသွားလမ်းမဘေး ပေ (၁၀၀×၆၀)၊ ခြံခတ်ပြီး။ သိန်း (၂၀၀)ညှိနှိုင်း။

ဖုန်း-၀၉ ၇၃၂၀၄၆၃၃

**ရောင်းမည်**

K 125000, Duel Core 2.2. DDR II 1G, 160 HDD, G 31 (1 Year warranty), Power 550W (1 Year Warranty).

PH:09 421127711

**ရောင်းမည်**

CNG Taxi ရောင်းမည်။ Caldina (ကြက်တူရွေး) BB ကိုးထောင်ခြောက်ရာကျော်။ 1999-1.8 CNG 50 အိုး။ သိန်း (၁၇၀) ညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၁၅၁၀၂၆

**ရောင်းမည်**

Hijet (pick up) 2005,power,ac,manual, ၆၁ သိန်း။ ဖုန်း-၀၉ ၇၃၁၅၂၉၀၅

**ဝယ်လိုသည်**

တံဆိပ်ခေါင်းအဟောင်းအသစ်မျိုးစုံ၊ စာအိတ်များ၊ ပို့စကတ်အဟောင်းများ၊ ဆုတံဆိပ်မျိုးစုံ၊ ဒင်္ဂါးပြားမျိုးစုံတို့ကို ဝယ်ယူလိုပါသည်။ ဖုန်း-၀၉ ၇၃၀၂၇၇၈၂

**ရောင်းမည်**

၇ မိုင်၊ အေဒီလမ်း(မေခ) ပေ (၅၂×၁၁၀) ဂရန်အမည်ပေါက်၊ ရောင်း-16500L။

ဖုန်း-၀၉ ၂၅၄၂၂၀၇၅၇

**ရောင်းမည်**

ပါရမီ၊ ကံ့ကော်မြိုင်လမ်း ပေ (၅၃× ၇၀) 1RC,ဂရန်၊ ရောင်း-6000L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**သင်ကြားပေးသည်**

ဝါရင့်ဆရာမကြီးမှ သင်ကြားပေးသည်။ Grade 1 မှ 9 ထိ (အိမ်အရောက်)

ဖုန်း-၀၉ ၄၄၈၀၄၀၀၃၂

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

စာမျက်နှာ(၂၄)မှ

# မင်းဒင်ရဲ့သက်ခိုင်(၂)

အမဲသားဒို့ကာကို ဆက်ပြီးကြားနာရတာကတော့ အဲဒီအမဲသားထုတ်မယ့်နွားတွေကို သတ်ခါနီးဆဲဆဲမှာတောင် နွားတွေစိတ်ချမ်းသာလက်ချမ်းသာ သေနိုင်အောင်သာယာနာပျော်ဖွယ်တီးလုံးလေးတွေဖွင့်ပြ၊ နွားတွေကို နားသောတဆင်ခိုင်းရင် သတ်ထားတာတဲ့ဗျ။ သူပြောခါမှ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်လာပြီး အမဲသားပေါင်းကို အငမ်းမရကြိတ်နေတဲ့ ကျွန်တော်ဟာ ဆက်ပြီးစားမဝင်တော့ဘဲ လေးပုံတစ်ပုံလောက်ချန်ထားခဲ့ရသဗျ။ ထားပါတော့ဗျာ။

ဒါတင်မဟုတ်သေးဘူး။ ကျန်သေးတယ်။ နောက်ဆုံးလာချပေးတာက ငှက်ပျောသီးပူတင်းလိုလိုဟာမျိုးဗျ။ ဝိုင်ကော အမြည်းတွေပါစားသောက်ပြီးနေပြီမို့ငှက်ပျောသီးပူတင်းလိုဟာမျိုးကိုတော့ စားချင်စိတ်မရှိလှတာကြောင့် ရှောင်ဖယ်ဖယ်လုပ်နေတုန်း "စားကြည့်ပါဦးလေ။ အဲဒါပန်းသီးပူတင်းလို့ ခေါ်တယ်။ ဥရောပအစားအစာ" ဆိုပြန်တာကြောင့် ဇွန်းနဲ့ ဖဲ့မြည်းလိုက်တော့ ကောင်းလိုက်တဲ့ အရသာ။ ကျောက်ပန်းတောင်း ထန်းလျက်ကို နတ်သုဒ္ဓါမှတ်ခဲ့တဲ့ အညာသားဟာ မှိုက်ပင်ရွာတောင် မေ့ချင်ချင်ဖြစ်သွားသဗျာ။ အဲဒီစားသောက်ဆိုင်မှာစားရင်းရခဲ့တဲ့ ဗဟုသုတနောက်တစ်ခုကတော့ အစားအသောက်တွေချက်ပြုတ်စီမံရာမှာ ဘော်ဒီ(Body)မပျောက်ဖို့သိပ်အရေးကြီးတယ်ဆိုပဲ။ ဘော်ဒီဆိုတာ ဗမာစကားနဲ့ဆိုရင် "မူလအရသာ"လို့ဆိုနိုင်မယ်ထင်တယ်။ ကျွန်တော်ပြောနေတဲ့ အစားအသောက်တွေအားလုံးဟာဘော်ဒီမပျောက်ပျက်အောင်ချက်ပြုတ်ထားတာကြောင့် ထူးထူးခြားခြားအရသာရှိနေတာပေါ့ဗျာ။ ကျွန်တော်ထပ်ပြီးသိရသလောက် ဒီဆိုင်ဟာ နိုင်ငံတကာသံတမန်တွေ၊ထိုင်းနိုင်ငံကထိတ်ထိတ်ကြဲသူဌေး၊လုပ်ငန်းရှင်တွေ စားကျက်ကျတဲ့နေရာတဲ့ဗျ။ အွန်လိုင်းမှာ တတ်ထားတဲ့ ဈေးနှုန်းက ဒေါ်လာတစ်ရာဝန်းကျင်သာရှိပေမယ့် ကြိုတင်စာရင်းပေးတဲ့ပုဂ္ဂိုလ်၊အဆင့်အတန်းအလိုက်တာဝန်ယူတဲ့ စားဖိုမှူးတွေပေါ် မူတည်ပြီး ဈေးကွာဟနေတာတဲ့ဗျာ။ တချို့အထူးစပါယ်ရှယ်အော်ဒါဝိုင်းတွေအတွက် နိုင်ငံတကာစားဖိုမှူး ခြောက်ယောက်၊ခုနစ်ယောက်လက်စွမ်းပြကြသတဲ့။ စားဖိုးမှူးတွေကိုယ်တိုင် သူတို့လက်ရာတွေရဲ့ ထူးခြားမှုတွေကို ရှင်းပြသတဲ့။ အင်း၊ ကျွန်တော်တို့ တိုင်ပင်မယ့်လုပ်ငန်းပမာဏဟာ အမေရိကန်ဒေါ် လာသန်းရာချီတာမို့ တကယ်တမ်းတွက်ကြည့်ရင် ဒေါ်လာလေးရာတန်ထမင်းဝိုင်းဆိုတာ များတယ်လို့မဆိုနိုင်ပြန်ဘူးဗျ။ ဟား၊ကျွန်တော်လည်း ဒေါ်လာသန်းရာချီတန်တဲ့လုပ်ငန်းရဲ့ အကြဲပေးပုဂ္ဂိုလ်မို့ ဒီဝိုင်းနဲ့ မတန်မရာတော့ မဖြစ်လောက်ဘူးထင်ပါရဲ့။

ပြောရင်ပိုတယ်ထင်မယ်။ ဒီဆိုင်မှာ ထိပ်တန်းအဆင့်အထူးအော်ဒါနဲ့ လူဆယ်ယောက်စာ၊ စားဝိုင်းတစ်ဝိုင်းအတွက် ကျသင့်ငွေဟာ ထိုင်းဘတ်တစ်သန်းအထိတောင်ရှိသတဲ့ဗျ။ တစ်သိန်းမဟုတ်ဘူးနော်။ ဘတ်တစ်သန်း၊ ဗမာငွေနဲ့ဆို အခုငွေလဲနှုန်းအရ ဗမာငွေသိန်းသုံးရာ ဝန်းကျင်ပေါ့ဗျာ။

ကျွန်တော့်မိတ်ဆွေသူဌေးလင်မယားကတော့ ဗမာပြည်မှာဒီလောက်ဈေးကြီးတဲ့ဆိုင်မျိုးနဲ့ တွက်ခြေကိုက်မယ်မထင်တာကြောင့် (MK Restaurant)လိုလူလတ်တန်းစား စားနိုင်မယ့် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ဖို့ကျိတ်တိုင်ပင်နေကြလေရဲ့။

အဲဒီအချိန်မှာပဲ ကျွန်တော့်မိတ်ဆွေကိုယဉ်မင်းဆီကနေ ဖုန်းဝင်လာပြီး "အစ်ကိုဘယ်ရောက်နေသလဲ"မေးတော့ ကျွန်တော်ရောက်နေတဲ့ စားသောက်ဆိုင်နာမည်လည်း ပြောလိုက်ရော သူကအံ့ဩတကြီးနဲ့ "အစ်ကိုဘယ်လိုလုပ် အဲဒီဆိုင်ကို ရောက်နေတုန်း"ဆိုပဲ။ သူလည်း ဒီဆိုင်ကိုဗမာပြည်က ထိတ်ထိတ်ကြဲသူဌေးတွေရဲ့ ကျေးဇူးနဲ့ တစ်ခေါက်ရောက်ဖူးသတဲ့။ မှတ်မှတ်ရရဆိုင်ပိုင်ရှင် မစ္စတာလီကနေ ဗမာသူဌေးတွေအတွက် ဝိုင်ပုလင်း တစ်လုံးစီလည်း လက်ဆောင်ပေးဖူးသတဲ့။ တိုက်တိုက်ဆိုင်ဆိုင်အဲဒီဝိုင်ရဲ့အမှတ်တံဆိပ်ဟာ ရှစ်လေးလုံးတဲ့ဗျာ။ တောင်တောင်အီအီလျှောက်တွေးမနေနဲ့ဦး။ မစ္စတာလီက တရုတ်လူမျိုးမို့ တရုတ်ဘာသာနဲ့ ရှစ်ဂဏန်းကို ရွှတ်ဆိုတဲ့အသံထွက်က မင်္ဂလာရှိတယ်။ ကျက်သရေတိုးတယ်ဆိုပြီး အယူရှိတာကြောင့် ဒီနာမည်ပေးထားတာဖြစ်နိုင်တယ်ဗျ။ ဟုတ်တယ်။ ဘန်ကောက်မှာ ရှစ်လေးလုံး နံပါတ်ပါတဲ့ ကားနံပါတ်ကို ဘတ်သန်းချီလေလံဝင်ဆွဲပြီးစီးတာ တရုတ်သူဌေးတဲ့ဗျာ။ အဲဒီဆိုင်ကနေလက်ဆောင်ရတဲ့ဝိုင်ပုလင်းကို ကိုယဉ်မင်းဟာ မသောက်ရက်ဘဲ သိမ်းထားရာကနေ ရှစ်ဆယ့် ရှစ်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးဘန်ကောက်ကို ရောက်တုန်းက အမှတ်တရလက်ဆောင်ပေးလိုက်ဖူးသတဲ့။

စားသောက်ပြီးလို့ ဝိုင်လက်ကျန်လေးငုံရင်း အလုပ်အကိုင် အကြောင်းစကားစနေတုန်း၊ဖြန်းဆို ကျွန်တော်တို့စားပွဲဝိုင်းဆီကို အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ဗိုက်နည်းနည်းရွှဲပြီး ဆံပင်ဖြူအချို့ရောနေတဲ့ မသေမသပ်ဆံပင်ပုံစံနဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဝင်လာပါလေရောဗျာ။ ထူးခြားတာကတော့ သူ့မျက်နှာပေါ်က ဟန်ဆောင်မှုကင်းလှတဲ့ အပြုံးပဲဗျ။ သူ့အပြုံးဟာတကယ့်ကိုအပြစ်ကင်းတယ်။ သူ့အမူအရာဟာ ပွင့်လင်းဖော်ရွေချက်ဗျာ။ ကျွန်တော်တို့ အားလုံးကို သူကဗမာလိုစပြီး နှုတ်ဆက်သဗျ။ "အားလုံးမင်္ဂလာပါ။ စားလို့ကောင်းကြရဲ့လား။ လိုတာရှိ ပြောနော်။ အားမနာနဲ့။ ကျွန်တော် မစ္စတာလီ"ပါတဲ့။ မစ္စတာလီဟာ အသက်ခြောက်ဆယ့်ငါးနှစ်ဝန်းကျင်ရှိမယ်လို့ခန့်မှန်းရပါတယ်။

လက်စသတ်တော့ စောစောက အမ်းစထရောင်းတစ်ယောက် "အန်ကယ်၊ အန်ကယ်"ဆိုပြီး ဖုန်းဆက်ခေါ်နေတာ မစ္စတာလီပေပဲကိုး။ ဟုတ်ပါတယ်။ သူဟာ ဗမာပြည်ဖွားတရုတ်လူမျိုးတစ်ဦးပါပဲ။ Water Library Restauran ရဲ့ ပိုင်ရှင်မစ္စတာလီပေါ့။ အမ်းစထရောင်းက မစ္စတာလီနဲ့ တစ်ယောက်ချင်း မိတ်ဆက်ပေးအပြီးမှာတော့ "အခုကျွန်တော့်သူငယ်ချင်းတွေလုပ်နေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ အန်ကယ့်ဆီက အကြံဉာဏ်လိုချင်လို့ပါ"လို့လည်း ကျွန်တော်စကားစလိုက်ရော၊ မစ္စတာလီရဲ့ တုံ့ပြန်ချက်ကတော့ " ကျွန်တော်ဘာမှ မတတ်ပါဘူး။ အခုကျွန်တော်တစ်နေကုန် ဝိုင်လျှောက်သောက်ပြီး မူးနေတာပါ"တဲ့။ ကောင်းကြရော့ဗျာ။ ကိုယ့်ကိုယ်ဟုတ်လှပြီ ထင်နေကြတဲ့ တတ်ယောင်ကားတွေနဲ့ "ဘာမှမတတ်ပါဘူး"ဝန်ခံနေတဲ့ နာမည်ကျော်သူဌေးကြီးတွေ့နေကြပါပကော။ မစ္စတာလီဟာ ဝိုင်ခွက်ကိုနှာခေါင်းဝတေ့ပြီး မကြာခဏအနံ့ခံရှူရှိုက်နေလေရဲ့။ အကြာကြီးနေမှ တစ်ငုံလောက်သောက်တာကိုလည်း ကျွန်တော်သေချာသတိပြုမိတယ်ဗျ။ ဝိုင်ကို ဒီပုံစံနဲ့ သောက်နေမှတော့ ဘယ်မှာလာ မူးမတုန်းဗျာ။

ကိုမင်းဒင်ရေကျွန်တော်ဆိုတဲ့ကောင်ကလည်း လူတစ်မျိုးဗျ။ မစ္စတာလီကိုလည်းတွေ့ရော လာရင်းလုပ်ငန်းကိစ္စကြီးကြီးကျယ်ကျယ်တွေကို မေ့ပြီး မစ္စတာလီအကြောင်းကို အရမ်းစိတ်ဝင်စားသွားမိသဗျာ။ သူဟာ ဘာကြောင့်ဗမာပြည်ကိုစွန့်ခွာခဲ့သလဲ။သူဟာထိုင်းနိုင်ငံမှာ ဘယ်လိုရုန်းကန်လှုပ်ရှားခဲ့သလဲ။ အခုကျွန်တော်ရောက်နေတဲ့ ခေါင်ခိုက်အောင်ဈေးကြီးလှတဲ့စားသောက်ဆိုင် ကိုဘယ်လိုစိတ်ကူးစိတ်သန်းနဲ့ဖွင့် ခဲ့သလဲ။ ဒီဆိုင်အပြင်သူဘာလုပ်ငန်းတွေလုပ်နေသေးသလဲဆိုတဲ့ မေးခွန်းတွေ ကျွန်တော့်ခေါင်းထဲကို တန်းစီပြီး ဝင်လာပါလေရော။

အချိန်ရသေးတယ်ဗျာ။ တစ်ဆိုင်ဆိုင်မှာ ဝင်ပြီး ကော်ဖီသောက်ကြရအောင်။ ကျွန်တော်နိုင်ထောင်က အိမ်ကိုမပြန်ဘူးဗျ။ ဖူးခက်တောင်း (Phuket Town)က ခင်ဗျားအိမ်ကို လိုက်ခဲ့ဦးမယ်။ ကျွန်တော်သိသမျှမစ္စတာလီအကြောင်းခင်ဗျားကို ပြောပြချင်သေးတယ်ဗျာ။

**(ဆက်လက်ဖော်ပြပါမည်)**

စာမျက်နှာ(၂၆)မှ

# ရေဖျန်းသော်လည်း မလန်းနိုင်သည့် ပန်းများ

၁၉၈၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ပြီး ရန်ကုန်တိုင်းစည်းရုံးရေးမှူးတာဝန်ယူခဲ့၏။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ခရမ်းမြို့နယ်အမှတ် (၂)မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံရ၏။ ၁၉၉၀ ပြည့်နှစ်အောက်တိုဘာ ၂၃ ရက်တွင် "ခဏလေးလိုက်ခဲ့ပါ"ဟုထောက်လှမ်းရေးကလာခေါ်သွား၏။ ခဏလေးဟူသောစကားကြောင့် တစ်ဘဝစာဆွေးခဲ့ရ၏။ ဘယ်တော့မှ ပြန်မလာနိုင်ရှာတော့။ ချုပ်နှောင်ကာလနှစ်လနှင့် ၂၅ ရက်အကြာ အကျဉ်းထောင်အတွင်းကွယ်လွန်ခဲ့ရှာ၏။ ထိုကာလအတွင်း မိသားစုနှင့် လုံးဝတွေ့ခွင့်မရ။ ၂၅၊ ၁၂၊ ၉၀ နှင့် ၄၊ ၁၊ ၉၁ ရက်တွင် အကျဉ်းထောင်အတွင်းမှ ဇနီးသည်ထံ တိတ်တဆိတ်လျှို့ဝှက်၍ စာပေးပို့၏။ သူသည်ဝမ်းကိုက်ရောဂါခံစားနေရကြောင်း၊ အစားအသောက်အလွန်ညံ့ကြောင်း၊ အားပြတ်နေကြောင်း၊ ကိုယ်အလေးချိန် ၈ ပေါင်၊ ၁၀ ပေါင်ခန့် ကျဆင်းသွားကြောင်း၊ စိတ်ဓာတ်မကျကြောင်း၊ ဆေးဝါးကုသရေးအတွက် အပြင်မှ ကြိုးစားပေးစေလိုကြောင်း စာရေးပေးခဲ့ရှာ၏။ ဒုတိယစာရပြီး နှစ်ပတ်ခန့်အကြာတွင် ထောင်ဆေးရုံ၌ မိသားစုအား အလောင်းခေါ်ပြပြီး "သွေးကင်ဆာ"နှင့် သေဆုံးသည်ဟု သက်ဆိုင်ရာက ပြောကြားသည့်အကြောင်း ရေးသားချက်ကို ဖတ်ရှုရသူတိုင်း ရင်ထုမနာဖြစ်ကြမည်မှာ အလွန်ပင်သေချာလှ၏။

ဦးတင်မောင်ဝင်းကွယ်လွန်သည်ဟူသော သတင်းကိုကြားရစဉ်က စာရေးသူတို့အလွန်ပင် အံ့အားသင့်ခဲ့ရ၏။ ထိုစဉ်က အကယ်၍ သူသည် အစ်ကိုကြီးဖြစ်သော ဦးဇော်ဝင်း၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)နှင့်အတူ မဲပြိုင်မရွေးခဲ့လျှင် သူ့အား လူသိမများဘဲ ယခုလိုအဖမ်းအဆီးခံရမည်မဟုတ်ဟု မိတ်ဆွေအချို့က သုံးသပ်ခဲ့ကြ၏။ ရွေးကောက်ပွဲဝင်၍ ယှဉ်ပြိုင်အရွေးခံသည့်အတွက် ဗိုလ်ချုပ်မှူးကြီးစောမောင်ကိုယ်တိုင်ပင် သူ့အားသတိထားမိပြီး တိုင်းကျော်ပြည်ကျော်ဖြစ်ကာ ပို၍ အမဲခံရသည်ဟု ဆိုခဲ့ကြ၏။ "လွမ်းလေသမျှ"စာအုပ်ကို ဖတ်ရသောအခါ သူ့ဘာကြောင့်ညီအစ်ကိုချင်းယှဉ်ပြိုင်၍ရွေးကောက်ပွဲဝင်ခဲ့ရသည်ကို အထင်အရှားသိရှိရလေ၏။

အဖြစ်က မနှိုင်းကောင်း နှိုင်းကောင်း ဦးနေဝင်းနှင့်တူနေ၏။ ဦးနေဝင်းသည် ရဲဘော်သုံးကျိပ်ဝင်ရန် စာရင်းမပါ။ သူ၏ ဦးလေးသခင်ညီက နေမကောင်းဖြစ်နေ၍ လူစားဝင်သွားခဲ့ခြင်းဖြစ်ကြောင်း စာရေးဆရာကိုကိုမောင်ကြီး၏ "ကျွန်တော်သိသော တရံရောအခါများ"စာအုပ်တွင် Destiny (ကြမ္မာပန်းတိုင်)အကြောင်း ပြောရင်း ဦးနေဝင်းကိုယ်တိုင်ဖွင့်ဟခဲ့ကြောင်းကို ဖတ်ရှုခဲ့ရ၏။ ဦးတင်မောင်ဝင်းသည်လည်း ၁၉၉၀ ပြည့်နှစ်က ခရမ်းမြို့နယ်တွင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် အရွေးခံရန် စာရင်းလုံးဝမပါ။ စာရင်းပါသည်က ရုပ်ရှင်မင်းသားကြီးဦးအောင်လွင်ဖြစ်၏။ ဦးအောင်လွင်နှင့် ဦးဇော်ဝင်းတို့ယှဉ်ပြိုင်ရမှာဖြစ်၏။ သို့သော် ဦးအောင်လွင်မှာ မူလက ခဏလေးစစ်ဆေးရန် ခေါ်ယူသွားရာမှ ပြစ်ဒဏ်စီရင်ခံရ၍ သူ၏နေရာတွင် ဦးဇော်ဝင်းနှင့်ယှဉ်မည့်သူကို အလျင်အမြန်ရှာဖွေရတော့၏။ ဦးဇော်ဝင်းသည် ခရမ်းမှာ သမိုင်းအစဉ်အလာကောင်းခဲ့သူဖြစ်ရာ သူ့အားတော်ရုံတန်ရုံလူ ယှဉ်၍မရနိုင်ပေ။ ထို့ကြောင့် ဦးတင်မောင်ဝင်းအား ဝိုင်းဝန်းအဆိုပြုကြလေရာ နိုင်ငံရေးအရ ရှောင်လွှဲမရနိုင်တော့ဘဲ လက်ခံလိုက်ရခြင်းဖြစ်ကြောင်း သိရှိရပေသည်။ ဦးနေဝင်းသည် လူစားဝင်လိုက်ရာမှ တိုင်းပြည်အထွတ်အထိပ်နေရာသို့ ရောက်ရှိသွားခဲ့၏။ ဦးတင်မောင်ဝင်းကား လူစားဝင်ရာမှ ထောင်သွင်းအကျဉ်းချခံရပြီး မရဏစခန်းသို့ရောက်ရှိသွား၏။ အသက်(၅၂)နှစ်မျှသာရှိသေး၍ လွန်စွာနှမြောဖွယ်ကောင်းလှပေ၏။ သို့သော် ဒီမိုကရေစီတိုက်ပွဲအတွင်း မြတ်သောသေခြင်းအဖြစ် အတားအဆီးများကြားမှပြည်သူပေါင်းထောင်ချီ၍ သူ့အားဂုဏ်ပြုခဲ့ကြ၏။ အာဏာယစ်မူးပြီး ထင်တိုင်းကြဲခဲ့သော ဦးနေဝင်းကားခေါင်းဆောင်ဟောင်းကြီးဖြစ်ပါလျက် ကွယ်လွန်သောအခါ စျာပနတွင် တပည့်နောက်လိုက်များစွာတို့ ကြက်ပျောက်ငှက်ပျောက်ပျောက်ကွယ်ကုန်၏။ ပြည်သူတို့ကား ဆိုဖွယ်ရာမရှိချေ။ အလွန်သံဝေဂယူဖွယ်ကောင်းလှ၏။

ဆရာမခင်လှိုင်ကြူ၏ "လွမ်းလေသမျှ"စာအုပ်တွင် စာရေးသူအနှစ်ခြိုက်ဆုံးက မိသားစုပန်းခြင်းတွင် ဆရာမရေးခဲ့သော ကဗျာပင်ဖြစ်၏။ နောက်ဆုံးအပိုဒ်ကိုသာ ကောက်နုတ်၍ ဖော်ပြလိုက်ပါသည်။

"လွမ်းမျက်ရည်စက်များ
ကြွေသောပန်းပွင့်ပေါ်သို့ . .
ဝေသောပန်းများပေါ်သို့ . .
ရေတွေ့သောပန်းများပေမင့်
မလန်းနိုင်ပါလား ချစ်သူရယ်"

ကဗျာဆိုလိုရင်းကို ဖွင့်ဆိုရလျှင် ပန်းတွေက ကြွေလေပြီ။ ရေသွန်းဖြိုင်ဖြိုင်ရှိနေခဲ့၏။ သို့သော် ပန်းတို့က မလန်းနိုင်တော့။ အဆက်မပြတ်သွန်းသည့်ရေက မျက်ရည်များပင်တည်းဟု အကျဉ်းမျှအဓိပ္ပာယ်ကောက်ယူနိုင်မည်ထင်ပါသည်။

စာရေးသူတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီနိုင်ငံသစ်ကြီးအဖြစ် ပြောင်းလဲလာခဲ့၏။ သို့ရာတွင် ပန်းတွေက မကြွေသင့်ဘဲ ကြွေနေဆဲဖြစ်သည်ကို တွေ့မြင်နေရဆဲဖြစ်၏။ တိုင်းရင်းသားအချင်းချင်း စစ်ခင်းနေခြင်းကြောင့် စစ်မြေပြင်တွင် အသက်ဇီဝိန်ကြွေလွင့်ခဲ့ရသော သွေးချင်းညီအစ်ကိုမောင်နှမများထောင်သောင်းချီ၍ ရှိခဲ့ပြီး ဆက်၍ဆက်၍ ကြွေနေဆဲဖြစ်၏။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများကြောင့် ကြွေလွင့်ခဲ့ရသူတို့မှာလည်း အရေအတွက်မနည်း။ ဆက်၍ဆက်၍ ကြွေလွင့်နေဆဲဖြစ်၏။ တစ်ဆင့်တက်လာသည်မှာ ပဋိပက္ခမဖြစ်ပေါ်စေရန်အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များကိုပင် သတ်ရဲဖြတ်ရဲသောအဆင့်သို့ ရောက်ရှိလာကြောင်း တွေ့ရ၏။ လူကုန်ကူးခံရခြင်းကြောင့် ဘဝကြွေခဲ့ရသော ပန်းအလှတွေကလည်း တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်လျက်ရှိ၏။ အဆိုးရွားဆုံးမှာ ကျိုင်းတုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးတရားခံများဖမ်းဆီးသည့်မော်တော်ယာဉ်နှင့် ရဲများကိုပင် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်၍ တရားခံနှင့် ဖမ်းဆီးပစ္စည်းများကို ပြန်လည်လုယူသည်အထိ ရာဇဝတ်သားတို့၏ ဂိုဏ်းဖွဲ့အကြမ်းဖက်လှုပ်ရှားမှုကြောင့်နိုင်ငံ့ဝန်ထမ်းများအသက်ဇီဝိန်ကြွေလွင့်ခဲ့ကြရခြင်းဖြစ်၏။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းများပေါ်ပေါက်လာပြီး ကိုလံဘီယာ၊ မက္ကဆီကိုတို့လို သတ်ပွဲဖြတ်ပွဲများ ဖြစ်ပေါ်လာပါက အပြစ်မဲ့ပြည်သူတို့ ထပ်မံ၍ မည်မျှကြွေလွင့်နေပါဦးမည်နည်း။ မတွေးဝံ့စရာပင်။

နယ်ပယ်အသီးသီး၌ ပန်းတွေက ကြွေနေဆဲ ကြွေနေမြဲ၊ ရေဖျန်းသော်လည်း မလန်းနိုင်တော့။ ဖျန်းသည့်ရေက ပြည်သူတို့၏ မျက်ရည်များသာတည်း။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လူမျိုးရေးပဋိပက္ခနှင့် အကြမ်းဖက်ရာဇဝတ်မှုများ လုံးဝကင်းဆိတ်၍ တရားဥပဒေစိုးမိုးသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်မှသာလျှင် ပန်းတို့လန်း၍ မျက်ရည်ခန်းမည့်ခေတ်သို့ ရောက်ရှိမည်မှာ မလွဲကေန်တည်း။

# Environment

7DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014


## သံလွင်မြစ်ပေါ်မှ ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုနှင့်ပတ်သက်၍ လူထုဆန္ဒခံယူမှု မတ်လတွင် ပြုလုပ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ဒေသခံများအပေါ် ပွင့်လင်းမြင်သာမှုမရှိသောကြောင့် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းခြောက်ခုနှင့် ပတ်သက်၍ ဆန္ဒခံယူပွဲကို လာမည့် မတ်လတွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မြစ်ချောင်းများဆိုင်ရာ ကွန်ရက်အဖွဲ့က သတင်းထုတ်ပြန်သည်။

သံလွင်မြစ် ဖြတ်သန်းစီးဆင်းသော ရှမ်း၊ ကရင်၊ ကယားနှင့် မွန်ပြည်နယ်တို့မှ ဒေသခံများ၏ သဘောထားမှတ်ချက်ကို ကောက်ယူမည်ဖြစ်ပြီး ရရှိလာသော သဘောထားမှတ်ချက်များကို ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အမတ်များ၊ သမ္မတနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများသို့ပေးပို့သွားမည်ဖြစ်ကြောင်း သံလွင်မြစ်ကြောင်းနှင့် ပတ်သက်၍ လေ့လာသုတေသနပြုခဲ့သူ ဦးစောသာပိုက ပြောသည်။

အစိုးရသည် အဆိုပါ စီမံကိန်းများနှင့်ပတ်သက်ပြီး လွှတ်တော်အမတ်များ၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးမှုများ မရှိသလို စီမံကိန်းကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ပြီး ဘယ်နှနှစ်လုပ်ကိုင်ခွင့်ပြုထားသည်။ အကျိုးမြတ်ခွဲဝေမှု မည်မျှရှိသည်စသော အကြောင်းနှင့်ပတ်သက်၍လည်း ဆွေးနွေးခြင်းလည်းမရှိဟု ဦးစောသာပိုက ဆိုသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဟန့်အတားဖြစ်စေသောကြောင့် ပူးပေါင်းအကောင်အထည်ဖော်နေသော မြန်မာ၊ တရုတ်နှင့် ထိုင်းအစိုးရထံသို့ပြီးခဲ့သည့်အောက်တိုဘာက မြန်မာနိုင်ငံ မြစ်ချောင်းများဆိုင်ရာ ကွန်ရက်အဖွဲ့က အိတ်ဖွင့်ပေးစာများပေးပို့၍ ရပ်တန့်ပေးရန် တောင်းဆိုခဲ့သည်။



*သံလွင်မြစ်တစ်နေရာကို တွေ့ရစဉ်* ဓာတ်ပုံ - flickr

သဘာဝအရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး နယ်မြေဒေသအတွင်း မည်သူကအုပ်ချုပ်ခွင့်ရှိသည်၊ မည်သူက အကျိုးခံစားခွင့်ရှိသည်၊ မည်သူ့အတွက် အသုံးချမည်ဆိုသည့် အရာများသည် ပဋိပက္ခ ဖြစ်ပွားရသော အဓိက အကြောင်းရင်းများဖြစ်သည်။

သို့သော် ယခုအချိန်ထိ ထိုပဋိပက္ခများကို အစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များမဖြေရှင်းနိုင်သေးဟု ကွန်ရက်အဖွဲ့က ဆိုသည်။

ကရင်ပြည်နယ် ဟတ်ကြီးရေကာတာစီမံကိန်းဧရိယာအတွင်း ဒီကေဘီအေ လက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရနယ်မြေစောင့်တပ်တို့ အပြန်အလှန် ပစ်ခတ်မှုများရှိခဲ့သည်။ တာဆန်းရေကာတာစီမံကိန်းတစ်လျှောက်တွင်လည်း ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)နှင့် အောက်တိုဘာ လလယ်ခန့်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်ဟု သံလွင်မြစ်ကွန်ရက်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါ ကွန်ရက်အဖွဲ့တွင် ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေးအဖွဲ့၊ ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၊ ကရင်နီလူမှုအဖွဲ့အစည်းများကွန်ရက်၊ သံလွင်ချစ်သူနှင့် တိုးတက်သော မွန်လူငယ်များအစည်းအရုံးတို့စုပေါင်းပြီး သံလွင်မြစ်နှင့်ပတ်သက်၍ ဆယ်နှစ်ကျော် သုတေသနပြုလုပ်ကြခြင်းဖြစ်သည်။

တည်ဆောက်မည့် နေရာများတွင် ကေအင်န်ယူတပ်မဟာ(၅)၊ တပ်မဟာ(၇)၊ ဒီကေဘီအေ၊ နယ်ခြားစောင့်တပ်၊ မွန်ပြည်သစ်ပါတီနှင့် အခြားလက်နက်ကိုင် တိုင်းရင်းသားများရှိသည်။

## တောင်ကုန်းရေဘဲငှက်များ ကျက်စားရာ လေညာနှင့် ငဝံကို ထိန်းသိမ်းကာကွယ်ရမည့် နေရာအဖြစ် သတ်မှတ်ရန် စီစဉ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

မျိုးသုဉ်းပျောက်ကွယ်မှု အန္တရာယ်နှင့်ကြုံတွေ့နေရသော တောင်ကုန်းရေဘဲငှက်များနေထိုင်ကျက်စားရာနေရာကို ထိန်းသိမ်းကာကွယ်ရမည့်နေရာအဖြစ် သတ်မှတ်ရန် တင်ပြထားကြောင်း သတင်းရရှိသည်။

တောင်ကုန်းရေဘဲငှက်ထိန်းသိမ်းနိုင်ရန်နှင့် ယင်းငှက်များနေထိုင်ကျက်စားရန် လေညာနှင့် ငဝံဒေသကို ကာကွယ်ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန် တင်ပြထားကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအသင်း(BANCA)မှဒေါ်သီရိဒေဝီအောင်က ပြောသည်။

တောင်ကုန်း ရေဘဲငှက်သည် ယခင်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ICUN) ၏ အနီရောင်မှတ်တမ်းစာအုပ်တွင် မျိုးသုဉ်းလုနီးပါး အခြေအနေရှိသည့် သတ္တဝါအဖြစ် ဖော်ပြထားရာမှ မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့်အတွက် မျိုးသုဉ်းပျောက်ကွယ်တော့မည့် သတ္တဝါအဖြစ်မှ တစ်ဆင့်လျော့ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"တောင်ကုန်း ရေဘဲငှက်က မျိုးသုဉ်းမှု စာရင်းမှာ တစ်ဆင့်လျော့သွားတာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာတွေရှိသေးတယ်"ဟု BANCA အသင်းဉက္ကဋ္ဌ ဒေါက်တာ စောမွန်သိမ့်က ပြောသည်။

အဆိုပါငှက်ကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင်သာ တွေ့ရှိနိုင်ပြီး ၂၀၁၂ လေ့လာချက်များအရ ထိုင်းနိုင်ငံတွင် အကောင်ရေသုံးကောင်သာ တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံတွင် ၃၂ ကောင် တွေ့ရှိခဲ့ကြောင်း သိရသည်။

## EIA အကြံပေးကုမ္ပဏီများအား လိုင်စင်ထုတ်ပေးနိုင်ရန် လုပ်ထုံးလုပ်နည်း မူကြမ်း ယခုနှစ်အတွင်း အပြီးရေးဆွဲမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ဆောင်သည့် တတိယအဖွဲ့အစည်းအကြံပေးကုမ္ပဏီများကို စိစစ်ကြီးကြပ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လုပ်ထုံးလုပ်နည်းမူကြမ်းကို ယခုနှစ်အတွင်း ရေးဆွဲမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေအေးက ပြောသည်။

"အခြားသူထက် အရေးကြီးတဲ့ လုပ်ထုံးလုပ်နည်းမူကြမ်းတွေ ရေးဆွဲနေတဲ့ကြားကာလမှာ အခုမြန်မာနိုင်ငံမှာဖွင့်နေတဲ့ အကြံပေးကုမ္ပဏီတွေ၊ တတိယအဖွဲ့အစည်းတွေအနေနဲ့ လုပ်ကိုင်ပေးနေတာတွေ့ရပါတယ်။ ဒီကုမ္ပဏီတွေကို လုပ်ငန်းလိုင်စင် ချထားပေးခြင်းမရှိသလို ဝန်ကြီးဌာနက ကန့်ကွက်တာလည်း အခုအချိန်ထိ မရှိသေးပါဘူး"ဟုဦးနေအေးက ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ထွက်ရှိပြီးသော်လည်း နည်းဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း EIA (မူကြမ်း)မှာ ရေးဆွဲနေဆဲဖြစ်သည်။


ထိုသို့ရေးဆွဲနေဆဲဖြစ်သော်လည်း မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လုပ်ငန်းရှင်များကို EIA လုပ်ဆောင်ရန် တောင်းဆိုထားသဖြင့် ၎င်းတို့သတ်မှတ်ထားသော စီမံကိန်းများကို EIA လုပ်ဆောင်ရန်လိုသည်။

လုပ်ကိုင်ခွင့်လိုင်စင်မထုတ်ပေးရသေးသော်လည်း အဆိုပါ အကြံပေးကုမ္ပဏီများကို တတိယအဖွဲ့အစည်းအဖြစ် ငှားရမ်းလုပ်ဆောင်ပြီး တင်ပြလာသော အစီရင်ခံစာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လက်ခံပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် EIA လုပ်ဆောင်မည့်(တတိယအဖွဲ့အစည်း) အကြံပေး ကုမ္ပဏီ ၂၇ ခုရှိသည်။







Tourism
7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# နိုင်ငံတကာဟိုတယ်အုပ်စုများ အလုအယက် တိုးဝင်လာသော မြန်မာ့ခရီးသွားလုပ်ငန်း

လွန်ခဲ့သော နှစ်အနည်းငယ်က ဩစတြေးလျလူမျိုး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ဘောဘ်ပါစီဗဲလ်က စာအုပ်တစ်အုပ်ရေးသားပြီး တရုတ်နိုင်ငံ ဘေရှားဒေသရှိ ရွာလေးများကို ခရီးသွားလမ်းညွှန်များအား ပြသလမ်းညွှန်ခဲ့ဖူးပါသည်။ ထို့နောက် မြန်မာနိုင်ငံကို သူရှာဖွေတွေ့ရှိသွားခဲ့ပါပြီ။

"ကျွန်တော် ရန်ကုန်ကို ပြောင်းလာခဲ့တယ်။ မြန်မာခရီးသွားကုမ္ပဏီတစ်ခု ထူထောင်ပြီး ခရီးသွားလမ်းညွှန် အလုပ်ကို စလုပ်ခဲ့တယ်"

မြန်မာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကိုအခွင့်အရေးယူလုပ်ကိုင်ခဲ့သည်မှာ ဘောဘ်ပါစီဗဲလ်က တစ်ဦးတည်း တော့မဟုတ်ပါ။ အက်ကာ အရှေ့တောင်အာရှကုမ္ပဏီ၏ လုပ်ငန်းရှင်ပက်ထရစ်ဘက်စစ်ကလည်း မြန်မာနိုင်ငံကို ဒေသခရီးသွားလုပ်ငန်း၏ နောက်ဆုံးပေါ်လာသောဈေးကွက်သစ်ဟုပြောကြားခဲ့ပါသည်။ သူ၏ပြင်သစ်ကုမ္ပဏီက လာမည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဟိုတယ်ခြောက်ခု ဖွင့်လှစ်ရန်ပြင်ဆင်နေပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်က ကမ္ဘာလှည့်ခရီးသွား ဦးရေသုံးသိန်းသာရှိခဲ့ရာမှ အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှလွှတ်လိုက်ချိန်တွင်တဖြည်းဖြည်းတိုးတက်များပြားလာခဲ့သည်။ ယမန်နှစ်ကဆိုလျှင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်နှစ်သန်းအထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။

မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးရှိ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခဲ့သည်။ ပြုလုပ်ခဲ့ပြီးသော ခရီးသွားလာမှု စီမံကိန်းအရ မြန်မာသည်လာမည့် ၂၀၂၀ တွင် ခရီးသွားဧည့်သည်ခုနှစ်သန်းခွဲလာရောက်မည်ဟု မျှော်လင့်ထားသည်။ ထိုမျှော်လင့်ချက်ကြောင့် ကမ္ဘာ့တစ်ဝန်းရှိ ဟိုတယ် လုပ်ငန်းများကလည်းမြန်မာနိုင်ငံ ဆီသို့ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ပြင်ဆင်ကြတော့သည်။ ရန်ကုန် ဂါဗာနာရက်ဆီဒင့် ဟိုတယ်ကို ပိုင်ဆိုင်သည့် အိုရီယင့် အိပ်ပရက်စ်က လက်ရှိ Road to Mandalay သင်္ဘောအပြင် Orcaella အမည်ရှိ အပျော်စီး သင်္ဘောကိုပါ ထပ်ဆောင်းပြေးဆွဲလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ပင်နာဆူလာဟိုတယ်အုပ်စုကလည်း သူတို့ဟိုတယ်များကိုပြင်ဆင်မွမ်းမံနေ၏။ အမေရိကန်ဟီလ်တန်နှင့် ဘက်ဝက်စတန်တို့ကလည်း နေရာကောင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်ပြည်တွင်းလုပ်ငန်းရှင်များကို ရှာဖွေနေကြသည်။ ပြီးခဲ့သည့် ဧပြီက မြန်မာ့မီးရထားရုံးချုပ်အဆောက် အအုံကိုကြယ်ငါးပွင့်ဟိုတယ်အဖြစ်ပြောင်းလဲပြုပြင်ရန် ဩစတြေးလျကုမ္ပဏီ Meinhardt နှင့် သဘောတူညီမှုရှိခဲ့သည်။

ပန်ပစိဖိတ် ဟိုတယ်အုပ်စုကလည်း မြန်မာ့ရွှေတောင်အုပ်စုနှင့် ပူးပေါင်းပြီးအခန်း ၃၄၈ ခန်းပါဝင်မည့် အထပ် ၂၅ ထပ်ရှိ ပန်ပစိဖိတ်ဟိုတယ်ကို ရန်ကုန်မြို့လယ်တွင် တည်ဆောက်မည်ဖြစ်သည်။ ဩစတြေးလျ ကုန်သွယ်ရေးဌာနကလည်း သူတို့ရုံးခန်းကို ရန်ကုန်တွင် မနှစ်ကတည်းက ဖွင့်လှစ်ထားခဲ့သည်။

"ခရီးသွားလုပ်ငန်းကတော့ အတော်တိုးတက်တဲ့ အပိုင်းပါ။ ဒါပေမဲ့ အများစုက နိုင်ငံတကာကုမ္ပဏီကြီးတွေကပဲ လွှမ်းမိုးကြီးစိုးနေတယ်။ ဩစတြေးလျတွေက ထိပ်ဆုံးကပေါ့။ မြန်မာရှန်ဂရီလာဟိုတယ်အုပ်စုက အထွေထွေမန်နေဂျာကလည်း ဩစတြေးလျပဲ" ဟု မြန်မာပြည်ဖွား ဆစ်ဒနီမြို့ကရှေ့နေ မယ်လင်ဒါထွန်းက ပြောကြားသည်။

အက်ကာမှပက်ထရစ်ဘက်စစ်ကမူမြန်မာနိုင်ငံသို့လာရောက်မည့်ခရီးသွားအရေအတွက်သည် ယခုအတိုင်း အခြေအနေကောင်းစွာ တိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိသည်။ ၎င်းတို့ ရန်ကုန်တွင် ပူးလ်မန်း ဟိုတယ်နှင့် စာချုပ်ချုပ်ထားသလို နိုဗိုတယ်၊ ရန်ကုန်မက်စ် ဟိုတယ်ကိုလည်း မကြာမီ ဖွင့်လှစ်မည်ဖြစ်သည်။ ထို့အပြင်ရန်ကုန်၊အင်းလေး၊ ပုဂံ၊မန္တလေးတို့အပြင် ဟိုတယ်ဖွင့်လှစ်ရန် နေရာကောင်းများ ရှာဖွေနေသည်ဟု ၎င်းကဆိုသည်။

"မြန်မာလိုထူးခြားတဲ့ ခရီးသွားနေရာတွေကို လူတွေက အမြဲ လာလည်ချင်ကြတယ်။ မြန်မာက အရှေ့တောင်အာရှမှာ တကယ့်အချက်အချာ ဖြစ်လာပြီ။ ဆွဲဆောင်မှု အသစ်တွေနဲ့မို့ ရောက်ပြီးတဲ့ ဧည့်သည်တွေကလည်း ပြန်ပြီးလာလည်ကြဦးမှာပဲ" ဟု ရှေ့နေမယ်လင်ဒါထွန်းက ပြောသည်။

(The Sydney Morning Herald သတင်းစာပါ Myanmar: Tourist Boom Sees Hotel Jostilling for Position ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်)






*ပုဂံမြို့မှ မီးပုံးပျံများ* ဓာတ်ပုံ - snapstory.org

# မြစ်အတွင်း အပျော်စီးသင်္ဘောနှင့် မီးပုံပျံလုပ်ငန်းများမှ ၂၀၁၃ တွင် ဒေါ်လာ ရှစ်သန်းကျော်ရရှိ

**ခန့်ထက်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

မြစ်တွင်း အပျော်စီးသင်္ဘောနှင့် မီးပုံးပျံလုပ်ငန်းများမှ ၂၀၁၃ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ရရှိခဲ့ပြီး ၂၀၁၂ နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါးမြင့်တက်လာကြောင်းဟိုတယ်/ခရီးဝန်ကြီးဌာနမှသတင်းရရှိသည်။

မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသား ဧည့်သည်များ အပန်းဖြေ စီးနင်းသော မြစ်တွင်း သင်္ဘောစီးသူများမှ ရရှိငွေသည်အမေရိကန်ဒေါ်လာငါးသန်းနီးပါးရရှိခဲ့ပြီး မီးပုံးပျံစီးလုပ်ငန်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိခဲ့သောကြောင့်စုစုပေါင်း ရှစ်သန်းကျော်ရရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

၂၀၁၂ တွင် ယင်းလုပ်ငန်းနှစ်ခုမှ ရရှိငွေမှာ အမေရိကန်ဒေါ်လာ ငါးသန်းကျော်သာရှိသောကြောင့် ၂၀၁၃ နှစ်ကုန်တွင် နှစ်ဆနီးပါးတိုးတက်လာသည်ကိုတွေ့ရသည်။

"မိုးပျံပူဖောင်းစီးလုပ်ငန်းက ခုဆို တိုးတက်လာတယ်။ မန္တလေးမှာဆိုရင် နိုင်ငံခြားသားတင်မကဘူး၊ ပြည်တွင်းကလူတွေ စိတ်ဝင်တစားစီးကြတယ်" ဟု မန္တလေးနှင့် ပုဂံတွင် မီးပုံပျံစီး ခရီးစဉ်ပြေးဆွဲပေးသော Oriental Ballooning မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးပျံပူဖောင်းစီးခရီးစဉ်သည် လူတစ်ဦးလျှင် လိုက်ပါစီးနင်းခ ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၀၀ ကျော်ပေးရသည်။ မြစ်တွင်းသင်္ဘောစီးလုပ်ငန်း သည်လည်း များလာပြီး ရန်ကုန်- ပုဂံ အပျော်စီး သင်္ဘော ခရီးစဉ် သာမက ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်များကို လိုက်ပါ စီးနင်းသူများလာကာအဖွဲ့လိုက်လာရောက်စီးသော နိုင်ငံခြားသားဧည့်သည်များလာကြောင်း King Whale အပျော်စီး သင်္ဘောလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရန်ကုန်မြစ်တွင်း ခရီးစဉ်ကို နိုင်ငံခြားသားအများစုညနေပိုင်း စီးကြတာများတယ်။ နေဝင်ချိန် ရှုခင်းကြည့်ပေါ့လေ။ တစ်နေကုန် လျှောက်လည်ပြီးတော့မှ ညနေပိုင်း သင်္ဘောလာစီးကြတာများတယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားခရီးသည်မှာ ၂၀၁၃ နှစ်ကုန်တွင် နှစ်သန်းကျော်ရှိနေပြီး ယင်းခရီးသွားဧည့်သည် အသားတင်ရရှိငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ(၉၂၆ သန်း) ရရှိခဲ့သည်။

# Cartoon



























7 Day News Journal
Vol.12, No.47 • JANUARY 29 , 2014



# မီရှဲလ်အိုဘားမား အသက် (၅၀) ပြည့်တဲ့အခါ

ထားထားမြင့် ဘာသာပြန်ဆိုသည်။

အသက်ကြီးလာတယ်ဆိုတာတည်ငြိမ်ရင့်ကျက်လာခြင်းဖြစ်ပြီး အိုမင်းလာတာ၊ မသန်စွမ်းလာတာ မဟုတ်ဘူးလို့ အသက်(၅၀)အရွယ်ကို ရောက်လာပြီဖြစ်တဲ့ အမေရိကန်သမ္မတကတော်မီရှဲလ်အိုဘားမားက ဆိုပါတယ်။အသက်(၅၀)အရွယ် အောင်မြင်သူအမျိုးသမီးတစ်ယောက်ရဲ့ အနာဂတ်ရည်မှန်းချက်တွေ၊ ဘဝကိုဘယ်လိုပျော်ရွှင်စွာဖြတ်သန်းဖို့ ပြင်ဆင်ထားသလဲ ဆိုတာကို People မဂ္ဂဇင်းက မီရှဲလ်အိုဘားမားကို သီးသန့်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ မီရှဲလ်အိုဘားမားလို အောင်မြင်ထက်မြက်သူအမျိုးသမီးတွေအနေနဲ့ အသက် (၅၀)အရွယ်ကို ဘယ်လိုဖြတ်သန်းကြသလဲဆိုတာကို လေ့လာကြည့်ရအောင်ပါ။

**ငယ်ငယ်တုန်းက ကောင်မလေးတစ်ယောက်ဘဝမှာ အထက်တန်းကျောင်းမှာလောက်ကတော့ ထိပ်ဆုံးနေရာမရောက်ချင်ဘူးလို့ မီရှဲလ်ပြောခဲ့တယ်ဆို။ ကဲ အခု မီရှဲလ်အသက် (၅၀)ပြည့်ပြီနော်။ ထိပ်ဆုံးရောရောက်နေပြီလား။**

ဒါတော့ ကျွန်မ မသိပါဘူး။ ကျွန်မပြောချင်တာက အခုအချိန်မှာ ကျွန်မက အမေရိကန်သမ္မတကတော်ပဲလေ။ ဒါလည်း အတော်မြင့်တဲ့နေရာပဲ။ ဒါပေမဲ့ ကျွန်မဘဝကအမြဲလိုတိုးတက်လာနေတယ်လို့ခံစားရတယ်။ အိမ်ဖြူတော်ကနေထွက်ခွာချိန်ကျရင် ကျွန်မအသက်ငါးဆယ်ကျော်ပြီပေါ့။လုပ်စရာတွေအများကြီးကျန်ပါသေးတယ်။ ကျွန်မရဲ့အရည်အသွေးတွေနဲ့ ကံပေါ်မှာပဲမှီပြီး ထိုင်နေလို့မရဘူး။ အမေတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် တခြားကလေးတွေရဲ့အုပ်ထိန်းသူအနေနဲ့ဖြစ်ဖြစ် အကျိုးရှိမှာတွေကို ကျွန်မက ဆက်လုပ်သွားရမယ်။ အိမ်ဖြူတော်ကနေထွက်ခွာတဲ့အချိန်မှာ သမီးအကြီးမ မာလီယာက ကောလိပ်တက်ရတော့မယ်။ အငယ်မ ဆာရှာကတော့ နောက်နှစ်နည်းနည်းစောင့်ပြီးရင် ကောလိပ်တက်ရမယ်။ ဒီလိုအချိန်မှာ ဘဝမှာဘာမှကန့်သတ်ချက်တွေမရှိတော့ဘူးလေ။

**ဘာဖြစ်လို့ အသက် (၂၀) အရွယ်ဘဝကို ပြန်မတမ်းတတာလဲ။**

ကျွန်ကတော့ အခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်ပိုယုံကြည်တယ်။ ဆယ်စုနှစ်တိုင်းက ကျွန်မကိုပိုပြီးတည်ငြိမ်လာစေတယ်။ ရင့်ကျက်လာစေတယ်။ ယုံကြည်မှုပိုရှိလာတယ်။ အသက်(၂၀)အရွယ်တုန်းကဒီလိုမျိုးဘယ်ဟုတ်မလဲ။ကျွန်မအသက် (၂၀)လောက်တုန်းက ဘယ်မှမသိခဲ့ဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ အရမ်းတော်တယ်လို့ထင်တယ်ရှင့်။ အသက် (၇၆) နှစ်ရှိတဲ့ ကျွန်မရဲ့အမေကို ပြန်ကြည့်မိတော့ သူက ကျွန်မထက်တောင် သူ့ကိုယ်သူပိုယုံကြည်၊ ပိုခိုင်မာပြတ်သားနေသေးတယ်။ သူ့စိတ်ကိုသူပိုင်တယ်။ နေ့တိုင်းသူလုပ်ချင်တာကို ဘယ်သူမှ တောင်းပန်ခယစရာမလိုဘဲ အတိအကျလုပ်နိုင်တယ်။ ကျွန်မက သူ့လောက်တော့ မဖြစ်သေးဘူး။ ဒါပေမဲ့ ဖြစ်လာမယ်လို့မျှော်လင့်ထားတယ်။

**တခြားအား ကျအတုယူစံထားရမယ့်သူတွေရှိသလား။ ငါ့အသက် (၇၀) လောက်ရောက်တဲ့အခါ ငါလည်းသူ့လိုမျိုးဖြစ်ချင်လိုက်တာဆိုပြီး အားကျရမယ့်သူ မျိုးပေါ့။**

အို. . သိပ်ရှိတာပေါ့။ကျွန်မသွားတဲ့အခမ်းအနားတွေတိုင်းက အမျိုးသမီးတွေဆိုရင် နှစ်တွေကြာလာလေ ပိုကြည့်ကောင်းလာလေပဲ။ အဲဒီအမျိုးသမီးတွေနဲ့တွေ့ရင် သူတို့ကပြောလေ့ရှိတယ်။ ကျွန်မအသက် (၆၀) ပြည့်တော့မှာတို့ ဘာတို့ပေါ့။ ကျွန်မဖြင့်သူတို့အသက်တွေကိုမယုံနိုင်လို့နောက်နေတာလားလို့တောင် ပြန်မေးရတယ်။ ဟိုတစ်လောကဆို ဘရောဒ်ဝေး ပြဇာတ်မင်းသမီး စစ်စလီတိုင်စင်နဲ့ တွေ့ခဲ့တယ်။ သူ့အသက်(၈၀)ရှိနေပြီ။ဒါပေမဲ့ ၂ နာရီကြာပြဇာတ်ကိုကဖို့ သန်တုန်းမြန်တုန်း။ ကျွန်မအသက်ကြီးလာတဲ့အခါ အစ်မကြီးလိုပဲဖြစ်ချင်တယ်လို့ သူ့ကိုကျွန်မပြောခဲ့တယ်။ နောက် ဂျိန်းဖောင်ဒါပေါ့ လှတယ်၊ မိုက်တယ်။ နိုင်ငံရေးမှာလည်း တော်တယ်။ ထက်မြက်တယ်ရှင့်။

**ပထမဆုံးအကြိမ် သမ္မတကတော် မီရှဲလ်အိုဘားမားအနေနဲ့ တာဝန်တွေရုတ်တရက် ကိုယ့်အပေါ်ကိုကျလာတော့ ဝန်ပိတယ်လို့ ခံစားရသလား။**

တစ်ခါတလေမှာ မလုပ်ချင်မိအောင်ခံစားရတဲ့အခါမျိုးတွေလည်းရှိပါတယ်။ လူတိုင်းမှာ အဲဒါမျိုးအချိန်တွေရှိပါတယ်။ ကျွန်မသည်သာလျှင် ကျွန်မကိုယ်ကျွန်မကျေနပ်အောင်ဆုံးဖြတ်စီရင်နိုင်တဲ့သူပဲ။ လူတွေရဲ့မျှော်လင့်ချက်တွေကိုကျေနပ်အောင် ဖြည့်စွမ်းရတာကို ဖိအားပေးတယ်လို့ ကျွန်မ မထင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မျှော်လင့်ချက်ကြီးကြီးထားတယ်။ ကျွန်မကောင်းကောင်းနေချင်တယ်။ တတ်နိုင်သလောက် ကျန်းမာချင်တယ်။ ကျွန်မအသက် ၇၀၊ ၈၀ ကျရင်လည်း ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားချင်တယ်။

**ကိုယ့်ကိုယ်ကိုယ် အိုလာပြီလို့ ဘယ်အချိန်တွေမှာတွေးမိသလဲ။**

တစ်ခါတလေကျွန်မရဲ့ရုံးဝန်ထမ်းတွေက သူတို့ရဲ့မွေးနေ့ကိုပြောကြတဲ့အခါ အဲဒီနေ့က ကိုယ်ဘွဲ့ယူတဲ့နေ့မျိုးဖြစ်နေတဲ့အခါမျိုးပေါ့။ ဒါမျိုးပေါ့ဟုတ်တယ်မလား။ သိပ်စိတ်နာဖို့ ကောင်းတာပဲ။ ဟားဟား။ ဒါပေမဲ့ကျွန်မကတော့ ကျွန်မကိုယ်ကျွန်မ ငယ်ငယ်တုန်းကနဲ့ သိပ်ကွာလှတယ်လို့ မထင်မိဘူး။ အမျိုးသမီးတိုင်းကို ကျွန်မပြောချင်တာက ကျန်းမာရေးပဲ။ ကျွန်မက သားအိမ်ခေါင်းကင်ဆာစစ်ဖို့ခါတ်မှန်ရိုက်တာကို ဘယ်တုန်းကမှ ဘာအကြောင်းနဲ့မှ လွတ်သွားတာမျိုးမရှိရဘူး။ အစာအိမ်ကင်ဆာရှိ၊မရှိစစ်တာလည်း မှန်မှန်လုပ်တယ်။ အသီးအရွက်မှန်မှန်စားတယ်။ နောက် လူတိုင်းသိပါတယ်။ ကျွန်မ အားကစားလေ့ကျင့်ခန်းလုပ်တယ်။ နောက်ပြီး ပြေးတယ်။ ကျွန်မကိုယ် ကျွန်မအကြောအခြင် ပြေအောင်လို့ ယောဂလည်း ကစားတယ်။

**ပလတ်စတစ်ဆာဂျရီနဲ့ ခွဲစိတ်ပြုပြင်တာတို့၊ ဘောတစ်ဆိုတဲ့နပျိုဆေးတွေ ထိုးတာမျိုးရောလုပ်လား။**

အမျိုးသမီးတွေအနေနဲ့ သူတို့လိုချင်တာမှန်သမျှ၊ ကိုယ်ကောင်းတယ်လို့ထင်တာမှန်သမျှ ဘာမဆိုလွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိသင့်တယ်။ အခုတော့ မလုပ်သေးဘူး။ ဒါပေမဲ့ နောင်မလုပ်ဘူးလို့လည်း ဘယ်တုန်းကမှမပြောဖူးနော်။

**အခုချိန်မှာ မဝတ်ချင် မစားချင်တော့တဲ့ပုံစံမျိုးရှိလား။ ဒီအသက်အရွယ်နဲ့မသင့်တော်ပါဘူးဆိုပြီးတော့လေ။**

ဒီလိုအရွယ်မှာ ကိုယ်က ၁၆ နှစ်သမီးလို ပုံမျိုးသွားဝတ်လို့ကတော့ အခုအသက်ထက်ကို ပိုအိုတယ်လို့တောင် ထင်ရလိမ့်မယ်။ ဒါကြောင့် ကိုယ့်ခန္ဓာကိုယ်မှာကြည့်လို့ကောင်းမယ့်ဟာမျိုးပဲဝတ်တယ်။ ကျွန်မက ပေါင်တံရှည်တယ်။ တင်ရှိတယ်။ ကျွန်မကိုယ်က မိန်းမအတော်များများနဲ့ သိပ်မတူဘူး။ ကျွန်မဘာကိုလေ့လာသလဲဆိုတော့ ဒါဝတ်ရင်ကိုယ်ဘယ်လိုခံစားရသလဲဆိုတာပဲ။ အသက်ကြီးလာလေ ကိုယ့်ရဲ့ဆယ်ကျော်သက်သမီးနဲ့ဖက်ရှင်တွေအပြိုင်ဝတ်နေမယ့်အစားဘာကကိုယ့်ကိုစိတ်ချမ်းသာစေတယ်၊ ကြည့်ကောင်းတယ်ဆိုတာနားလည်လာလေပဲ။

**သွေးဆုံးတဲ့ကိစ္စကိုရော မိတ်ဆွေအပေါင်းအသင်းအမျိုးသမီးတွေနဲ့ ပြောဖြစ်ကြလား။**

ဒါပေါ့။ ကျွန်မမှာ အသက် (၅၀) ကနေ (၆၀)ထဲဝင်လာတဲ့ အမျိုးသမီးမိတ်ဆွေတွေရှိတယ်။ အချင်းချင်းဘယ်လိုနေလဲ၊ ဟော်မုန်းဆေးတွေသောက်ရသလား။ သွေးမဆုံးခင်နဲ့ ဆုံးပြီးရင် ဘယ်လိုတွေဖြစ်လဲ အဲဒါမျိုးတွေပြောကြတာပေါ့။ အမေ့ကိုလည်း ကျွန်မမေးတယ်။ အမေကတော့ ဩော် . . . သွေးဆုံးတာလား ငါလည်းဖြစ်ဖူးသလိုပဲလို့ပြန်ပြောတယ်။ အဲဒီလိုမျိုးလေ ကျွန်မအမေက။ ကျွန်မက သူ့ကိုပြန်ပြောရတယ်။ ဖြစ်ဖူးတာပေါ့အမေရယ်၊ အမေသေချာဖြစ်ဖူးတာပေါ့လို့။

**အသက် (၇၀)အရွယ်ကျရင်ရော ဘာတွေလုပ်မယ်လို့စိတ်ကူးထားလဲ။**

ကျွန်မတို့ကော်ဖီသောက်တဲ့ စားပွဲပေါ်မှာ ကမ္ဘာပေါ်က အလှဆုံးနေရာ ၁၀၀ ဆိုတဲ့စာအုပ်ရှိတယ်။ တစ်နေ့ကျရင်တော့ အိုင်ယာလန်က ရဲတိုက်ကိုသွားကြည့်မယ်။ လှေနဲ့ခရီးကြမ်းထွက်ကြမယ်။ အဲလိုမျိုးတွေသွားကြည့်ဖို့ တွေးထားတယ်။ ဒီကမ္ဘာကြီးကို လှပအောင်လုပ်ပေးတဲ့နေရာတွေကို သွားကြည့်ချင်တယ်။ တော်တော်များများက ဒီအမေရိကန်နိုင်ငံမှာပဲရှိကြတယ်။ ဟူးဗားဆည်ဆိုရင် ကျွန်မဖြင့် ခုထိမရောက်ဖူးသေးဘူး။ အဲဒီဒေသကိုရောက်တိုင်း လေဆိပ်ပဲရောက်ပြီး အခမ်းအနားတက်ပြီးပဲပြန်ရတာ။ အဲဒီမှာနေပြီး ဒေသကငါးဟင်းစားချင်တယ်။ ဆိုင်လေးတွေမှာ ဈေးဝယ်ချင်တယ်။

**အဘွားဖြစ်တဲ့အခါ မြေးတွေအတွက်ဘယ်လိုအဘွားမျိုးဖြစ်လာမလဲ။**

ကျွန်မအမေလို အဘွားမျိုးဖြစ်ချင်တယ်။ ကျွန်မသမီးတွေအတွက် မိခင်တွေနဲ့ အမျိုးသမီးတွေရဲ့အိပ်မက်တွေ တကယ်ဖြစ်လာဖို့ကူညီချင်တယ်။ တကယ်လို့ ကျွန်မသမီးအကြီး မာလီယာက အလုပ် ကောင်းကောင်းရပြီး ကလေးမွေးလာရင် ကလေးကို ကလေးထိန်းကျောင်းပို့ဖို့စိတ်မချတဲ့အခါမျိုး ကျွန်မမှာအချိန်အားရင်တော့ ကလေးထိန်းပေးမှာပဲ။ ကျွန်မအဘွားဖြစ်ချင်တယ်။ ဒါပေမဲ့ အဲဒီအချိန် ကျွန်မမှာလည်း အရေးကြီးပြီး အာရုံစိုက်လုပ်ရမယ့်အလုပ်တွေ ရှိချင်လည်းရှိလိမ့်မယ်။ ကျွန်မကတော့ မျှတအောင်လုပ်မယ်။ အဘွားအနေနဲ့ရော ကျွန်မကြိုက်တဲ့အလုပ်လုပ်ဖို့ရော အခုကျွန်မက အဲဒါကိုစဉ်းစားနေပြီ။ ကျွန်မအသက်ကြောင့်တော့မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သမီးတွေက မျက်စိရှေ့မှာကြီးလာပြီလေ။ ကောလိပ်ကျောင်းတက်တော့မယ်။ အိမ်ထောင်ကျပြီး ကလေးမွေးကြတော့မှာကို တွေးကြည့်လို့ရနေပြီ။

**မီရှဲလ်ရဲ့အမေကရော ကူညီပေးဦးမှာလား။**

အမယ် ဒါမျိုးကျရင်တော့ ကျွန်မအမေက ပြောမှာပေါ့။ ညည်းတို့ကိုယ့်ဘာသာကိုယ်လုပ်ကြဟေ့။ ငါတို့တာဝန်ကတော့ ပြီးပြီလို့။ ဟားဟား. . . ကျွန်မတို့တွေအားလုံးကို မြေးအထိကူညီပေးပြီးသွားရင်တော့ အမေလည်း တာဝန်တကယ်ပြီးပါပြီ။ ■

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# ယခုနှစ်အတွင်း ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်မျှော်လင့်ဟု ကိုလံဘီယာသမ္မတပြော

**ဘိုဂိုတာ၊ ဇန်နဝါရီ-၂၅**

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူယယ်ဆန်းတို့စ်က နှစ် ၅၀ ကြာ ပဋိပက္ခကိုအဆုံးသတ်၍ လက်ဝဲယိမ်း (FARC) သူပုန်များနှင့် ယခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုရန် မျှော်လင့်သည်ဟု ပြောကြားသည်။

FARC သူပုန်များသည် အင်အားနည်းလာပြီး ကိုလံဘီယာလုံခြုံရေးအင်အားမှာ တိုးတက်လာခဲ့ပြီဟု သမ္မတဆန်းတို့စ်က ပြောကြားသည်။ ဆယ်စုနှစ်များစွာ ရှည်ကြာနေပြီဖြစ်သည့် ပြည်တွင်းစစ်အဆုံးသတ်ရန်အတွက် စစ်ရေးစစ်ရာဖိအားနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှု နှစ်မျိုးစလုံးကို လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆန်းတို့စ်က ပြောကြားသည်။

ကိုလံဘီယာအစိုးရနှင့် FARC သူပုန်များသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းက ကျူးဘားနိုင်ငံတွင် စေ့စပ်ညှိနှိုင်းမှုများ ပြုလျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် နီးကပ်လာရန် မျှော်လင့်နေသည်ဟု ဆန်းတိုစ့်ကပြောသည်။

သို့ရာတွင် FARC သူပုန်များကလည်း မကြာသေးမီရက်တွင် ကိုလံဘီယာတောင်ပိုင်း၌ ရဲအရာရှိနှစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ ကိုလံဘီယာအစိုးရသည် ကျူးဘားနိုင်ငံတွင် FARC သူပုန်များနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း ယင်းသူပုန်များအပေါ် တိုက်ခိုက်မှုကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ထပ်လောင်းပြောကြားသည်။ ကျူးဘားနိုင်ငံတွင် ပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တစ်နှစ်ကျော် ကြာမြင့်ပြီးနောက်တွင်လည်း အစိုးရနှင့် သူပုန်အဖွဲ့သည် ဆွေးနွေးသည့်အချက် ခြောက်ချက်တွင် နှစ်ချက်ကိုသာ သဘောတူညီခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ စတင်ဖြစ်ပွားခဲ့သော ကိုလံဘီယာပြည်တွင်းစစ်တွင် လူပေါင်း ၂၂၀,၀၀၀ ခန့် သေဆုံးခဲ့သည်။

—*Ref: BBC*

# စားသောက်ဆိုင်များနှင့် အငှားယာဉ်များကို ချိတ်ဆက်ပေးသည့် ကြော်ငြာနည်းပညာတစ်ရပ် ဂူးဂဲလ်ဖော်ထုတ်

**ဆန်ဖရန်စစ္စကို၊ ဇန်နဝါရီ-၂၆**

အွန်လိုင်းမှ ကြော်ငြာများကို အခမဲ့ (သို့မဟုတ်) လျှော့ဈေးဖြင့် အငှားယာဉ် ဝန်ဆောင်မှုနှင့်ချိတ်ဆက်၍ ကြော်ငြာထားသော စားသောက်ဆိုင်များ၊ ဈေးဆိုင်များ (သို့မဟုတ်) ဖျော်ဖြေရေးအခမ်းအနားများသို့ပို့ပေးမည့်နည်းလမ်းတစ်ခုကို ဂူးဂဲလ်ကုမ္ပဏီက ဖော်ထုတ်လိုက်သည်။

သယ်ယူပို့ဆောင်ရေးနှင့် ချိတ်ဆက်ထားသည့်ကြော်ငြာဝန်ဆောင်မှုကြောင့် တည်နေရာအခြေခံ အထူးကမ်းလှမ်းမှုများကို စားသုံးသူများ ပိုမိုတုံ့ပြန်အားပေးလာနိုင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ပြောသည်။

ယင်းနည်းလမ်းများဖြင့် စားသုံးသူရှိနေသည့် တည်နေရာကို ရှာဖွေကာ အကောင်းမွန်ဆုံးလမ်းကြောင်းနှင့် သယ်ယူပို့ဆောင်ရေးပုံစံဖြင့် ပို့ပေးသွားမည်ဟု ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

ယင်းအစီအစဉ်ကို လေ့လာသူများကကြိုဆိုလိုက်သည်။ အဆိုပါနည်းလမ်းမှာ ကြော်ငြာခြင်းကို အများဝန်ဆောင်မှုတစ်ခုအဖြစ် ပြောင်းလဲပြီး စားသုံးသူများ၏ အခက်အခဲများကို ဖြေရှင်းပေးရန် ကြိုးစားခြင်းဖြစ်သည်ဟု ကြော်ငြာကုမ္ပဏီ Amv BBDO မှ နည်းပညာဆိုင်ရာ အရာရှိချုပ် ဂျော်ဂျီရိုကန်စ်က ပြောကြားပြီး အကြံကောင်းတစ်ခုဖြစ်သည်ဟု ပြောသည်။

လူအများ၏ အလေ့အကျင့်များ၊ ကြိုက်နှစ်သက်မှုများနှင့် ရွေးချယ်မှုများကို မှတ်သားထားသည့် သတင်းအချက်အလက်များအား ကြော်ငြာသူများက အသုံးပြုကာ အများကြိုက်နှစ်သက်မှုကိုလိုက်၍ ပစ်မှတ်ထားကြော်ငြာနိုင်မည်ဖြစ်သည်။

ယင်းသတင်းအချက်အလက်များကို ဝိုင်ဖိုင်၊ လက်ကိုင်ဖုန်းနှင့် ဂျီပီအက်စ်များ ရရှိသော တည်နေရာဆိုင်ရာ အချက်အလက်များနှင့် ပူးပေါင်းကာ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ ကြော်ငြာများကို သင့်လျော်သလိုပြောင်းလဲနိုင်မည်ဖြစ်ပြီး စားသုံးသူများ၏ တည်နေရာ၊ အချိန်နှင့် ၎င်းတို့၏အစီအစဉ်များအလိုက် အထူးကမ်းလှမ်းမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

—*Ref: BBC*

## Leader's Profile

# ဘယ်လ်ဂျီယမ်ဘုရင် ဖိလစ်

ရဲမင်း



ဘုရင်ဖိလစ်သည် ဘယ်လ်ဂျီယမ်နိုင်ငံကို လက်ရှိအုပ်စိုးနေပြီး ၂၀၁၃ ဇူလိုင်လ ၂၁ ရက်က နန်းတက်ခဲ့သည်။ ဘုရင်အဲလ်ဘတ်(၂)နှင့် ကြင်ယာတော် ပေါ်လ်လတို့၏ သားသမီးများတွင် အကြီးဆုံးဖြစ်ပြီး အဲလ်ဘတ်ဘုရင်ကျန်းမာရေးချို့ယွင်းလာ၍ အရိုက်အရာဆက်ခံခဲ့သည်။

ဖိလစ်မင်းသားကို ၁၉၆၀ ဧပြီလ ၁၅ ရက်တွင် ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ မွေးဖွားခဲ့သည်။ ဖိလစ်မင်းသားသည် ၁၉၇၈ မှ ၁၉၈၁ ခုနှစ်အထိ ဘယ်လ်ဂျီယမ်တော်ဝင်စစ်ဘက်အကယ်ဒမီတွင် ပညာသင်ကြားခဲ့သည်။ ၁၉၈၀ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဒုဗိုလ်အဖြစ် ခန့်အပ်ခံရပြီး ကျမ်းသစ္စာကျိန်ဆိုသည်။

ဖိလစ်မင်းသားသည်အောက်စဖို့ဒ်တက္ကသိုလ် ထရီနီတီကောလိပ်တွင် တက်ရောက်ခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ် စတုန်းဖို့ဒ်တက္ကသိုလ်မှ ၁၉၈၅ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံ အထူးပြုဖြင့် မဟာဘွဲ့ရရှိခဲ့သည်။

ဖိလစ်မင်းသားသည် တိုက်လေယာဉ်မောင်းလိုင်စင်လည်း ရရှိခဲ့ပြီး လေထီးခုန်သမား၊ ကွန်မန်ဒိုလက်မှတ်များရရှိသည်အထိ လည်းလေ့ကျင့်သင်ကြားခဲ့သည်။ တော်ဝင်ကာကွယ်ရေးအင်စတီကျူ့ဒ်အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားခဲ့ပြီး သင်တန်းများပြီးဆုံးချိန်တွင် ဗိုလ်မှူး ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၁ ခုနှစ်တွင် မင်းသားဖိလစ်သည် ဗိုလ်မှူးချုပ်ရာထူးနှင့် ကြည်းတပ်၊ လေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရေတပ်တွင်လည်း ဒုတိယရေတပ်မှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။

ထို့အပြင် မင်းသားဖိလစ်သည် ၁၉၉၃ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့် ဘယ်လ်ဂျီယမ်နိုင်ငံခြားကုန်သွယ်ရေးဘုတ်အဖွဲ့ (BFTB) ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ယင်းမှာ ၁၉၆၂ ခုနှစ်ကတည်းက BFTB ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနေရာ ရယူခဲ့သော ဖခင်ဘုရင်ကြီး၏နေရာကို ဆက်ခံခြင်းလည်ဖြစ်သည်။

BFTB ဂုဏ်ဆောင် ဥက္ကဋ္ဌ မင်းသားဖိလစ်သည် နိုင်ငံပေါင်း ၆၀ ကျော်ရှိ စီးပွားရေးသံအဖွဲ့များကို ဦးဆောင်ခဲ့သည်။

ယင်းတာဝန်များကို ၁၉၉၃ မှ ၂၀၁၃ ခုနှစ်အထိ ထမ်းဆောင်ရာတွင် အာဖရိက၊ အာရှ၊ တောင်အမေရိက၊ ဥရောပ၊ အရှေ့ဥရောပ၊ မြောက်အမေရိကရှိ နိုင်ငံပေါင်း ၆၀ ကျော်တွင် သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ တချို့နိုင်ငံများတွင် တစ်ဦးတည်းတာဝန်ထမ်းဆောင်ခဲ့ပြီး တချို့နိုင်ငံများတွင် ကြင်ယာတော်မင်းသမီး မာသီဒီနှင့်အတူ ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

မင်းသား ဖိလစ်သည် ၁၉၉၉ ဒီဇင်ဘာ ၄ ရက်တွင် ဘယ်လ်ဂျီယမ်သူကောင်းမျိုးနွယ်နှင့် ပိုလန်သူကောင်းမျိုးနွယ်မှ ဆင်းသက်လာသော မင်းသမီး မာသီဒီနှင့် ဘရပ်ဆဲလ်မြို့တွင် ထိမ်းမြားလက်ထပ်ခဲ့သည်။ ၎င်းတို့တွင် သားတော်နှစ်ပါးနှင့် သမီးတော်နှစ်ပါး ထွန်းကားခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ဘယ်လ်ဂျီယမ်ဘုရင် အဲလ်ဘတ်- ၂ က ဖိလစ်ကိုဦးစားပေးသောအားဖြင့် ထီးနန်းစွန့်လွှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဘုရင်အဲလ်ဘတ်(၂)ထီးနန်းစွန့်ပြီး တစ်နာရီခန့်တွင် ဘုရင်ဖိလစ်သည် ဘယ်လ်ဂျီယမ်နိုင်ငံ၏ ဘုရင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

—*Ref: Wikipedia*

# ကမ္ဘာ့အရေးကိစ္စများကို အမေရိကန် ခပ်ခွာခွာလုပ်နေသည်ဆိုခြင်း ဂျွန်ကယ်ရီငြင်းပယ်

**ဒါးဗို့စ်၊ ဇန်နဝါရီ-၂၅**

ကမ္ဘာ့အရေးကိစ္စများမှ အမေရိကန်နိုင်ငံ ဆုတ်ခွာနေကြောင်း ပြောဆိုမှုများကို ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပယ်ချလိုက်သည်။



FABRICE COFFRINI/AFP

ကမ္ဘာ့အရေး ကိစ္စများမှ အမေရိကန်နိုင်ငံ ဆုတ်ခွာနေသည် (သို့မဟုတ်) စွန့်လွှတ်နေသည် (သို့မဟုတ်) ပါဝင်မှုလျှော့ချသည်ဆိုသော တလွဲထင်ထားသည့် ဇာတ်လမ်းကို မိမိ မကြာခဏ ကြားသိရသဖြင့် စိတ်ရှုပ်ထွေးသွားရကြောင်း ဂျွန်ကယ်ရီက ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ပြောကြားသည်။

ထောက်လှမ်းရေးအကြီးအကဲဟောင်း ဆော်ဒီအာရေးဗီးယားမင်းသား တာကီအယ်လ်ဖိုင်ဆဲလ်က အမေရိကန်နိုင်ငံခြားရေးမူဝါဒတွင် ဦးတည်ရာမဲ့နေသည့် သဘောကြောင့် ကမ္ဘာက စိတ်ပျက်မိသည်ဟု ပြောကြားခဲ့ခြင်းအတွက် ဂျွန်ကယ်ရီက ယင်းသို့ တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်ပုံရသည်။

အစ္စရေး၊ အီရန်၊ ဆီးရီးယားနှင့် အာရှ၊ အာဖရိကတိုက်တို့၏ အရေးကိစ္စများတွင် အမေရိကန်နိုင်ငံ ပါဝင်ဆောင်ရွက်မှုများ ကိုးကား၍ ဂျွန်ကယ်ရီက အရှေ့အလယ်ပိုင်းရှိအခြားသောနိုင်ငံများနှင့် အမေရိကန်နိုင်ငံရှိ ဝေဖန်သူများဖော်ပြသည့် အလားတူသဘောထားများကို ဆန့်ကျင်ပြောကြားသည်။

အမေရိကန်နိုင်ငံ ဩဇာအာဏာလွှမ်းမိုးမှု၏ တစ်ခုတည်းသော ကိရိယာမှာ စစ်တပ်ဖြစ်သည်ဟု လွဲမှားစွာယူဆချက်အပေါ် ယင်းစကားများအခြေခံသည်ဟု ဂျွန်ကယ်ရီကပြောသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်နေစဉ် ဂျွန်ကယ်ရီသည် အစ္စရေး-ပါလက်စတိုင်း သဘောတူညီမှုရရှိရေး ဆက်လက်ဆောင်ရွက်ခဲ့ပြီး အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုနှင့် ဖိုရမ်ပြင်ပ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အီရန်နိုင်ငံ၏ လိုက်နာမှုကို သက်သေပြရန် လိုအပ်သည်ဟု ပြောကြားသော်လည်း အီရန်နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရေး အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား သဘောတူညီမှုကို ဂျွန်ကယ်ရီက ကာကွယ်ပြောကြားသည်။ “ဒီစမ်းသပ်စစ်ဆေးမှုကို အီရန်နိုင်ငံက အောင်မြင်နိုင်ရပါမယ်။ အောင်မြင်ခဲ့ရင် အရှေ့အလယ်ပိုင်းဒေသဟာ နျူကလီးယားလက်နက် ယှဉ်ပြိုင်မှုအန္တရာယ်နဲ့ ကင်းဝေးသွားပြီး ပိုလုံခြုံတဲ့ ဒေသတစ်ခုဖြစ်လာလိမ့်မယ်။ နောက်ပြီး သံတမန်ရေး စေ့စပ်ညှိနှိုင်းမှုတွေ တားဆီးပိတ်ဆို့မှုတွေနဲ့ အခြားလုပ်ရပ်တွေဟာ လုပ်ရတာတန်တယ်ဆိုတာ သက်သေပြပါလိမ့်မယ်”ဟုဂျွန်ကယ်ရီကပြောသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# မလေးရှားနိုင်ငံ ဆာရာဝတ်ပြည်နယ်ဥယျာဉ်မှ သဘာဝအသံများ ကမ္ဘာ့အသာယာဆုံးအသံအဖြစ် ရွေးချယ်ခံရ




**ကွာလာလမ်ပူ၊ ဇန်နဝါရီ- ၂၅**

မလေးရှားနိုင်ငံ ဆာရာဝတ်ပြည်နယ် ကူချင်းမှာ ကူဘာအမျိုးသားကမ္ဘာတွင်ရှိသော အင်းဆက်ပိုးမွှားများ၊ ငှက်များနှင့် ဖားများ၏အသံများပါဝင်သော သဘာဝအသံများဖမ်းယူထားသည့် မှတ်တမ်းတစ်ခုမှာ အမေရိကန်အခြေစိုက် ဘဝနေမှုဆိုင်ရာ ဝက်ဘ်ဆိုက် BeautifulNow (www.beautifulNow.is) တွင် ပရိသတ်များက မဲပေးရွေးချယ်သော ကမ္ဘာ့အသာယာဆုံးအသံဆု ရရှိခဲ့သည်။ အဆိုပါဝက်ဘ်ဆိုက်နှင့် အွန်လိုင်းဂီတမျှဝေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Soundcloud.com တို့တွင်လည်း မကြာမီကကြေညာခဲ့သည့် ထိုအသံသွင်းမှတ်တမ်းကို တစ်လခန့်ကြာမြင့်သည့် ယှဉ်ပြိုင်မှုများပြုလုပ်စေပြီးနောက် ပရိသတ်များက မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထိုဆာရာဝတ်ဥယျာဉ်မှ သဘာဝအသံများက ကမ္ဘာ့အသာယာဆုံးအသံဆု ရခဲ့ခြင်းကို မလေးရှားအင်တာနက်အသုံးပြုသူများက လူမှုမီဒီယာများတွင် ဖော်ပြမျှဝေမှုများမလုပ်မီ၊ အင်တာနက်မှ ဘဝနေနည်းဆိုင်ရာနှင့် သဘာဝအလှအပဆိုင်ရာဝက်ဘ်ဆိုက်များ၌ ဦးစွာဖော်ပြခဲ့ကြသည်။ ထိုအသံမှတ်တမ်းကို ဩစတြေးလျဓာတ်ပုံဆရာနှင့် အသံဖမ်းဆရာ မာက်အန်ဒါဆင်က ဖမ်းယူခဲ့ပြီး ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ အသံမှတ်တမ်းကို "ဖားတို့ပျော်ရာ ရေအိုင်နံဘေးမှ ကြယ်ရောင်ပျိုးပျအမှောင်" "Dusk By The Frog Pond"ဟု အမည်ပေးထားပြီး နားထောင်သူပရိသတ်များက ပြိုင်ပွဲဝင်အသံမှတ်တမ်း ၁၀၀ ကျော်မှ ဆန်ခါတင်ရွေးထားသော မှတ်တမ်းဒါဇင်ခန့်ကို ထပ်မံစိစစ်ရွေးချယ်ပြီး ကမ္ဘာ့အသာယာဆုံးအသံအဖြစ် မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ Beautiful-now အဖွဲ့ ဝက်ဘ်ဆိုက်တွင် တင်ထားသော ယင်းသဘာဝအသံများမှတ်တမ်းကို ပြိုင်ပွဲကျင်းပခဲ့သည့် The Sound Agency ဥက္ကဋ္ဌ ဂျူလီယန်ထရတ်ရှာက ယင်းမှတ်တမ်းပါအသံများသည် အလွန်အံ့ဩဖွယ်ရာကောင်းပြီး ဘဝရှင်သန်ပေါက်ဖွားမှုကို ကြွယ်ဝစွာအသံဖမ်းယူထားခြင်းဖြစ်ကြောင်း မှတ်ချက်ပြုသည်။ အဆိုပါ ကမ္ဘာ့အသာယာဆုံးအသံဆုရခဲ့သည့် အသံမှတ်တမ်းကို Beautifulnow ၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေနားဆင်နိုင်သည်။

*—Ref: Asiaone/The Star*




# လူ ၂,၈၀၀ ကျော် ထိခိုက်စေခဲ့သည့် အေးခဲပီဇာများအား ပိုးသတ်ဆေးခတ်သည့် လုပ်သားကို ဂျပန်ရဲဖမ်းဆီး

**တိုကျို၊ ဇန်နဝါရီ- ၂၅**

အေးခဲထားသော အစားအစာများတွင် ပိုးသတ်ဆေးများ ခတ်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၂,၈၀၀ ကျော်ကို နေထိုင်မကောင်းဖြစ်စေခဲ့မှုဖြင့် ဂျပန်ရဲတပ်ဖွဲ့က စက်ရုံလုပ်သားတစ်ဦးကို စနေနေ့က ဖမ်းဆီးလိုက်သည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဂမ်မာမြို့မှ ရဲတပ်ဖွဲ့သည် ပြစ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော လုပ်သား တိုရှိကီအာဘေး (၄၉) နှစ်ကို ဖမ်းဆီးထားကာ တရားခံဘက်ကမူ စွပ်စွဲမှုများကို ငြင်းဆန်ထားသည်။ ၎င်းသည် ဂမ်မာမြို့မှ နိုင်ငံ၏အကြီးဆုံး ပင်လယ်စာအစားအစာကုမ္ပဏီ မာရူဟာနီချိရို ဖွင့်ထားသည့် အစားအစာစက်ရုံတွင် လုပ်ကိုင်ခဲ့သူဖြစ်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ထိုစက်ရုံမှ ပိုးသတ်ဆေးခတ်ထားသည်ဟု သံသယရှိသော ပင်လယ်စာထုတ်ကုန်များကြောင့် အနည်းဆုံး လူ ၂,၈၄၈ ဦးမှာ ဖျားနာခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်းစသည့်အစာအဆိပ်သင့်ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း ဆိုသည်။ ထိုစက်ရုံသည် ပြီးခဲ့သည့်နိုဝင်ဘာတွင် စားသုံးသူများဘက်မှ ၎င်းတို့စားမိသည့် အေးခဲထားသောပီဇာမှာ စက်သုံးဆီနံ့ထွက်နေကြောင်း တိုင်တန်းမှုများရောက်လာပြီးနောက် ဒီဇင်ဘာလကုန်တွင် စုံစမ်းမှုများပြုလုပ်ခဲ့ရာ မယ်လတ်သီယွန်ဟု ဓာတုဗေဒအမည်ခေါ်သည့် ပိုးသတ်ဆေးများ အသုံးပြုထားသည်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ စုံစမ်းရေးသမားများသည် စက်ရုံမှ လုပ်သားများကို စစ်ဆေးပြီးနောက် ကုန်ပစ္စည်းထုပ်ပိုးရေးအခန်းတွင် လုပ်ကိုင်သည့် အထက်ပါသံသယရှိသည့် လုပ်သားကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

Aqlifoods စက်ရုံမှ ဂျပန်နိုင်ငံတွင်းဖြန့်ချိခဲ့သော အေးခဲပီဇာထုတ်ကုန်အရေအတွက် ၆ ဒသမ ၄ သန်းခန့်ကို ပြန်သိမ်းခဲ့ပြီး မည်သည့်ကုန်ပစ္စည်းမှ ဂျပန်နိုင်ငံပြင်ပသို့ ဖြန့်ချိရခြင်းမရှိသေးပေ။

*—Ref: AFP/Asiaone*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.47 • JANUARY 29 , 2014



## TRIO ရှိုးအတွက် စိတ်ကျေနပ်ပြီး ပျော်ရွှင်ခဲ့တဲ့ ထွန်းအိန္ဒြာဗို

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော TRIO Show သည် စိတ်ကျေနပ်မှု ရရှိကာ ပျော်ရွှင်စရာကောင်းသည့် ဖျော်ဖြေပွဲဖြစ်ခဲ့ကြောင်း ထွန်းအိန္ဒြာဗိုက ပြောသည်။

"မန္တလေးမှာ လုပ်ဖို့တော့ စီစဉ်နေကြတယ်။ ဒါပေမဲ့ ရက်တွေက ညှိရဦးမှာ။ မအားကြဘူး ဖြစ်နေတယ်။ R ဇာနည်ကလည်း ပွဲဆက်တအားများတယ်။ အစ်မကလည်း နိုင်ငံခြားခရီးတွေ သွားဖို့ရှိနေတယ်။ တခြားအနုပညာရှင်တွေလည်း အလုပ်တွေများနေကြတော့ အကုန်လုံးအားမယ့်ရက်ကို ညှိပြီးအားလုံးအားတဲ့ရက်ကို လုပ်ကောင်းလုပ်ပါလိမ့်မယ်" ဟု ၎င်းက ပြောသည်။

တစ်ကိုယ်တော်ခွေ သွင်းရန် အစီအစဉ်ရှိသော်လည်း ခရီးသွားနေရသဖြင့် ဩဂုတ်လမှသာ စတင်နိုင်မည်ဖြစ်ပြီး ယင်းခွေထွက်ရှိပြီးမှသာ တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်ရန် စဉ်းစားထားကြောင်း ထွန်းအိန္ဒြာဗိုက ပြောသည်။ ဇန်နဝါရီ၁၈ရက်ညက အမျိုးသားကဇာတ်ရုံ၌ Rဇာနည်၊ အဲလက်စ်တို့နှင့် ပေါင်းကာပြုလုပ်ခဲ့သော TRIO Show တွင် ထွန်းအိန္ဒြာဗိုသည် သီချင်းတိုင်းကို မြူးမြူးကြွကြွသီဆိုပေးခဲ့ပြီး လာရောက်အားပေးသည့် မေဆွိ၊ ခိုင်သင်းကြည်တို့ကိုလည်း စင်ပေါ်သို့ ဖိတ်ခေါ်ကာ သီချင်းများ တွဲဖက်သီဆိုခဲ့သည်။

ထွန်းအိန္ဒြာဗိုသည် ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်သူ့ရင်ပြင်၌ ပြုလုပ်မည့် ဒီချုပ်အမျိုးသားကျန်းမာကွန်ရက်ရန်ပုံငွေဂီတဖျော်ဖြေပွဲတွင် ပါဝင်မည်ဖြစ်ပြီး ဩစတြေးလျ နိုင်ငံသို့လည်း ဖျော်ဖြေရေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။



ဓာတ်ပုံပီတာဖေ့စ်ဘွတ်ခ်

## "စိတ်ကူးထားတဲ့ မင်္ဂလာပွဲထက်တောင် ပိုကောင်းနေပါသေးတယ်ဗျာ"

### အဆိုတော် လင်းလင်းနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

၂၀၁၄ နှစ်ဦးတွင် အနုပညာရှင်အများစု အိမ်ထောင်ပြုမည့်စာရင်းတွင် ဂီတလောကသား အချင်းချင်း ပေါင်းဖက်မည့် လင်းလင်းနှင့် ချစ်သုဝေတို့စုံတွဲလည်း ပါဝင်နေသည်။ အနုပညာဆန်သောမင်္ဂလာပွဲတစ်ခုအဖြစ် မင်္ဂလာမောင်နှံနှစ်ဦးကိုယ်တိုင် အတူဖန်တီးထားသည့် Hand Made မင်္ဂလာဖိတ်စာ၊ ကျင်းပမည့် မင်္ဂလာပွဲများအကြောင်းနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် ဘဝခရီးများအကြောင်းကို သတို့သားလင်းလင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကိုလင်းလင်းတို့ရဲ့ မင်္ဂလာပွဲတွေအကြောင်းကို အရင်ဆုံးပြောပြပေးပါလား။**

၂၈ ရက်မှာ ဒဂုံတောင်မှာရှိတဲ့ နိကာယ်ကျောင်းတိုက်မှာ ဘုန်းကြီးအပါး ၃၀၀ ကျော်ကို မင်္ဂလာ ဆွမ်းကျွေးမှာပါ။ ပြီးတော့ ၃၀ ရက်ညနေမှာဗိုလ်အောင်ကျော်လမ်းထောင့်က စိန့်မေရီဘုရားကျောင်းမှာ ညှော်ခံကျွေးမွေးမှာပါ။ ဖေဖော်ဝါရီ၁ ရက်မှာတော့ ချောင်းသာကမ်းခြေကို သူငယ်ချင်း ရောင်းရင်းတွေနဲ့ မင်္ဂလာပွဲကို ကူညီပေးကြတဲ့မိတ်ဆွေတွေအားလုံးနဲ့ အပျော်ခရီးထွက်ကြမှာပါ။

**အစ်ကိုတို့ မင်္ဂလာဆောင်ဖိတ်စာကို Hand Made လုပ်ပြီး ဖိတ်ဖြစ်တာက ဘယ်လိုစိတ်ကူးမျိုးနဲ့လုပ်ဖြစ်ခဲ့တာလဲ။**

ဒါကတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ စိတ်ကူးလေးပါ။ အဓိက,ကတော့ ဖိတ်စာလေးကို မင်္ဂလာပွဲပြီးသွားတဲ့အခါမှာ သိမ်းထားချင်အောင်ဆိုပြီးတော့ စီစဉ်ဖြစ်သွားတာပါ။

**အခုကျင်းပမယ့်မင်္ဂလာဆောင်က အစ်ကိုစိတ်ကူးထားတဲ့ မင်္ဂလာပွဲနဲ့ တစ်ထပ်တည်းကျနိုင်မယ်လို့ထင်လား။**

စိတ်ကူးထားတဲ့ မင်္ဂလာပွဲထက်တောင် ပိုကောင်းနေပါသေးတယ်ဗျာ။

**ကမ်းခြေမှာလည်း Beach Party လုပ်ဖြစ်တာက မင်္ဂလာဆောင်ရင်လုပ်မယ်ဆိုပြီး စိတ်ကူးထားတဲ့အရာကို အကောင်အထည်ဖော်တာလား။**

စာမျက်နှာ ၄၁ »



7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# ကမ္ဘာ့ဖလားသီချင်းပူးတွဲသီဆိုမယ့် ဂျေလို၊ ပစ်ဘူးလ်နဲ့ ကလောက်ဒီယာလေးတီ

**ရီယိုဒီဂျနေးရိုး၊ ဇန်နဝါရီ-၂၅**

အမေရိကန်အဆိုတော်များဖြစ်ကြသော ဂျနီဖာလိုပက်ဇ်နှင့် ပစ်ဘူးလ်တို့သည် ဘရာဇီးအဆိုတော်ကလောက်ဒီယာလေးတီနှင့် ပူးတွဲ၍ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသီချင်း "We Are One" ကို သီဆိုကြမည်ဟု ဖီဖာက ကြေညာခဲ့သည်။

" We Are One(Ole Ola)" သီချင်းကို အဆိုတော်ပစ်ဘူးလ်က ရေးစပ်ထားပြီး ပူးတွဲထုတ်လုပ်သည်ဟု သိရသည်။ ဘရာဇီးအဆိုတော်လေးတီက ဘရာဇီးနိုင်ငံတွင် ပစ်ဘူးလ်၊ ဂျနီဖာလိုပက်ဇ်တို့နှင့်အတူ ဘရာဇီးရိုးရာအကကို ကရန်မျှော်လင့်နေသည်ဟု ပြောကြားသည်။

" We Are One သီချင်းဟာ ကမ္ဘာ့ဖလားဘောလုံးပွဲ၊ ဘရာဇီးနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲရဲ့ အနှစ်သာရတွေရှိနေတဲ့ သီချင်းတစ်ပုဒ်လို့ထင်ပါတယ်။ လူသန်းပေါင်းများစွာဟာ ဒီသီချင်းသံကို ကြားရင် ဒီသီချင်းနဲ့အတူ လိုက်ကကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟုဖီဖာအတွင်းရေးမှူးချုပ်က ပြောကြားသည်။ ယင်းသီချင်းထွက်ရှိမည့် နေ့ရက်အတိအကျကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ကိုလံဘီယာအဆိုတော် ရှာကီရာသည်တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သော ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် "Waka Waka"သီချင်းကို ရေးစပ်သီဆိုခဲ့ရာ ကမ္ဘာတစ်ဝန်း နာမည်ကျော်လူကြိုက်များခဲ့သည်။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လာမည့် ဇွန် ၁၂ရက်မှ ဇူလိုင် ၁၃ ရက်အထိဘရာဇီးနိုင်ငံတွင်ကျင်းပသွားမည်ဖြစ်သည်။

*—Ref: Sky News*

# အမျိုးသမီးအနုပညာရှင်ခုနစ်ဦး တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ဖျော်ဖြေမည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

အမျိုးသမီးအဆိုတော် ခြောက်ဦးနှင့် သရုပ်ဆောင်အိချောပိုတို့သည် လာမည့် မတ်လတွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကိုရီးယားမှာ ပွဲစီစဉ်တဲ့သူတွေက အမြဲလုပ်နေကျပါ။ Lazy club ကလည်း အမြဲသွားနေကျ။ သူတို့ဆို အကြိမ်ပေါင်းများစွာရှိနေပါပြီ။ ဒီတစ်ခေါက်မှာ ထူးထူးခြားခြားလေး ထပ်လုပ်ချင်တယ်ဆိုပြီးတော့ 7 laydies show ကို လုပ်ဖြစ်တာပါ"ဟု အဆိုတော်အိမ့်ချစ်က ပြောသည်။

ကိုရီးယားနိုင်ငံတွင် မတ်လ ၁၆ ရက်၌ပြုလုပ်မည့် "7 laydies show"တွင် စန္ဒီမြင့်လွင်၊ Nကိုင်ရာ၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ နီနီခင်ဇော်၊ မိစန္ဒီ၊ အိချောပိုတို့ အဓိကဖျော်ဖြေမည်ဖြစ်ကာ Lလွန်းဝါနှင့် ဟဲလေးတို့က ဧည့်သည်အဆိုတော်အဖြစ် ပါဝင်ကြမည်ဖြစ်ပြီး Lazy club တီးဝိုင်းက တီးခတ်ပေးမည်ဖြစ်သည်။

"တစ်နယ်တစ်ကျေးမှာ ရောက်နေတဲ့မြန်မာတွေနဲ့တွေ့ရမှာဆိုတော့ ဘာပဲပြောပြော ဝမ်းသာပါတယ်။ အဓိက အိမ့်ချစ်တို့က ဖျော်ဖြေရေးဆိုတော့ အဲဒီမှာရှိနေတဲ့ မြန်မာပရိသတ်တွေရဲ့ စိတ်အပန်းဖြေမှုကို ကိုယ်ကနာရီပိုင်းလေးအတွင်းမှာ တာဝန်ယူရတာ။ ဒါကြောင့် ရတဲ့နာရီပိုင်းလေးအတွင်းမှာ သူတို့တွေပျော်ရွှင်အောင်လို့ အကောင်းဆုံးဖျော်ဖြေသွားမှာပါ"ဟု အိမ့်ချစ်က ပြောသည်။

ကိုရီးယားနိုင်ငံသို့ဖျော်ဖြေပွဲရက်မတိုင်မီ ထွက်ခွာကြမည်ဖြစ်ပြီး ပါဝင်သော အနုပညာရှင်များသည် ကိုရီးယားနိုင်ငံတွင် တစ်ပတ်ခန့်နေထိုင်ကြမည်ဖြစ်သည်။







စာ(၃၉)မှ

# လင်းလင်းနှင့်တွေ့ဆုံခြင်း

ဒါကတော့ကျွန်တော်နဲ့ထရီဇာရဲ့မိတ်ဆွေသူငယ်ချင်းရောင်းရင်းတွေက အားပေးအားမြှောက်ကောင်းမှုတွေကတစ်ဆင့် စီစဉ်ဖြစ်သွားတာပါ။

**အစ်ကိုတို့ရဲ့ Pre-Wedding ရိုက်ကူးမှုအတွက် မန္တလေးကိုဘာကြောင့် ရွေးချယ်ခဲ့တာလဲ။**

ဘာကြောင့်လဲဆိုတော့ကျွန်တော်တို့နှစ်ယောက် မြန်မာဆန်ဆန်အဝတ်အစားကို ဦးစားပေးပြီး ရိုက်ကြမယ်လို့စဉ်းစားမိရာကနေ စီစဉ်ဖြစ်သွားတာပါ။ ပြီးတော့ ဒီရှေးဟောင်းတွေပျောက်မသွားမီ ရိုက်တဲ့သဘောပေါ့ (ဟဲဟဲ နောက်တာနော်)။

**မင်္ဂလာဆောင်ပြီးသွားရင် Honey Moon ခရီးအနေနဲ့ ဘယ်ကိုသွားဖို့ စီစဉ်ထားလဲ။ ဘယ်ကိုသွားချင်လဲ။**

အင်း. . ရုရှားနိုင်ငံထဲကစစ်ဖြစ်နေတဲ့ ချေချင်းညာဒေသကိုသွားမလားလို့။ အဲ. . ဆန္ဒပြမှုတွေ ဆက်တိုက်ဖြစ်နေတဲ့ ယူကရိန်းကိုလည်း သွားချင်သေးတယ်။ ပြီးတော့ Bangkok Shutdown မှာလည်း လည်ပတ်ချင်သေးတယ်။ အဲ. . နောက်ဆုံးတော့ သေချာစဉ်းစားလိုက်တဲ့အခါ ဒါတွေအားလုံးပြည့်စုံနေတဲ့ မြန်မာနိုင်ငံ အတွင်းထဲမှာပဲ လျှောက်လည်မယ်လို့ ဆုံးဖြတ်ထားတယ်။(ဟဲဟဲ ဒါလည်း နောက်တာနော်)

**အစ်ကိုတို့နှစ်ယောက် ချစ်သူသက်တမ်း ဘယ်နှနှစ်အကြာမှာ အခုလိုလက်တွဲဖို့ ဆုံးဖြတ်ခဲ့တာလဲ။**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်ကြိမ်စာပေါ့။ (၄)နှစ်။

**လက်တွဲဖို့ဆုံးဖြတ်ခဲ့တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေကြုံတွေ့ခဲ့ရလဲ။ ဘာသာမတူမှုကကော အခက်အခဲတစ်ခုဖြစ်ခဲ့လား။**

ဘာသာမတူမှုက ဘာအခက်အခဲမှ မရှိပါဘူး။ ကျွန်တော်ဘုန်းကြီးကျောင်းသွားရင် ထရီဇာလည်းလိုက်လာပြီးတော့ ဘုန်းကြီးကို အတူတူကန်တော့တယ်လေ။ အဲဒီလိုပဲ ထရီဇာဘုရားကျောင်းသွားရင်လည်း ကျွန်တော်လိုက်သွားပြီးတော့ အတူတူဝတ်ပြုကြတယ်လေ။ အဲဒီတော့ အခက်အခဲမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဘုန်းကြီးကျောင်းကိုသွားတယ်ဆိုတာကလည်း ဘုန်းကြီးကို ရိုက်နှက်ပြီးတော့ အချုပ်ထဲဖမ်းထည့်ဖို့သွားတာမှ မဟုတ်တာ။ ထရီဇာ ဘုရားကျောင်းသွားတယ်ဆိုတာကလည်း ဗုံးသွားထောင်တာမှမဟုတ်တာ။ ဟီး. . ဟီး. .

**အစ်ကိုတို့နှစ်ယောက်ရဲ့ စုံတွဲခွေ မီးအိမ်ကဗျာ ဗီစီဒီကော ဘယ်တော့လောက်ထွက်မှာလဲ။**

သင်္ကြန်ပြီးရင် ထွက်မယ်လို့မှန်းထားတယ်။

**ကိုလင်းလင်းရဲ့ တစ်ကိုယ်တော်ခွေတွေက တစ်ခွေနဲ့တစ်ခွေပုံစံတွေ မတူညီတော့ နောက်ထွက်မယ့်အခွေအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။**

၅၀ ရာခိုင်နှုန်းလောက်တော့ပြီးပြီ။ မကြာမီလာပါမယ်။ သံမဏိလိပ်ပြာစီးရီးကို အရုပ်ရိုက်ကူးမှုတွေ ပုံဖော်ရင်းနဲ့ အခွေအသစ်ကို ပြင်ဆင်သွားမှာပါ။

**အစ်ကိုတို့နှစ်ယောက်ပေါင်းပြီးတော့ ဘယ်လိုအနုပညာဖန်တီးမှုတွေ တင်ဆက်သွားဖို့ရှိလဲ။**

ဘယ်လိုအနုပညာတွေလဲဆိုတာကိုတော့ မပြောသေးဘူး။ ဒါပေမဲ့ လိမ်စားမယ့်အနုပညာတွေ မဟုတ်ဘူးဆိုတာကိုတော့ အာမခံပါတယ်။

**၂၀၁၃ ဒီဇင်ဘာထဲမှာ ပထမဆုံးအကြိမ် တစ်ကိုယ်တော်ဖျော်ဖြေပွဲတွေအနေနဲ့ ရန်ကုန်နဲ့ ပြင်ဦးလွင်မှာ ပြုလုပ်ခဲ့တာကို ပရိသတ်အားပေးမှုရရှိခဲ့တော့ ဘယ်နေရာတွေမှာ ထပ်ပြီး ဖျော်ဖြေပွဲကျင်းပဖို့ အစီအစဉ်ရှိလဲ။**

သုံးလပိုင်းထဲမှာ မန္တလေးမြို့မှာ မရ,ရအောင် စီစဉ်မယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒီအတွက်လည်း အဓိဋ္ဌာန်နဲ့ ပုတီးစိပ်ပြီး ဆိုင်ရာဆိုင်ရာတွေကို မေတ္တာပို့နေပါတယ်။

**အဲဒီတစ်ကိုယ်တော်ဖျော်ဖြေပွဲရဲ့ ရိုက်ကူးမှုတွေကို အခွေထုတ်ရောင်းပြီး လူကုန်ကူးခံရတဲ့ လူတွေကိုကိုယ်တိုင်ကိုယ်ကျသွားပြီး ကူညီမယ်ဆိုတဲ့ အစီအစဉ်ကိုကော အကောင်အထည်ဖော်နေပြီလား။**

ဟုတ်ကဲ့။ စတင်နေပါပြီ။

**အိမ်ထောင်ရှင်ဘဝကို ရောက်သွားရင် အခုလက်ရှိဘဝနဲ့ ဘာတွေကွာခြားမှုရှိနိုင်မယ်လို့ထင်လဲ။**

နားလေးဖက်၊ ပါးစပ်နှစ်ပေါက်၊ မျက်လုံးလေးလုံး၊ ဦးနှောက်နှစ်ခု၊ အိပ်မက်နှစ်ခု။

**ပရိသတ်အားပေးမှုရရှိနေတဲ့ အနုပညာရှင်တစ်ယောက်နဲ့ အိမ်ထောင်ပြုမှာဆိုတော့ မချစ်သုဝေရဲ့ ပရိသတ်တွေကို ဘယ်လိုကတိမျိုးပေးချင်လဲ။ မချစ်သုဝေကို အနုပညာအလုပ်တွေဆက်လုပ်ဖို့ ခွင့်ပြုမှာလား။**

အနုပညာမှာ ခွင့်ပြုမိန့်တွေမရှိဘူးဗျ။ ပွဲလုပ်တဲ့အခါမှာပဲ ခွင့်ပြုမိန့်လိုတာ။ အဲဒါကြောင့် ကျွန်တော် ပုတီးစိပ်၊ မေတ္တာပို့ အလုပ်တွေလုပ်နေတယ်လို့ ပြောနေတယ်လေ။

**ကိုယ်တိုင်လည်း အိမ်ထောင်ပြုတော့မှာဆိုတော့ ကိုလင်းလင်းအနေနဲ့ လူနှစ်ယောက်အတူနေထိုင်ဖို့အတွက် အဓိကအရေးကြီးဆုံးက ဘာလို့ထင်လဲ။**

အိမ်။

# နာမည်ကျော် ဂျပန်ဖက်ရှင်ရှိုးပွဲနှစ်ပွဲမှာ သီချင်းဆိုဖို့ ဖိတ်ကြားခံရတဲ့ အိုင်းလီ

**ဆိုးလ်၊ ဇန်နဝါရီ- ၂၅**

တောင်ကိုရီးယားအဆိုတော်အိုင်းလီသည် ဂျပန်နိုင်ငံ၏ အကျော်ကြားဆုံးဖက်ရှင်ရှိုးပွဲများဖြစ်သော " Kobe Collection"နှင့် "Tokyo Girls Collection"ရှိုးပွဲများတွင် သီချင်းဆိုရန်ဖိတ်ကြားခြင်းခံရသည်။

အိုင်းလီ၏ "U & I"သီချင်းကို လာမည့်မတ်လတွင် ကျင်းပမည့် ယင်းဖက်ရှင်ရှိုးပွဲများအတွက် ပင်မသီချင်း (theme song)အဖြစ်ရွေးချယ်ခဲ့သည်။ ကေပေါ့ပ်စတားအိုင်းလီသည် ယင်းဖက်ရှင်ရှိုးပွဲများတွင် 'U & I'ဂျပန်သီချင်းအပြင် ၎င်း၏ နာမည်ကျော်သီချင်းများဖြစ်သော " Heaven" နှင့် " I Will Show You"သီချင်းများကိုလည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

"အိုင်းလီရဲ့ ပင်ကိုအသံအားကောင်းမှု၊ယုံကြည်ချက်ရှိရှိနဲ့ စွမ်းစွမ်းတမံ သီဆိုကပြမှုကြောင့် ဂျပန်မိန်းကလေးပရိသတ်တွေဟာ အိုင်းလီကို သတိပြုမိလာကြတယ်။ သူ့ရဲ့ U & I သီချင်းဟာ အမျိုးသမီးတွေရဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှုကို ဖော်ပြနေတာကြောင့် ဒီဖက်ရှင်ပွဲတွေရဲ့ သတ်မှတ်ချက်နဲ့လည်း ကိုက်ညီလို့ ရှိုးပွဲအဓိက သီချင်းအဖြစ် ရွေးခဲ့တာပါ"ဟု အိုင်းလီ၏ ဂျပန်အေဂျင်စီက ပြောကြားသည်။

'Kobe Collection' ဖက်ရှင်ရှိုးပွဲသည် ပရိသတ် ၁၂,၀၀၀ ခန့်ဖိတ်ထားပြီး 'Tokyo Girls Collection' ဖက်ရှင်ရှိုးပွဲသည်ပရိသတ် ၁၆,၀၀၀ ကျော်ဖိတ်ထားကြောင်းနှင့် ယင်းပွဲများတွင် မော်ဒယ်များနှင့် ကျော်ကြားသူအနုပညာရှင် ၁၀၀ခန့်သည် ကုမ္ပဏီပေါင်း ၃၀ မှအဝတ်အစားများကို ဝတ်ဆင်ပြသမည်ဖြစ်ရသည်။

*—Ref: Allkpop*


## Put your career in gear

We are one of the world's largest air services providers with over 20,000 employees across five continents. The airlines we serve demand the best in efficiency, safety and service excellence. That's exactly what we deliver. Our services on the ground keep the world's airlines in the skies.

**Technical and Ground Handling professionals**
We are seeking qualified professionals to join our Technical Services and Ground Handling teams in Dubai.

- **Metal Workers and Fabricators** **(14000097)**
- **Push Back Operator** **(1400008F)**
- **Maintenance Technicians, Mechanics and Planners-Ground Handling** **(140000DD)**

**Do you have...?**
- At least 3 years' relevant industry experience with certification in Mechanical or Technical Engineering
- A valid driving licence
- Fluency in English (verbal & written)

Apply before 7th February, 2014 through our appointed agency at arakhr.myanmar2@gmail.com or by visiting Room No 402, 1st Floor, No.246, Upper Pansoedan St., Kyauktada Township, Yangon, Myanmar. Tel: 01-398434.

Assessments will be conducted in Myanmar during the second week of February 2014. Successful candidates will maintain and service ground handling equipment, vehicles and parts excluding aircraft or aircraft parts.

Build your career with one of the world's most respected air services companies.

For full details on each position, please visit **dnata.com/careers**

AMC-HR ARAK MANAGEMENT CONSULTANCY HUMAN RESOURCE

dnata

# Sports

7DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014





# နေပြည်တော်တွင်ကာလရှည်စခန်းသွင်းလေ့ကျင့်မှု အဖြေမှန်ဟုတ်ရဲ့လား

*၂၇ ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက စင်ကာပူအိုလံပစ်ကော်မတီတာဝန်ရှိသူအား အထိမ်းအမှတ်အလံလွှဲပြောင်းပေးအပ်နေစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဗိုလ်ဗိုလ်ဝင်း**

အားကစားဝန်ကြီးဌာနသည် စင်ကာပူဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာအားကစားအဖွဲ့များအား လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်စခန်းသွင်းရန် စီစဉ်ထားသော်လည်း နေပြည်တော်ကဲ့သို့ နေရာမျိုးတွင် ကာလရှည်ကြာစွာ စခန်းသွင်းလေ့ကျင့်ခြင်းက အခက်အခဲဖြစ်စေကြောင်း အားကစားအဖွဲ့များထံမှ သတင်းရရှိသည်။

"မြန်မာအားကစားအဖွဲ့တွေကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီး နေပြည်တော် Gold Camp မှာ စခန်းသွင်းလေ့ကျင့်ဖို့ ဝန်ကြီးက စာထုတ်ပြီးပါပြီ" ဟု အားကစားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အားကစားနည်း ၃၀ ထည့်သွင်းကျင်းပရန် ပဏာမ သတ်မှတ်ထားသည့် စင်ကာပူဆီးဂိမ်းကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် လာမည့် စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ အင်ချွမ်အာရှအားကစား ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သို့သော် အားကစားအဖွဲ့များအား နေပြည်တော်ကဲ့သို့တစ်နေရာတည်းတွင် လပေါင်းများစွာ စုစည်းလေ့ကျင့်စေခြင်းကို အားကစားအဖွဲ့ချုပ် တာဝန်ရှိသူများ၊ နည်းပြအဖွဲ့ဝင်များနှင့် အားကစားသမားအများစုက နှစ်သက်မှုမရှိကြောင်း ၎င်းတို့က ပြောသည်။

"လပေါင်းများစွာ တစ်ဆက်တည်း စုစည်းလေ့ကျင့်တာမျိုးက ကမ္ဘာမှာ ရှားပါတယ်။ သက်ဆိုင်ရာ အဖွဲ့ချုပ်တွေမှာ လေ့ကျင့်ပြီး ပြိုင်ပွဲနီး သုံးလေးလအလိုမှာ အားလုံးနဲ့လက်ရွေးစင်အဆင့် အားကစားသမားတွေကို စုစည်းလေ့ကျင့်စေတာမျိုးပဲ ရှိတာပါ" ဟု မြန်မာအားကစားအဖွဲ့ချုပ်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။

နေပြည်တော်တွင် စုစည်းစခန်းသွင်းလေ့ကျင့်ခြင်းက အားကစားကွင်း၊ ရုံအသစ်များရှိသည့်အတွက် အကျိုးရှိသည့် အပိုင်းရှိသော်လည်း အခြားအခက်အခဲများလည်းရှိကြောင်း အားကစားအဖွဲ့ချုပ်တာဝန်ရှိသူများက ဆိုသည်။

"အားကစားအတွက် စခန်းသွင်းလေ့ကျင့်တာကတော့ ကွင်း၊ ရုံအသစ်တွေနဲ့ ပြင်ဆင်မှုအပိုင်း လုပ်တာ ကောင်းပါတယ်။ ဒါပေမဲ့ နေပြည်တော်လိုနေရာမျိုးမှာ အကြာကြီး နေရတာမျိုးက စိတ်ဖိစီးမှုတွေရှိလာတယ်။ ပြောရရင် ပျင်းလာတာပါပဲ" ဟု ဝူရှူးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ဆီးဂိမ်းမတိုင်မီက မြန်မာအားကစားအဖွဲ့အများစုကို နေပြည်တော်တွင် ကာလရှည်ကြာ စုစည်းလေ့ကျင့်စေခြင်းက ရွှေတံဆိပ်ရရှိမှုမြင့်တက်လာခြင်းအတွက် တစ်စိတ်တစ်ဒေသ သက်ရောက်မှုရှိခဲ့သော်လည်း ၎င်းအချက်တစ်ခုတည်းက ရာနှုန်းပြည့် သက်ရောက်မှုမရှိကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူများနှင့် အားကစားလေ့လာသူများက ဆိုသည်။

"၂၀၁၃ ဆီးဂိမ်းမတိုင်မီက ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့တွေအနေနဲ့ ပြည်ပကို ပူးတွဲလေ့ကျင့်မှု သွားရောက်ပြုလုပ်တာ၊ ပြည်ပပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်တာတွေ၊ ပြည်ပနည်းပြဆရာ အရေအတွက် ၄၁ ဦးရမ်းတာတွေဟာ ဆီးဂိမ်းပြိုင်ပွဲ သမိုင်းတစ်လျှောက် အရေအတွက်အများဆုံးဖြစ်ပါတယ်။ ပြည်တွင်းမှာ ဆီးဂိမ်းအကြိုပြိုင်ပွဲတွေ လုပ်ခဲ့တာတွေကလည်း မြန်မာအားကစားအဖွဲ့တွေ အောင်မြင်ဖို့အတွက် အကျိုးရှိခဲ့တဲ့ လုပ်ဆောင်ချက်တွေပါ" ဟု အားကစားလေ့လာသူတစ်ဦးက သုံးသပ်သည်။

"၂၀၁၃ ဆီးဂိမ်းမတိုင်မီက အားကစားသမားတွေကို နေထိုင်၊ ကျွေးမွေးစီစဉ်ပေးတာတွေက ဘယ်တုန်းကမှ မရဖူးတဲ့ အကောင်းဆုံးပံ့ပိုးမှုတွေ ပေးခဲ့တာပါ။ ဒါပေမဲ့ နေပြည်တော်လို နေရာမျိုးမှာ ကာလကြာရှည်စခန်းသွင်းနေရတာကတော့ မပျော်တာ အမှန်ပါပဲ။ တစ်ခါတလေ ထွက်ပြေးချင်လောက်အောင် စိတ်ဖြစ်ပေါ်ခဲ့ဖူးပါတယ်" ဟု ပြီးခဲ့သည့် ဆီးဂိမ်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအားကစားမယ်တစ်ဦးက ပြောသည်။

ထို့ပြင် သက်ဆိုင်ရာ အားကစားအဖွဲ့များအနေဖြင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲပြီးနောက် တစ်လကျော်ခန့် အကြာတွင် ပြန်လည်စခန်းသွင်းရမည်ဖြစ်သည့်အတွက် ကစားသမားအသစ်များ ရွေးချယ်မှုအပိုင်းတွင်လည်း အခက်အခဲဖြစ်လာနိုင်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူများက ဆိုကြသည်။

"ပြည်တွင်းတိုက်ကွမ်ဒို အားကစားပွဲ နှစ်ပွဲလောက်က လာမယ့် မေလအတွင်းမှာ ကျင်းပဖို့ ရှိပါတယ်။ ကျွန်တော်တို့ တိုက်ကွမ်ဒို အားကစားအဖွဲ့အနေနဲ့တော့ သကြံန်ပြီးလောက်မှ နေပြည်တော်ကိုလေ့ကျင့်ဖို့စခန်းသွင်းဝင်မယ်လို့ အကြောင်းပြန်ထားပါတယ်။ ပြည်တွင်းပွဲတွေကနေ ကစားသမား ရွေးချယ်မှုတွေ ပြုလုပ်သွားဖို့လည်း ရှိပါတယ်။ လက်ရွေးစင်ကစားသမားအချို့လည်း အသက်အရွယ်ကြောင့် အနားယူသွားကြတာလည်း ရှိကြပါတယ်" ဟုတိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ဆိုသည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိစင်ကာပူနိုင်ငံတွင်ကျင်းပမည်ဖြစ်ပြီး ထည့်သွင်းကျင်းပရန် လျာထားသည့် အားကစားနည်း ၃၀ တွင် မြန်မာဆီးဂိမ်းတွင် ပါဝင်ခဲ့သည့် အားကစားနည်း ၁၅ မျိုးခန့် ပါဝင်မည်မဟုတ်ပေ။

ထို့ပြင် အခြားအားကစားနည်း ခုနစ်မျိုးခန့်မှာလည်း မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသည့် အားကစားနည်းများဖြစ်သည်။ ၂၀၁၃ ဆီးဂိမ်းတွင် ပါဝင်ခြင်းမရှိခဲ့သည့် ကျွမ်းဘားနှင့် တင်းနစ် အားကစားနည်းတို့မှာ စင်ကာပူဆီးဂိမ်းလျာထားအားကစားနည်းစာရင်းတွင် ပါဝင်လာပြီး အိမ်ရှင်စင်ကာပူအနေဖြင့်လည်း ၎င်းတို့အားသာသည့် ရေလွှာလျှောစီး၊ သုံးမျိုးစုံကစားနည်း၊ Softball Squash ၊ ဓားရေး၊ ရွက်လှေ၊ ဘိုးလင်းစသည့် အားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

၂၀၁၅ ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို လာမည့် ဖေဖော်ဝါရီလ၌ ကျင်းပမည့် ဒုတိယအကြိမ် ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိအခြေအနေအရ စတင်စခန်းသွင်းမည့်ဖေဖော်ဝါရီလအတွင်း မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း ၂၀ ကျော်ခန့်ကို နေပြည်တော်တွင် စုစည်းလေ့ကျင့်သွားရန် စီစဉ်ထားကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူက ဆိုသည်။

အားကစားအဖွဲ့များကို ရန်ကုန်ရှိသက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များတွင် စုစည်းစခန်းသွင်းလေ့ကျင့်စေပါကလည်း အားကစားသမားများအတွက် အခက်အခဲမှာ အားကစားကွင်း၊ ရုံ အများစု ခေတ်မီဆန်းသစ်ခြင်းမရှိခြင်းဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

၂၀၁၃ မြန်မာဆီးဂိမ်းတွင် ပါဝင်ခဲ့သည့် အားကစားနည်းအများစု မပါဝင်လာခြင်း၊ မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသည့် အားကစားအချို့ ပါဝင်လာခြင်းတို့ကြောင့် လာမည့် ၂၀၁၅ စင်ကာပူဆီးဂိမ်း၌ မြန်မာအားကစားအဖွဲ့အနေဖြင့် အိမ်ရှင်ဆီးဂိမ်းတွင် ရရှိထားသည့် အဆင့်ရပ်တည်မှုထက် အဆင့်များကျဆင်းသွားနိုင်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဇန်နဝါရီလအတွင်း အောင်ပွဲရလက်ဖွေ့သမားများ ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပခဲ့သည့် ၂၀၁၃ မြန်မာဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအနေဖြင့် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခုရရှိကာ နိုင်ငံအလိုက် အဆင့်ရပ်တည်မှု ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

**စင်ကာပူဆီးဂိမ်း ပဏာမအားကစားနည်းများ**

၁။ ရေကူး
၂။ ပြေးခုန်ပစ်
၃။ မြားပစ်
၄။ ကြက်တောင်
၅။ ဘတ်စကက်ဘော
၆။ ဘိလိယက်/စနူကာ
၇။ ဘိုးလင်း
၈။ ကနူး/ကယက်
၉။ စက်ဘီး
၁၀။ Fencing (အနောက်တိုင်းဓားသိုင်း)
၁၁။ ဘောလုံး
၁၂။ ဂေါက်သီး
၁၃။ ကျွမ်းဘား
၁၄။ ဟော်ကီ
၁၅။ ဂျူဒို
၁၆။ Netball
၁၇။ ပန်ကြပ်ဆီလတ်
၁၈။ ရပ်ဘီ
၁၉။ ရွက်လှေ
၂၀။ ပိုက်ကျော်ခြင်း
၂၁။ သေနတ်ပစ်
၂၂။ Softball
၂၃။ Squash
၂၄။ စားပွဲတင်တင်းနစ်
၂၅။ တိုက်ကွမ်ဒို
၂၆။ တင်းနစ်
၂၇။ ရိုးရာလှေ
၂၈။ Triathlon (သုံးမျိုးစုံအားကစားနည်း)
၂၉။ Waterski (ရေလွှာလျှောစီး)
၃၀။ ဝူရှူး




Kia Motors, the major sponsor of the Australian Open 2014

The Power to Surprise

7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# ချယ်လ်ဆီး – ဝက်စ်ဟမ်း၊ စပါး – မန်စီးတီး၊ ဂျူဗီ – အင်တာ ပွဲကောင်းတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်(၂၃)ပွဲတွေက ကြားရက်ကြာသပတေးနေ့မှာ ကစားသွားပြီး ကျန်စီးရီးအေပွဲစဉ်(၂၂)နဲ့ လာလီဂါပွဲစဉ်(၂၂)တွေကတော့ စနေ၊ တနင်္ဂနွေနေ့တွေမှာ ထုံးစံအတိုင်း ကစားသွားမှာဖြစ်ပါတယ်။

**ပရီးမီးယားလိဂ်**

**၃၀၊ ဇန်နဝါရီ၊ ကြာသပတေး**

**ပွဲစဉ်အားလုံး (နံနက် ၂း၁၅ နာရီ)**

**ဗီလာ-ဝက်စ်ဘရွန်း**

**ပကျော့ရလဒ် ၂-၂**

နှစ်သင်းလုံး သရေပွဲနဲ့ ရှုံးပွဲတွေများနေပြီး နှစ်သင်းထိပ်တိုက်တွေ့တိုင်း ဂိုးရလဒ်အမျိုးမျိုးနဲ့ သရေကျတတ်တာလည်း ထူးခြားချက်လိုဖြစ်နေတယ်။ ဗီလာကို ပိုကြိုက်မိပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေလည်းဖြစ်နိုင်တဲ့ပွဲပါ။

**ဆန်းဒါးလန်း-စတုတ်**

**ပကျော့ရလဒ် ၀-၂**

ဆန်းဒါးလန်းအတွက် အိမ်ကွင်းဆိုပေမယ့် နိုင်ခြေနည်းပါတယ်။စတုတ်တို့တောက်လျှောက်ရှုံးပြီး ခြေကျနေတာကို အခွင့်ကောင်းယူနိုင်ရင်တော့ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိတယ်။ ဒါပေမဲ့ သရေလည်းဖြစ်နိုင်သေးတယ်။

**ချယ်လ်ဆီး-ဝက်စ်ဟမ်း**

**ပကျော့ရလဒ် ၃-၀**

ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ အနိုင်ရနိုင်တဲ့ပွဲပါ။ လန်ဒန်ဒါဘီဆိုပေမယ့် အခက်အခဲမရှိသလောက်ဖြစ်ပြီး ချယ်လ်ဆီးနှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။ ဝက်စ်ဟမ်း သရေရနိုင်ဖို့မရှိပါ။

**စပါး-မန်စီးတီး**

**ပကျော့ရလဒ် ၀-၆**

မန်စီးတီးတို့ ပထမအကျော့က ရလဒ်အတိုင်းမဖြစ်နိုင်ပေမယ့် နိုင်ခြေရာနှုန်းများနေဆဲပါ။ စပါး အိမ်ကွင်းရလဒ်ပိုင်း အသင့်အတင့်ရှိပေမယ့် တိုက်စစ်ပိုင်းပိုကောင်းတဲ့ မန်စီးတီးကို ထိပ်တိုက်တွေ့မှုတွေမှာ မနိုင်တာကြာနေပါပြီ။ မန်စီးတီး နှစ်ဂိုးလောက်ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ခြေရှိတယ်။

**စီးရီးအေ**

**၂၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**မီလန်-တိုရီနို**

**(နံနက် ၂း၁၅ နာရီ)**

**ပကျော့ရလဒ် ၂-၂**



မီလန်တို့ နည်းပြဆီးဒေါ့ဖ်လက်ထဲမှာ နိုင်ပွဲရှာနိုင်မှုဖြစ်မှာပါ။ ဒီပွဲက အိမ်ကွင်းပွဲဖြစ်ပြီး မီလန် ဂိုးအနည်းနဲ့ကပ်နိုင်ဖို့ အခြေအနေကောင်းတယ်။ သရေပွဲလည်း ဖြစ်နိုင်ပါတယ်။

**ရိုးမား-ပါးမား**

**(ည ၈း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၁**

ဇယားထိပ်နားက ရိုးမားတို့ နိုင်ပွဲဆက်ပြီး ခြေစွမ်းတက်နေတဲ့ ပါးမားကို ထိန်းကစားရဖွယ်ရှိတယ်။ ရိုးမားရှေ့တန်းမှာ ဂါဗင်ဟို၊ လယ်ဂျာဂျစ်တို့ ခြေစွမ်းပြနေပြီး အိမ်ရှင် အရင်ဂိုးသွင်းနိုင်ရင်နှစ်ဂိုးလောက်ရနိုင်ပါတယ်။ ရိုးမားဘက်က နေရမှာပါ။

**၃၊ ဖေဖော်ဝါရီ၊ တနင်္လာ**

**ဂျူဗင်တပ်-အင်တာမီလန်**

**(နံနက် ၂း၁၅ နာရီ)**

**ပကျော့ရလဒ် ၁-၁**

ဇယားထိပ်က ဂျူဗင်တပ်တို့ အင်တာကိုကောင်းကောင်းဖိအားပေးသွားနိုင်ပါတယ်။ အင်တာတို့ ခြေစွမ်းမမှန်ဖြစ်နေပေမယ့် ဂျူဗင်တပ် နိုင်ပွဲဆက်နေတယ်။ ခြေမသာပေမယ့် နိုင်ပွဲအရယူနိုင်စွမ်းက အိမ်ရှင်လက်ထဲမှာပါ။ ဂျူဗီတို့ ဂိုးနည်းနိုင်ပါတယ်။

**လာလီဂါ**

**၁၊ ဖေဖော်ဝါရီ၊ စနေ**

**ဘာစီလိုနာ-ဗလင်စီယာ**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၂**

ဘာကာတို့နိုင်ပွဲဆက်နေပြီး ဗလင်စီယာက အဝေးကွင်းခြေစွမ်းမကောင်းပါ။ ဘာကာပဲ ဂိုးအများနဲ့ နိုင်မယ့်ပွဲဖြစ်နိုင်ပါတယ်။ ဗလင်စီယာ သရေရဖို့နည်းတယ်။

**၃၊ ဖေဖော်ဝါရီ၊ တနင်္လာ**

**အက်သလက်တီကို - ဆိုစီဒက်**

**(နံနက် ၀၀း၃၀ နာရီ)**

**ပကျော့ရလဒ် ၂-၁**

ပထမအကျော့တုန်းကလိုပဲ မက်ဒရစ်အသင်းက နိုင်ပွဲရနိုင်ပါတယ်။ ဆိုစီဒက် အဝေးကွင်းသရေပွဲများတဲ့ အသင်းစာရင်းဝင်ပေမယ့် မက်ဒရစ်အိမ်ကွင်းမှာ ဇယားထိပ်က အိမ်ရှင်တို့ပဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဦးမှာဖြစ်ပါတယ်။

**ဘီလ်ဘာအို-ရီးရဲလ်မက်ဒရစ်**

**(နံနက် ၂း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၃**

ရီးရဲလ်တို့ပဲ အနိုင်ရသွားမယ့်ပွဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံးပွဲတွေမှာ ခြေစွမ်းပြနေသလို အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတဲ့ ရီးရဲလ်ကို ဘီလ်ဘာအိုတို့ သရေကျနိုင်ဖို့တောင် ခက်ပါတယ်။ ရီးရဲလ် နှစ်ဂိုးလောက်ရနိုင်ပါတယ်။



7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်း ပိုလန်နိုင်ငံတောထဲတွင် ဖွင့်ခဲ့သည်ဆိုသော စွပ်စွဲမှုများစုံစမ်းမည်

**ဝါဆော၊ ဇန်နဝါရီ-၂၅**

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ (CIA)က ပိုလန်နိုင်ငံတောထဲတွင် လျှို့ဝှက်အကျဉ်းစခန်း ဖွင့်ခဲ့သည်ဆိုသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးနေသော အစိုးရရှေ့နေများက 'black site' ဟုခေါ်သည့် နေရာအကြောင်း သတင်းစာတစ်စောင်က ဖော်ပြသော အကြောင်းအရာများကို ကြည့်ရှုစုံစမ်းသွားမည်ဟု သောကြာနေ့က ပြောကြားသည်။

ပိုလန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင်ရှိသော ထောက်လှမ်းရေးအရာရှိများ လေ့ကျင့်ရေးအကယ်ဒမီကျောင်း၌ အယ်လ်ကိုင်ဒါခေါင်းဆောင်များဟု မသင်္ကာသူများကို ထိန်းသိမ်းစစ်ဆေးရန် ပိုလန်နိုင်ငံက စီအိုင်အေကို အသုံးပြုခွင့်ပေးခဲ့သည်ဟု လူ့အခွင့်အရေးအုပ်စုများနှင့် ရှေ့နေများက နှစ်ပေါင်းများစွာ ပြောကြားခဲ့သည်။

ယင်းနေရာကို အသုံးပြုခွင့်ပေးခြင်းအတွက် ၂၀၀၃ ခုနှစ်က ပိုလန်ထောက်လှမ်းရေးအား ကန်ဒေါ်လာ ၁၅ သန်းကို ကတ်ထူပုံးများနှင့်ထည့်၍ ပေးအပ်ခဲ့သည်ဟု စီအိုင်အေအရာရှိဟောင်းဆိုသူများကို ကိုးကား၍ ဝါရှင်တန်ပို့စ်သတင်းစာက ကြာသပတေးနေ့က ရေးသားဖော်ပြသည်။




*ပိုလန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ စက်ဇီနီအနီး စတဲရ်ကီကူတီရွာမှ စစ်တပ်ဧရိယာပြ အမှတ်အသားပုံ* KACPER PEMPEL/REUTERS

ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေသော ပိုလန်နိုင်ငံ ထရာကောမြို့မှ အစိုးရရှေ့နေများအဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ပီယိုတာကော့စ်မာတီက ဝါရှင်တန်ပို့စ်သတင်းတွင် ၎င်းတို့စုံစမ်းနေသော အမှု၏အထောက်အထားများဖြစ်နိုင်သည်ဟု ပြောကြားသည်။

"ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ စုံစမ်းစစ်ဆေးမှုတွေမှာ ဝါရှင်တန်ပို့စ်သတင်းကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီး ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုတွေမှာ ထည့်သွင်းသွားပါမယ်"ဟု ကော့စ်မာတီက ပြောကြားသည်။

ပိုလန်နိုင်ငံမှ စခန်းအကြောင်း မေးမြန်းစုံစမ်းရာတွင် စီအိုင်အေက မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းကဖော်ပြသည်။

အကယ်၍ တရားမဝင်ထိန်းသိမ်း၊ နှိပ်စက်မှုများတွင် ပိုလန်အရာရှိများ ပါဝင်ပူးပေါင်းခဲ့သည်ဆိုပါက ပြစ်မှုမြောက်ကြောင်း သိရသည်။

*—Ref: Reuters*

# ကြွေးမြီပြဿနာကြောင့် အီကွေဒေါလေကြောင်းလိုင်း ဗင်နီဇွဲလားသို့ ပျံသန်းမှုရပ်ဆိုင်း

**ကာရာကတ်စ်၊ ဇန်နဝါရီ-၂၆**

လေယာဉ်လက်မှတ်များ ရောင်းချခြင်းမှရသော ကန်ဒေါ်လာ ၄၃ သန်းကို ဗင်နီဇွဲလားအစိုးရက ပေးချေသည့်အချိန်အထိ အီကွေဒေါနိုင်ငံမှ Tame လေကြောင်းလိုင်းသည် ဗင်နီဇွဲလားနိုင်ငံသို့ နေ့စဉ်အသွားအပြန် ပျံသန်းနေသော ခရီးစဉ်ကိုဆိုင်းငံ့ထားလိုက်သည်။ အီကွေဒေါလေကြောင်းမှာ ဗင်နီဇွဲလားနိုင်ငံသို့ ပျံသန်းမှုကို ပထမဆုံးရပ်ဆိုင်းလိုက်သော လေကြောင်းလိုင်းဖြစ်လာသည်။

ဗင်နီဇွဲလားလေကြောင်းလိုင်းများ အစည်းအရုံး၏ ထုတ်ပြန်ချက်အရ ဗင်နီဇွဲလားဆိုရှယ်လစ်အစိုးရမှာ လေကြောင်းလိုင်းများအား ကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ အကြွေးတင်နေသည်။

ဗင်နီဇွဲလားနိုင်ငံ၏ တင်းကျပ်သော ငွေကြေးထိန်းချုပ်မှုများကြောင့်လည်း လေကြောင်းလိုင်းများ ဒုက္ခတွေ့နေရခြင်းဖြစ်ပြီး ၎င်းတို့မှာ တောင်အမေရိကရေနံကြွယ်ဝသောနိုင်ငံမှ လက်မှတ်ရောင်းရငွေများကို နိုင်ငံရပ်ခြားသို့ လွှဲပို့ရန် တားဆီးခံထားရသည်။




AP

မကြာသေးမီသီတင်းပတ်အတွင်း လေကြောင်းလိုင်းမှ ကိုယ်စားလှယ်များနှင့် အရာရှိများတွေ့ဆုံ၍ ငွေကြေးအကျပ်ရိုက်နေသော အစိုးရအနေဖြင့် ငွေသားများ၊ နှစ်ရှည်ငွေချေးစာချုပ်များ၊ ရေနံများဖြင့် ပေးချေရေး ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီချက်ထွက်ပေါ်မလာသေးပေ။ ယင်းအတွက် Tame နှင့် အခြားလေကြောင်းလိုင်းများမှာ စိတ်မရှည်တော့ဘဲ အရေးယူမှုများ စတင်လုပ်ဆောင်လာခဲ့သည်။

*—Ref: AP*



7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# လစ်ဗျားတွင် ပြန်ပေးဆွဲခံရသော အီဂျစ်သံရုံးဝန်ထမ်းများ ပြန်လွတ်လာ



*ထရီပိုလီရှိ အီဂျစ်သံရုံးရှေ့တွင် လုံခြုံရေးချထားသည်ကို တွေ့ရစဉ်* NICOLAS ASFOURI/AFP

**ထရီပိုလီ၊ ဇန်နဝါရီ-၂၇**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၌ ပြန်ပေးဆွဲခံရသော အီဂျစ်သံရုံးဝန်ထမ်းငါးဦးသည် ဇန်နဝါရီ ၂၆ ရက် ညတွင် ပြန်လွှတ်ခဲ့သည်ဟု လစ်ဗျားအရာရှိများက ပြောကြားသည်။

အီဂျစ်သံရုံးဝန်ထမ်းတစ်ဦးသည် ဇန်နဝါရီ ၂၄ ရက်တွင် ပြန်ပေးဆွဲခံရပြီး ၂၄ နာရီအတွင်း နောက်ထပ်သံရုံးဝန်ထမ်းလေးဦးမှာ ၎င်းတို့၏ နေအိမ်များ၌ ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းတို့အားမည်သူမည်ဝါက ဖမ်းဆီးခေါ်ဆောင်ခဲ့သည်ကိုမူ မရှင်းလင်းသေးပေ။ အဆိုပါပြန်ပေးဆွဲမှုမှာ ဇန်နဝါရီ ၂၄ ရက်က အီဂျစ်နိုင်ငံတွင် လစ်ဗျားတော်လှန်ရေးတပ်ဖွဲ့ (LROR)ခေါင်းဆောင် ရှာဘာအန်ဟာဒီယာ ဖမ်းဆီးခံရမှုနှင့် ပတ်သက်နေသည်။

အီဂျစ်အစိုးရသည် အဆိုပါပြန်ပေးဆွဲမှုများဖြစ်ပွားပြီးနောက် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့နှင့် ဘန်ဂါဇီမြို့ရှိ၎င်း၏သံရုံးဝန်ထမ်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့သည်။ ပြန်ပေးဆွဲခံရသူများမှာ ကျန်းမာကြကြောင်းနှင့် ၎င်းတို့မှာထရီပိုလီမြို့အပြင်ဘက်၌ ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရကြောင်း လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

လစ်ဗျားအစိုးရသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာက ဝန်ကြီးချုပ်အလီဇိုင်ဒန် ပြန်ပေးဆွဲခံရမှုနှင့်ပတ်သက်၍ LROR အဖွဲ့ကို အပြစ်တင်ခဲ့သည်။ ယင်းအဖွဲ့က မူ ပြန်ပေးဆွဲမှုများတွင် ၎င်းတို့အဖွဲ့မပါဝင်ဟု ငြင်းဆန်ခဲ့သည်။ ဇန်နဝါရီ ၂၅ ရက်တွင် ပြန်ပေးသမားများသည် ဒူဘိုင်းမြို့အခြေစိုက် Al Arabiya ရုပ်သံလိုင်းသို့ဖုန်းဆက်၍ ၎င်းတို့၏ခေါင်းဆောင် ဟာဒီယာအား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ဟာဒီယာ လွှတ်မြောက်ခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ မရှင်းလင်းသေးပေ။

—*Ref: BBC*

# ကမ္ဘာလုံးဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက် ဂူးဂဲလ်နှင့် ဆမ်ဆောင်း လက်မှတ်ရေးထိုး

**ဆိုးလ်၊ ဇန်နဝါရီ-၂၇**

တီထွင်ဆန်းသစ်မှုတိုးမြှင့်ရန်နှင့် အလားအလာရှိသော တရားရင်ဆိုင်မှုလျှော့ချရန် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာမူပိုင်ခွင့်ဖလှယ်ရေး သဘောတူညီမှုကို ဂူးဂဲလ်ကုမ္ပဏီနှင့် ဆမ်ဆောင်းကုမ္ပဏီတို့ လက်မှတ်ရေးထိုးလိုက်သည်။

ဆမ်ဆောင်းကုမ္ပဏီက ဂူးဂဲလ်ကုမ္ပဏီ၏ Android မိုဘိုင်းဖုန်း Operation System ကို အသုံးပြုနေပြီး ယင်းကုမ္ပဏီနှစ်ခုမှာ အတူတကွ ရင်းနှီးစွာလုပ်ကိုင်ထားပြီးဖြစ်သည်။

ယင်း သဘောတူညီမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်အနည်းငယ်ကိုသာ အဆိုပါကုမ္ပဏီများက ကြေညာခဲ့သော်လည်း အသိဉာဏ်ဆိုင်ရာပစ္စည်းများအတွက် ဂူးဂဲလ်နှင့် ဆမ်ဆောင်းကုမ္ပဏီတို့ အချင်းချင်းတရားရင်ဆိုင်ရဖွယ် ရှိခြင်းများ လျှော့ချထားပြီး ယင်းမှာ နည်းပညာလုပ်ငန်းအတွက် လွန်စွာအရေးပါသည်။

ယင်းကဲ့သို့သဘောတူလက်မှတ်ရေးထိုးလိုက်ခြင်းကြောင့် မူပိုင်ခွင့်ချိုးဖောက်သည်ဆိုခြင်းများအတွက် တရားစွဲဆိုထားသည့် အက်ပဲလ်ကုမ္ပဏီကဲ့သို့ပြိုင်ဘက်ကုမ္ပဏီများနှင့် ၎င်းတို့၏ ယှဉ်ပြိုင်တိုက်ခိုက်မှုကို တိုးမြှင့်မည်ဟု မျှော်လင့်ရသည်။

"မလိုလားအပ်တဲ့ မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုတွေကို စေ့စပ်ညှိနှိုင်းရတာထက် ပူးပေါင်းဆောင်ရွက်တာက ပိုပြီးအကျိုးအမြတ်ရမယ်ဆိုတာ ဆမ်ဆောင်းနဲ့ ဂူးဂဲလ်ကုမ္ပဏီက ကျန်တဲ့ကုမ္ပဏီတွေကို ပြသလိုက်တာပါ" ဟု ဆမ်ဆောင်းကုမ္ပဏီ၏ အသိဉာဏ်ဆိုင်ရာပစ္စည်းဌာနခေါင်းဆောင် ဆောင်းဟိုအန်ကပြောသည်။

မိုဘိုင်းဖုန်းနည်းပညာမူပိုင်ခွင့်များနှင့်ပတ်သက်၍ အက်ပဲလ်ကုမ္ပဏီက ဆမ်ဆောင်းကုမ္ပဏီကို အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် တရားစွဲဆိုထားသည်။

—*Ref: BBC*

# ဂျပန်ဆူနာမိဒဏ်ခံရသော ကလေးငယ်လေးဦးတွင် တစ်ဦး စိတ်ပိုင်းဆိုင်ရာကုသမှုလိုအပ်

**တိုကျို၊ ဇန်နဝါရီ-၂၇**

၂၀၁၁ က ဂျပန်ဆူနာမိဒဏ်ခံခဲ့ရသော မူကြိုကျောင်းနေအရွယ်ကလေးငယ်လေးဦးတွင်တစ်ဦးသည် စိတ်ပိုင်းဆိုင်ရာပြဿနာများရှိနေကြောင်း၊ မကုသလျှင် ထိုပြဿနာများမှာ ဘဝတစ်ခုလုံးစွဲသွားနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ လေ့လာမှုတွင် ဆူနာမိဒဏ်ခံခဲ့ရသော သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများအနက် ၂၅ ဒသမ ၉ ရာခိုင်နှုန်းမှာ မူးဝေခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း စသည့် ဝေဒနာများကို ခံစားနေရပြီး အကြမ်း ဖက်တတ်သည့်အပြုအမူများလည်းဖြစ်နေတတ်ကြောင်းဆိုသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထိုကလေးငယ်များသည် သူငယ်ချင်းများဆုံးရှုံးခြင်း၊ နေအိမ်များပျက်စီးခြင်း၊ မိဘများနှင့်သေကွဲခွဲခွာခဲ့ရခြင်း၊ ကမ်းခြေသို့ ဆူနာမိတက်စဉ် ရေလှိုင်းလုံးကြီးများကို မြင်ခဲ့ရခြင်းများကြောင့် ကြောက်လန့်ခဲ့ရကြောင်းဆိုသည်။ တိုဟိုကူတက္ကသိုလ် ဆေးပညာဌာနမှ ပါမောက္ခရှိဂျီအိုကူရိက ဦးဆောင်လေ့လာခဲ့သော ယင်းသုတေသနတွင် ပညာရှင်များ၏ ကုသပေးမှုများမခံယူရသော ထိုကလေးငယ်များသည် နောက်ပိုင်းကြီးပြင်းလာသောဘဝတွင် ပြဿနာများပိုဆိုးလာနိုင်ကြောင်း သတိပေးထားသည်။ ကလေးများအား ကုသပေးမှုများတွင် စိတ်ပိုင်းမူမမှန်မှုများကို ကုသပေးခြင်းများ၊ မသန်စွမ်းပညာလေ့လာသင်ကြားရေးများ ပြုလုပ်ပေးခြင်းတို့ ပါဝင်ကြောင်းဆိုသည်။ ဂျပန်နိုင်ငံတွင် ၂၀၁၁ မတ်လက လှုပ်ခဲ့သော ငလျင်နှင့် ဆူနာမိတို့ကြောင့် လူပေါင်း ၁၈,၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ဂျပန်သုတေသီများသည် ငလျင်နှင့် ဆူနာမိဒဏ်ခံခဲ့ရသည့် ဂျပန်အရှေ့ပိုင်းကမ်းရိုးတန်းနေရာများမှ ကလေးငယ် ၁၇၈ ဦးကိုလေ့လာခဲ့ခြင်းဖြစ်သည်။ —*Ref: AFP*

# ဒါးဗို့စ်စီးပွားရေးဖိုရမ်တွင် ခေါင်းဆောင်အများစု ကမ္ဘာ့စီးပွားရေးအပေါ် အကောင်းမြင်

**ဒါးဗို့စ်၊ ဇန်နဝါရီ-၂၆**

ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့တွင် ကျင်းပနေသော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ကမ္ဘာ့ခေါင်းဆောင်များက ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးအလားအလာများအပေါ် အကောင်းမြင်သည်ဟုပြောကြားကြသည်။

ဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ထိပ်တန်းစီးပွားရေးခေါင်းဆောင်များ ပါဝင်သော ခုံအဖွဲ့ဆွေးနွေးပွဲတွင် စကားပြောကြားရာ၌ ဂျပန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဟာဂူဟီကိုကူရိုဒါက "ကျွန်တော်တို့ အကျဘက်အန္တရာယ်တွေကို သတိထားပြရပါမယ်။ ဒါပေမဲ့လည်း ကမ္ဘာ့စီးပွားရေးရှေ့မျှော်မှန်းချက်ကိုသတိနှင့်အတူ အကောင်းဘက်က ရှုမြင်နိုင်ပါတယ်"ဟု ပြောသည်။

အမေရိကန်စီးပွားရေးမှာ ယခုနှစ်နှင့် လာမည့်နှစ်တွင် ၃ ရာခိုင်နှုန်းကျော် တိုးတက်လာရန်ရှိပြီး ဥရောပမှာလည်း နောက်ဆုံးတွင် စီးပွားရေးပြန်လည်နာထန်ထလာသည်ဟု ကူရိုဒါကပြောကြားသည်။ ထို့အပြင် အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် အခြားထွန်းသစ်စစီးပွားရေးနိုင်ငံများမှာ မြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုနှုန်းဆက်ထိန်းထားနိုင်လိမ့်မည်ဟု ဂျပန်ဗဟိုဘဏ်အကြီးအကဲက ခန့်မှန်းသည်။

ဂျာမနီဘဏ္ဍာရေးဝန်ကြီး ဝေါ့ဖ်ဖန်ရှော်ဆဲလ်ကလည်း ယူရိုဇုန်အကျပ်အတည်းမှာ ဆွေးနွေးပွဲတွင် ထိပ်ဆုံးမှ စည်းဝေးရမည့်အကြောင်းအရာမဟုတ်တော့ဟု ပြောကြားသည်။

သို့သော် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ မစ္စစ် ခရစ္စတင်းလာဂတ်ကမူ အမေရိကန်ဗဟိုဘဏ်၏ စီးပွားရေးနှိုးဆွမှုအစီအစဉ် နောက်ဆုတ်သွားပါက အန္တရာယ်သစ်များ ပေါ်ထွက်လာနိုင်သည်ဟု သတိပေးပြောကြားသည်။

—*Ref: AFP*

နောက်ကျောဖုံး မှ

## လွတ်ငြိမ်းချမ်းသာခွင့်မရဘဲ စနိုးဒန် အမေရိကန်ပြန်လာမည်မဟုတ်ဟု တရားရေးအကြံပေးပုဂ္ဂိုလ်ပြောကြား

ဆွေးနွေးသွားမည်ဟု ဟိုလ်ဒါက ပြောကြားခဲ့သဖြင့် ဝမ်းသာမိသည်ဟု စနိုးဒန်၏ တရားရေးအကြံပေး မစ္စစ်ဂျက်စီလင်းရက်ဒက်က ပြောသည်။ သို့သော် စနိုးဒန်အတွက် ပိုကောင်းသော ကာကွယ်မှုလိုအပ်လိမ့်မည်ဟုလည်း ၎င်းက ပြောသည်။

စနိုးဒန်အား လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် အမေရိကန်နိုင်ငံက စဉ်းစားမည်မဟုတ်ဟု ဟိုလ်ဒါက ယခင်ကပြောကြားခဲ့သည်။ မစ္စစ်ရက်ဒက်မှာ စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော အစိုးရတာဝန်ရှိမှုလုပ်ငန်းစဉ်အဖွဲ့၏ အမျိုးသားလုံခြုံရေးနှင့် လူ့အခွင့်အရေးညွှန်ကြားရေးမှူးဖြစ်သည်။ စနိုးဒန်သည် ၎င်း၏အမေရိကန်နိုင်ငံကူးလက်မှတ်ဖျက်သိမ်းခံရသဖြင့် ထိခိုက်ခဲ့ရသည်ဟု ၎င်းကပြောသည်။

စနိုးဒန်သည် အမေရိကန်နိုင်ငံသို့ ပြန်လာကာ သူလျှိုလုပ်မှုဖြင့် တရားစွဲဆိုခြင်းကို ရင်ဆိုင်မည်မဟုတ်ဟု မစ္စစ်ရက်ဒက်က ပြောသည်။

စနိုးဒန်ကို လွှတ်ပေးပါဟု အမည်ရသော ဝက်ဘ်ဆိုက်တစ်ခုတွင် အကယ်၍ မိမိ အမေရိကန်နိုင်ငံသို့ ပြန်သွားမည်ဆိုပါက မည်သည့်အခြေအနေများ လိုအပ်မည်လဲဆိုသောအချက်ကို စနိုးဒန်ကိုယ်တိုင် ဆွေးနွေးခဲ့သည်။

ထိုအတောအတွင်း ဂျာမနီ ARD ရုပ်သံသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှု တစ်ခုတွင် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)သည် ကန်စီးပွားရေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်နေသည့် ဂျာမန်ကုမ္ပဏီများအပေါ် လျှို့ဝှက်ထောက်လှမ်းခဲ့သည်ဟု စနိုးဒန်ကပြောကြားသည်။

—*Ref: BBC/Reuters*

# အီးယူပါလီမန်ရွေးကောက်ပွဲ ဆန့်ကျင်မဲဆွယ်သူများကို ဂျာမနီခေါင်းဆောင်တစ်ဦး ပြစ်တင်ပြောကြား

**ဘာလင်၊ ဇန်နဝါရီ-၂၇**

အီးယူပါလီမန်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများတွင် ဥရောပအပေါ် သံသယစိတ်ဖြင့် မဲဆွယ်နေသော လက်ဝဲနှင့် လက်ယာပါတီများကို မိုက်မဲသူများဟု ဂျာမနီအဓိပတိ အန်ဂျလာမာကယ်၏ ညွန့်ပေါင်းတွင်ပါဝင်သည့် ဂျာမနီဆိုရှယ်ဒီမိုကရက်များပါတီခေါင်းဆောင်က ရှုတ်ချပြောဆိုလိုက်သည်။ မဲဆွယ်ရာတွင် ၎င်းတို့ကို အပြင်းအထန်တိုက်ပွဲဝင်သွားမည်ဟုလည်း ဂျာမနီဒုတိယအဓိပတိ ဆစ်ဂ်မာဂါဘရီရယ်က ကတိပြုသည်။

လာမည့်မေလရွေးကောက်ပွဲတွင် ဥရောပပေါင်းစည်းမှုကို ဆန့်ကျင် မဲဆွယ်ခြင်းအတွက် လက်ဝဲနှင့် လက်ယာဘက်မှ စည်းလုံးညီညွတ်နေသော ဥရောပ၏ ရန်သူများဟု မစ္စစ်မာကယ်အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးလည်းဖြစ်သူ ဂါဘရီရယ်ကပြောသည်။

"ဂျာမနီဟာ ဥရောပရဲ့ငွေကြေးစိုက်ထုတ်ပေးသူလို့ဆိုတဲ့ မိုက်မဲတဲ့ကြွေးကြော်သံတွေကိုမားမားမတ်မတ် ရင်ဆိုင်ကြရပါမယ်" ဟု ဂါဘရီရယ်ကပြောသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014


# ဒုတိယကမ္ဘာစစ်အတွင်း အီတလီနိုင်ငံ အန်ဇီယိုမြို့သို့ မဟာမိတ်တပ်များဝင်ရောက်ပုံ နှစ်(၇၀)ပြည့် အခမ်းအနားတွင် ပြန်လည်သရုပ်ပြ

**အန်ဇီယို၊ ဇန်နဝါရီ-၂၆**

ဒုတိယကမ္ဘာစစ်အတွင်း အီတလီနိုင်ငံ အန်ဇီယိုမြို့ ကမ်းခြေသို့ မဟာမိတ်တပ်များ ဆိုက်ရောက်လာပုံကို စစ်ပွဲဖြစ်ပွားသည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားအတွင်း စစ်သားများ ရေထဲမှနေ၍ ကမ်းခြေပေါ် တက်လာကြပြီး တိုက်လေယာဉ်များက ၎င်းတို့၏ဦးခေါင်းပေါ် မှဖြတ်ပျံသန်းကာ အန်ဇီယို ကမ်းရိုးတန်းတစ်လျှောက် ဂျစ်ကားများ မောင်းနှင်သွားပုံကို ပြန်လည်သရုပ်ပြခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း အဓိကကျသော တိုက်ပွဲများအနက် တစ်ခုဖြစ်သော အန်ဇီယိုမြို့ အနီးတစ်ဝိုက်၌ အမေရိကန်၊ ဗြိတိန်၊ ကနေဒါတပ်သားများ ထောင်ပေါင်းများစွာ သေဆုံးခဲ့သည်။

ယင်းကဲ့သို့ မဟာမိတ်တပ်များ ဆိုက်ရောက်လာခြင်းမှာ ၁၉၄၄ ဇန်နဝါရီ ၂၂ ရက် နံနက်စောစောကဖြစ်ကြောင်း အဖြစ်အပျက်များ ကောင်းစွာမှတ်မိနေဆဲဖြစ်သည့် ဒေသခံအယ်ဖရက်ဒိုရီနယ်လ်ဒီကပြောသည်။

ထိုအချိန်က ရီနယ်လ်ဒီမှာ ဆယ်ကျော်သက် အရွယ်သာရှိသေးသည်။ ၎င်းကိုနာဇီတပ်များက ရောမသို့ ပို့ဆောင်လိုက်သော်လည်း မဟာမိတ်တပ်များ အီတလီသို့ ဆိုက်ရောက်သည်နှင့် ၎င်းမှာ ပြန်လာခဲ့ပြီး အမေရိကန်စစ်သားများ၏ စကားပြန်အဖြစ် ငှားရမ်းခံခဲ့ရသည်။

"သူတို့က သေနတ်တစ်ချက်မဖောက်ဘဲ ရောက်လာတာပါ။ ဘာလို့လဲဆိုတော့ အဲဒီမှာ ဂျာမန်တွေ တစ်ယောက်မှမရှိဘူးလေ။ ကျွန်တော်က ရောမကို ရောက်နေတယ်။ အဲဒီအကြောင်းကို ကျွန်တော် ရေဒီယိုကကြားရတယ်။ အန်ဇီယိုမြို့ကို ခြေလျင်ထွက်လာခဲ့တာ"ဟု အသက်(၈၆)နှစ်အရွယ် ရီနယ်လ်ဒီကပြောသည်။

"ကျွန်တော်မကြောက်ပါဘူး။ လူငယ်စိတ်ကြောင့် မဆင်မခြင် လုပ်တယ်လို့ပဲပြောပေ့ါ။ အဲဒီစစ်ပွဲမှာ ကျွန်တော် ပါခဲ့ပါတယ်။ ကျွန်တော် လက်နက်တွေ ကျည်ဖြည့်ပေးခဲ့တယ်"ဟု ၎င်းကပြောသည်။

အန်ဇီယိုမြို့တိုက်ပွဲများမှာ ၁၉၄၄ ခုနှစ် ဇွန်လအထိ ကြာမြင့်ခဲ့သည်။

မဟာမိတ်များဘက်မှ စစ်သား ၇,၀၀၀ သေဆုံးခဲ့ပြီး ဂျာမနီဘက်မှ ၅,၀၀၀ သေဆုံးခဲ့ကာ ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည် (သို့မဟုတ်) တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးသွားခဲ့သည်။ *—Ref: AFP*


NICOLAS ASFOURI/AFP

*ရောမမြို့မှ ၅၂ ကီလိုမီတာအကွာ အန်ဇီယိုမြို့ကမ်းခြေတွင် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်ဖွဲ့များရောက်ရှိလာခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနား၌ ပါဝင်ဆင်နွှဲသူတစ်ဦး အမေရိကန်ဂျစ်ကားတစ်စီးပေါ်တွင် ထိုင်နေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်*



7 DAY NEWS JOURNAL

# International

Vol.12, No.47 • JANUARY 29 , 2014



NICOLAS ASFOURI/AFP

*ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဇန်နဝါရီ ၂၇ ရက်က ဗုဒ္ဓဘုရားကျောင်းတစ်ခု၌ ပြုလုပ်သော စျာပနအခမ်းအနားတွင် သေနတ်ဖြင့်ပစ်သတ်လုပ်ကြံခံရသည့် ဆန္ဒပြခေါင်းဆောင် ဆူသင်သာရာသင်၏ ရုပ်အလောင်းအနီး ငိုကြွေးနေသော ကျန်ရစ်သူ ဇနီးနှင့် သမီးကို တွေ့ရစဉ်*

## ကင်ဂျုံအန် ကွပ်မျက်ခဲ့သော ဦးလေးဖြစ်သူ၏ဆွေမျိုးများ ထပ်မံသုတ်သင်ခံရ

**ဆိုးလ်၊ ဇန်နဝါရီ-၂၇**

မြောက်ကိုရီးယားအစိုးရသည် မကြာသေးမီက ရာထူးမှဖယ်ရှားခံရပြီး သေဒဏ်ပေးခံခဲ့ရသော ချန်ဆွန်သက်၏ ဆွေမျိုးများအားလုံး နီးပါးကို သုတ်သင်လိုက်ကြောင်း ကိုရီးယားဟာရယ်လ်သတင်းက ဖော်ပြသည်။

တစ်ချိန်က မြောက်ကိုရီးယားတွင် ကင်ဂျုံအန်ပြီးနောက် ဒုတိယ ဩဇာအကြီးပုဂ္ဂိုလ်ဟု သတ်မှတ်ခံရသူ ချန်ဆွန်သက်ကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် လူသိရှင်ကြား ဖမ်းဆီးခဲ့ပြီးနောက် မကြာမီတွင် ၎င်းကို သေဒဏ်ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ မစ္စတာချန်သည် ကင်ဂျုံအန်၏ အဒေါ်ဖြစ်သူကို လက်ထပ်ထားရာ ဦးလေးတော်စပ်သူလည်းဖြစ်သည်။ သို့သော် ၎င်းကို သေဒဏ်ပေးပြီး နောက်လပိုင်းအတွင်း အာဏာရအလုပ်သမားပါတီနှင့် စစ်တပ်အတွင်း၌ ချန်၏လုပ်ဖော်ကိုင်ဖက်များရှိနေသေးခြင်းကို အပြတ်ရှင်းသည့်အနေဖြင့် ဆွေမျိုးများကိုပါ ကင်ဂျုံအန်က သုတ်သင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းကဆိုသည်။ သတင်းတွင် သုတ်သင်ခံခဲ့ရသူများထဲ၌ ချန်၏ညီမဖြစ်သူ ချန်ကျီဆွန်းနှင့် ယောက်ဖဖြစ်သူ ဂျွန်ယောင်ဂျင်းတို့မှာ ဒီဇင်ဘာလအတွင်းကလည်းကောင်း၊ တူဖြစ်သူ ချန်ယုံချိုမှာလည်း ဒီဇင်ဘာလအတွင်းလည်းကောင်း သေဒဏ်စီရင်ခံခဲ့ရသည်။ ယင်းမှ ဂျွန်ယောင်ဂျင်းမှာ ကျူးဘားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ဖြစ်ခဲ့ဖူးသလို ယောင်ချိုမှာလည်း မလေးရှားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားအထူးကိုယ်စားလှယ်အဖြစ် တာဝန်များထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ အခြားသော တောင်ကိုရီးယားသတင်းများကလည်း ချန်၏ကျန်ရစ်သည့် ဆွေမျိုးများတွင် အားလုံးနီးပါးမှာလည်း ကလေးစားပြန်ချေမည်ကို စိုးရိမ်သောကြောင့် အမြစ်ပြတ်သုတ်သင်ခံခဲ့ရသည်။

ထိုသတင်းများအားလုံးကို တောင်ကိုရီးယားရှိ နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက မည်သည့်မှတ်ချက်မျှ မပေးရသေးပေ။ မြောက်ကိုရီးယားသည် အစဉ်အလာအားဖြင့် အစိုးရထိပ်တန်းအာဏာပိုင်တစ်ဦးကို သေဒဏ်ပေးခဲ့ပါက အသက်(၁၅)နှစ်နှင့်အထက် ကျန်ရစ်သူမိသားစုဝင်များအားလုံးကိုလည်း ပြန်လည်ကလဲ့စားချေမည်စိုး၍ သေဒဏ်ပေးလေ့ရှိကြောင်း ကမ္ဘာ့ မြောက်ကိုရီးယားသုတေသနစင်တာမှ ဒါရိုက်တာအန်းချန်းလီက ဆိုသည်။ ၎င်းက ချန်သည် တရုတ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကြိုးစားခဲ့သူဖြစ်ပြီး မြောက်ကိုရီးယားမှာ တရုတ်က ချမှတ်ထားသောရေနံရောင်းချမှု ပိတ်ဆို့ထားသည့်ဒဏ်ကို ခံစားနေရကြောင်း ပြောသည်။

*—Ref: Asiaone/The Korea Herald*

## လွတ်ငြိမ်းချမ်းသာခွင့်မရဘဲ စနိုးဒန် အမေရိကန်ပြန်လာမည်မဟုတ်ဟု တရားရေးအကြံပေးပုဂ္ဂိုလ်ပြောကြား

**ဝါရှင်တန်၊ ဇန်နဝါရီ-၂၇**

အက်ဒဝပ်စနိုးဒန်သည် အမေရိကန်နိုင်ငံသို့ပြန်လာရန် ကန်အစိုးရရှေ့နေချုပ် အဲရစ်ဟိုလ်ဒါနှင့် ညှိနှိုင်းဆွေးနွေးလိုသော်လည်း ၎င်းကို လွတ်ငြိမ်းချမ်းခွင့်ပေးပါမည်ဟု အာမခံချက်မရှိပါက ပြန်လာမည်မဟုတ်ဟု ၎င်း၏ တရားရေးအကြံပေးပုဂ္ဂိုလ်က ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အမေရိကန်ထောက်လှမ်းရေးဝန်ထမ်းဟောင်းစနိုးဒန် ရုရှားနိုင်ငံမှပြန်လာရန် ရှေ့နေများနှင့်

**စာမျက်နှာ ၄၆ ››**

## ဆီးရီးယားစစ်မြေပြင်ရှိ အရပ်သားများအား ထွက်ခွာခွင့်ပြုရန် သဘောတူ

**ဂျီနီဗာ၊ ဇန်နဝါရီ-၂၇**

ဆီးရီးယားနိုင်ငံတွင် တပ်ဖွဲ့များ၏ စီးနင်းသိမ်းပိုက်မှုခံထားရသော ဟွမ်းစ်မြို့ဟောင်းမှ မိန်းမများနှင့် ကလေးများကို ယခုအချိန်မှစ၍ ထွက်ခွာခွင့်ပြုသွားမည်ဟု ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပွဲ ကုလသမဂ္ဂကြားဝင်ညှိနှိုင်းရေးမှူး လက်ဒါဘရာဟီမီက ပြောကြားသည်။

အမျိုးသမီးများနှင့် ကလေးများ လွတ်လပ်စွာထွက်ခွာနိုင်ကြောင်း ဆီးရီးယားဒုနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်မက်ဒက်က ပြောကြားသည်။ ၎င်းတို့ကို လက်နက်ကိုင်အုပ်စုများက တားဆီးထားသည်ဟု သူပုန်များကို ရည်ညွှန်း၍ပြောကြားသည်။

အတိုက်အခံအဖွဲ့ကလည်း ထိန်းသိမ်းထားသူများစာရင်းကို အစိုးရအားပေးအပ်ရန် သဘောတူခဲ့သည်ဟု ဘရာဟီမီက ပြောသည်။ လောလောဆယ်တွင် ပြိုင်ဘက်နှစ်ဖွဲ့ကြား ကျယ်ပြန့်သော သဘောတူညီချက်ရရှိရေး အလားအလာများကို အကဲဖြတ်ရန် အချိန်စောလွန်းနေကြောင်းလည်း ဘရာဟီမီက ပြောကြားသည်။

ဂျီနီဗာဆွေးနွေးပွဲမှာ ဖြည်းဖြည်းချင်းသာရှေ့ဆက်နေကြောင်း ကုလကြားဝင်ညှိနှိုင်းရေးမှူးကဝန်ခံပြောကြားပြီး တနင်္လာနေ့တွင်မူ ရှေ့ဆက်သွားမည့်လမ်းကြောင်းနှင့်ပတ်သက်၍ နှစ်ဖက်အဖွဲ့က ယေဘုယျကြေညာချက်မျိုး ထုတ်ပြန်သွားမည်ဟု မျှော်လင့်ကြောင်း ဘရာဟီမီကပြောကြားသည်။

အကယ်၍ အားလုံးအဆင်ပြေခဲ့ပါက ဟွမ်းစ်မြို့သဘောတူညီချက်မှာ ဂျီနီဗာဆွေးနွေးပွဲမှ ပထမဆုံး ပေါ်ထွက်လာသော ခိုင်မာသည့်ရလဒ်တစ်ခုဖြစ်မည်ဟု ဘီဘီစီသတင်းထောက်က ပြောကြားသည်။

*—Ref: BBC*




Free Show
cherry mobile
Values your lifestyle
COME AND JOIN THE
CherryTown
FEB 1&2, 2014
၁၀၀၀၀ ကျပ် အောက်
ဖုန်းများကိုရယူလိုက်ပါ
လက်ဆောင်ပစ္စည်းများ
ကိုရယူလိုက်ပါ
Temple run ကစားနည်းကို ပါဝင်
ယှဉ်ပြိုင်လိုက်ကြရအောင်
Junction Square, Water Fountain Area
ပျော်ပွဲရွှင်ပွဲ
ဖေဖော်ဝါရီ (၁) ရက် နှင့် (၂) ရက်နေ့ (နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ)
အခမဲ့ဖျော်ဖြေပွဲ
ဖေဖော်ဝါရီ (၁) ရက်နေ့ (ညနေ ၆ နာရီမှ ည ၉ နာရီအထိ)
အဆိုတော် စိုင်းစိုင်း၊ Snare ၊ Art-t ၊ အိမ့်ချစ်၊ သီရိဆွေ နှင့်
အခြားနာမည်ကြီးအဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ ဖုန်းများနှင့် အထူးလက်ဆောင်ပစ္စည်းများကို
ဂိမ်းကစားရင်းအခမဲ့ရယူနိုင်မည့်အခွင့်အရေးနှင့် ပျော်ရွှင်စရာအစီအစဉ်များတွင် ပါဝင်ဆင်နွှဲလိုက်ကြရအောင်နော်
အသေးစိတ်အချက်အလက်များကို www.facebook.com/pages/Cherry-Mobile-Myanmar တွင်ကြည့်ရှုပါ


Control+G Ctrl
Blood Glucose Monitoring System
BUY 1 FREE 2
BUY Control+G 1 PACKAGE
FREE EQUAL 50 SACHETS
& METFORMIN 30 TABLETS
၅ နှစ် အာမခံ
FREE
FREE
No coding
Easy to use
Quick testing
Accurate results
Equal
Sachets
50 SACHETS
MF-500
Metformin Tablets BP 500mg
ပရိုမိုးရှင်းဆိုင်များတွင် Control+G Ctrl စက်တစ်လုံးဝယ်ယူတိုင်း Equal ဆီးချိုသကြား အထုပ်သေး (၅၀)နှင့်
MF-500 ဆီးချိုဆေးအလုံး (၃၀)ကို လက်ဆောင်ရယူပါ။ (While Stocks Last)
Marketed & Distributed by :
GRACE WIN COMPANY LIMITED
Tel : 203434, 203082(YGN), 02-30730, 09 402 627 887 (MDY)
ဆီးချိုသွေးချိုမှန်မှန်စစ်ပါ ဆီးချိုသွေးချိုတိုင်းကိရိယာ

7 DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014

# ရေခဲဖုံးသော မြန်မာပြည်တစ်နေရာ

အန်ဒါဆက်မတ်ဇင်စကီး

**မြန်မာနိုင်ငံ မြောက်ဖျားဒေသအကြောင်းကို မြန်မာပြည်သူတို့ ဘယ်လောက်အထိသိရှိပါသလဲ။ အနည်းအကျဉ်းမျှသာ သိလျှင်သိ သို့တည်းမဟုတ် လုံးဝမသိရှိကြပါ။ ဒါကလည်း ထူးဆန်းလှသည်တော့မဟုတ်။ မြန်မာအများစုအတွက် ပူတာအိုသို့သွားရသည့် ခရီးသည် သူတို့၏စီးပွားရေး အခြေအနေအရ မတတ်နိုင်ကြ၍ပင်ဖြစ်သည်။ မြန်မာဟိမဝန္တာတောင်ဟုဆိုလိုက်လျှင် ဦးတေဇ၏ ရဟတ်ယာဉ်ပျက်ကျသည့်နေရာမျှလောက်သာ မြန်မာပြည်သူတို့ မှတ်မိထားကြသည်။ သို့တည်းမဟုတ် နှင်းများရှိသည့်နေရာ နှင်းများစွာရှိသည့် နေရာဟုသာ သိထားကြသည်။ ထို့ထက်မပိုပါ။**

သို့သော် ယင်းအချက်က မြန်မာနိုင်ငံသားများက ၎င်းတို့၏ မိခင်နိုင်ငံနှင့် ပတ်သက်ပြီး ဗဟုသုတနည်းပါးလှသည့် အပေါ် အကြောင်းအခြေခံတော့လည်း မဟုတ်ပါ။ အကယ်၍ မြန်မာနိုင်ငံတွင်ပကတိအခြေအနေများသည် ပွင့်လင်းမှု ရှိလာမည်ဆိုပါလျှင် ပညာရေးကိုလိုလားတောင့်တကြသော မြန်မာများ၊ တိုင်းရင်းသားပေါင်းစုံ၏ ပညာမိုးကုပ်စက်ဝိုင်းကို အမြင်ကွဲပြားမှုအား လက်ခံနိုင်သော မီဒီယာများက ချဲ့ထွင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

၂၀၁၂ခုနှစ်၊ မတ်လ ၂၃ ရက်တွင် မြန်မာ ဟိမဝန္တာနှင့် သူ၏နောက်ဆုံး ရွာစွန်လေးသို့ ကျွန်တော်ခရီးရှည်ထွက်ခဲ့ပါသည်။

ပူတာအိုလေဆိပ်သည် ကျွန်တော့်ဘဝတစ်လျှောက် မြင်ဖူးသမျှလေဆိပ်ထဲတွင် အသေးငယ်ဆုံးဖြစ်သည်။ အေး၍စိမ့်နေသောလေထု။ လေယာဉ်ကထွက်လိုက်သည်နှင့် တောင်တန်းကြီး၏လေထုကို ရှူရှိုက်လိုက်ရသလိုခံစားလိုက်ရသည်။ ဆောင်းရာသီတွင် ကြည်ပြာ ရှင်းလင်းနေသော ကောင်းကင်ကြောင့် နှင်းများဖုံးလွှမ်းနေသည့် တောင်ထိပ်ကို အဝေးမှမြင်နိုင်သည်။ ယခုလို မိုးရာသီဝင်လာချိန်တွင်တော့ အမြင်များကမှုန်မှိုင်း၍ နေတော့သည်။

ပူတာအိုသည် ပျောက်ဆုံးနေသောမြို့နှင့်တူနေသည်။ အချိန်ကြာမြင့်စွာ မေ့လျော့ခံထားရဟန်ထင်ရသည်။ သို့သော် ယင်းမှာအပေါ်ယံအမြင်သာဖြစ်သည်။ ကျွန်တော့်လို နိုင်ငံခြားသားကို မဆိုထားနှင့်။ ၁၉၈၀ ပြည့်နှစ်များဆီက ပူတာအိုတွင် တစ်နှစ်ကြာနေထိုင်ခဲ့ဖူးသည့် ကျွန်တော့်လမ်းညွှန်ကပါ "ဘာမှကို အပြောင်းအလဲမရှိဘူး။ ကားတွေနည်းနည်းလေးပိုများလာတယ်။ ဒီလောက်ပဲ" ဟုဆိုသည်။ သိသာမြင်သာသည့်အကြောင်းရင်းကတော့ ဝေးကွာလွန်းခြင်းနှင့် အထီးကျန်လွန်းခြင်းပင်ဖြစ်တော့သည်။

ဗြိတိသျှကိုလိုနီတို့က ယင်းအကြောင်းကို ကောင်းစွာသိရှိခဲ့ကြသည်။ မြင့်မားလှသောတောင်တန်းကြီးများနှင့် ဝန်းရံနေသည့် အမြင့်ပိုင်းဒေသ ပူတာအိုကို ယခင်က ခမ်တီလုံးဟု ခေါ်ဆိုခဲ့သည်။ သမိုင်းတစ်လျှောက်တွင် ရှမ်းနှင့် ကချင်များ နေထိုင်ခဲ့ကြပြီး ဗြိတိသျှများက ပထမကမ္ဘာစစ်မစတင်မီ ၁၉၁၄ ခုနှစ်ကျမှ သိမ်းပိုက်နိုင်ခဲ့သော မြန်မာနိုင်ငံ၏နောက်ဆုံးနယ်မြေဖြစ်သည်။ သမိုင်းပါကောလာဟလများအဆိုအရ အကယ်၍များတရုတ်က ခမ်တီလုံးကို လုံးဝ ဝင်ရောက်သိမ်းပိုက်မည်ဆိုသောသတင်းကိုဗြိတိသျှများမရရှိခဲ့ပါလျှင် ဤဒေသကို ဗြိတိသျှတို့က လာရောက်သိမ်းခဲ့မည်မထင်ပါ။ တိဘက်ကို တောင်ဘက်ပိုင်းမှ ဝင်ရောက်နိုင်မည့် တံခါးပေါက်အဖြစ် မဟာဗျူဟာအရ အရေးပါသည်ဟုတရုတ်တို့က ယူဆခဲ့ကြောင်းဗြိတိသျှတို့အတွက်စပိုင်လုပ်ပေးခဲ့သည့် အိန္ဒိယသားများက သတင်းပို့ပေးခဲ့သည်ဟုဆိုသည်။ ဗြိတိသျှတို့က ပို၍လျင်မြန်ပြီး ပို၍လည်း လူရည်လည်ပါသည်။ သူတို့၏ကျွမ်းကျင်သော သံတမန်နည်းပညာကိုသုံး၍ ကချင်တို့ကိုစည်းရုံးသိမ်းသွင်းပြီး ယင်းဒေသကို အုပ်ချုပ်ခွင့်ရယူခဲ့သည်။ ယင်းအတွက်သူတို့ကို အကျိုးအမြတ်များစွာပြန်လည်ပေးကမ်းခဲ့ပါသည်။ များမကြာမီပင်ဖို့ဟက်ဇ်အမည်ရှိစစ်ဌာနချုပ်ကိုတည်ဆောက်တော့သည်။ ၎င်းဒေသက ဗြိတိသျှ လက်ထောက်ကော်မရှင်နာမင်းကြီးလည်း ဖြစ်ပြီး တပ်ဖွဲ့ပေါင်းများစွာ၏ခေါင်းဆောင်လည်းဖြစ်သူW.A. Hertz ကိုအစွဲပြု၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

မြောက်ဖျားမှ တောရိုင်းဒေသ၊ မြင့်မားသော တောင်တန်းများနှင့် လမ်းများက အနောက်နိုင်ငံသားများနှင့် မြန်မာများ အတွက် လူမသိသူမသိနေရာအဖြစ် ကျန်ရှိနေခဲ့သည်။ မှန်ပါသည်။ မြန်မာဘုရင်များ ကိုယ်တိုင်ပင် ယင်းဒေသကို လွှမ်းမိုးအုပ်ချုပ်နိုင်ခြင်း မရှိခဲ့ဖူးပါ။ သို့သော်ငြားလည်း ခမ်တီလုံးသည် နှစ်ပေါင်းရာချီပြီး တရုတ်တို့၏အကြိမ်ကြိမ်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ တရုတ်တို့က ဒေသခံများကို အခွန်ကောက်ခံပြီး သူတို့ကို ကျွန်များအဖြစ် ဖမ်းဆီးခိုင်းစေခဲ့သည်။

ကျော်ကြားသော ဗြိတိသျှ ရုက္ခဗေဒပညာရှင်နှင့် စူးစမ်းလေ့လာသူဖရန့်ကေဝတ်သည်မြောက်ဖျားဆီက လူသူ အရောက်အပေါက်မရှိသေးသည့် မလိခနှင့် နန်တာမိုင်ကို စူးစမ်းလေ့လာခဲ့သည့် ပထမဆုံးသော အနောက်နိုင်ငံသားဖြစ်သည်။ သူ၏ ၁၉၃၇-၁၉၃၉ ခုနှစ် စူးစမ်းလေ့လာရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ အမြင့်ဆုံး ခါကာဘိုရာဇီတောင် (ပင်လယ်ရေမျက်နှာပြင်မှ ၅၈၈၁ မီတာအမြင့်) ၏ တောင်ဘက်တောင်ခြေပိုင်းကို ရောက်ရှိခဲ့သည်။ မြန်မာဟိမဝန္တာ၏ လျှို့ဝှက်ချက်များကို ပြင်ပကမ္ဘာက သိရှိသွားခဲ့သည်။ ယင်းမတိုင်မီ ၁၉၃၀ ပြည့်နှစ်တွင် တော်ဝင်ဘူမိဗေဒအဖွဲ့က သူ၏ ထူးချွန်ပြောင်မြောက်သော စူးစမ်းလေ့လာမှုများ အတွက် ဆုတံဆိပ်ချီးမြှင့်ခဲ့သည်။

၎င်းနောက် မြန်မာဟိမဝန္တာသည် ကာလရှည်ကြာအထီးကျန်ဖြစ်ခဲ့ပြန်သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာစစ်တပ်မှ ဗိုလ်မှူးကြီးစိုးမြင့် ဦးဆောင်သည့် ပထမဆုံး မြန်မာလေ့လာရေး အဖွဲ့သည် နိုင်ငံမြောက်ဖျားက ရွာစွန်နှင့် နှင်းဖုံးတောင်တန်းများဆီသို့ ရောက်လာသည်။ ၁၉၆၂ခုနှစ်တွင်မြန်မာဆေးပညာရှင်များ အဖွဲ့က နန်တမိုင်တောင်ကြားရှိ လူမျိုးစုများကို လေ့လာခဲ့ပြီး သူတို့၏တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံခြားသားများက ဤ နေရာသို့ ၁၉၉၀ နှစ်လယ်ပိုင်းများက ထပ်မံရောက်ရှိလာကြပြန်သည်။ ဂျပန်တောင်တက်သမား တာကာရှီအိုဇာကီသည် မြောက်ဖျားရွာစွန်ဖြစ်သည့် တဟွန်ဒမ်ရွာတွင် နေထိုင်သူ တိဘက်လူမျိုး နီယာမဂျာလဆန်နှင့်အတူ ပထမဆုံးအကြိမ်အဖြစ် ခါကာဘိုရာဇီတောင်ထိပ်သို့ ၁၉၆၆ ခုနှစ်က တက်ရောက်ခဲ့သည်။ နီယာမသည် ဤတောင်ကို ယခင်က မတက်ခဲ့ဖူးသော်လည်း တောင်တက်လမ်းကိုပြသခဲ့သည့် ပထမဆုံးသောလူသားဖြစ်သည်။ မွေးရာပါတောင်တက်ကျွမ်းသူ၊ အသိရှိသူဖြစ်ခြင်းတို့က အခက်အခဲများကို နောက်ဆုံးအချိန်အထိ ကျော်လွှားနိုင်စေခဲ့သည်။ နီယာမဂျာလဆန်မပါဘဲနှင့် အိုဇာကီ တစ်ယောက်မည်သည့်နည်းနှင့်မျှ တောင်ထိပ်ပေါ် မရောက်နိုင်ခဲ့ဟု တောင်ကြားဒေသမှ လူများက ပြောကြသည်။ သူတို့ပြောဆိုချက်ကို ကျွန်တော် ယုံကြသည်။ တစ်နှစ်အကြာ ၁၉၉၇ ခုနှစ်တွင် World Conversation Society မှ အမေရိကန်စူးစမ်းသူနှင့်သဘာဝထိန်းသိမ်းသူတစ်ဦးက မြန်မာသစ်တောဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်ရောက်လာသည်။ တစ်လကြာ ပင်ပန်းကြီးစွာသောခရီးအပြီး တိဘက်လူမျိုးများ နေထိုင်သည့် တဟွန်ဒမ်ကိုရောက်လာခြင်းဖြစ်သည်။ သူ၏ခရီးလမ်းတွင် သတ္တဝါမျိုးစိတ်သစ်ကို တွေ့ရှိခဲ့သလို တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုနှင့် တိုးများလာနေသော အမဲလိုက်မှုများကြောင့် ဇီဝစနစ်ကို အန္တရာယ်ဖြစ်နေကြောင်းတွေ့ရှိခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပြည်ပမှလူအနည်းငယ်ကသာ ပထမဆုံးလမ်းပြအေဂျင်စီများ၏ အကူအညီဖြင့် ဤဒေသကိုလာရောက်ခဲ့ကြသည်။ ယင်းတောင်တန်းကြီးများဆီသို့ ခရီးစဉ်သည် လွန်စွာပင်ပန်းပါသည်။ ထိုဒေသတွင်နေထိုင်သော ရဝမ် (သို့မဟုတ်) လီဆူးလူမျိုးတို့၏ ကျန်းမာမှုနှင့် ကြံ့ခိုင်မှုတို့ကို ကျွန်တော်သြချရပါသည်။ လမ်းများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များမရှိဘဲ သူတို့သည် ပူတာအို (သို့မဟုတ်) တရုတ်နယ်စပ်များတွင် ဈေးဝယ်ရန်အတွက် သီတင်းပတ်နှင့်ချီပြီး ခြေလျင်သွားလာနိုင်ကြသည်။ အမှန်တော့ သူတို့သည် တောင်တက်သော ဓလေ့တွင် အသားကျနေသူများဖြစ်ပြီး သူတို့၏လူနေမှုစနစ်တွင် တောင်တက်ခြင်းက အကျိုးဝင်နေပေသည်။ မည်မျှကြာကြာ ဆက်၍ ဖြစ်နေပါမည်နည်း။ ယင်းကို သိနိုင်ရန်လည်း ကျွန်တော်သွားရောက်ခဲ့သည်။

ပူတာအိုဈေးတွင်ပစ္စည်းများဝယ်ယူပြီးစီးချိန်တွင် လေးလံသောကုန်ပစ္စည်းများကို ပြင်ဆင်ထုပ်ပိုးကြသည်။ ကျွန်တော်၊ ကျွန်တော့်စကားပြန်၊ အစိုးရ လမ်းညွှန်နှင့် ပေါ်တာကိုးယောက်တို့သည် တောလမ်းဆီကို ဦးတည်ပြီး နောင်မွန်းမြို့ဆီသို့ ခရီးစကြသည်။ လမ်းတွင် လေဆိပ်တစ်ခုကိုကျွန်တော်တို့ဖြတ်လာခဲ့သည်။ ပူတာအိုကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ပျံသန်းနိုင်ရန်အတွက် ယင်းလေဆိပ်ကိုပြုပြင်နေသည်။ လာမည့်နှစ်အနည်းငယ်တွင် ဤနေရာသည်ဟိုတယ်များ၊ ကမ္ဘာလှည့် ခရီးသွားများအတွက် အဆောက်အအုံအများအပြားနှင့် တောင်ပေါ် အပန်းဖြေစခန်းတစ်ခုဖြစ်လာနိုင်သည်။

ဘုရားကျောင်း၊ ဘုရားရှိခိုးကျောင်းများက ရွာတိုင်းမှာ ရှိသည်။ ဤဒေသတွင် အများစုက ခရစ်ယာန်များဖြစ်သည်။ အမေရိကန်မစ်ရှင်မို့စ် မိသားစု၏နှစ်ကာလရှည်ကြာသာသနာပြုလုပ်ငန်းများ၏ အကျိုးဆက်ဖြစ်သည်။ ၁၉၅၀ နှစ်များမှစပြီး ၆၀ နှစ်များအထိ သူတို့၏သာသနာပြုချိန်ကို ကောင်းမြတ်သော အချိန်ကာလဟု ဒေသခံများက မှတ်ထားကြသည်။ ၎င်းနောက်ပိုင်းတွင် နိုင်ငံရေး ပြဿနာများကြောင့် ပြန်လည် ထွက်ခွာသွားခဲ့ကြသည်။ သာသနာပြုများက သူတို့ကို သောက်စားခြင်းမပြုရန် တားမြစ်ခဲ့သည်။ ကျောင်းများ၊ဆေးခန်းများ ဆောက်လုပ်ပေးခဲ့သည်။ စိုက်ပျိုးနည်းများ သင်ကြားပေးခဲ့သည်။ သစ်ပင်မျိုးသစ်များစိုက်ပျိုးခဲ့သည်။ ကျွန်တော့်ကို ဒေသခံများ လက်ဆောင်ပေးခဲ့သည့် နာမည်ကြီး ကျွဲကောသီးသည် အမှန်စင်စစ် သာသနာပြုများက ပူတာအို ဒေသကိုမိတ်ဆက်ပေးခဲ့သည်ဟုဆိုသည်။ ရဝမ်နှင့်လီဆူး တရားဟောဆရာများသည် လူထုအတွင်း အတော်လေးခံစားနေရဆဲဖြစ်သည်။ မို့စ်မိသားစုကမူ ယခုအခါ ထိုင်းနိုင်ငံ၊ ချင်းမိုင် တွင် နေထိုင်လျက်ရှိသည်။


*ဆောင်းပါးရှင်နှင့်အဖွဲ့ ခါကာဘိုရာဇီတောင်သို့ တက်ရောက်စဉ်*

တောလမ်းခရီးကြမ်း တစ်ပတ်ကြာမြင့်ချိန်တွင် ကျွန်တော်တို့သည် နန်တာမိုင်တောင်ကြားကို ကာရံထားသော တောင်ကို စတင်တက်ကြသည်။ လမ်းဖောက်လုပ်နေသည့် ရဲဘက်စခန်းနှင့် ကျွန်တော်တို့ ရုတ်တရက် ဝင်တိုးမိကြသည်။ နန်တာမိုင်တောင်ကြား၊ ပန်မန်ဒမ်ရွာဆီသို့ဦးတည်သည့်လမ်းကို ချဲ့ထွင်နေခြင်းဖြစ်သည်။ အစိုးရနှင့် ပူးပေါင်းပြီး မြန်မာပုဂ္ဂလိကများက ငွေကြေးထောက်ပံ့နေသည်။ အလွန်ခက်ခဲနေပုံရသော်လည်း အကယ်၍ ထိုလမ်းများ ဖောက်လုပ်ပြီးစီးသွားမည်ဆိုလျှင် အထီးကျန်နန်တာမိုင်တောင်ကြားသည် ပြင်ပကမ္ဘာအတွက် လမ်းပွင့်လာမည်ဖြစ်ပြီး အပြောင်းအလဲများက ဤနေရာမှ လူများကို ရိုက်ခတ်လာမည်ဖြစ်သည်။ ယင်းအချက်သည် ထူးခြားလှသည့်ပြောင်းလဲမှုကြီးတစ်ခုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တဟွန်ဒမ်ရွာကို နန်တာမိုင်တောင်ကြားက ကမ္ဘာကြီး၏ လာရောက်ရန်အခက်ခဲဆုံးရွာစွန်တစ်ခုဖြစ်စေခဲ့သည် မဟုတ်ပါလား။ အမေဇုံမြစ်ဝှမ်းတွင်ပင် ဝေးလံခေါင်သီသောရွာဆီသို့ လှေဖြင့်သွားလာနိုင်သေးသည်။ ဤနေရာတွင်မူ နန်တာမိုင်မြစ်က ကမ္ဘာ့ရေစီးအသန်ဆုံး၊ အကြမ်းတမ်းဆုံးလူ သတ်မြစ်ဟုယူဆရသည်။ ဤစကားက ကျွန်တော့်ထံမှမဟုတ်ပါ။ ဤမြစ်အတွင်း ၂၀၀၃ ခုနှစ်က လှေစီးဆင်းခဲ့သော ကမ္ဘာ့ထိပ်တန်းကာယာကာခေါ် မြစ်ကြောင်းလှေခရီးကြမ်းစီးသူ၏ စကားဖြစ်ပါသည်။ သူတို့အသက်ဘေးမှ သီသီလေးကပ်ပြီးလွတ်မြောက်ခဲ့ကြသည်။ သူတို့ထဲမှ တစ်ဦးမှာ ကျွန်တော်၏ရဝမ်ဘာသာပြန်ဖြစ်ပြီး သူတို့အတွက် စကားပြန်လုပ်ပေး ခဲ့သူဖြစ်သည်။

အပြောင်းအလဲများက လာရောက်ကြလိမ့်မည်။ ဤအထီးကျန်ဒေသကို ဒီမိုကရေစီ ဝင်ရောက်လာသည်ဟု လူများကလည်း ပြောဆိုကြလိမ့်မည်။ ဤနေရာတွင် အတိတ်ကဒီမိုကရေစီစနစ်ကို သိရှိခဲ့ကြသည်ဆိုသည်ကို သိရှိသူအနည်းငယ်သာရှိသည်။ ကချင်ဘာသာဖြင့် ဂမ်လာအိုဟုခေါ်သည်။ ဗြိတိသျှလူမှုရေးပညာရှင်အီးလိချ်က သူ၏ ၂၀ ရာစုလယ်တွင်ရေးသားခဲ့သည့် The Political systems of highland Burma စာအုပ်တွင် အသေးစိတ်ပုံဖော်ပြခဲ့သည်။ ဂမ်လာအိုစနစ်သည် ရီပက်ဘလေကန်စနစ်ပုံစံရှိသည့် တန်းတူညီမျှလူနေမှုစနစ်



ဓာတ်ပုံ - အန်ဒါဆက်မတ်ဇင်စကီး

တစ်ခုဖြစ်သည်။ ယင်းသည် အုပ်ချုပ်သူလူတန်းစားဖြစ်သည့် ဂမ်ဆာအိုနိုင်ငံရေးစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယခုအခါတွင် အဆိုပါ အခေါ်အဝေါ်များကို ဒေသခံများ မေ့လျော့နေကြပြီ။ သို့သော် လူသားတို့၏ဘဝများနှင့် လူမှုရေးအပြောင်းအလဲများသည် သံသရာစက်ဝိုင်းတစ်ခုလိုပင်ဖြစ်နေသည်ဆိုသည့် အမှန်တရားကို ကျွန်တော်တို့တွေ့ရသည်။ ဂမ်လာအိုသည် နန်တာမိုင်တောင်ကြားကို ဒီမိုကရေစီဟူသော အမည်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဂါဝိုင် ရွာတစ်ဝိုက်တွင် မိုးသည်းထန်စွာရွာချလိုက်ချိန်တွင် ကျွန်တော်တို့ကို မျှော့အုပ်ကြီးက ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။ မုတ်သုံ မိုးရာသီက တောင်ပြိုမှုအများအပြားဖြစ်စေပြီး လူပေါင်းများစွာကိုလည်း အတိဒုက္ခရောက်စေသည်။ ကျွန်တော်တို့သည် ဒါဇွန်ဒမ်ရွာသို့ သွားရာလမ်းပေါ်ရောက်နေကြပြီး ပထမဆုံး အကြိမ်အဖြစ် ကျွန်တော့်ကိုယ်ပေါ်မှ စိုစွတ်ပေကျံနေသော တောလမ်းမှမြေမှုန့်များက ကျွန်တော့်ခန္ဓာကိုယ်နှင့်အတူ ကြမ်းတမ်းသောကျောက်တုံးကြီးများပေါ်သို့ ပြုတ်ကျသွားတော့သည်။

ဤကြမ်းရှသော ကျောက်ဆောင်တန်းများထဲတွင် ကျောက်တုံးတစ်တုံးနှင့် တိုက်မိလျှင်ပင် လဲကျသွားနိုင်သည့်အကြောင်းရှိသောကြောင့် ထိုအခိုက်မှာ တော်တော်လေးအန္တရာယ်ရှိသော အခိုက်အတန့်လည်းဖြစ်သည်။ ကံကောင်းစွာပင် ကျွန်တော် သွေးထွက်ရုံပဲထွက်ပြီး မတ်တတ်ရပ်ကာ တစ်လှမ်းချင်းလျှောက်လာနိုင်ခဲ့သည်။ အရိုးများမကျိုး၍ ကျွန်တော် ကံကောင်းပါသည်။ သို့သော် ကျွန်တော့် ရဝမ်လူမျိုး ဘာသာပြန်ကမူ ထိုအဖြစ်မျိုး ဤနေရာတွင်မကြာခဏဖြစ်လေ့ရှိသည်ဆိုသည်။ ငယ်စဉ်တုန်းကတော့ သူသည် တဟန်ဒမ် နောက်ဆုံးရွာသို့ အမဲလိုက်ရန်နှင့် မြေပြန့်ဒေသများတွင် ဈေးကောင်းရသော ဆေးမြစ်များကို ရှာဖွေစုဆောင်းရန် သွားရောက်ခဲ့ဖူးသည်။ ဝယ်သူများကလည်း လက်တင်ဘာသာရုက္ခဗေဒအားဖြင့် အခေါ် CORDYCEPS SINENSIS ခေါ် ရှားပါးသည့် တောင်ပေါ်မှို အမျိုးအစားကို ဈေးကြီးပေးဝယ်ရန် အသင့်ရှိနေကြသည်။ ထိုမှိုမှာ အံ့ဖွယ်အစွမ်းဖြင့် ကင်ဆာပင်ပျောက်သည်ဟု ယုံကြည်ကြသည်။ မှိုပွင့်သည် ထူးခြားသည့် နည်းလမ်းဖြင့် မျိုးပွားသည်။ မှိုပင်မှာ အင်းဆက်သားလောင်းထဲတွင် ပေါက်ဖွားပြီးနောက် သားလောင်းကိုသတ်ဖြတ်ရင်း ၎င်း၏ခန္ဓာအကြွင်းအကျန်များကို အခြောက် ခံစေရင်းဖြင့် မြေပြင်ထဲမှပွင့်လာခြင်းဖြစ်သည်။

ဒဇောင်းဒမ်တွင်တော့ ကျွန်တော်တို့ ကမ္ဘာ့သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ World Conservation Society က မြန်မာအဖွဲ့ဝင်များကိုတွေ့ခဲ့သည်။ ၎င်းတို့မှာ ဒေသခံလူမျိုးစုများ ထိုဧရိယာအတွင်း အမဲလိုက်မည်ကို တားမြစ်နိုင်ရန် ကင်းလှည့်စောင့်ကြည့်နေခြင်းဖြစ်ပါသည်။ ၁၉၉၇ တွင် မစ္စတာအလန်ရာဘင်နိုဗစ်၏ သုတေသနများကြောင့် ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဒေသခံများမှာ WCS ၏ အစီအစဉ်ကို ထောက်ခံကြောင်း ပြောသည့်ပုံ၊ တန်ဖိုးထားလေးစားသည့်ပုံမရှိကြပါ။ သူတို့ဘိုးဘေးများက ရာစုနှစ်များစွာလုပ်ခဲ့ပြီးခါမှ သူတို့လက်ထက်တွင် ဘာကြောင့် အမဲလိုက်ခြင်းကိစ္စရပ်တန့်ရမည်ကို နားမလည်ကြပါ။ ကျွန်တော့်မှာလည်း တစ်ဖက်ကနေ၍ ဤအမြဲစိမ်းသစ်တောသည် စိတ်ဝင်စားစရာတိရစ္ဆာန်မျိုးစိတ်အရေအတွက်များဖြင့် ပေါများကြွယ်ဝနေသော်လည်း မကြာမီလောက်ကပင်ဒေသတွင်းနေထိုင်သည့်လူဦးရေမှာ သိသာစွာကျဆင်းသွားသည်ကို နားမလည်နိုင်ဖြစ်နေသည်။ ထို့နောက် မကြာမီ ကျွန်တော်အဖြေရသည်။ ‘သူတို့က နှစ်ပေါင်းများစွာအမဲလိုက်လာကြတာ။ ဒါပေမဲ့ သူတို့အကျိုးအတွက်ပဲလုပ်ခဲ့ကြတာ။ တရုတ်ပြည်ထဲမှာ ဈေးကွက်စီးပွားရေးပြောင်းလဲမှုတွေလုပ်တော့ တရုတ်တွေကပဲ တိရစ္ဆာန်အရေခွံတွေနဲ့ အင်္ဂါတွေကို ဈေးကောင်းပေးပြီး စဝယ်ကြတော့တာပဲ။ အဲဒီမှာ ဂေဟဗေဒ ကပ်ဆိုး ရှုခင်းပေါ်ထွက်လာတော့တာပါပဲ’ ဟု ကျွန်တော့်လမ်းပြက ပြောသည်။ ဤနေရာတွင် ဆင်ရိုင်းတစ်ကောင်မှ မြင်ရတော့မည်မဟုတ်တော့။ ရှိသမျှ အကုန်လုံးကလည်း ပြီးခဲ့သည့်နှစ် ၂၀ အတွင်း သတ်ဖြတ်ခံရပြီး ပျောက်ကွယ်သွားခဲ့ပြီ။ ကျားများမှာလည်း အလွန်ရှားပါးလွန်းလှကာ ပုန်းအောင်းပြီးသာ တည်ရှိနေတော့သည်။ နှင်းတောင်ကျားသစ်များလည်း နည်းသထက်နည်းလာသည်။ ဒီကမ္ဘာမြေမှာ ဒါတွေကိုဘယ်သူရပ်မှာလဲ။

ကျွန်တော့်ခရီးတွင် ဖြတ်ကျော်ခဲ့သော နန်တမိုင်တောင်ကြားသည်လည်း ဗလာဟင်းလင်းဖြစ်နေပါပြီ။ ကျွန်တော့်အတွက် အထမ်းသမများအဖြစ် လိုက်ပါပေးကြသော မိန်းကလေးနှစ်ဦးမှာ ဒဇွန်ဒမ်တွင်ကြီးပြင်းခဲ့ကြသူများဖြစ်သည်။ သို့သော်ပြီးခဲ့သည့် ခုနစ်နှစ်ခန့်ကတော့ ကျောင်းတက်ရန် ပူတာအိုသို့ သူတို့ပြောင်းရွှေ့သွားခဲ့ကြသည်။ သိပ်မကြာခင် မိဘများလည်း သူတို့နောက်လိုက်ခဲ့ကြသည်။ ဤသည်မှာ တောင်ကြားမှရွာများ တဖြည်းဖြည်းပျောက်ကွယ်သွားရခြင်း အကြောင်းရင်းဖြစ်သည်။ လူများသည် ခက်ခဲသောတောင်ပေါ် အခြေအနေ၊ အမဲလိုက်ရခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ရန် ယာမီးရှို့ရခြင်းစသောအလုပ်များကိုငြီးငွေ့လာပြီး နေသာသောပူတာအိုလွင်ပြင်တွင် နိဗ္ဗာန်ဘုံတစ်ခုကို သွားရှာကြသည်။ မြို့ပြတည်ထောင်ခြင်းနှင့် လူဦးရေထူထပ်သိပ်သည်းလာခြင်းများက ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေပြီး မကောင်းသည့် အကျိုးဆက်များကိုလည်း စတင်စူးစမ်းလာကြပါပြီ။ ပြောင်းပြန်အံ့ဩစရာ ဖြစ်ရသည်မှာ ထိုတောင်ကြားတွင် မကြာမီချမ်းသာသောသူဌေးများနှင့်ကြွယ်ဝသည့်အငြိမ်းစားပုဂ္ဂိုလ်များက အခြေချတော့မည်။ ဆူညံပြီး လူဦးရေထူထပ်သည့်မြို့ကြီးများနှင့်ဝေးကွာတိတ်ဆိတ်ငြိမ်းချမ်းသောနေရာတွင် နေထိုင်နိုင်ရန် ငွေအများအပြားသုံးကာ လာနေကြမည့်သူများဖြစ်သည်။

ခရီးစဉ် ၁၂ ရက်မြောက်နေ့တွင်တော့ ကျွန်တော်တို့ အရွှန်ဒမ်ရွာတွင် ရပ်နားခဲ့ကြသည်။ ရွာလူကြီး က နွေးထွေးစွာကြိုဆိုသည်။ ခြံဝင်းများမှာ ရှင်းလင်းနေပြီး ခွေးများက ဟောင်နေကြသည်။ မတ်စောက်သည့် တောင်ကြောအောက်ဘက်တစ်နေရာတွင် သီချင်းဆိုသံ ကျွန်တော်ကြားခဲ့ရရာ ယင်းမှာ ဘုရားကျောင်းတစ်ခုဖြစ်သည်။ ကျောင်းအတွင်း အမျိုးသမီးများမှာ ဘယ်ဘက်ခြမ်းတွင် ထိုင်ပြီး အမျိုးသားများက ညာဘက်ခြမ်းတွင်ထိုင်နေသည်။ ပွဲပြီးတော့ ကျွန်တော်လည်း ကျောင်းထဲမှထွက်လာသည့် လူအုပ်နှင့် မျက်နှာချင်းဆိုင်ဝင်ပေါက်တံခါးမကြီးသို့ရောက်သွားသည်။ ကျွန်တော့်အနားကို အကုန်လုံးဝိုင်းလာကြပြီး လက်ဆွဲနှုတ်ဆက်ကြသည်။ ရုတ်တရက်ပင် တစ်စုံတစ်ယောက်၏လက် ဖဝါးအထိကို ကျွန်တော်ခံစားလိုက်ရသည်။ သို့သော် ထိုသူ့မျက်နှာကို ကျွန်တော်မမြင်။ ယင်းမှာ ဒါဝီဖြစ်ပါသည်။ ကမ္ဘာတွင် နောက်ဆုံး ကျန်ရှိနေသောအာရှပစ်ဂမီလူမျိုးတစ်ဦးပင်။

စူးစမ်းရှာဖွေနိုင်ဖို့အကောင်းဆုံးနည်းကတော့ သူ့ကိုစကားပြောလာအောင်လုပ်ခြင်း ဖြစ်သည်။ သို့သော် သဘာဝအတိုင်းပင် သူက ရှက်နေပြီး ပြောချင်သည့်ပုံမရှိ။ ကျွန်တော် နည်းလမ်းရှာရတော့သည်။ သူ့ကို ကျွန်တော့်ခရီးစဉ်တွင် အထမ်းသမားအဖြစ် လိုက်ခဲ့မည်လားမေးရာ သူသဘောတူသည်။ သူက WCS ၏ကန့်သတ်တားမြစ်ချက်များကြောင့် အမဲလိုက်ခြင်းကို ရပ်ထားရပြီး ငွေလိုနေသည်။

တစ်နေ့တည်းမှာပင် ကျွန်တော်တို့ စိုရွှဲစွာ၊မောပန်းစွာဖြင့် နောက်ဆုံးရွာထဲသို့ ဝင်ရောက်သွားခဲ့ကြရသည်။ ရွာနောက်တွင်တော့ နှင်းများ၊ တောင်များနှင့် တိမ်များကိုသာ မြင်နိုင်တော့သည်၊ နောက်တစ်နေ့တွင်တော့ ကံကောင်းစွာပင် နေရောင်က တောင်ကြားထဲကျရောက်လာ၍ ကျေးလက်ဒေသ၏ ပြတ်သားသော အရောင်များနှင့်ပုံရိပ်များကို မြင်တွေ့ရသည်။ ရွာလူကြီးအိမ်တွင် ကျွန်တော်အိပ်ခဲ့ပြီး ၎င်းမှာ တကာရှီအိုဇာကီနှင့်အတူ ခါကာဘိုရာဇီတောင်ကို တက်နိုင်ခဲ့သော တိဗက်လူမျိုး၏ ညီဖြစ်သည်။ ၎င်းမှာ ရွာတွင်အချမ်းသာဆုံးဖြစ်ပုံရသည်။ ခရီးတစ်လျှောက် နောက်ဆုံးရွာသို့ရောက်ခါမှ အခန်းအလယ်တွင် တိဗက်မှသယ်လာသော တီဗီကြီး တစ်လုံးနှင့် ဂြိုဟ်တုရုပ်သံဖမ်းစက်စလောင်းတစ်ခုကိုတွေ့လိုက်ရရာ အံ့ဩစရာဖြစ်သည်။ ကျွန်တော်တို့အဖွဲ့လည်း ရွာတွင် အနားယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒါဝီ၊ ကျွန်တော်နှင့်တဟန်ဒမ်မှ တိဗက်ကောင်လေးတို့မှာ တောင်တက်ရမည့်ခရီးအတွက်ပြင် ဆင်ရသည်။ ကျွန်တော်တို့အလွန် ဆိုးရွားစွာ မတ်စောက်နေသာ တောင်တက်လမ်းပေါ်သို့တက်ခဲ့ရပြီးရင်ခေါင်းအထိနက်သောနှင်းခဲအပုံများကြားတွင်ရှိသောကျောက်ဆောင်အောက်၌ အိပ်စက်ခဲ့ရသည်။ အရာရာတိုင်းမှာ အေးခဲနေပြီး အမည်မရှိသောတောင်ထိပ်ဖျားမှ ကြည့်လိုက်လျှင် ကျွန်တော်တို့ အောင်မြင်စွာ တက်နိုင်ခဲ့သော်လည်း ဘာမှမမြင်ရ။ထူထဲသော မြူနှင်းများနှင့်၊မြင်ကွင်းရှင်းသွားသည့်အခါများတွင်တော့တောင်ပိုင်းမှဆင်ခြေလျှောများပေါ်တွင် ကြီးမားလွန်းသော နှင်းထုကြီးများ။ ကျွန်တော်ကား ကမ္ဘာတွင် နောက်ဆုံးကျန်နေသောမထိတွေ့ရသေးသည့်တောရိုင်းမြေတစ်ခုကိုထိတွေ့ခဲ့ရပြီ။ ခါကာဘိုရာဇီတောင်ကိုတက်နိုင်ဖို့ ကျွန်တော် မြောက်ဘက်သို့ သုံးရက်ခန့် ချီတက်ရပေဦးမည်။

ဒါဝီကတော့ တစ်ခါတလေတွင် နောက်ဆုံးအသက်ရှင်ကျန်ရစ်သော ထရုံလူမျိုးတစ်ဦး အဖြစ် ထင်ရပါသည်။ အသက် (၆၂) နှစ်အရွယ်ရောက်နေသည့် အချိန်တွင် သူသည် ထရုံနှမများနှင့်အတူနေထိုင် နေပါသည်။ သူ့ဇနီးမှာမူ ပျားရည်ရှာရင်း တောင်စောင်းတစ်ခုမှလိမ့်ကျကာ ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ သူပြောသည့်စကားက ရဝမ်နှင့် ထလူဒေသီယစကားများနှင့် ကွဲပြားသည်။ ၁၉၆၂ တွင် မြန်မာဆေးအဖွဲ့တစ်ခုက အရွှန်ဒမ်ရှိ သူ့လူမျိုးစုရှိရာသို့ လာရောက်စစ်ဆေးကြည့်ရှုခဲ့ရာတွင် ကလေး တစ်ဦးသာဖြစ်နေပါမည်။ ထိုစဉ်က ထိုနေရာတွင် ထရုံလူမျိုးဦးရေ ၈၀ ခန့် အသက်ရှင် နေထိုင်နေကြကြောင်း အဖွဲ့က တွက်ချက်ခဲ့သည်။ အခုတော့ ယင်းမှ လူလေးဦးသာ အသက်ရှင် ကျန်ရစ်ပါတော့သည်။ အထီးကျန်အဆက်ပြတ်နေမှုက သူတို့ကို မျိုးဆက်ပြတ်တောက်သွားစေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မျိုးဗီဇအရ ချို့ယွင်းအားနည်းမှုကြောင့် ၁၉၅၀ ပြည့်နှစ်များအတွင်း ငလျင်ကြီးတစ်ရပ်လှုပ်ခဲ့မှုများကြောင့်ဖြစ်သည်။ အကြီးမားဆုံးကြုံဖူးသည့်ငလျင်ဟု ယုံကြည်ရသည့် ထိုငလျင်ကြောင့် တောင်ကွဲသွားမှုများက သူတို့ကို ဆွေမျိုးများနှင့် အဆက်ပြတ်သွားစေခဲ့သည်။ သို့သော် အမှန်တရားက အမြဲပဲရှုပ်ထွေးပါသည်။ ဟိမဝန္တာတောင်ကြောကြီး၏ ဟိုဘက်အခြမ်းတွင်တော့ တိဗက်ဒရန်လူမျိုးစုဖြစ်သည့် သူ့ဆွေမျိုးများက သူတို့ပုံစံအတိုင်း၊ ဘာသာစကားနှင့် ဓလေ့များအတိုင်း နေထိုင်နေကြပါသည်။ သူတို့တစ်ခါက တောင်ထိပ်ဖျားပေါ်တွင်ဆုံကြရာ သူက ထိုသူများကို“ဘယ်သွားမလို့”ဟုမေးရာ သူတို့က “မင်းတို့တောင်ကြားထဲဝင်ပြီး ယာမြေလုပ်ဖို့ နေရာရှာမလို့” ဟု ပြောကြသည်။ သူကလည်း“အဲဒီမသွားနဲ့။ တိရစ္ဆာန်တွေလည်းမရှိတော့ဘူး။ မြေလည်းမရှိတော့ဘူး”ဟုပြောလိုက်သည်ဆိုသည်။

သို့သော်ဒါဝီ့ကိုကြည့်ရသည်မှာ စိတ်ဓာတ်ကျပုံမပေါ်ပါ။ “လူတွေက ပေါက်ကရတွေပြောနေကြတာ။ ကျွန်တော်က နောက်ဆုံးကျန်တဲ့ ထရုံလူမျိုးတဲ့။ အရွှန်ဒမ်မှာရှိတဲ့ ရွာသားအားလုံးက သူတို့ကိုယ် သူတို့ ထရုံလူမျိုးလို့ပဲပြောနေကြတာ။ ကျွန်တော်တို့က အကုန်သွေးနှောထားတာ။ ထရုံနဲ့ ထလူတွေနဲ့ ရဝမ်တွေနဲ့လေ”ဟုပြုံးပြီးပြောပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ခရီးစဉ်ကို ရန်ကုန်တွင်ကြေညာပေးခဲ့သော ၁၉၆၂ ခုနှစ်၊ မြန်မာဆေးဘက်ဆိုင်ရာအဖွဲ့မှ ဒေါက်တာဦးကိုကိုက“ခင်ဗျားရဲ့လေ့လာရေးခရီးစဉ်ဟာ သမိုင်းရေးအဓိပ္ပာယ်ရှိပါတယ်။ ခင်ဗျားဟာ အဲဒီကွယ်ပျောက်နေတဲ့ ကမ္ဘာကို ကြည့်ဖို့သွားတဲ့နောက်ဆုံးသူတစ်ဦးဖြစ်မှာပါ” ဟု ပူတာအိုသို့ သွားမည့်လေယာဉ်ပေါ်သို့ ကီလို ၁၀၀ရှိသည့် ခရီးဆောင်အိတ်ဖြင့် ကျွန်တော်မတက်ခင်ပြောခဲ့ပါသည်။

အပြန်လမ်းတွင်တော့ ကျွန်တော်သည် ကားရော်ဘာ ကျွတ်များ၊ ဝါးချောင်းများဖြင့် ဖောင်တစ်ခု တည်ဆောက်ကာ ကျွန်တော့်စကားပြန်နှင့်အတူ နောင်မန်မြောက်ပိုင်းဒေသမှ ကတ်ဆန်မြစ်တစ်လျှောက် စုန်ဆင်းခဲ့ပါသည်။ ရွာသားများက ကျွန်တော်သည် သူတို့တောင်ကြားသို့ပထမဆုံးလာရောက်သော နိုင်ငံခြားသားမှန်းသိခဲ့ကြသည်။ ဖရန့်ကေ၊ ဝက်ဒ် (သို့မဟုတ်)မော့စ်မိသားစု(သို့မဟုတ်) WCS အဖွဲ့လည်း ထိုသာယာလှပပန်းချီဆန်သောနေရာသို့ မရောက်ဖူးကြပါ။ တောင်ကြားမှ ရွာများသည် ဤဒေသကို ရေးဆွဲထားသည့် အတိကျဆုံး ဆိုဗီယက် မြေပုံများ (၁၉၈၀ ပြည့်နှစ်များမှ မြေပုံ)တွင်ပင် မှတ်သားခြင်း မပြုရသေးသောနေရာများဖြစ်ပါသည်။ကျေးရွာများ၏ အမည်များကို ကျွန်တော့်မှတ်စု စာအုပ်ထဲ ချရေးခဲ့သည်။ သူတို့လူဦးရေကို တွက်ချက်ခဲ့ပြီး ပူတာအိုသို့ ပြန်ဆင်းလာခဲ့ပါသည်။ ထိုပူတာအိုမှာ ကီလိုမီတာငါးရာအကွာမှ တောင်ထိပ်ဖျားတွင် တစ်လလောက် လှမ်းမြင်ခဲ့ရပြီး ကျွန်တော် နောက်တစ်ကြိမ် ပြန်မြင်ခဲ့ရသည့် မြို့လည်း ဖြစ်ပါတော့သည်။

**(ဆောင်းပါးရှင် အန်ဒါဆက်မတ်ဇင်စကီးသည် ပိုလန်စာရေးဆရာဖြစ်ပြီး၊ National Geographic မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင်ဖြစ်သည်။ ယခုဆောင်းပါးကို7Day News အတွက် ရေးသားခဲ့ပြီး ခင်မေဇော်-ဝါရှင်တန် နှင့် ကျော်မျိုးတို့က ဘာသာပြန်သည်)**

Special Feature

7DAY NEWS JOURNAL

Vol.12, No.47 • JANUARY 29 , 2014

# ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန် ပဋိပက္ခအားဖြေရှင်း

ဒေါက်တာအရိုင်

ဒေါက်တာအရိုင် **(Arai)** သည် လွတ်လပ်သော လူမှုရေးသိပ္ပံပညာရှင် **(social scientist)** တစ်ယောက်ဖြစ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော ဂျပန်လူမျိုးတစ်ယောက်ဖြစ်သည်။ ၂၀၁၃ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ အရပ်ဒေသ အများအပြားသို့ ကွင်းဆင်းလေ့လာခဲ့ပြီး လူတွေ့အင်တာဗျူးများလည်းများစွာဆောင်ရွက်ခဲ့သည်။



ရခိုင်ပြည်နယ်တွင် လုံခြုံရေးယူထားသည့် လုံထိန်းတစ်ဦး

၂၀၁၂ ခုနှစ်ကတည်းက စတင်၍ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဒေသတွင်း ပဋိပက္ခသည် မျိုးဆက်အဆင့်အဆင့် ကြာရှည်စွဲမြဲစွာ တည်ရှိလာခဲ့ပြီး ဆင့်ပွားကြီးထွားလာခဲ့သော လူမှုဖွဲ့စည်းပုံ မမျှတမှုနှင့် စိုးရိမ်ကြောင့်ကြမှု စိတ်ရောဂါ (trauma) တို့ကို လှစ်ဟဖော်ပြလိုက်မှု ပြယုဂ်တစ်ခုပင်ဖြစ်သည်။ ဤလူမှုဖွဲ့စည်းပုံ မမျှတမှုနှင့် စိုးရိမ်ကြောင့်ကြမှု စိတ်ရောဂါတို့ ဖြစ်စေခဲ့သည့် သမိုင်းဆိုင်ရာ အရင်းအမြစ်မှာ (၁၈၂၄-၁၉၄၈ဗြိတိသျှနှင့်၁၉၄၂-၁၉၄၅ ဂျပန်)တို့၏ ကိုလိုနီလက်အောက် ကျရောက်ခဲ့ရခြင်းနှင့် လွတ်လပ်ရေး ရပြီးနောက်ပိုင်းကတည်းက ကြုံလာခဲ့ရသော မြန်မာနိုင်ငံ၏ လူမျိုးရေး၊ တိုင်းရင်းသားရေးဆိုင်ရာ ဆက်ဆံရေးနှင့် အားလုံးပါဝင်သည့်စီမံအုပ်ချုပ်မှု နိုင်ငံရေးပြဿနာပင်ဖြစ်သည်။ ပဋိပက္ခအတွင်း ပါဝင်ခဲ့ကြသည့် နှစ်ဖက်အုပ်စုတို့၏ မိမိတို့ ကိုယ်ပိုင် စရိုက်လက္ခဏာ (Identity) နှင့် တရားမျှတမှု (Justice) အသီးသီးအတွက် ရုန်းကန်ကြိုးစားမှုကို ဖြစ်စေခဲ့သည့် သမိုင်းဆိုင်ရာ နာကြည်းကြေကွဲမှုများ ရှိခဲ့သည်။ သို့စေကာမူ နာကျင်ဖွယ်ရာဖြစ်မည့် ခါးသီးသော ပကတိအမှန်တရားတစ်ခုကိုလည်း နောက်ထပ် ရင်ဆိုင်ကြရပေဦးမည်။ ယင်းမှာ ယခု ပဋိပက္ခ ပိုမိုပျံ့နှံ့သွားသည်နှင့်အမျှ ပို၍ကြီးမားသော ဒေသတွင်း ဆူပူအကြမ်းဖက်မှုများကိုပင်ဖြစ်ပွားစေနိုင်သည့်အခြေအနေအထိ ရောက်ရှိသွားနိုင်လိမ့်မည်ဟု ဆိုလျှင် မှားမည်မထင်ပါ။ ဤအနေအထားသည်မြန်မာတစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်စေမည့် အနေအထားထိ ရောက်ရှိသွားစေနိုင်ပြီး တစ်နိုင်ငံလုံးနစ်နာဆုံးရှုံးမှုများ ကြုံတွေ့ကောင်း ကြုံရနိုင်သည်။ ယခုလက်ရှိ အခြေအနေသည် မည်သို့ပင် ခက်ခဲပြီး စဉ်းစားရကျပ်တည်းသော အခြေအနေမျိုးဖြစ်နေစေကာမူ အသိုင်းအဝိုင်းနှစ်ဖက်စလုံးက လုပ်ရိုးလုပ်စဉ်ကြိုးပမ်းဆောင်ရွက်မှုများမှ လုံးဝရှောင်ဖယ်ကြရမည်ဖြစ်ပြီး မတူကွဲပြားသည့် ချဉ်းကပ်မှုပုံစံတစ်မျိုးနှင့် အဖြေရှာကြရပေလိမ့်မည်။ ရခိုင်ပြည်နယ်၏ ရေရှည်အနာဂတ် ပုံမှန်အနေအထား မည်သို့မည်ပုံ ဖြစ်လာနိုင်မည်နည်း။ ထိုကဲ့သို့ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာစေရန် ခိုင်မာတိကျသော ဆောင်ရွက်မှုမျိုးကို မည်သို့ပူးပေါင်းအဖြေရှာကြမည်နည်းဆိုသည်မှာ မေးခွန်းအဖြစ်ကျန်ရှိနေဆဲ။

၂၀၁၃ ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်အပါအဝင် ရန်ကုန်၊ မန္တလေးနှင့် အခြားဒေသများသို့ ရောက်ရှိခဲ့စဉ် ပဋိပက္ခ၏ နှစ်ဖက်စလုံးမှ ခေါင်းဆောင်များအား ထိုမေးခွန်းများ မေးမြန်းခဲ့ပါသည်။ ၎င်းတို့အထဲတွင် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ မြန်မာနိုင်ငံအစိုးရဌာနများနှင့် အခြားနိုင်ငံတကာ အစိုးရကိုယ်စားပြုသူများ၊ ဘာသာရေးဆိုင်ရာနှင့်အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ (အမျိုးသမီးများနှင့် လူငယ်များ)၊ မီဒီယာလုပ်ငန်းဌာနမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ သင်တန်းဆရာများနှင့် ရခိုင်ပြည်နယ်ရှိရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသူများ ပါဝင်ခဲ့ကြသည်။

ဤဆောင်းပါးတွင် အကြံပြုဖော်ပြအပ်သည့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များသည် ထိုအင်တာဗျူးများ၊ အုပ်စုဆွေးနွေးမှုများနှင့် အလုပ်ရုံ ဆွေးနွေးမှုများမှ တစ်ဆင့် အခြေခံ၍ ရရှိလာသည့် တွန်းအားရလဒ်များပင်ဖြစ်သည်။ ဤဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ၁။ လုံခြုံရေးဆိုင်ရာ ရေတိုစီမံဆောင်ရွက်မှု ၂။ ရေလတ်နှင့်ရေရှည်နိုင်ငံသား ဖြစ်မှုဆိုင်ရာ အကျပ်အတည်းကို အကောင်အထည်ဖော်စီမံ ဆောင်ရွက်မှု ၃။ ပြန်လည်သင့်မြတ်ရေးနှင့် အားလုံးပါဝင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရေလတ်နှင့် ရေရှည်စီမံဆောင်ရွက်မှုဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားတင်ပြထားသည်။ ဤသည်တို့မှာ အကြံပြုတင်ပြမှုသက်သက်မျှဖြစ်သော်လည်း ရခိုင်ပြည်နယ်၏ အနာဂတ်နှင့် မြန်မာနိုင်ငံတွင်း နေထိုင်ကြသည့် ဒေသအသိုင်းအဝိုင်းများ အချင်းချင်း ယှဉ်တွဲနေထိုင်ရေး ဆောင်ရွက်မှုတို့အတွက် အသွင်တစ်မျိုး ဆောင်သည့် မူဝါဒရေးဆိုင်ရာနှင့် ပြည်သူ့ရေးရာ အစပြု ဆွေးနွေးပွဲများကို ဖြစ်စေလိမ့်မည်ဟု ယုံကြည်နေမိပါသည်။

### ■ လုံခြုံရေးဆိုင်ရာ ရေတိုစီမံဆောင်ရွက်မှု

ဖြစ်လာနိုင်ဖွယ်ရှိသည့် နောက်ဆက်တွဲ တိုက်ခိုက်မှုများအား နှစ်ဖက်စလုံးမှ ကြောက်ရွံ့စိုးရိမ်စိတ်များ လွှမ်းမိုးလျက် ရှိနေကြဆဲဖြစ်သည့်အလျောက် ပေါက်တော၊ မြေပုံ၊ စစ်တွေမြို့ (သဝင်ချောင်း) တို့ရှိ ယာယီစခန်းများတွင် နေထိုင်လျက်ရှိကြသော မွတ်ဆလင်များနှင့် အများစုဖြစ်သော ရခိုင်လူမျိုးတို့အကြား ယာယီသီးခြားနေရာချထားမှုအစီအစဉ်တစ်ခု လိုအပ်သည်။ သို့ရာတွင် အသိုင်းအဝိုင်းနှစ်ခုအကြား လိုအပ်ကောင်းလိုအပ်လာနိုင်သည့် ပတ်သက်ဆက်နွှယ်မှုမျိုးကို လုံးဝပိတ်ဆို့မှုသဖွယ် ဖြစ်စေနိုင်သည့် အဟန့်အတားပုံစံမျိုးများအား ရှောင်ရှားရန်လိုအပ်ပြီး ဤယာယီသီးခြားနေရာ ချထားမှု အစီအစဉ်ကို ဖြည်းဖြည်းချင်း ရုပ်သိမ်းသွားနိုင်ရန် (သို့မဟုတ်) တိုးမြှင့်ဆောင်ရွက်သွားစေနိုင်ရန် လက်ရှိအခြေအနေကို မပြတ်လေ့လာစောင့်ကြည့်မှုကို အခြေခံသည့် စနစ်ကျသော အစီအစဉ်တစ်ခု ထားရှိရန် လိုအပ်သည်။

### ■ နိုင်ငံသားပြုခြင်းဆိုင်ရာအကျပ်အတည်းကိစ္စရပ်အတွက် ရေလတ်နှင့် ရေရှည်စီမံဆောင်ရွက်မှု

မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အတွင်း နှစ်ရှည်ငြိမ်းချမ်းရေးစီမံဆောင်ရွက်မှုလုပ်ငန်းစဉ်အား အာဆီယံ (သို့) ၎င်းအဖွဲ့ဝင် နိုင်ငံအချို့ (အင်ဒိုနီးရှားနိုင်ငံ ဖြစ်ကောင်းဖြစ်နိုင်သည်) မှ ကူညီပံ့ပိုးပေးရန် လိုအပ်လေသည်။ ၂၀၁၄ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ သက်တမ်းအတွင်း နှစ်ဖက်အသိုင်းအဝိုင်း ညှိနှိုင်းဆွေးနွေးရေးနှင့် ပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးပွဲများ ဖန်တီးပေးခြင်းတို့ ပြုလုပ်နိုင်သည့်အပြင် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ကုလသမဂ္ဂ၊ အစ္စလာမ်မစ်နိုင်ငံများအသင်းနှင့် အခြားပါဝင်ပတ်သက်သူများ အသီးသီး ပါဝင်သည့်နိုင်ငံတကာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခု စတင်ခြင်းဖြင့် ယခုတင်ပြအကြံပြုအပ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အကျိုးပြုနိုင်မည်ဖြစ်သည်။ ဤနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခ၏ အသိုင်းအဝိုင်းနှစ်ဖက်စလုံးအတွက် အကျိုးရှိစေမည့် အဓိကကိစ္စရပ်များနှင့် ကျယ်ပြန့်လာသော နောက်ဆက်တွဲ ပြဿနာများကို တိကျသောအချိန်ကာလအကန့်အသတ်အတွင်း ဖြေရှင်းစေနိုင်ရန်၊ နည်းပညာပိုင်းနှင့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရန်၊ ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။ ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိကြသော မွတ်ဆလင် လူဦးရေကို စစ်တမ်းကောက်ယူရာတွင် ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းရာတွင် သင့်တင့်လျောက်ပတ်သော နိုင်ငံတကာ၏ အကူအညီကို ကြိုဆိုလိုသည့် ပြည်ထောင်စုအစိုးရ၏ ဆန္ဒနှင့်လည်း လိုက်လျောညီထွေမှုရှိပါသည်။ ပဋိပက္ခနှင့် ပတ်သက်သည့် နိုင်ငံရေးပိုင်းဆိုင်ရာ ကိစ္စရပ်ကိုမူ နိုင်ငံတော်အစိုးရ၏ သဘောထား ဆန္ဒမပါဘဲ ကြားနေသူအဖြစ်ဖြင့် သော်လည်းကောင်း၊ ညှိနှိုင်းဝင်ရောက်ဆောင်ရွက်သူအဖြစ်ဖြင့်သော်လည်းကောင်း လုံးဝဝင်ရောက်စွက်ဖက်ကိုင်တွယ်ဖြေရှင်းခြင်း ပြုလုပ်မည် မဟုတ်ကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။

ယခု အကြံပြုတင်ပြအပ်သည့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့်အတူ လက်တွဲပူးပေါင်းလျက် ပြည်ထောင်စုအဆင့်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရတို့က ရခိုင်ပြည်နယ်ရှိမွတ်ဆလင် လူဦးရေအတွက် တရားဝင်မြန်မာနိုင်ငံသားအဖြစ် စိစစ်ခံယူနိုင်မည့် နိုင်ငံတကာစံနှုန်းများကို အခြေခံသည့်အနေအထားတစ်ခုကို သတ်မှတ်ကြိုးကြပ်ဆောင်ရွက်ကြရမည်။ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဟူ၍ သတ်မှတ်ခွဲခြားပါရှိသည့် မြန်မာနိုင်ငံ၏ ၁၉၈၂ နိုင်ငံသား ဥပဒေသည် ထိုသို့ ဆက်လက်ဆောင်ရွက်ရန် မူဘောင်ကောင်းတစ်ခုပင်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အားလုံးပါဝင်မှုရှိသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု မျှော်မှန်းချက်များကို ထင်ဟပ်စေရန် အရေးကြီးသည်။ ဤသို့ နိုင်ငံသားဖြစ်မှုဆိုင်ရာ သတ်မှတ်ပြင်ဆင်ရာတွင် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်အသိုင်းအဝိုင်းမှ ခေါင်းဆောင်များ၏ ပါဝင်ဆွေးနွေးမှုသည်လည်း ၎င်းတို့၏ လက်ခံနိုင်မှုနှင့် ရေရှည်အတွက်များစွာ အကျိုးရှိလှမည်ဖြစ်သည်။ ဤလုပ်ငန်းဖြစ်စဉ်တစ်လျှောက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအား လိုအပ်သည့် လုပ်ပိုင်ခွင့်နှင့် အရင်း

7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# းအသွင်ပြောင်းခြင်း ဒေသတွင်း ငြိမ်းချမ်းရေးဆီသို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြစ်များကို သုံးစွဲပိုင်ခွင့်ပေးခြင်းဖြင့် များစွာ အကျိုးရှိစေမည်။ ဤဖြစ်စဉ်အားလုံး၏ အနာဂတ်အကျိုးဆက်များကို ရေရှည်တွင် ကြုံတွေ့ရင်ဆိုင်ရမည်မှာ ဒေသခံအစိုးရပင်ဖြစ်သည် မဟုတ်ပါလော။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၂-၂၀၀၉ တန်ဇနီးယားနိုင်ငံ (Tanzania) မှ ဘူရန်ဒီယန် (Burundian) စစ်ပြေးဒုက္ခသည်များကို ပြောင်းရွှေ့ခြင်း လုပ်ငန်းစဉ်မှ သင်ယူရရှိခဲ့သည့် နိုင်ငံတကာ အတွေ့အကြုံအရ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်အသိုင်းအဝိုင်း နိုင်ငံသားအဖြစ် စိစစ်ခံယူနိုင်မှုအား ဆုံးဖြတ်သတ်မှတ်ရန်အတွက် တိကျသော အချိန်ကာလတစ်ခု သတ်မှတ်ရေးဆွဲရမည်။ အချိန်ကာလ အတိအကျတစ်ခုကို ဖော်ပြသတ်မှတ်ထားရှိရမည်ဖြစ်ပြီး ဤကာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာမှုမရှိစေရန် အထူး စီမံဆောင်ရွက်ရန် လိုအပ်သည်။ ဤလုပ်ငန်းစဉ်ကို ကောင်းစွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် အာဆီယံ (သို့) အခြားနိုင်ငံတကာ ပူးပေါင်းမှုအစီအစဉ်များမှတစ်ဆင့် နည်းပညာပံ့ပိုးကူညီမှုများ ရယူရန် ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်သည်။

အကြံပြုတင်ပြအပ်သော လူဦးရေ စိစစ်ကောက်ယူမှုနှင့် နယ်စပ်ဒေသ အထူးထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ယခင်နယ်စပ်ဒေသ ကာကွယ်ရေး နစက (၂၀၁၃ ဇူလိုင်လ ဖျက်သိမ်း) ဝန်ထမ်းဟောင်းများအား လူမှုဆက်ဆံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချပေးခြင်းဖြင့် နစက၏ ပြည်သူ့ယုံကြည်မှုများ ပြန်လည်ရရှိလာအောင် ဆောင်ရွက်နိုင်သည်။ ၁၉၉၀ ပြည့်နှစ်များအတွင်း (အစ္စရေး-ပါလက်စတိုင်း) နှင့် (ပီရူး-အီကွေဒေါ) ညွှန့်ပေါင်းတပ်များ သက်ဆိုင်ရာအငြင်းပွားနယ်စပ်တစ်လျှောက် စောင့်ကြည့်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သကဲ့သို့ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များ ပါဝင်သည့် အရည်အချင်း ပြည့်ဝသည့် နယ်စပ်လုံခြုံရေးအဖွဲ့ ဖွဲ့စည်းရန် စဉ်းစားသင့်သည်။

ပြည်ထောင်စု အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ အဆိုပါဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် အခြားသော သက်ဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာတို့တွင် လိုအပ်ပါက ၎င်းနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည်။

ရခိုင်ပြည်နယ်အတွင်း ကန့်သတ်နေရာများရှိ မွတ်ဆလင်အသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း ဆက်နွယ်မှုရှိနိုင်သည့် ခိုင်မာသည့် ဒေသတွင်း အစ္စလာမ်မစ် နိုင်ငံတစ်နိုင်ငံ (သို့) ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူမှုအဖွဲ့အစည်းတစ်ခုခုကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူဦးရေစိစစ်ကောက်ခံရာတွင် လူဝင်မှုကြီးကြပ်ရေးမှ ဆက်လက်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ပေမည်။ စိတ်ချယုံကြည်မှုရှိသော စစ်တမ်းကောက်ယူမှုအဖြစ် ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ အာဆီယံနိုင်ငံများဖြစ်ကြသည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံ (သို့) ဂျပန်နှင့် ကိုရီးယားတို့၏ အဖွဲ့သားများ ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည်။

နိုင်ငံသားဖြစ်ခွင့် ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသား အခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှုနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုအခွင့်အရေးများပင်ဖြစ်သည်။ နိုင်ငံသားအဖြစ် ခံယူခွင့်မရရှိသူများ၏ အနာဂတ်အတွက် ရှင်းလင်းသေချာသော အစီအစဉ်တစ်ခုထားရှိရမည်။ ဥပမာအားဖြင့် နိုင်ငံခြားသားများဆိုင်ရာ မြန်မာနိုင်ငံသားအဖြစ် လျှောက်ထားခြင်း၊ ငွေကြေးအထောက်အပံ့အကူအညီတို့နှင့်အတူ တတိယနိုင်ငံတစ်ခုတွင် အခြေချနေထိုင်နိုင်ရေး စသည်တို့ပင်ဖြစ်သည်။

**■ ပြန်လည်သင့်မြတ်ရေးနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရေလတ်နှင့် ရေရှည်စီမံဆောင်ရွက်မှု**

နိုင်ငံသားဖြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိစဉ်တွင် ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုအစီအစဉ်တစ်ခုကိုလည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဖွဲ့၊ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ တစ်ပြိုင်နက်တည်း စနစ်တကျအသေအချာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသ၏ မိသားစုဝင်ငွေမြှင့်တင်မှုကို အလေးပေးဆောင်ရွက်ရန် အရေးကြီးသည်။ စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစား စီးပွားရေး၊ မူလတန်းအဆင့် ပညာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးတို့နှင့်အတူ အခြေခံ အဆောက်အအုံ (လမ်းများ၊ သက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုအတွက် အရေးကြီးသည့် ဆိပ်ကမ်းများအပါအဝင်) တို့မှာ အဓိကဦးစားပေး လုပ်ဆောင်ရမည့်ကဏ္ဍများဖြစ်သည်။ ရပ်ရွာလူထု အခြေပြု သမဝါယမနှင့် အသေးစားချေးငွေလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့တစ်ခု ('ကနဦး သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးမှု' ဟူ၍ ရပ်ရွာလူထု ကိုယ်တိုင်စီမံခန့်ခွဲမှုမျိုး ပုံစံ) ရှိခြင်းဖြင့် အကျိုးရှိစေပါလိမ့်မည်။ ဒေသခံများ၏ လိုလားမှုဆန္ဒကို အထူးဦးစားပေး၍ ဖြစ်နိုင်မည်ဆိုပါက စီးပွားရေးလုပ်ငန်းဆိုင်ရာ နှစ်ဖက်ကူးလူးဆက်ဆံမှုကို ဖန်တီးပေးနိုင်မည့် ဝင်ငွေလည်ပတ်မှုဆိုင်ရာ လုပ်ငန်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

ဤနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နည်းပညာပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများဖြင့် အသိုင်းအဝိုင်းတစ်ဖက်ဖက်မှ (သို့မဟုတ်) နှစ်ဖက်စလုံး၏ ယုံကြည်လေးစားမှုရှိသည့် ဘာသာရေးနှင့် အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်တို့မှ တောင်အာရှနှင့် အရှေ့အလယ်ပိုင်း နှစ်ခုစလုံးတွင် အခြေစိုက်နေသော Rohigya Solidarity Organization (RSO) ကွန်ယက်များ၏ ခေါင်းဆောင်မှုပိုင်းနှင့် ဩဇာလွှမ်းမိုးမှုရှိသော ဘုန်းတော်ကြီးများနှင့် အများစုလက်ခံကျင့်သုံးသည့် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံဖြစ်တည်မှု လက္ခဏာရပ်ကိုတက်တက်ကြွကြွ ကာကွယ်ရန် တစိုက်မတ်မတ် ကြိုးစားလုပ်ဆောင်နေကြသည့် အများကြည်ညိုလေးစားသော ဗုဒ္ဓဘာသာလောကီ ခေါင်းဆောင်များအား အဆက်အသွယ်ပြုလုပ်နိုင်မည့် နည်းလမ်းတစ်သွယ်ကို ရှာဖွေရန် လိုအပ်နေသည်။ နှစ်ဖက်စလုံးမှ ပါဝင်ပတ်သက်နေကြသော ယင်းအထောက်အကူပြု အဖွဲ့များမှ ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများအစား ရခိုင်ပြည်နယ်ရှိ ဝင်ငွေနိမ့်အိမ်ထောင်စုများအား နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုနှင့် အကြမ်းဖက်မှုများအတွင်းသို့ ကျရောက်စေသည့် စီးပွားရေးနိမ့်ကျမှုနှင့် လူမှုရေး မမျှတမှုတို့ကို ဖြစ်စေသည့် အဓိက အကြောင်းခြင်းရာများပေါ်တွင် ပြန်လည်အလေးထားအာရုံပြုကြရမည်။

ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဖွဲ့တို့ ပူးပေါင်း၍ နှစ်ဖက်စလုံးမှ ဒေသတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များ၏ ပြန်လည်နေရာချထားရေးကို ကူညီထောက်ပံ့ရန် လိုအပ်သည်။ ဘက်စုံအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ဖန်တီးပေးခြင်း ဖြစ်ပေါ်လာမည့် မြေယာနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အငြင်းပွားခြင်းများ ဖြေရှင်းပေးခြင်းတို့ကို ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်၏ အစပိုင်းလုပ်ငန်းစဉ်များအဖြစ်ဖြင့် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ရမည်။

ပြည်သူလူထု အားလုံးအတွက် လုံခြုံစိတ်ချမှု၊ စိတ်သက်သာရာရမှု၊ နွေးထွေးပျူငှာမှုရှိသည့် လူမှုပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးစေနိုင်ရန် အလို့ငှာ တွေ့ဆုံစုရုံးမှုများကို ကောင်းစွာပြုလုပ်ဖန်တီးပေးရန် လိုအပ်သည်။ စိုးရိမ်ကြောက်ရွံ့စိတ်များ၊ ပူဆွေးသောကများ၊ ကြောက်စိတ်စွဲကတ်မှုများအား ဖြေလျှော့ကုသနည်းအတွေ့အကြုံများကို ၎င်းအစည်းအဝေးများတွင် မျှဝေပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။ ယခုလောလောဆယ်တွင် အိပ်မက်ဆိုးများနှင့်အတူ ကြောင့်ကြစိုးရိမ်ပူပန်မှုများကို ခံစားနေရသည့် သာမန်ပြည်သူများအတွက် အထူးလိုအပ်လှသည့် လူမှုစိတ်ပညာနှင့် စိတ်ခံစားမှုဆိုင်ရာ အထောက်အပံ့များအတွက်စနစ်ကျသော လုပ်ထုံးလုပ်နည်းများ မတွေ့ရှိရသလို ယင်းသို့ဆောင်ရွက်စီစဉ်မှုများ လိုအပ်သည်ဟူသည့် အသိအမြင်များလည်းလစ်ဟာလျက်ရှိနေသည်ကို တွေ့ရသည်။ နှစ်ဖက်စလုံး၏ အကျိုးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့အတွက် အထောက်အကူပြုစေမည့် သာမန်တွေ့ဆုံစုရုံးမှုများကို ဖန်တီးပြုလုပ်ပေးရာတွင် အမျိုးသမီးများ၊ လူငယ်များအပါအဝင် အတွေ့အကြုံရှိသော ဘာသာရေးနှင့် လူမှုအသိုင်းအဝိုင်းဒေသခံခေါင်းဆောင်များက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည်။ ထိုသို့ကူညီဆောင်ရွက်ပေးရာတွင် စိတ်ပိုင်းဆိုင်ရာ ကုသပေးခြင်း ပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ရန် မလိုအပ်သည့် ရိုးစင်းသော လမ်းညွှန်မှုများ အသုံးပြုနိုင်သည်။

တင်းမာမှုအခြေအနေ အချိန်နှင့်အမျှ တဖြည်းဖြည်း လျော့ကျလာသည်နှင့်အညီ ယုံကြည်လေးစားမှုရှိသည့် နှစ်ဖက်ခေါင်းဆောင်များ ဦးဆောင်မှုပြု၍ ပြန်လည်သင့်မြတ်မှု၊ ညှိနှိုင်းအဖြေရှာမှုနှင့် နှစ်ဖက်လက်ခံအသိအမှတ်ပြုနိုင်မည့် နည်းလမ်းများ ဖော်ထုတ်စေနိုင်ရန် ဒေသခံများ၏ ဆန္ဒအလျောက် နှစ်ဖက်အသိုင်းအဝိုင်းအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ၊ ဘာသာရေးဆိုင်ရာ နှီးနှောဖလှယ်မှုများ ပြုလုပ်ပေးခြင်းဖြင့် အကျိုးရှိစေမည်။ အရှေ့တီမော၊ ရဝမ်ဒါနှင့် တောင်အာဖရိကနိုင်ငံများတွင် ကျင့်သုံးခဲ့သော ဒေသခံလူထု၏ လုပ်ဆောင်ချက်သာဓကများသည် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအနေအထားအတွက် အသင့်လျော်ဆုံးဖြစ်စေမည့် နည်းလမ်းအခြေခံများကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် အခြေခံများပင်ဖြစ်သည်။ ပိုင်းခြားလျက်ရှိသော နှစ်ဖက်အသိုင်းအဝိုင်းအတွက် တိကျခိုင်မာသော နိုင်ငံရေးဖြေရှင်းမှုတစ်ရပ် အရေးပေါ် လိုအပ်လျက်ရှိသောကြောင့် အထက်တွင် ဖော်ပြခဲ့သော ဆောင်ရွက်မှုလုပ်ငန်းစဉ်များ သေချာစွာ ညှိနှိုင်းဆွေးနွေးမှုပြုရန်နှင့် ပြန်လည်သုံးသပ်ရန် လိုအပ်သော်လည်း ဤအကြံပြုတင်ပြချက်၏ ခိုင်မာပြီး အပြုသဘောဆောင်သည့် အခြေခံမျှော်မှန်းချက်ကို အလေးအနက်ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မျှဝေရမည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၌ တည်ထောင်ခဲ့သည့် အာဆီယံငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေး အင်စတီကျု့ဒ် (ASEAN Institute for Peace and Reconciliation) သည် မူဝါဒရေးဆိုင်ရာ သက်ရောက်မှုရှိစေရန်အတွက် ဤဖော်ပြပါ လုပ်ငန်းစဉ်များကို ဆန်းစစ်လေ့လာခြင်း၊ ထပ်မံအားဖြည့်ခြင်းတို့ပြုလုပ်ရာ၌ အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်မည်ဖြစ်သည်။

**(ဒေါက်တာအရိုင်သည် အမေရိကန်ပြည်ထောင်စု George Mason University, School for International Training (SIT) Graduate Institute & Fellow, Center for Peacemaking Practice, School for Conflict Analysis and Resolution (S-CAR) ၌ Peacebuilding and Conflict Transformation ဘာသာရပ်၌ တွဲဖက်ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသည်။ စာဖတ်သူများ ဦးနှောက်မုန်တိုင်းဆင်နိုင်ရန် ဖော်ပြခြင်းသာဖြစ်ပြီး ဆောင်းပါးပါ အကြောင်းအရာမှာ စာရေးသူ၏ အာဘော်သာ ဖြစ်သည်)**

> အချိန်ကာလ အတိအကျ တစ်ခုကို ဖော်ပြသတ်မှတ်ထားရှိရမည်ဖြစ်ပြီး ဤကာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာမှုမရှိစေရန် အထူးစီမံဆောင်ရွက်ရန် လိုအပ်သည်

7 DAY NEWS JOURNAL
Vol.12, No.47 ▪ JANUARY 29 , 2014

# ငြိမ်းချမ်းရေးအတွက် မျှော်လင့်ခြင်းများစွာ

## လော်ခီးလာညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ဖွဲ့ သဘောတူလက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး မူကြမ်းသည် အစိုးရ၏ မူကြမ်းနှင့် တူညီမှုများစွာရှိနိုင်ဟုခန့်မှန်း

**အောင်သူရ၊ အောင်နိုင်**

ဒေါနတောင်တန်း၏ တောင်ခြေ၊ ကရင်အမျိုးသားအစည်းအရုံး၏ ရှေ့တန်းစခန်းဖြစ်သော လော်ခီးလာဒေဖြစ်သည်။ ထိုဒေသတွင် ကျင်းပနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ညီလာခံနောက်ဆုံးနေ့တွင် သဘာပတိအဖြစ် ဆောင်ရွက်သူ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောမူးတူးစေဖိုးက သတိပေးစကား တစ်ခွန်းပြောကြားလိုက်သည်။

"လက်နက်ကိုင်တော်လှန်ရေးဝေါဟာရအသုံးအနှုန်းကိုရှေ့လာမယ့်အနာဂတ်တွေမှာ မလိုအပ်တဲ့ နေရာမှာ မသုံးမိဖို့ ကျွန်တော်ပြောလိုပါတယ်"ဟု သဘာပတိကြီးက ညီလာခံအပိတ် မိန့်ခွန်းတွင် အထက်ပါအတိုင်း သတိပေးပြောကြားလိုက်သည်။

ဆက်လက်၍ သဘာပတိကြီးက "ဒီနေ့၊ ဒီအချိန်မှာ လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ ဝေါဟာရအသုံးအနှုန်းဟာ ဒီအချိန်မှာ ကျွန်တော်တို့အဖွဲ့အစည်းအချို့အတွက်၊ လူပုဂ္ဂိုလ်အချို့အတွက် ခွန်အားယုံကြည်ချက်တန်ဖိုးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အချို့အဖွဲ့လူပုဂ္ဂိုလ်ဟာ ဒီဝေါဟာရကြောင့် ရှေ့ချီတက်ရမယ့် အားတွေလည်း လက်နက်ကိုင်တော်လှန်ရေးဝေါဟာရမှာ စိတ်အနှောင့်အယှက်ဖြစ်နေပါတယ်"ဟုလည်း ထပ်လောင်းသတိပေးပြောကြားခဲ့သည်။

ညီလာခံပထမနေ့တွင် အစိုးရမှ ပေးပို့လာသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းတွင် တိုင်းရင်းသားသားလက်နက်ကိုင်အင်အားစုဟုရေးသားဖော်ပြထားသည့်စကားလုံးအသုံးအနှုန်းနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။

တက်ရောက်လာသောတိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များက အင်အားစုဟုသုံးနှုန်းထားခြင်းကို လက်မခံဘဲ တော်လှန်ရေးဆိုသော အသုံးအနှုန်းအားထည့်သွင်းရန် တောင်းဆိုခဲ့ကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ နှစ်ရက်ကြာဆွေးနွေးခဲ့ရပြီး တစ်နိုင်ငံလုံးအပစ်အခဲရပ်စဲရေးမူကြမ်းတွင် နောက်ဆုံးတွင်အစားတော်လှန်ရေးဆိုသော စကားလုံးအားပြောင်းခဲ့သည်။

ထို့ကြောင့် ညီလာခံအား ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ၃ ရက်သာကျင်းပရန် သတ်မှတ်ထားသော်လည်း အကျေအလည်ဆွေးနွေးမှုများရှိခဲ့သဖြင့် ၆ ရက်ထိကြာမြင့်ခဲ့ပြီး ၂၅ ရက်မှ ပြီးဆုံးခဲ့သည်။




*လော်ခီးလာညီလာခံတွင် အပစ်ရပ်စဲရေးမူကြမ်းလက်မှတ်ရေးထိုးကြစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ခြောက်ရက်ကြာညှိနှိုင်းဆွေးနွေးပြီးနောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခုအားတက်ရောက်လာသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့မှ ၁၆ ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် (RCSS/SSA)တစ်ဖွဲ့သာ လက်မှတ်မရေးထိုးခဲ့ပေ။

တိုင်းရင်းသားများအတည်ပြုလိုက်သော မူကြမ်းကို မကြာမီ အစိုးရနှင့် ဘားအံမြို့၌ ထပ်မံဆွေးနွေးရဦးမည်ဖြစ်သည်။ နှစ်ဖက်သဘောတူညီနိုင်မှသာ ထိုမူကြမ်းကို အတည်ပြုပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

၂၀၁၃ အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းက ကေအိုင်အေဌာနချုပ်လိုင်ဇာမြို့တွင် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ ရေးဆွဲခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခု စတင်ရေးဆွဲခဲ့သည်။ ထိုမူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် မြစ်ကြီးနားမြို့တွင်ပြန်လည်ဆွေးနွေးရာ၌ သဘောတူညီမှုမရရှိသဖြင့် မူကြမ်းအသစ်တစ်ခုထပ်မံရေးဆွဲရန်ကေအင်န်ယူထိန်းချုပ်နယ်မြေသို့ ရွှေ့ပြောင်းခဲ့ရသည်။

အစိုးရအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလုပ်ပြီးမှ နိုင်ငံရေးဆွေးနွေးလိုသော်လည်း တိုင်းရင်းသားများက နိုင်ငံရေးဆွေးနွေးပွဲပြီးမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ပြုလုပ်လိုသည်။ ထို့ကြောင့် မြစ်ကြီးနားဆွေးနွေးပွဲတွင် အဆင်မပြေဖြစ်ခဲ့သည်။

"အခုမူကြမ်းက အစိုးရလိုလားတဲ့ အပစ်ရပ်ပြီးမှ နိုင်ငံရေးဆွေးနွေးမှာမဟုတ်သလို၊ တိုင်းရင်းသားတွေလိုလားတဲ့ နိုင်ငံရေးဆွေးနွေးပြီးမှ အပစ်ရပ်ဆိုတာမျိုးလည်းမဟုတ်ဘူး။ ဒီနှစ်ခုကိုပေါင်းထားတာ"ဟု တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ ဒုတိယအဖွဲ့ (NCCT)ခေါင်းဆောင်ဗိုလ်ချုပ်ဆွမ်လွတ်ဂွန်မော်ကပြောသည်။

အဆိုပါတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းတွင် အခန်း (၁၁) ခန်းပါဝင်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် ကတိကဝတ်များ ထည့်သွင်းထားသည်။

အခန်း (၁) တွင် အခြေခံမူများဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သော ရည်ရွယ်ချက်များပါဝင်သည်။ အခန်း (၂) တွင် ဦးတည်ချက်နှင့် ရည်ရွယ်ချက်များဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးလုပ်ရခြင်း၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များအား ဖော်ပြထားပြီး အချက်(၅)ချက်ပါဝင်သည်။

အခန်း (၃) တွင်မူ နှစ်ဖက်လက်ခံနိုင်သော နိုင်ငံရေးလမ်းပြမြေပုံသတ်မှတ်ခြင်းဖြစ်သည်။ ထိုအခန်းတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရပြေလည်မှုရရှိပြီးနောက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန် လုပ်ဆောင်ရမည့်အဆင့် (၆) ဆင့်ပါဝင်သည်။

အခန်း(၄)နှင့်(၅)တွင်မူ စစ်ဘက်ဆိုင်ရာ ကိစ္စများနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စစ်သည်တော်ကျင့်ဝတ် (COC)တို့ဖြစ်ပြီး အခန်း (၆) တွင်မူ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ စောင့်ကြည့်ရေးကိစ္စရပ်များဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် စာချုပ်တွင်ပါရှိသော အချက်များ အကောင်အထည်ဖော်မည့် ကာလတစ်လျှောက်လုံး ပြဿနာများဖြစ်ပေါ်လာပါက အမှား၊ အမှန်ဖော်ထုတ်ဖြေရှင်းပေးရမည်ဖြစ်သည်။

အဆိုပါစောင့်ကြည့်ရေးအဖွဲ့တွင် ပြည်ပနိုင်ငံများမှ အစိုးရများနှင့် လူပုဂ္ဂိုလ်များပါထည့်သွင်းထားပြီး အဆိုပါအချက်သည် အစိုးရနှင့် အကြိတ်အနယ်ညှိနှိုင်းရဖွယ်ရှိသည်။

အခန်း(၇)တွင်မူယုံကြည့်မှုတည်ဆောက်ခြင်းနှင့် မတရားအသင်းမှ ပယ်ဖျက်ခြင်းတို့ဖြစ်သည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မတရားအသင်းသတ်မှတ်ထားသည့် ပုဒ်မ (၁၇) ကိုဖြုတ်ပေးရေးဖြစ်သည်။

အခန်း (၈) တွင်မူ နိုင်ငံရေးဆွေးနွေးမှုကိစ္စရပ်များထည့်သွင်းထားပြီး အချက် (၄) ချက်ပါဝင်ကာ အခန်း(၉) တွင် ကြားကာလတွင် ဆောင်ရွက်ရမည့် အစီအမံများပါဝင်သည်။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးနောက် တိုင်းရင်းသားဒေသများတွင် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်လိုပါက တိုင်းရင်းသားများထံမှ ခွင့်ပြုချက်ရယူရမည်တို့ ပါရှိသည်။

အခန်း(၁၀)မှာမူအထွေထွေပြဋ္ဌာန်းချက်ဖြစ်ပြီး အချက် (၅) ချက်ပါဝင်သည်။ အခန်း (၁၁) တွင် လက်မှတ်ရေးထိုးခြင်း ဖြစ်ကာ အဓိက အချက် (၃) ချက်ပါဝင်သည်။ လက်မှတ်ရေးထိုးရာတွင် အစိုးရဘက်မှ လက်မှတ်ရေးထိုးမည့်သူများ၊ တိုင်းရင်းသားဘက်မှ လက်မှတ်ရေးထိုးမည့်သူများနှင့် အသိသက်သေများ ဖြစ်သည်။

အဆိုပါအခန်း (၁၁) ခန်းတွင် ပါဝင်သော စကားလုံးအသုံးအနှုန်းများနှင့် အချက်အလက်များအား အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူညီမှုရရှိမှသာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်အား လက်မှတ်ရေးထိုးနိုင်မည်ဖြစ်သည်။

"ကျွန်တော့်အမြင်က တစ်ဖက်နဲ့တစ်ဖက် မတင်စီးတဲ့ စကားလုံးသုံးဖို့လိုတယ်။ စာချုပ်ဆိုတဲ့ သဘောက နှစ်ဖက်လက်ခံ မှ ဖြစ်တာ"ဟု မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC)အပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကသုံးသပ်သည်။

လက်ရှိအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အနေအထားသည် နိုင်ငံရေးပြဿနာများအား စစ်မြေပြင်တွင်ဖြေရှင်းခြင်းထက် နိုင်ငံရေးပြဿနာကို စကားဝိုင်းတွင် တွေ့ဆုံဆွေးနွေးအဖြေရှာမည့်အခင်းအကျင်းတစ်ခုသို့ ရောက်ရှိရန်တာစူနေသည့် အနေအထားဖြစ်သည်။ ထိုအခြေအနေဖြစ်လာရန် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းမှမဖြစ်မနေဖြတ်သန်းရမည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

"တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စကလည်း အားလုံးလိုလားတဲ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအတွက် မရှိမဖြစ် ဖြတ်သန်းရမည့် ခရီးစဉ်ဖြစ်တော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်းအပါအဝင်အားလုံးက မဖြစ်မနေဆွေးနွေးရမယ်အခြေအနေကိုရောက်နေပြီ"ဟု လောခီးလာအား လေ့လာသူအဖြစ် တက်ရောက်ခဲ့သူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)ဥက္ကဋ္ဌ ကိုသံခဲကသုံးသပ်သည်။

ပြီးခဲ့သည့်ဒီဇင်ဘာ ၂၉ ရက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ မှ ပေးပို့လိုက်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး မူကြမ်းနှင့် လောခီးလာညီလာခံမှ ဆုံးဖြတ်လိုက်သည့် မူကြမ်းသည် အလွန်နီးစပ်ပြီးညှိနှိုင်းဖို့အများကြီး လွယ်ကူလာပြီဖြစ်ကြောင်း တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ ဒုတိယအဖွဲ့ (NCCT)ခေါင်းဆောင်နိုင်ဟံသာကဆိုသည်။

သို့သော်မြစ်ကြီးနားဆွေးနွေးပွဲကဲ့သို့ နောက်ထပ်အပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခုထပ်မံမထွက်ပေါ်လာရန် လိုကြောင်း တိုင်းရင်းသားခေါင်းဆောင်များကဆိုသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေဖြင့် အစိုးရမှ ပေးပို့လာသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းအား လိုင်ဇာညီလာခံတွင် ဆွေးနွေးပြီးနောက် မြစ်ကြီးနားမြို့တွင် အစိုးရနှင့် တွေ့ဆုံရာတွင် တပ်မတော်ဘက်မှ မူကြမ်းအသစ်ထပ်ခုထပ်မံတင်ပြလာသဖြင့် ဆွေးနွေးပွဲပျက်ခဲ့သည်။

ထို့ကြောင့် ဘားအံဆွေးနွေးပွဲတွင် နောက်ထပ်မူကြမ်းတစ်ခုထပ်မံမပေါ်ထွက်လာရန်လိုသည်ဟု တိုင်းရင်းသားများကဆိုသည်။

လော်ခီးလာညီလာခံအပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်မည့် အခြေအနေနှင့် ပတ်သက်၍ (NCCT)အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက "နီးလာပြီလို့တော့ ပြောလို့ရပါတယ်။ နီးလာပြီဆိုတာကတော့ ဒီနှစ်ထဲမှာ၊ နောက်နှစ်ထဲမှလားဆိုတာတော့ ပြောလို့မရသေးဘူး"ဟု မှတ်ချက်ပြုသည်။

7DAY NEWS JOURNAL
Vol.12, No.47 • JANUARY 29 , 2014



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## မိုးကုတ်မြို့ရှိ ရွှေဆိုင်နှစ်ဆိုင်ဓားပြတိုက်ခံရ

မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်၊ အောင်ချမ်းသာဈေးရှိရွှေဆိုင်နှစ်ဆိုင်ကို ဇန်နဝါရီ ၂၁ရက်နေ့လယ်တွင် သေနတ်ကိုင်ဓားပြအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အရပ်သားတစ်ဦးသေဆုံးခဲ့ပြီးရွှေဆိုင်နှစ်ဆိုင်မှ ရွှေချိန်ခြောက်ပိသာကျော်ပါသွားသည်။လက်နက်ကိုင်ဓားပြခြောက်ဦးက ဆိုင်ကယ်သုံးစင်းဖြင့် ရွှေဆိုင်နှစ်ဆိုင်ကို တစ်ချိန်တည်းဝင်ရောက်လုယူခဲ့ခြင်းဖြစ်ပြီး မိနစ်နှစ်ဆယ်ခန့်သာကြာမြင့်ခဲ့သည်ဟု မိုးကုတ်မြို့ဒေသခံများကပြောကြားသည်။ ဓားပြအဖွဲ့ကို ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပိတ်ဆို့ရှာဖွေမှုများပြုလုပ်နေသော်လည်း ယနေ့အထိဖမ်းဆီးနိုင်ခြင်း မရှိသေးဘဲ အခြားမူးယစ်ဆေးဝါးရောင်းဝယ်သူများကိုသာ စစ်ဆေးတွေ့ရှိ၍ အရေးယူမှုများပြုလုပ်ထားသည်။

## ကျူးကျော်တဲများကို အင်အားသုံးဖြေရှင်း

ရန်ကုန်မန္တလေးမြို့ကြီးများရှိကျူးကျော်တဲများကို အစိုးရကအင်အားသုံးဆက်တိုက်ဖယ်ရှားနေသည်။ နိုင်ငံတော်၏ စီမံကိန်းနယ်မြေများနှင့် နီးစပ်ခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူနေချိန်တွင် သက်ဆိုင်ရာမြို့နယ်များ၏ မြို့အင်္ဂါရပ်နှင့်ညီစေရန်အတွက်ဖယ်ရှားခြင်းဖြစ်ကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ပြောသည်။ ဇန်နဝါရီ ၁၄နှင့် ၁၅ရက်တွင် ပန်းလှိုင်တံတားအနီးနှင့် တွံတေးမြို့သို့သွားသော လမ်းဘေးရှိကျူးကျော်တဲ ငါးထောင်ကျော်ကို စတင်ဖယ်ရှားပြီး ဇန်နဝါရီ ၂၀ရက်တွင် မန္တလေးမြို့၊ ရောဝတီမြစ် ကမ်းဘေးတောပေါင်းကျိုးအနီးရှိကျူးကျော်တဲ ၇၀ကိုထပ်မံဖယ်ရှားခဲ့သည်။ ဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်တို့တွင်လည်း လှိုင်သာယာမြို့နယ်ရှိ ကျူးကျော်တဲ အလုံးရေတစ်ထောင်ကျော်ကိုဖယ်ရှားခဲ့သည်။

## ကျောင်းသားလာကြိုသော မိဘများ လုံခြုံစွာဝတ်ဆင်ရန် ကျောင်းအချို့ သတိပေး

ကျောင်းသားများအားလာရောက်ကြိုဆိုသည့်မိဘများကိုယ်တိုင်လုံလုံခြုံခြုံဝတ်ဆင်လာရန် ရန်ကုန်ရှိစာသင်ကျောင်းအချို့တွင် သတိပေးမှုများပြုလုပ်ထားရသည်။ရန်ကုန်မြို့လယ်ရှိအထက(၁)လသာရှေ့တွင် ကျောင်းသားမိဘများကိုယ်တိုင်ကျောင်းသို့လာတိုင်း ရိုးရာယဉ်ကျေးမှုမပျက်(မြန်မာလူကြီးလူကောင်းပုံစံ)ဝတ်ဆင်ကြရန် မေတ္တာရပ်ခံချက်ထုတ်ပြန်ထားရသည်။ရန်ကုန်မြို့လယ်ရှိနာမည်ကျော်ဒဂုံ(၁)တွင်လည်း မိဘများအား ရင်ဟိုက်များ၊ လျှပ်ပေါ်လော်လည်သည့် အဝတ်အစားများဝတ်ဆင်လာခြင်းမပြုရန် အသိပေးမှုများ ပြုလုပ်ထားရကြောင်း ကျောင်းသားမိဘအချို့ကပြောသည်။မိဘအချို့၏ အပြုအမူများဆိုးရွားလာပါက စီမံချက်သတိပေးမှုများပြုလုပ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ကပြောသည်။

## ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ဘဏ် ဒေါ်လာ နှစ်ဘီလီယံ ကူညီမည်

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအားကူညီရန်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် လျှပ်စစ်မီးပိုမိုရရှိစေရန်အတွက် ကန်ဒေါ်လာသန်းနှစ်ထောင်( ဒေါ်လာနှစ်ဘီလီယံ)ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌပထမဆုံးအကြိမ် မြန်မာပြည်လာရောက်သောခရီးစဉ်တွင် ပြောကြားခဲ့သည်။ ဒေါ်လာသန်းတစ်ထောင်ကို လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်အသုံးပြုမည်ဖြစ်သည်။ ကျန်သန်းတစ်ထောင်ကို ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းနှင့်မြန်မာအစိုးရဆောင်ရွက်နေသော အခြားအရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။

## လမ်းဘေးတွင် ဟောပြောပွဲလုပ်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်နယ်ခရီးစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် အခြေခံဥပဒေပြုပြင်ရေးဆိုင်ရာ လူထုဟောပြောပွဲများကို ရှမ်းပြည်နယ်တွင် နှစ်ရက်ကြာပြုလုပ်ခဲ့သည်။ ရှမ်းပြည်နယ်ရှိ မြို့များဖြစ်သော နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ တောင်ကြီးမြို့များတွင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုဟောပြောပွဲများကိုဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဟောပြောခြင်းများပြုလုပ်ခဲ့ပြီးတက်ရောက်လာကြသောဒေသခံပြည်သူလူထုအများစုက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို ဆန္ဒပြုခဲ့သည်။ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်းတွင် လူထုဟောပြောပွဲကျင်းပခွင့်လျှောက်ထားမှုကို ပြည်နယ်အစိုးရက ယင်းနေရာသည်တပ်ပိုင်မြေဖြစ်သည့်အတွက်ခွင့်မပြုနိုင်ကြောင်းအကြောင်း ပြန်ကြားခဲ့သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည်ယင်းကွင်းဘေးရှိမြေကွက်လပ်တွင်ဆယ်ဘီးကားကိုစင်ပြုလုပ်ကာလူထုအားဟောပြောခဲ့ရပြီး ဒေသခံတစ်သောင်းခန့် တက်ရောက်နားထောင်ခဲ့သည်။

## လောခီးလာညီလာခံတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးမူကြမ်းလက်မှတ်ရေးထိုး

ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေလောခီးလာဒေသတွင် ၆ရက်ကြာကျင်းပခဲ့သောတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများညီလာခံ၌ အခန်း ၁၁ခန်းပါသောတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၁၆ဖွဲ့ကလက်မှတ်ရေးထိုးလိုက်သည်။အဆိုပါမူကြမ်းသည်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများဆက်လက်ပြုလုပ်နိုင်ရန် ကတိကဝတ်များ၊ အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးနိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နေစဉ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်သက်ဆိုင်သော ဒေသများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောတူညီမှုမရရှိဘဲ စီမံကိန်းများမပြုလုပ်ရန်နှင့် မတရားအသင်းမှပယ်ဖျက်ပေးရန်တို့ပါရှိသည်။အဆိုပါညီလာခံအား ဇန်နဝါရီ ၂၀ရက်မှ ၂၅ရက်ထိကျင်းပခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၇ဖွဲ့မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၁၆၀ဦးတက်ရောက်ခဲ့ပြီး ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော်(RCSS/SSA)အဖွဲ့ကသာ မူကြမ်းတွင် လက်မှတ်မရေးထိုးပေ။

## ကုလငြိမ်းချမ်းရေးတပ်ဖွဲ့တွင်ပါဝင်ရန် ကမ်းလှမ်းမှု မြန်မာ့တပ်မတော်လက်ခံ

ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ၏ကမ်းလှမ်းမှုကိုမြန်မာ့တပ်မတော်က လက်ခံလိုက်ပြီးလုပ်ငန်းစဉ်များတွင်ပါဝင်ဆောင်ရွက်တော့မည်ဖြစ်သည်။မြန်မာ့တပ်မတော်အနေဖြင့်ကုလသမဂ္ဂအဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုစိတ်ဝင်စားပြီး ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့နှင့်ပတ်သက်၍စိတ်ဝင်စားမှုရှိကာ တပ်ဖွဲ့တွင်းပါဝင်ရန် ဆန္ဒရှိပါက ဝင်ရောက်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်မစ္စတာဗီဂျေနမ်ဘီးယားက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နေပြည်တော်တွင် ဇန်နဝါရီ ၂၃ရက်က တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။ကာချုပ်က အထက်ပါဖိတ်ခေါ်မှုကိုလက်ခံခဲ့ပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားကာ ကမ္ဘာတွင်တာဝန်သိသောနိုင်ငံအဖြစ် တာဝန်ထမ်းဆောင်လိုကြောင်း ပြန်လည်ပြောကြားခဲ့သည်။

## တင့်ကားတပ်ရင်းလက်နက်တိုက် ဖောက်ထွင်းခံရ

မှော်ဘီမြို့ရှိအမှတ်(၅၀၁၀)တင့်ကားတပ် ရင်းလက်နက်တိုက် အဖောက်ခံခဲ့ရပြီးတပ်မတော်နှင့်ရဲတပ်ဖွဲ့ပူးပေါင်းစစ်ဆေးနေသည်။ သေနတ်နှစ်လက်နှင့် ယမ်းပြင်းကျည်ငါးရာပျောက်ဆုံးနေပြီး မည်သည့်အချိန်ကတည်းကလက်နက်တိုက်အဖောက်ခံရသည်ကိုမသိရသေးဘဲ ဇန်နဝါရီ ၂၂ရက်နေ့မှသာ မှော်ဘီမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

## ဒုချီးရားတန်းကျေးရွာမှ ဘင်္ဂါလီပြဿနာ

ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒုချီးရားတန်းကျေးရွာတွင်ဇန်နဝါရီ ၁၄ရက်၌ ရခိုင်တိုင်းရင်းသားများနှင့် ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကြောင့်ဘင်္ဂါလီလူမျိုးအမျိုးသမီး၊ အမျိုးသားနှင့်ကလေးစုစုပေါင်းလေးဆယ်ဦးခန့်သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ဇန်နဝါရီ ၂၃ရက်တွင်သတင်းထုတ်ပြန်ခဲ့ရာ အဆိုပါထုတ်ပြန်ချက်သည် မှန်ကန်မှုလုံးဝမရှိဘဲ အောက်ခြေပင္စိပက္ခကိုသာ ပိုမိုဆိုးရွားစေသည်ဟု ရခိုင်ပြည်နယ်အစိုးရကတုံ့ပြန်ပြောကြားသည်။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဘင်္ဂါလီများအသတ်ခံရသည်ဆိုသော ထုတ်ပြန်ချက်များကို နိုင်ငံတကာမီဒီယာတွင် ရေးသားဖော်ပြမှုများသည်မှားယွင်းကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ဇန်နဝါရီ ၁၃ရက် ဒုချီးရားတန်းကျေးရွာ၌ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း ပျောက်ဆုံးခဲ့မှုနှင့် ဘင်္ဂါလီများအကြမ်းဖက်ခံရမှုအတွက် ခိုင်လုံသော သက်သေများရှိသည်ဟု ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။ မြန်မာအစိုးရကလည်း ဒုချီးရားတန်းတွင် ရဲတပ်ကြပ်ကြီးပျောက်ဆုံးနေမှု၌ ဘင်္ဂါလီလူမျိုး ၁၉ဦးပါဝင်ပတ်သက်ခဲ့ပြီး အရပ်သားများသေဆုံးမှုမရှိဟု ပြောကြားခဲ့သည်။

## ပညာရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲ နည်းပညာတက္ကသိုလ်ကျောင်းသား တစ်ထောင်နီးပါး လာရောက်ကန့်ကွက်

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ဆောင်ရေး ကော်မတီ၏ မူဝါဒဆိုင်ရာဆွေးနွေးပွဲတွင် နည်းပညာတက္ကသိုလ်များပြုပြင်ပြောင်းလဲမည့် အဆိုပြုပုံစံနှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)တို့မှ ကျောင်းသား၊ ကျောင်းသူတစ်ထောင်ခန့် လာရောက်ကန့်ကွက်ခဲ့ကြသည်။ နည်းပညာတက္ကသိုလ်များတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်မန္တလေးနည်းပညာတက္ကသိုလ်များကိုအဆင့်မြင့်ပညာရေးဌာနများအဖြစ်ခွဲခြားဆက်ဆံခြင်း၊ နည်းပညာတက္ကသိုလ်တိုင်းတွင်အင်ဂျင်နီယာဘွဲ့(BE)မပေးတော့ဘဲ နည်းပညာမဟာဘွဲ့(B-Tech)ကိုသာပေးအပ်တော့မည့်အစီအစဉ်ကိုကျောင်းသားကျောင်းသူများက ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

## အိန္ဒိယချစ်တီးမျိုးဆက်များ မြန်မာ့လယ်မြေများ ပိုင်ဆိုင်ခွင့်ပြန်တောင်းရန် ကြိုးပမ်းနေ

အိန္ဒိယရှိ ချစ်တီးသူဌေးမျိုးဆက်များသည် ၎င်းတို့ဘိုးဘွားများလက်ထက်ကပိုင်ဆိုင်ခဲ့ကြသည့် မြန်မာနိုင်ငံမှ လယ်မြေနှင့်ပိုင်ဆိုင်မှုများကို မြန်မာအစိုးရထံ ပြန်လည်တောင်းဆိုရယူရန်ကြိုးစားနေကြောင်း အိန္ဒိယသတင်းစာ Bussiness Standardကရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံမှ ထွက်ပြေးသွားခဲ့သည့် ချစ်တီးများယူဆောင်သွားခဲ့သည့် အထောက်အထားများကိုအသုံးပြုပြီး၎င်းတို့မျိုးဆက်များကပြန်လည်ရရှိရေးတောင်းဆိုသွားမည်ဖြစ်ကြောင်း Bussiness Standardက ရေးသားသည်။ချစ်တီးသူဌေးဟောင်းများစုဖွဲ့ထားသည့် Burma Mudhaleetalar Kuzhuအဖွဲ့က ၎င်းတို့လက်ထဲရှိစာရွက်စာတမ်းများသည်မြန်မာနိုင်ငံမှ မြေကေသုံးသိန်းခန့်ပိုင်ဆိုင်သည့် အထောက်အထားများဖြစ်ကြောင်းပြောသည်။


YOMA
YANGON
INTERNATIONAL
MARATHON
JOINTLY ORGANISED BY YCDC AND FMI
အောင်ပန်းဝင် အားကစားသမားများအား
100 PLUS မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း...
I Did It!
သင့်ဓာတ်ပုံကို ဤစာမျက်နှာတွင်၎င်း www.facebook.com/100PlusMyanmar page တွင်၎င်း
ရှာဖွေတွေ့ရှိခဲ့ပါက ဆုလက်ဆောင်တွေကိုဘယ်လိုထုတ်ယူမလဲ?
၁။ www.facebook.com/100PlusMyanmar page ကို Like လုပ်လိုက်ပါ။
၂။ 100 Plus Myanmar page မှာသင့်ဓါတ်ပုံကိုတွေ့လျှင် Tag လုပ်လိုက်ပါ။
၃။ ပြီးရင်တော့သင့်ရဲ့နာမည်၊မှတ်ပုံတင်အမှတ်၊ဖုန်းနံပါတ်တို့ကို
100PlusMyanmar page သို့ message ပို့ပေးပါ။
ဒါဆိုရင်တော့ ဆုလက်ဆောင်တွေကိုထုတ်လို့ရပြီပေါ့။